"ပဲခူးမြို့၊ ဟင်္သာကုန်း ၊ မွန်စံပြရွာ နေ မွန်တိုင်းရင်းသား
များ ၏

လူမှုရေး ဖွဲ့စည်းပုံကို ကွင်းဆင်း လေ့လာ
သုံးသပ်ခြင်း" ။


မနီလာတင်

ဿ - ၁၀



( ၁၉၉၃ - ၉၄ )

# "မာတိကာ"

## "ပဲခူးမြို့၊ ဟံသာကျွန်း မွန်စံပြရွာ နေမွန်တိုင်းရင်းသားများ၏ လူမှုရေး ဖွဲ့စည်းပုံကိုကွင်းဆင်းလေ့လာသုံးသပ်ခြင်း"


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ကန်တော့ပန်း | | | |
| ကျမ်း၏နိဒါန်း | | | |
| | (၁) | ကျမ်းခေါင်းစဉ်ကို ရွေးချယ်ခြင်း | |
| | (၂) | ကျမ်း၏ရည်ရွယ်ချက် | |
| ကျမ်း၏စာကိုယ် | | | |
| အခန်း | (၁) | မွန်စံပြရွာ၏ပထဝီဝင် | |
| | | (က) တည်နေရာနှင့်အကျယ်အဝန်း | ၁ |
| | | (ခ) နေထိုင်သောတိုင်းရင်းသားများနှင့်လူဦးရေ | ၁ |
| | | (ဂ) မွန်တိုင်းရင်းသားများ ရောက်ရှိလာပုံနှင့်အုပ်ချုပ်ရေး | ၂ |
| အခန်း | (၂) | ဘာသာစကား၊ စာပေ၊ ရုပ်လက္ခဏာနှင့်ဝတ်စားဆင်ယင်ပုံ | |
| | | (က) ဘာသာစကား | ၆ |
| | | (ခ) စာပေ | ၉ |
| | | (ဂ) ရုပ်လက္ခဏာနှင့်လူမျိုးဆိုင်ရာ ထူးခြားချက်များ | ၁၆ |
| | | (ဃ) ဝတ်စားဆင်ယင်ပုံ | ၁၇ |
| | | (င) ထိုးကွင်း မှင်ကြောင်ထိုးခြင်း | ၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၃) | စီးပွားရေး အရလူမှုရေး ဖွဲ့စည်းပုံ | |
| | (က) လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြင့် လူမှုရေး ဖွဲ့စည်းပုံ | ၂၅ |
| | (ခ) ဆေးလိပ်လုပ်ငန်းဖြင့် လူမှုရေး ဖွဲ့စည်းပုံ | ၂၈ |
| | (ဂ) အခြားလုပ်ငန်းများဖြင့်လူမှုရေး ဖွဲ့စည်းပုံ | ၃၀ |
| အခန်း (၄) | ဘာသာရေး နှင့်ရိုးရာယဉ်ကျေးမှု | |
| | (က) ဘာသာရေး ကိုးကွယ်ယုံကြည်မှု | ၃၄ |
| | (ခ) မိရိုးဖလား ကိုးကွယ်ယုံကြည်မှု | ၃၆ |
| | (ဂ) ဆောင်ခဲလေ့နှင့် ရှောင်ခဲလေ့များ | ၄၀ |
| | (ဃ) ရိုးရာပုံပြင်များ | ၄၈ |
| အခန်း (၅) | လူမှုဆက်ဆံရေး | |
| | (က) မိသားစုနှင့် ဆွေမျိုး ဖွဲ့စည်း နေထိုင်ပုံ | ၅၄ |
| | ( (၁) မိသားစုဖွဲ့စည်း နေထိုင်ပုံ | ၅၅ |
| | (၂) ဆွေမျိုး တော်စပ်ပုံ | ၅၇ |
| | (ခ) အရိုက်အရာဆက်ခံခြင်း နှင့် အမွေ ဆက်ခံခြင်း | ၆၁ |
| | (ဂ) ကိုယ်ဝန်ဆောင်ခြင်း | ၆၂ |
| | (ဃ) မီးဖွားခြင်း နှင့်ကင်ပွန်းတပ်အမည် ပေးခြင်း | ၆၆ |
| | (င) ကလေး ငယ်ဘဝ | ၇၆ |
| | (စ) ရှင်ပြုခြင်း | ၇၈ |
| | (ဆ) အပျိုလူပျိုဘဝ | ၈၃ |
| | (ဇ) စေ့စပ်ကြောင်းလမ်းခြင်း | ၉၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | (ဈ) လက်ထပ်ထိမ်းမြားခြင်း | ၉၅ |
| | | (ည) ကွာရှင်းပြတ်စဲခြင်း | ၁၀၇ |
| | | (ဋ) အသုဘအခမ်းအနား | ၁၁၂ |
| အခန်း | (၆) | ပညာရေး | |
| | | (က) ရိုးရာပညာ | ၁၂၄ |
| | | (ခ) ခေတ်ပညာ | ၁၂၅ |
| အခန်း | (၇) | တေးဂီတအကအခုန်နှင့်ပွဲတော်များ | |
| | | (က) ဂီတနှင့်အကအခုန် | ၁၂၈ |
| | | (ခ) ဆယ့်နှစ်လရာသီပွဲတော်များ | ၁၃၅ |
| အခန်း | (၈) | ကျန်းမာရေး | |
| | | (က) တကိုယ်ရေကျန်းမာရေးနှင့် မိသားစုကျန်းမာရေး | ၁၅၈ |
| | | (ခ) ရပ်ရွာသန့်ရှင်းရေး | ၁၅၉ |
| | | (ဂ) ရိုးရာကစားနည်းများ | ၁၆၀ |
| | | (ဃ) နာမကျန်းဖြစ်ခြင်းနှင့် ကုသနည်းများ | ၁၆၇ |

နိဂုံး

တွေ့ဆုံဖြေကြားသူများစာရင်း

ကျမ်းကိုးစာရင်း


***************

# ကန်တော့ပန်း

ရတနာသုံးပါး ဦးထိပ်ထား၍ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ကျွန်ုပ်သည် "ပဲခူးမြို့၊ ဟင်္သာကုန်း၊ မွန်စံပြရွာ နေမွန်တိုင်းရင်းသားများ၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း" ခေါင်းစဉ်ပါ ကျမ်းနှင့် ဦးခိုး ကန်တော့အပ်ပါသည်။

မနီလာတင်

ဿ - ၅

## “ နိဒါန်း ”

ပြည်ထောင်စုမြန်မာနိုင်ငံ၏သမိုင်းတလျှောက်တွင်ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ကဏ္ဍမှာအထူးအရေးပါလှပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ... အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးတို့သည်တိုင်းရင်းသားသွေးချင်းများ၏စည်းလုံးညီညွတ်ရေးပေါ်တွင်အဓိကအခြေခံနေပေသည်။ တိုင်းရင်းသားသွေးချင်းများ၏စည်းလုံးညီညွတ်ရေးသည်လည်းတဦးယဉ်ကျေးမှုကိုတဦးကနားလည်သဘောပေါက်ရန်ပြီးအပြန်အလှန်လေးစားမြတ်နိုးမှုအပေါ်တွင်အခြေခံနေပြန်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးပေါင်း (၁၃၅) မျိုးခန့်မှတင်းနေထိုင်ကြရာတိုင်းရင်းသားများလက်ခံကျင့်သုံးနေသောဓိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုသည်လည်း

အသီးသီး ရှိကြပေသည်။ ဤတွင်ပြည်ထောင်စုဖွား တို့၏ နေထိုင်ရာဒေသ၊ ဆက်ဆံရသည့်ပတ်ဝန်းကျင်တို့ပေါ် တွင်မူတည်၍ ၎င်းတို့၏ နေထိုင်စားသောက်မှု၊ ဓလေ့ဂုဏ်၊ အထွေးအခေါ် နှင့်ယုံကြည်ကိုးကွယ်မှုစသည်တို့သည်အပေါ် ယံသာမန်မျှသာကွဲပြား နေပြီး အခြေခံမှာနီး စပ်တူညီ နေသည်။ ဤကဲ့သို့တူညီ နေရခြင်းမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံကြီးအတွင်း နှစ်ပေါင်း ထောင်သောင်း ကတည်းကစ၍ “တမြေထဲနေ၊ တရေထဲသောက်” တာ “တိုင်းရင်းသား ချစ်ကြည်စည်းလုံးရေး” ဟူသော ပန်းတိုင်ကြီး ဆီသို့ဦး တည်သွား နေကြသော ပြည်ထောင်စုဖွား ညီနောင်သားချင်း၊ သွေးရင်း များ ဖြစ်နေခြင်း ကြောင့်သာဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌တင်း နေထိုင်ကြသော တိုင်းရင်းသား မွန်အမျိုးသား တို့သည် မျိုးနွယ်အားဖြင့်အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသား များနည်း တူမွန်ဂိုလွိုက်အနွယ်ပင်ဖြစ်ကြသည်။ မွန်တို့၏ မျိုးဦးဇာတ်မြစ်မှာမွန်ဂိုအနွယ်ပင်ဖြစ်သည်။ သို့သော်ဘာသာစကား အနေဖြင့် မွန်ခမာအုပ်စုတွင်ပါဝင်သည့်မွန်လူမျိုး များ သည်ရာမည ဒေသတွင်နေထိုင်ကြသူများ ဖြစ်လေသည်။ ၎င်း တို့သည်ပဲခေါင်နှင့်သံလွင်မြစ်ဝှမ်း များအတိုင်း၊ တောင်ဘက်သို့ဦး ဆင်း သက်လာသူများ ဖြစ်သည်။ ဤသို့ဆင်း သက်လာကြသူများ အနက်အချို့သည်က မြောက်ဒီး ယား နှင့်ယိုး ဒယား ပြည်တွင်း သို့ ဝင်ရောက်သွား ခဲ့ကြပြီး အချို့[၁]ကမူအနောက်ဘက်သို့ဦးတည်၍ မြန်မာပြည်အတွင်း သို့ ဝင်ရောက်ခဲ့ကြသည်။ မြန်မာပြည်အတွင်း သို့ဝင်ရောက်လာခဲ့ကြသည့်မွန်တို့ကို ပဲခူး တိုင်း၊ တနင်္သာရီတိုင်း နှင့်ပုသိမ်မြို့နယ်တို့တွင်အများ ဆုံးအခြေစိုက် နေထိုင်ခဲ့ကြောင်း တွေ့ရသည်။ ထိုဒေသအား လုံး ကိုစုခြုံကာမွန်တို့ နေ

---

၁။ ကျော်ဝင်း၊ မောင်ခင်း ကိုက်မွန်တို့၏လက်ဆင့်သမိုင်း မြသား ခြင်း ဆိုင် ရာဝိုး ရာဓလေ့များ၊ ၈၁-၁

ထိုင်ရာဒေသကိုရာမညတိုင်း ဟူ၍လည်း ကောင်း ၊ ရာမညဒေသဟူ၍ ၎င်း ခေါ် ဝေါ်သုံး စွဲ လေ့ရှိကြသည်။ မွန်မင်း တရား ကြီး မြေ့စေတီ ၏ ကျောက်စာတွင်ရာမညဒေသကိုမြို့ပေါင်း (၃၆) မြို့ပါဝင်သောမဏ္ဍလဒေသ 'သုံး ' ဌာနဟု ဖော်ပြထား သည်။ ၎င်း တို့မှာ —

| | |
|---|---|
| တုသိမမဏ္ဍလ | ပုသိမ်အဝန်း ၃၂-မြို့ |
| ဟံသာဝတီမဏ္ဍလ | ဟံသာဝတီအဝန်း ၃၂-မြို့ |
| မုတ္တမမဏ္ဍလ | မုတ္တမအဝန်း ၃၂-မြို့ တို့ဖြစ် လေသည်။ |

ဤတဲ့သို့မွန်တို့ဌာန နေ ရာမညပြည်ကို ''သုံး '' နေရာ ၊ ''သုံး '' ဌာနခွဲခြား ဖော်ပြထား သော်လည်း ထိုဒေသတွင်နေထိုင်ကြသော လူမျိုး အား လုံး ပင်မျိုး နွယ်တူသော မွန်လူမျိုး များ ဖြစ်ကြသည်။ ရေ၊ မြေ ဒေသကိုလိုက်၍ စကား[1] ပြောသံ၊ စကား ပြောဟန်တို့မှာအနည်း ငယ်သာခြား နား ကြသည်။

မွန်တို့ကို ပြောဆိုသုံး စွဲ သောဘာသာစကား အုပ်စုများ အရ ''မွန်ဂိုး ''၊ ''မွန်ရာ '' ''မွန်ငိုက်'' နှင့် ''မွန်ညာ'' ဟူ၍ အမျိုး အမည်အား ဖြင့် (၄) မျိုး ခွဲခြား သတ်မှတ်ကြပါသည်။[2] အချို့ကလည်း နယ် မြေ အုပ်စုများ အရ မုတ္တမမွန်၊ ပဲခူး မွန် နှင့် ပုသိမ်မွန် ဟူ၍ မွန်အမျိုး အမည်ကို (၃) မျိုး ခွဲခြား သတ်မှတ် လေ့ရှိကြသည်ကိုလည်း လေ့လာသိရှိရပါသည်။

ယခု လေ့လာတင်ပြထား သော မွန်စံပြရပ်ရွာမှ မွန်တို့ မှာ နယ် မြေအုပ်စုများ အရခွဲခြား ထား သော မုတ္တမမွန် နှင့် ဟံသာ ဝ တီ

---

၁။ တိုင်း ရင်း သား ယဉ်ကျေး မှုရိုး ရာဓ လေ့ထုံး စံများ (မွန်) ၈-၁၅

၂။ ကျော်ဝင်း ၊ မောင် ၎င်း ကျိုက်မွန်တို့၏လက်ထပ်ထိမ်း မြား ခြင်းဆိုင် ရာဓလေ့များ ၊ ၈၁-၁

မွန်တို့ရုပေါင်း နေထိုင်ကြခြင်း ဖြစ်ပြီး ထိုမွန်တို့သည်ဘာသာစကား အုပ်စု အရ မွန်ဂိုး ဘာသာစကား နှင့်မွန်ရား ဘာသာစကား များ ကို ပြောဆို ကျက်ဌိ ကြောင်း တွေ့ရသည်။ ဤ ဒေသတွင်ရှိ သောသူများ၏ ၉၀ % မှာ မွန်ဂိုး ဘာသာစကား ကို ပြောဆိုသုံး စွဲကြပြီး ကျန်သည့် ၁၀ % ခန့် မှာ မွန်ရား ဘာသာစကား ကို ပြောဆိုကြပါသည်။ ထိုကဲ့သို့နယ် မြေအုပ်စု အလိုက် မွန်အမျိုး အမည်ကွဲပြား နေသော်လည်း နေရာဒေသတခုထဲတွင်ရုပေါင်း နေထိုင်ကာရွာသား များ အား လုံး သဘောတူလိုက်နာလက်ခံ သော ယဉ် ကျေး မှုဓလေ့ထုံး စံများ ကိုသာတညီတညွတ်ထဲထူး ခြား စွာလိုက်နာကျင့်သုံး ကျက်ဌိကြ ပေသည်။ ဤကျမ်း တွင်အဆိုပါမွန် သွေး ချင်း တို့၏လူမှုရေး ဖွဲ့စည်းပုံ များ ကိုကွင်း ဆင်း သုတေသနပြုကာ လေ့လာတင်ပြအည်ဖြစ်ပါသည်။

ကျမ်း ခေါင်း စဉ်ကို ရွေးချယ်ခြင်း

`` ပဲခူး မြို့ဟံသာကုန်း ၊ မွန်စံပြရွာ နေမွန်တိုင်းရင်းသား များ ၏လူမှုရေး ဖွဲ့စည်း ပုံကိုကွင်း ဆင်း လေ့လာသုံး သပ်ခြင်း ``ဟူ သော ကျမ်း ခေါင်း စဉ်ကို ရွေး ချယ်ရာတွင်- (၁) လူမှုရေး ဖွဲ့စည်း ပုံဟူသည် အဘယ်နည်း ၊ (၂) မွန်စံပြရွာကိုအဘယ့်ကြောင့် ရွေး ချယ်ရသနည်း ဟူသော မေး ခွန်း နှစ်ရပ်ကိုရှင်း ပြလိုပါသည်။

(၁) မနုဿဗေဒပညာရပ်သဘောတရား အရ ``ယဉ်ကျေးမှု'' ဟူသည်စား ဝတ်နေရေး အထွက်ဌိရင်း စွဲသဘာဝထက်ပိုမိုကောင်း မွန် အောင်လူတို့တီထွင်ကြံဆလုပ် ဆောင်မှုအား လုံး ကိုရုပေါင်း ၍ ခေါ်သည်၊ ယဉ် ကျေး မှုတွင်စီး ပွား ရေး နှင့်လူမှုရေး ဟူ၍ကဏ္ဍကြီး နှစ်ခုပါဝင်သည်။ ထို့ အတူလူမှုရေး ဟူ သောကဏ္ဍတွင်အုပ်ချုပ် ရေး ၊ တရား ဥပဒေ၊ ကျန်း မာ ရေး ၊ ပညာရေး ၊ ဘာသာစကား ၊ လူမှုရေး ဖွဲ့စည်း ဆက်ဆံပုံနှင့်လူမှု ရေး တန်ဘိုး ထား မှုများ ပါဝင်သည်။

ဤတွင်ကျမ်း ခေါင်း စဉ်အရ "လူမှုရေး ဖွံ့ဖြိုး မှု" ဟူသော စကား လုံး ကိုသုံး စွဲရာတွင်မွန်စ်ပြဿနာ နှင့်မွန်တို့၏လူအဖွဲ့အစည်း တွင်အစည်း လုံး ညီညွတ်၊ တိုး တက် နေ စေရန် ရှာသူ ရှာသား ကြီး ငယ်မဟူမိမိတို့က ဂုဏ်အလိုက် အဖွဲ့ဝင်အချင်း ချင်း သော်လည်း ကောင်း၊ တဖွဲ့နှင့်တဖွဲ့ သော်လည်းကောင်း မည်သို့ဖွဲ့စည်း ၊ ဆက်ဆံ၊ စည်း လုံး နေမှုတို့ကိုတွင်း သင်း လေ့လာ ဖော် ထုတ် ပေး နိုင်ရန်ဖြစ်ပါသည်။

(၂) ပဲခူး မြို့တည်ခါတုန်း ၊ မွန်စ်ပြဿနာကို ရွေး ချယ်ရခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတွင်း ၌မွန်တိုင်း ရင်း သား များအနက်မုတ္တမ နှင့်ဟံသာဝတီခေတ်တို့မှ မွန်လူမျိုး များ သည်လွန်ခဲ့သော နှစ် ပေါင်း(၅၀) ခန့်ကတည်း က ပဲခူး မြို့၊ တည်ခါတုန်း ၌လာ ရောက်စု ပေါင်း နေထိုင်ခဲ့ ပြီး မွန်စ်ပြဿနာကိုဆက်လက် ဖွဲ့စည်း နေထိုင်ခဲ့ကြပါသည်။ ထို့ကြောင့်မွန်စ်ပြဿနာသည် မွန်တိုင်း ရင်း သား များ သာနှစ်၍ညီလများ နေထိုင် နေ သော ကြောင့် မွန်ယဉ် ကျေး မှုသီး သန့်ကို လေ့လာ ရ၍ နိုင်ခြင်း ၊

မွန်စ်ပြဿနာသို့ ရောက်၍ စု ပေါင်း နေထိုင်ခဲ့ သောမြန်မာ ပြည် အရပ်ရပ်မှ မွန်တို့သည် မွန်စ်ပြဿနာ၌လာ ရောက် စု ပေါင်း နေထိုင်ရင်းမွန် ယဉ် ကျေး မှုများ ကိုတစုတစည်း အညီး အား လုံး လိုက် နာကျင့်သုံး နေရှက်ငင်း တို့၏ မွန်ယဉ် ကျေး မှုစစ်စစ်ကို ပဲခူး မြို့မှအခြား သော ယဉ် ကျေး မှုများ နှင့် ပေါင်း စပ် ပျောက်ကွယ်သွား ခြင်း မရှိ ပဲ မိမိတို့၏ ယဉ် ကျေး မှုကိုအတတ် နိုင် သုံး ဆက်လက်ကျင့်သုံး ထိန်း သိမ်း နေမှုများ ကိုတွင်း သင်း လေ့လာ၍ မှတ်တမ်း တင် ဖော်ပြလိုခြင်း ၊

မွန်စ်ပြဿနာမှ မွန်တိုင်း ရင်း သား တို့လက်၌ကျင့်သုံးထိမ်းသိမ်း နေ သော မွန်ယဉ် ကျေး မှုအရပ်ရပ်တွင်အခြား တိုင်း ရင်း သား များထက် ပို မိုစိတ်ဝင်စား အထူးဖွယ် ကောင်း သော ယဉ် ကျေး မှုလုပ် သောင် ချက်

များ ဥပမာ-အသုဘတစ်ခုတွင်ဆင်းရဲ၊ ချမ်းသာမဟူသင့်တင့်စွာသင်္ဂြိုဟ်နိုင်ရန်လူမှုရေးအဖွဲ့များ ဖွဲ့ထား၍ကူညီဆောင်ရွက်ပေးခြင်း ၊

ကလေးငယ်များ မွေးဖွားလာပါက၎င်းတို့မွန်ကိုင်းရင်းသားအဖွဲ့အစည်းအတွက်အားထားရသောသားကောင်းရတနာ ဖြစ်လာမည်ဟုမျှော်လင့်လျက်ဝိုင်းဝန်းကူညီ၍အလှူညှိကျနိုင်ရန်ရိုက်ကျွေး ပေးကြခြင်း စသည့်ဓလေ့ကောင်းများကို လေ့လာတွေ့ရှိရသည့်ပဲခူးမြို့၊ တံသာကုန်း မွန်စံပြရွာကိုကွင်းဆင်း လေ့လာကျမ်းပြုရန်ရွေးချယ်ရခြင်းဖြစ်ပါသည်။

<u>ကျမ်း၏ရည်ရွယ်ချက်</u>

(၁) "ပဲခူးမြို့၊ တံသာကုန်း မွန်စံပြရွာနေမွန်ကိုင်းရင်းသားများ၏လူမှုရေးဖွဲ့စည်းပုံများကိုကွင်းဆင်းလေ့လာသုံးသပ်ခြင်း" ဟူသောခေါင်းစဉ်ပါကျမ်းကိုမဟာဝိဇ္ဇာဘွဲ့အတွက်တစ်စိတ်တစ်ဒေသလိုအပ်သောကျမ်းအဖြစ်တင်သွင်းရန်ရည်ရွယ်ပါသည်။

(၂) ကိုင်းရင်းသားသွေးချင်းများ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကိုကွင်းဆင်းလေ့လာဖော်ထုတ်ပြီး မှတ်တမ်းတင်ပေးရေး ဟူသောမနုဿဗေဒပညာရပ်၏ရည်ရွယ်ချက်ကိုတစ်စိတ်တစ်ဒေသဖြည့်စွက်ပေးသည့်အနေဖြင့်ပဲခူးမြို့၊ တံသာကုန်း မွန်စံပြရွာနေမွန်ကိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလေ့လာပြီး မှတ်တမ်းတင်ပေးရန်ရည်ရွယ်ပါသည်။

(၃) မွန်စံပြရွာနေမွန်ကိုင်းရင်းသားများ၏ဧဆောင်ဓလေ့၊ ထွေခင်ဓလေ့များနှင့်စံထားအထူးထူးဘွယ်ကောင်းသောယဉ်ကျေးမှုဓလေ့ထုံးစံ၊ စည်းလုံးညီညွတ်သောစိတ်ဓါတ်ဖြင့်လှုပ်ရှားဆောင်ရွက်ပုံ ၊

လိုက်နာပုံတို့ကိုပြည်ထောင်စုမြန်မာနိုင်ငံ၌အခြားတိုင်းရင်းသားများ အနေဖြင့်အတုယူပြီး လိုက်နာထိန်းသိမ်း စေရန်ရည်ရွယ်ပါသည်။ ထို့မှတဆင့် မွန်စံပြရွာနေမွန်တို့၏ယဉ်ကျေးမှုရိုး ရာဓလေ့ထုံးစံများကို အခြား တိုင်းရင်းသားများ တ နားလည်သဘောပေါက်ပြီး အချင်းချင်းချစ် ခင်ရင်းနှီး လျက်ပြည်ထောင်စုကြီး၏တိုင်းရင်းသား စည်းလုံးညီညွတ် ရေး ကိုအထောက်အကူဖြစ် စေရန်ရည်ရွယ်ပါသည်။

## " အခန်း (၁) "

## မွန်စံပြရွာ၏ ပထဝီဝင်

### (က) တည်နေရာနှင့်အကျယ်အဝန်း

မွန်စံပြရွာသည်ပဲခူးတိုင်း ၊ ပဲခူးမြို့အရှေ့ဘက်ဟံသာတုန်း အနီး ၊ ပဲခူး-သနပ်ပင်ကားလမ်းမကြီး၏ တောင်ဘက်ခြမ်း တွင်တည်ရှိ၍ ဟံသာကုန်း နယ်နမိတ်တွင်ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၇ ံ ၂၀' နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ံ ၃၁' ခန့်တွင်တည်ရှိပါသည်။

မွန်စံပြရွာသည်စတုရန်း ပုံဖြစ်ပြီး အရှေ့အနောက် ၂ မိုင်ခန့်၊ တောင်မြောက် ၂ မိုင်ခန့်ကျယ်ဝန်း ပါသည်။

မွန်စံပြရွာနှင့်ပတ်ဝန်းကျင်သည်လယ်ယာစိုက်ပျိုး လုပ်ကိုင်နိုင်သောမြေအမျိုးအစား ဖြစ်ပြီး မြေပြန့်အနေအထားရှိပါသည်။

တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ ၁၃၀" ခန့်ရှိပြီး ပူအိုက်စွတ်စိုသောရာသီဥတုရှိပါသည်။

### (ခ) နေထိုင်သောတိုင်းရင်းသား များ နှင့်လူဦးရေ

မွန်စံပြရွာတွင်ဗမာ၊ မွန်နှင့်ကရင်တိုင်းရင်းသား များ အပြင်၊ ဟိန္ဒူ၊ တလယ်အစရှိ သောလူမျိုးခြား များ လည်းရောနှောနေထိုင် သောလူဦးရေစုစုပေါင်း မှာ (၄၆၀၈) ယောက်ရှိပြီး အိမ်ထောင်

စု ပေါင်း (၈၃၀) ပါဝင်ပါသည်။ အိမ်ခြေ ပေါင်း (၇၁၀) ခန့်ဖြင့် ရွာ စည်း တည် ထောင်ထား ပါသည်။ ဤ ဒေသတွင် နေထိုင် သောလူဦး ရေ ကို ၁၉၉၃-ခု အောက်တိုဘာလတွင် ကောက်ခံထား သောစာရင်းအရဖော် ပြရ သော် -

| လူမျိုးအမည် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ဗမာ | ၁၅၄ | ၁၅၃ | ၃၀၇ |
| မွန် | ၂၀၈၃ | ၂၁၅၃ | ၄၂၃၆ |
| ဟိန္ဒူ | ၈ | ၇ | ၁၅ |
| ကရင် | ၁၃ | ၁၇ | ၃၀ |
| ကလယ် | ၉ | ၁၁ | ၂၀ |

(၈) <u>မွန်တိုင်း ရင်း သား များ ရောက်ရှိလာပုံနှင့်အုပ်ချုပ်ရေး</u>

မြန်မာနိုင်ငံတွင်အခြေစိုက် နေထိုင် သောလူမျိုး စုများ အနက်မွန်လူမျိုး တို့သည်အစောဆုံး ဖြစ်သည်။ ရှေး ဦး စွာမွန်တို့အခြေစိုက် နေထိုင် သော ဒေသမှာမြန်မာနိုင်ငံ တောင်ပိုင်း ရှိမုတ္တမပင်လယ် ကွေ့ ဒေသဖြစ်သည်။ ထို့နောက်မွန်တို့သည်စစ် တောင်း မြစ်ကိုဖြတ်၍အနောက် ဖက်သို့ ရွှေ့လျား လာခဲ့ပြီး ပင်လယ်ကမ်း ခြေတစ် နေရာ၌မြို့တမြို့ကိုတည် ခဲ့ သည်။ ထိုမြို့မှာဟံသာဝတီမြို့ပင်ဖြစ်သည်။ ရှေးခေတ်မှတ်တမ်းတစ်ရပ် ဖြစ်သည် ``ဘိုး တော်ဘုရား လက်ထက်သက္ကရာဇ် ၁၁၆၄ ကောက် ယူ သည့်ဟံသာဝတီစစ်တမ်း ``များ တွင်သက္ကရာဇ် ၅၁၇ တွင်မွန်မင်းသား သမလကဟံသာဝတီမြို့ကိုတည် ထောင်ခဲ့သည်ဟု ဖော်ပြထား သည်။ ဟံသာဝ တီ

ထွင်သမလ၊ ဝိမလမင်း မှစ၍တိဿမင်း အထိမင်း ပေါင်း (၁၇) ဆက် တိတိုင်း စံခဲ့သည်။ ထိုမင်း ဆက်များ ကိုဒုတိယမွန်မင်း ဆက်ဟုသတ်မှတ်ထား ကြသည်။ ဟံသာဝတီမြို့တည်စဉ်မှစတင်ကာ[1] ယခုချိန်ထိဟံသာဝတီမွန်များ ဤဒေသတွင်အခြေချနေထိုင်ခဲ့ကြသည်။

ပဲခူးမြို့ရှိအင်းဝန်၊ မဟာစေတီ၊ ကျိုက်ပေါ၊ မှော်ဘိတန်မွန် စံပြနှင့်ရွှေဗယိုမယ်ရပ်ကွက်များ တွင်မွန်လူမျိုး များ ပျံ့နှံ့နေထိုင်လျက် ရှိကြသည်။ မွန်စံပြရွာတည်ရာဒေသသည်မြန်မာသက္ကရာဇ် ၁၃၀၇-ခုနှစ် မတိုင်မီကပဲခူးမြို့၏ နယ်နိမိတ်အတွင်း ပါဝင်ခြင်း မရှိသေး ပေ။ တမာ ဘော်ကျေး ရွာအပိုင်နယ်နိမိတ်အတွင်း ၌သာရှိ သေး သည်။ ထိုစဉ်က ဤ ရွာ တည် နေရာသည်သဝ်ပင်၊ ဝါး ပင်များ ထူထပ်စွာ ပေါက် ရောက် နေသော မြေရိုင်း ဖြစ်သည်။ ထိုစဉ်က ဟမာနက်ရွာတိုအုပ်ချုပ် သောသူကြီး မှာ ဦး ထွန်း မောင်ဖြစ်သည်။ ပဲခူး မြို့တွင် နေထိုင် သော နိုင်အုန်း မြိုင် ၊ နိုင်တလိန်၊ နိုင် ရွှေပြည်နှင့် နိုင်ဘကျိုင်အစရှိ သော မွန်အမျိုး သား များက ထို မြေရိုင်း နေရာကိုရှင်းလင်း ပြီး ဟိုတစု၊ သည်တစုရှိကြနေသော မွန်လူမျိုး များ အား တစုတစည်း ထဲ၌ စေ ရေး အတွက်ဤ ဒေသတွင်ရွာတည် ရန်စတင်ကြိုး စား ခဲ့ကြသည်။ ဟမာနက်သူကြီး နှင့်ဆွေး နွေး ကာပဲခူးမြို့ ရှိအင်္ဂလိပ်အစိုး ရထံခွင့်ပြုမိန့်တောင်း ခံခဲ့သည်။ ထိုသူများ တဦး ဆောင် ကာမြန်မာသက္ကရာဇ် ၁၃၀၇-ခုနှစ်တွင် ``ပဲခူး ခရိုင်ရာမညအသင်း'' ကိုစတင်ဖွဲ့စည်း ခဲ့သည်။ အသင်း ဝင်ကြေး (၁)ကျပ်၊ အသင်း ရံပုံငွေ အတွက်(၁)ကျပ်နှင့်မြေတိုင်း ဌာနအတွက် ငွေ(၁)ကျပ်စုစု ပေါင်း ငွေ (၃)ကျပ် ကောက်ခံခဲ့သည်။ အသင်း ဝင်သူတိုင်း ကကို မြေရိုင်း များ ကို စုပေါင်း ရှင်း လင်း တာလုပ်အား ပေး ကူညီရသည်။ အသင်း ဝင်တိုင်း အတွက်စာရေး ငှား ကာ မြေတိုင်း ၍ မြေတကွက်စီ နေရာချထား ပေး ခဲ့ သည်။

---

၁။ ဟံသာဝတီမော်ကွန်း ဝင်စာတမ်း များ ၊ စာ-၃၀၇။

၁၃၀၇-ခုနှစ်စတည်ဂဦးကျော်ရွာတွင်အိမ်ခြေ လေးငါးဆယ် ခန့်သာရှိခဲ့ပြီး ရွာ၏အမည်ကိုအတိအကျမပေး နိုင် သေး ပေ။ တမာနတ် ရွာ၏နယ်နမိတ်အတွင်း တွင်သာထည့်သွင်း ထား ခဲ့ဖြစ်သည်။ ရွာတည်စက နေသူများ မှာလည်း ဟံသာဝတီမွန်များ သာဖြစ်သည်။ ကဝမြို့နယ် အောင် ဇေယျရွာ၊ သရက်ကုန်း ၊ ဓမ္မသတ်အစရှိ သော ဒေသမှမွန်များလည်း လုပ် ခင်း ကိုင်ခင်းဆောင် သော နေရာများ ရှာဖွေရာမှ ဤ ဒေသသို့ရောက် လာ ကြသည်။ မော်လမြိုင်ဘက်တွင်လည်း ရောင်စုံ သောင်း ကျန်း သူများ၏အား ကြောင့်ရွာ ပေါင်း ၃၄ ရွာခန့် အား ခုနှင့်ရင်ဆိုင်တာဘဝစဉ်ကာလများဖြစ် နေသည့်အတွက်ဤ ဒေသတွင်ရောက်နှင့်နေ သော မွန်အမျိုး သား များ ယ အသက်အသွယ်ပြုကာ ဤ ရွာသို့လာ ရောက် နေထိုင် စခဲ့သည်။ ဤသို့ဖြင့်မွန်ပြည် နယ်ဘက်မှမွန်လူမျိုး များ အများ အပြား ရောက်ရှိလာကြသည်။ ထိုအခါရွာ အတွင်း ဟံသာဝတီမွန်များ သာမက မုတ္တမမွန်များ ပါရောနှော နေ ထိုင်လာကြသည်။ ထိုစဉ်ကထိုရွာ၏ သူကြီး ဒနေရာကို "နိုင်အုန်း မြိုင်" က ဂတင်တာဝန်ယူခဲ့သည်။ တဆောက်သူကြီး ဦး ထွန်း မောင်တလည်း တရား ဝင်အုပ်ချုပ်ခွင့်ပြုခဲ့သည်။

ထို့နောက် ၁၉၅၄-ခုနှစ် သို့ရောက်သောအခါမွန်အမျိုး သား များ ထိုး တက်ကြီး မွား ရေး ဟူသောရည်ရွယ်ချက်ဖြင့် "ရာ မည တိုင်း လုံး ဆိုင်ရာမွန်ပိုင်း ရာအဖွဲ့" ၏ ဥက္ကဋ္ဌဖြစ်သူ ဓါတုဒေဝ အမင်း ကြီး ဦး ချစ် သောင်း နှင့် နိုင်ပန်း၊ လှကျော်ဦး ဆောင် သောအဖွဲ့က ရောက်ရှိလာ တာထိုရွာကို "မွန်လူမျိုး များ အား လုံး အတွက် စံပြဖြစ်ရမည်" ဟု ဒေသ အဓိပ္ပါယ် ပေါ်လွင် စေရန် "မွန်စံပြရွာ" ဟုအမည် ပေး ခဲ့သည်။ လွတ်လပ် ရေး ရပြီး နောက်ပိုင်း ပြန်လည်သက်ဝင်လာ သော နယ်နမိတ်ကန့်သတ် ချက်အရ မွန်စံပြရွာသည်ပဲခူး မြို့အပိုင်နယ်အတွင်း ရောက်ရှိသွားခဲ့သည် ။ အာခါကုန်း ရပ်ကွက်တခုလုံး ကို ( ၁၉ ) ရပ်ကွက်ဟုသတ်မှတ်ခဲ့သည်။ မွန်စံ ပြ

ရွာသည်လည်း (၁၉) ရပ်ကွက်ပိုင်နက်အတွင်း ရောက်ရှိသွား ကာတသ်ခါ တုန်း ရပ်ကွက်ကြီး တွင်ပါဝင်သော ရွာတစ်ခုဖြစ်လာသည်။ ၁၉၅၉ ခုနှစ် နှင့် ၁၉၆၀ ခုနှစ် ၂-နှစ်ဆက်တိုက်အစိုး ရထံ ခွင့်ပြုမိန့်တောင်းခံကာ ရွှေမော်ဓော ဘုရား ဝင်း အတွင်း၌ တစ်နိုင်ငံလုံး အကျုံး ဝင် သော "မွန်ယဉ်ကျေး မှုညီလာခံကြီး "ကိုကျင်း ပခဲ့သည်။ ၁၉၆၀-ခု နှစ် တွင်လူထုပညာရေး မှူး (၅) ယောက်ခန့်ထား ကာ မူလတန်း ကျောင်း ကိုစတင်၍တရား ဝင်ဖွင့်လှစ် နိုင်ခဲ့သည်။ ထိုနှစ်တွင်ပင်သနပ္ပင်မြို့နယ် အတွင်း အောင်သူခနှင့် အောင်တံ့ညွန့်အမည်ရှိ မွန်ရွာ ၂-ခုကိုလည်း နိုင်အုန်း မြိုင်ထိုဦး ဆောင်ကာတည် ထောင်ပေး ခဲ့နိုင် လေသည်။ နိုင် အုန်း မြိုင် နောက်တွင်နိုင် ရွှေပြည်ကသူကြီး နေရာကိုဆက်ခံကာသက် လက် တာဝန်ယူခဲ့သည်။ ဤသို့ဖြင့်မွန်စံပြရွာသည်အနှစ် ၅၀ နီး ပါး ကြာမြင့်သည် အထိ မွန်တို့၏ယဉ်ကျေး မှုဓလေ့ထုံး တမ်း များ ကိုဆက်လက်ထိန်း သိမ်းကာ ယနေ့တိုင်တည်ရှိ နေဆဲပင်ဖြစ် ပေသည်။

မွန်စံပြရွာ၏အုပ်ချုပ် ရေး ကို လေ့လာကြည့်ပါက ရွာတည် စ အချိန်တွင်သူကြီး သည်ရွာ၌ဩဇာအရှိဆုံး ဖြစ်သည်။ သူကြီး ၏လက် အောက် တွင်ရာအိမ်ခေါင်း ၊ ဆယ်အိမ်ခေါင်း များ ခွဲခြား ခန့်ထား ကာ အုပ် ချုပ် စေခဲ့သည်။ ယခုအခါတွင်ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်း အုပ် ချုပ်ပုံနှင့်အညီ ရစည်း ထား သောဟသ်ခါတုန်း ရပ်ကွက်ငြိမ်ဝပ်ပိပြား မှု တည် ဆောက် ရေး အဖွဲ့၏လက် အောက်တွင်မွန်စံပြရွာမှာဆယ်အိမ် ခေါင်း ၊ ရာအိမ်မှူး များ ကိုခွဲခြား ခန့်ထား ပြီး တည်ဆဲဥပဒေနှင့်အညီအုပ် ချုပ် လျက်ရှိပါသည်။

# "အခန်း (၂)"

## ဘာသာစကား စာပေ၊ ရုပ်လက္ခဏာနှင့်ဝတ်စားဆင်ယင်မှု

### (က) ဘာသာစကား

လူ့အဖွဲ့အစည်းတွင်ဘာသာစကားသည်လူတစ်ဦး၏အတွေးအခေါ်၊ ယုံကြည်မှုနှင့်လုပ်နည်းကိုင်နည်းများကိုအခြားတစ်ဦးအား သိရှိနားလည်ရန်လက်ဆင့်ကမ်းပေးရာတွင်လည်းကောင်း၊ မှတ်ယူရာတွင်လည်းကောင်း အသုံးပြုရသည့် "ဆက်သွယ်ရေးပစ္စည်း" တစ်ခုဖြစ်ပေသည်။ ဘာသာစကားကိုနားလည်တတ်မှသာ လူအချင်းချင်းသည်လူ့ဘောင်အဖွဲ့အစည်းတစ်ခုအနေဖြင့်စည်းလုံးပေါင်းသင်းဆက်ဆံနိုင်ခွင့်ရကြလေသည်။ ထို့ကြောင့်ဘာသာစကားသည်အထူးအရေးပါအရာရောက်ပေသည်။

မွန်လူမျိုးများ ပြောဆိုနေသောမွန်ဘာသာစကားမှာ "မွန်ခမာ" စကားအနွယ်ဝင်ဖြစ်သည်။ မွန်တို့သည်လူမျိုးနွယ်အားဖြင့် မွန်ဂိုလွိုက်အုပ်စုတွင်ပါဝင်ပြီး ဘာသာစကားအနွယ်အားဖြင့်မွန်ခမာ

အုပ်စုတွင်ပါဝင်သည်။ မွန်နှင့်ခမေရ်ဘာသာစကား သည်အနန်နှစ်တောင် ပိုး တလျှောက်တွင်ရှိတင်း နေထိုင်သူများ၏ဘာသာစကား နှင့်ခပ်ဆင်ဆင်တူသည်။ မလေး ကျွန်းဆွယ်အလယ်ပိုင်း စမဲစကား တို့နှင့်လည်း ဆင်သည်။ နီကိုဘာကျွန်း[၁] သား တို့၏ဘာသာစကား နှင့်လည်း အကြမ်းအားဖြင့်တူညီချက်အချို့ရှိသည်။ ထို့နည်း တူမြန်မာနိုင်ငံတွင်း ရှိအချို့ ပြည်နယ်နှင့်လွိုင်၊ ပရပ်ဗ်ထို့မှ ဝ၊ ပလောင်၊ ရိယန်အစုတို့နှင့်လည်း တူညီချက်များ ရှိသည်။

ဘာသာဗေဒပညာရှင်များ ကအာရှတိုက် တောင်ဘက်တွင် ပြောဆိုသောဘာသာစကား ဝေါဟာရများ ကိုသိပ္ပံနည်း ဖြင့်နှိုင်းယှဉ် လေ့လာပြီး တိဗက်-တရုတ်နှင့်ဩစတြစ်[၂] ဘာသာစကား အနွယ်ကြီး ၂ မျိုး ဟုခေါ်ပြခဲ့ကြသည်။ တိဗက်တရုတ်အနွယ်ကြီး ကိုသင့်မှန်စွာခွဲခြား၍ ကြည့်လျှင်တိဗက် မြန်မာအနွယ်နှင့်ထိုင်း-တရုတ်အနွယ်တို့ပါဝင် ကြောင်း တွေ့ရသည်။ ဩစတြစ်အနွယ်ကြီး တွင်လည်း ဩစတြီ အေရှတစ်[၃] အနွယ်နှင့်ဩစတြိ နေးရှင်း[၄] အနွယ်တို့ပါဝင်လျက်ရှိသည်။ မွန်တို့၏ဘာသာစကား သည်ဩစတြီ အေရှ တစ် အုပ်စုတွင်ပါဝင်လျက်ရှိသည်။ ဩစတြီ အေရှတစ်အနွယ်တွင်မွန်ခမေ အနွယ်ခွဲ ပါဝင်သည်။ မြန်မာနိုင်ငံသုတေသနဂျာနယ်အတွဲ ၄၊ ၁တွင် ``မွန်ခမေ စကား အသုံး အနှုန်း များ သုတေသနဆောင်း ပါး ``တွင်လည်း မွန်ခမေ စကား သည်ဩစတြီ အေရှတစ်ဘာသာစကား နွယ်ဖြစ်ကြောင်း ဖော်ပြ ထား သည်။ ထို့အပြင် ၁၉၆၁-ခုနှစ် ဗုဒ္ဓသမိုင်း တံခွန်အတွဲ ( ၂ )တွင်

---

၁။ Nicobar Isla nd

၂။ Austic

၃။ Austro-Asiatic

၄။ Austro-Nation

ရှေးမွန်နှင့် ဩစတြိုအေရှတစ်စကား မျိုးနွယ်တူပုံကို ခိုင်လုံစွာတင်ပြထား ပါသည်။ မြန်မာနိုင်ငံတွင် ပြောဆိုနေသော ဤအနွယ်အခွဲဝင်ဘာသာစကား များကို အမျိုးတူရာလိုက်၍ မွန်အရနှင့်* ပလောင်၊ ဝ၊ ရီယန် (ယင်းနက်) အစုဟူ၍ ၂-မျိုး စုစည်း နိုင်သည်။

ဟံသာဝတီ၊ မွန်၊ မုတ္တမမွန်နှင့် ပုသိမ်မွန်အစရှိသော မွန် (၃) ရပ်သည် နေထိုင်ရာဒေသပေါ်တွင်မူတည်၍ ပြောတန်ဆိုဟန်များ ကွဲပြား ကြသည်။ မွန်တို့ပြောဆိုသုံးစွဲနေသော ဘာသာစကားကို မွန်ပိုး ၊ မွန်ရား ၊ မွန်ငိုက်နှင့် မွန်ညဟူ၍ အုပ်စုလေးမျိုး ထပ်မံခွဲခြားနိုင် ပါသည်။

မွန်ဘာသာစကား နှင့် ဗမာဘာသာစကား တို့မှာ တခြားစီဖြစ်သော်လည်း ပုဂံခေတ်မှစပြီး နေထိုင်ရာဒေသချင်း နီးစပ်ကာ ယဉ်ကျေးမှုကူးလူး ဆက်ဆံကြသည့်အတွက် မွန်ဘာသာစကားကို ပုဂံခေတ်က ဗမာတို့ယူငင်သုံးစွဲခဲ့ကြသကဲ့သို့ ဗမာစကားကိုလည်း အင်းဝခေတ်ကမွန် တို့ယူငင်သုံးစွဲခဲ့ကြသည်။[၁]


ဥပမာ-ဗမာစကားဖြစ်သော-အပြစ်၊ အဖို့၊ အကို ၊ အတဲ၊ အကောက်၊ အောင်သွယ်၊ အစီစပ်စသည်တို့ကို မွန်တို့ယူငင်သုံးစွဲသကဲ့ သို့ မွန်ဘာသာစကားဖြစ်သောပြအိုး ၊ ကတော်၊ ကန်တော့၊ တမော့ ၊ ဝေါ၊ အင်တို့ကို ဗမာတို့ယူငင်သုံးစွဲကြသည်။ သို့အပြင် မွန်ဝေါဟာရမှ ဗမာ ဝေါဟာရဖြစ်လာကြသော စကားလုံးများ စွာရှိလေသည်။

---

• တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (မွန်) စာ-၂၄

၁။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (မွန်)၊ စာ-၂၆-၂၇။

## အာရှတိုက် တောင်ဘက်တွင် ပြောဆိုသော ဘာသာစကား




မွန်စံပြဋ္ဌာတွင် နေထိုင်သော မွန်လူမျိုး များ သည်မွန် ဘာသာစကား အနွယ်ဝင်(၄)မျိုး အနက်မှ မွန်ပိုး ဘာသာစကား ကိုအများ ဆုံး သုံး စွဲကြပြီး မွန်ရား ဘာသာစကား ကိုလည်း အနည်း ငယ် ပြောဆို သူ များ ရှိကြောင်း တွေ့ရသည်။

---

• သန်း ထွန်း ၊ ဒေါက်တာ ခေတ်ဟောင်းမြန်မာရာဇဝင်
စာ-၂၁၄ ဇယား

(ခ) <u>စာပေ</u>

မွန်တိုင်းရင်းသားများသည်ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့်အစဉ်လာကြီးမားစွာရပ်တည်လာခဲ့သောတိုင်းရင်းသားများဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိကြသောတိုင်းရင်းသားယဉ်ကျေးမှုများကိုလေ့လာကြည့်ပါက မွန်ယဉ်ကျေးမှုမှာအစောဆုံးဖြစ်ကြောင်းတွေ့နိုင်သည်။ မွန်တို့သည်အိန္ဒိယတောင်ပိုင်းမှလူများနှင့်အဆက်အသွယ်ရှိပြီး ဗုဒ္ဓယဉ်ကျေးမှုနှင့်စာရေးခြင်းအတတ်ကိုမြန်မာတို့ထက်စောစွာရရှိခဲ့ကြသည်။ တစ်နည်းအားဖြင့်မွန်စာပေသည်မြန်မာစာပေ၏ရေသောက်မြစ်ဖြစ်သည်ဟုဆိုရပေမည်။ မြန်မာတို့က စာရေးခြင်းအတတ်ကို (၁၁) ရာစုလောက်က ပျူ-မွန်တို့ထံမှရရှိခဲ့ပြီး မွန်တို့က ၆-ရာစုတွင် ပင် စာရေးခြင်းအတတ်ကိုရရှိနေပြီးဖြစ်သည်ဟုပညာရှင်တို့ကဆိုကြသည်။ ပျူတို့က "ဗြဟ္မီအက္ခရာ"၏အမွားဖြစ်သော "ကဒမ္ဗအက္ခရာ"ကိုအသုံးပြုရေးသားရာ၌မွန်တို့ကဗြဟ္မီအက္ခရာမွား "ပလ္လဝအက္ခရာ"ကိုသုံးကြသည်။

မွန်စာပေသမိုင်းအကြောင်းကိုလေ့လာကြည့်ပါက ခေတ်အဆက်ဆက်ရေးထိုးခဲ့သောမွန်ကျောက်စာများ၊ ခေါင်းလောင်းစာ၊ ဂဉ့်ချပ်စာ (ဝါ) ဂဉ့်ထွင်းစာ၊ မင်စာ၊ ရှုတ်ခွက်စာ၊ အင်္ဂတေစာ၊ ပေစာပုရပိုဒ်စသည်ဖြင့်အမြောက်အများတွေ့နိုင်ပေသည်။ ထို့အပြင်မွန်ဘာသာဖြင့်ရေးသားထားသောပိဋကတ်ဘာသာပြန်များ၊ ဇာတ်တော်ကြီးများ၊ ဆေးကျမ်းများ၊ ပုံပြင်များ၊ စကားပုံများ၊ စကားထာများ၊ တေးကဗျာများ၊ ဟောစာ၊ လင်္ကာနှင့်တစ်ဆယ့်နှစ်ရာသီဘွဲ့များကိုလည်းတွေ့ရှိနိုင်သည်။

---

၁။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ၈၁-၁၀၄။

မွန်တို့၏ စာပေ၌ ဆယ့်နှစ်ရာသီဘွဲ့များမှာ ဖတ်ရှုရသူအပေါင်း ကိုယ်စိတ်နှလုံး ကြည်နူး ချမ်း မြေ့ဖွယ်ဖြစ်အောင် စပ်ဆိုထား လေသည်။ မွန် ၁၂-ရာသီဘွဲ့၌ မွန်တို့၏ ရိုး ရာဓလေ့၊ ရာသီအလိုက်ပြုမူသော ပေါင်း ဆောင်ရွက်မှုများ ၊ လူတို့ဖွဲ့စည်း နေထိုင်ပုံများ ကိုပါ သား မွေ့လင်း အ ရှာစပ်ဆိုထား သည်။ ရာသီပန်း တို့ဖူး ပွင့်ကြပုံ၊ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြပုံ၊ ပွဲများ ကျင်း ပကြပုံတို့ကို ဖွဲ့ဆိုထား သည်။ ထိုကဲ့သို့ သောရာသီ ဘွဲ့ များ ကိုဖတ်ရှုလေ့လာပါက မွန်တို့၏လူနေမှုစရိုက်တို့မှန်း ဆကြည့်နိုင်သည်။

ထို့အပြင် မွန်တို့၏ ရိုး ရာစာပေများ ကို လေ့လာကြည့်ပါက မွန် တို့သုံး ဖွဲ့ လေ့ရှိသော စကား ပုံများ ကို တွေ့ရသည်။ မွန်တို့သည် စကား ပြော ဆိုရာတွင်လည်း ကောင်း ၊ ရေး သား ထား သည့် စာပေများတွင်လည်း ကောင်း သူနေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် စကား ပုံများကိုထ ည့် သွင်း အသုံး ပြုကြသည်။ များ သောအား ဖြင့် စာပြော၊ စာ ဟောနှင့် ပုံ ဝတ္ထုများ ထွန်း က သော ခေတ်တွင် စကား ပုံများ ထွန်း က သော ခဲ့သည်။ စကား ပုံဖွဲ့သည်မှာ လူမျိုး တစ်မျိုး ၏ နေထိုင်ရာဒေသ၊ ဆက်ဆံရသည့် ပတ် ဝန်း ကျင် နေထိုင်စား သောက်မှု၊ ဓလေ့စရိုက်၊ အတွေး အခေါ် နှင့် ရိုး ရာယဉ်ကျေး မှုကိုအခြေပြု၍ ပေါ် ပေါက်ခြင်း ဖြစ်ရာ မွန်တိုင်း ရင်းသား တို့၏လူမှုရေး ဖွဲ့စည်း ပုံကိုလည်း စကား ပုံများ က ဖော်ပြလျက်ရှိသည်။

ဥပမာ- ``သူတပါး သား နှင့်ထမင်း တဆုပ်မဖြုန်းရာ

သူတပါး မယား နှင့်လည်း ကွမ်း မဖြုန်း ရာ``

``နွား ကွဲကျား ကိုက်၊ လူကွဲသူကြီး ရ၊``

ခေတ်အဆက်ဆက်ကတည်းကရှိလာသော မွန်စာပေသည် မွန်စံပြ ၊ ကျေး ရွာ၌ ယခုအချိန်အထိတိမ် ကောပ ပျောက်သွား ခြင်း မရှိ ပေ။ ထို ကဲ့ သို့တည်တံ့နေ စေရန်အတွက် မွန်စာပေ၏ အရေးကို က လေး ငယ်များ အား

---

၁။ မင်း နိုင်၊ ဦး တိုင်း ရင်း သား စကား ပုံ၊ စာ-၁၀၃၊ ၁၀၄။

မွန်ဘုန်းတော်ကြီးများ ကတာဝန်ယူသင်ကြားပေးလျက်ရှိသည်ဆိုသော ဒ် ငွေး ဘ ပေါ် ပေါက်ခဲ့သောမွန်စာပေပညာသင်များ ကဲ့သို့ ဂန္ထဝင်မြောက်သောစာပေအဖွဲ့အနွဲ့များ ရေးသား နိုင်သည့်အခြေအနေမျိုး ကိုမူ မွန်အအမျိုးသားတို့ကြိုးစားခဲ့ဖြစ်သည်။ မွန်လူမျိုး တစ်ဦး ဖြစ်သည်နှင့်လျော်ညီအောင်မိမိတို့၏ ရိုးရာစာပေကိုတတ်မြောက် အောင်ငယ်စဉ်ကပင်သင်ကြားပေး လေ့ရှိသည်။ မွန်စံပြကျေး ရွာတွင်ယခုသင်ကြားနေသော မွန်စာပေသည်မွန်သင်ပုန်းကြီး ဗျည်း ၃၅လုံး ပေါ်တွင်အခြေခံနေသည်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | ၚ |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| ဟ | ဠ | ၜ | အ | ၝ |

``မွန်သင်ပုန်းကြီး ဗျည်း(၃၅)လုံး``

---

• တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (မွန်)
စာ-၂၅၈ မှ ဇယား

မွန်ဗျည်း ၃၅လုံး အပြင်အသွဲဗျည်း များ လည်း ရှိသည်။

ယင်း တို့မှာ -

ကၞသွဲ = ကၞ ၊ ကမသွဲ = ကၟ ၊ ကရသွဲ=ကျ၊ ကယသွဲ=ကြ၊

ကလသွဲ = ကၠ ၊ ကဝသွဲ = ကွ ၊ တို့ဖြစ်ကြပြီး အသုံး များ သော အသွဲ ဗျည်း များ ဖြစ် လေသည်။

ထိုနည်း တူမွန်ထို့ဓ်သရကို လေ့လာကြည့်ပါက -

ဗမာအသံနှင့် ``အ အာ ဣ ဤ ဥ ဦ ေ အဲ အော့ အော် အံ
အား ''ကို

မွန်အသံနှင့် ``အ အာ အဝိုတ် အဝိုင် အောက် စတင် အေ အုပါး
အောင် စကင်း အွမ် အား ''တု ဖတ်ပြီး

ရေး သည့်အခါ အ အာ ဣ ဤ ဥ ဦ ေ အဲ ဩ အ် အံ အား တု ရေး သား လေ့ရှိကြသည်။ မွန်တို့တွင်ထူး ခြား သော ရှေ့ပစ်နောက်ပစ်နှစ်မျိုးရှိ သည်။

မွန်အသတ် (၁၀) ပါး မှာကသတ်၊ ငသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ်၊ စသတ်၊ ဟသတ်၊ အသတ်တို့ဖြစ်သည်။[၁] ရှေး ဟောင်းမွန်တို့တွင်လသတ်နှင့်ရသတ်များ ပါဝင်သည်။ ယခုအခါထိုအသတ် (၂) မျိုး မပါဝင်တော့ချေ။ ထိုအခြေခံအရေး အသား များ ပေါ်တွင်မူတည်၍ကလေးငယ်များ ကိုမွန်စာပေ ရေး တတ်ဖတ်တတ်အောင်သင်ကြား ပေး ရသည်။ မွန်စာပေကိုမူလတန်း ၄-တန်း ၊ အလယ်တန်း ၄-တန်း အောင်မြင်သည့်အထိဘုန်းကြီး ကျောင်း များ တွင်သင်ကြား ရသည်။ ထိုအတန်း စဉ် (၈)-တန်း အောင်မြင်ပြီး ပါကမွန်စာပေကိုအသေအချာ လေ့လာသွားနိုင်သည်။

---

၁။ တိုင်း ရင်း သား ယဉ် ကျေး မှုရိုး ရာ ဓလေ့ထုံး စံများ (မွန်)
စာ-၂၄၅။

အခြား ရာသီဥတုများ ၊ ကမ္ဘာ၊ လက်ာများ ၊ ဇာတ် တော်ကြီး များ ၊ ဆေး ကျမ်း များ ကိုစံပြုရွာတွင် လေ့လာဖတ်ရှုကြ သော်လည်း တိတွင် ရေး သား သူအလွန်နည်း ပါး သွား ပြီဖြစ်သည်။ သို့သော်မွန်တို့၏ ပုံ း ရာစကား ပုံအချို့ကိုမူ ယနေ့တိုင် ရေး သား ပြောဆို လေ့ရှိ ကြောင်းတွေ့ရ သေး သည်။ ဤရွာသား များ သုံး စွဲ ရေး သား လေ့ရှိ သော စကား ပုံများ မှအချို့ကိုတင်ပြရသော် -

(၁) ကြိမ်ကိုချတ်လျှင်ဆူး ကိုမထား ရ၊ အဖကိုချတ်လျှင်သား ကို မထား ရ (မြန်မာတို့၏ကျပင်ခုတ်တုံငုတ်မကျန်) ဟူ သောစကား ပုံ နှင့် အလား သဏ္ဍာန်တူသည်။

(၂) အမြင်တစ်ခု ကျေး ဇူး တစ် ထောင်

(၃) ကြိမ်ကိုအများ ဘက်မှ စ၍ ဖြာပါ၊ သား သမီး ကိုငယ်စဉ် ကဆုံး မပါ

(၄) မြေ ဘေ ခတ်စိုမှသွား မြဝ် (အလုပ်လုပ်မှစား ရမည် ဟူ သည့်သ ဘောကို ဆော င်သည်)

(၅) စား ဝင်အိပ် ပျော်လျှင် သေဘို့မတိုး ဂိဂ်နှင့်ပျော်ပျော် နေ သေခဲ့)

(၆) နွား ကောင်း မကောင်း လှည်း ဆွဲမှသိ၊ လူ ကောင်း မ ကောင်း အတူနေမှသိ (လူတို့၏သ ဘောသဘာဝကို ဖော်ပြသည်)

(၇) နွား ကွဲကျ ား ကိုက်၊ လူကွဲသူကြီး ရ (စည်း လုံး မှု ရှိ ရန် ဆုံး မ သောစကား ပုံဖြစ်သည်။

(၈) ဆင်လိုကြီး ပြီး မြွေလိုရှည် (အကျိုး မရှိသည့်သ ဘောကိုပေါ် လွင် စေသည်)

(၉) ညောင်ပင်ပွင့်၍ကြိပင်သီး ၊ ဆင်ဥ၍သ မင်းသား ပေါက် (မဖြစ် နိုင်သည့်သ ဘောကို ဖော်ပြလိုလျှင်သုံး သည်)

(၁၀) ခါး မလည်း တုန်၊ လုံချည်ရှတ်လည်း သုံး (ဖွတ်မရ ခါး မသုံး)

(၁၁) ပဂ္ဂည်း လည်း တုန်၊ အကြိုလည်း သုံး ၊ အမြီး ပြတ်(ဒုဂ္ဂ အရိုး ရိုး ဂင်သိုင်ရကာသုံး ရွှေး မှုမှား နှင်ကြိုပါကသုံး လေ့ရှိသည်။ )

(၁၂) ဖွတ်အမြီး ဖွတ်လည်ပင်း ပတ်(ကိုယ့်အတွက်ကိုယ့်အကျိုး မပေး သည့်သဘောကို ဖော်ပြလို သောအခါသုံး သည်၊ မြန်မာတို့ကကိုယ်ထို့ရွှေးကိုယ် ပတ်ဟုသုံး သည်)

(၁၃) မိုး မရွှာဒ ဗိအိတ် သောက်၊ ရောဂါမကျွမ်း ဗိဆေး တု (ကြိုတင်ကာကွယ်ခြင်း သည်ကုသခြင်း ထက် ကောင်း သည်)

(၁၄) မြစ်သည်သဲ သောင်ပြင် ကြောင့်ပျက်ရသည်။ လူ သည် အပေါင်း အသင်း ကြောင့်ပျက်စီး တတ်သည်(အပေါင်း အသင်း ကြောင့် ဗင် ဂုဏ်ပျက်တတ် ကြောင်း ပညာ ပေး လိုသည့်အခါသုံး သည်)

(၁၅) မသာ တက် ခေါက်၊ ကျောင်း သယ် ခေါက်၊ မသာ သယ် ခေါက်ဖိုး ငွေတစ် ခေါက်(မှန်ရိုး သတ်သစ်က လေး များ အပေါ် ဖည်မှုတန် ဘိုး ထား သည့်သဘော ပေါ်လွင် စေလိုသည့်အခါတွင်သုံး သည်)

(၁၆) မြစ်ဝကိုပိတ်နိုင် သော်လည်း လူ့ပါး စပ်ကိုမပိတ် နိုင်ပါ။ (မြန်မာတို့၏ ဗူး တရာအပေါက်ကိုပိတ်၍ ရသည် ပါး စပ်တစ် ပေါက်ကိုပိတ် ၍ မရ)

(၁၇) မိခင်ကသား ကိုချစ်သလို၊ သား ကမိခင်ကိုပြန် ချစ် လျှင်နတ်ပြည်ကျဉ်း လတ္တံ့(မိဘတို့၏ မေတ္တာကြီး မား ပုံကို ဖော်ပြ သောစကား ပုံဖြစ်သည်။ မြန်မာတို့၏ ရှန် ရေသာရှိသည်။ သန် ရေမရှိဟု သောစကား နှင့် အလား သဏ္ဍာန်တူသည်)

(၁၈) ရွှေစက်ကြေး မဖြစ်နိုင်၊ စိန်စက်ကဂဝံ ကျောက် မဖြစ်နိုင် ပတ္တမြား မှန်လျှင်နွံမနစ်)

(၁၉)သားတို့သံပုရာသီး ခနဲ့၊ မြေးတို့ရွှေသက်သီး ခနဲ့
(သား အချစ်၊ မြေး အနှစ်)

(၂၀)သာဒသမိုးတို့ချစ်က ကျောင်း ထား ၊ နွား တို့ချစ်က မောင်း လှန် ကျွေး ၊ စသည်ဖြင့်မွန်လူမျိုး များ အသုံး ပြုသောစကား ပုံ များ ရှိသည်။ ထိုစကား ပုံများ ထွင်မွန်လူမျိုး တို့၏တန်ဘိုး ထား မှု၊ လူ တို့၏ဂုဏ်သိက္ခာ၊ သား သမီး နှင့်မိဘ၏ ချစ်ခြင်း မေတ္တာ၊ လူ့ဘဝတကျော်ကြုံတွေ့ရတတ်သောအခက်အခဲ၊ ဆောင်ရန်နှင့်ရှောင်ရန်များ တို့ရှင်းလင်း လင်း သိသာ၊ မြင်သာ အောင် ဖော်ပြထား ထား သည်။ ထိုစကား ပုံ များ တို့အတုယူထာသာဝကိုတန်ဘိုး ၍ အောင် နေထိုင်သည့်အကျင့်ကောင်း များ တို့ဖန်တီး ထိုင် ပေသည်။

<u>ဒွဝ်လ္ဍာတ နှင့်လူမျိုး ဆိုင်ရာ ထူး ခြား ချက်များ</u>

မွန်အမျိုး သား များ သည်မွန်ဂိုလွိုက်အနွယ်ဝင်များ ဖြစ် ကြသည်။ အသား ရောင်မှာညိုဝါရောင်ဖြစ်သည်။ ဦး ခေါင်း အနေအထား လုံး ကြပြီး ဆံပင်မှာနက်၍ ဖြောင့်သည်၊ မွန်အမျိုး သား များ ၏အရပ် အမောင်း မှာပျမ်း မျှအား ဖြင့် ၅' ၅" ခန့်ရှိကြပြီး ၊ မွန်အမျိုးသမီး များ ၏အရပ်မှာပျမ်းမျှ ၅' ၃" ခန့်ရှိကြသည်။ မွန်တိုင်းပြည်မှ ယောကျ်ား တို့၏ ခန္ဓာကိုယ်တွင်ထိုး ကွင်း မှင် ကြောင်များ ထိုး လေ့ရှိကြသည်။

<u>လူမျိုး ဆိုင်ရာထူး ခြား ချက်များ</u>

မွန်တိုင်းပြည်မှာသား တို့၏လူမျိုး ဆိုင်ရာထူး ခြား ချက်များအဖြစ် စိတ်နေသဘောထား ၊ ဝိုး ရာအစား အစာနှင့်အထိမ်း အမှတ်ပစ္စည်းများ ကို လေ့လာနိုင်သည်။

---

• မင်း နိုင်၊ ဦး ထိုင်း ရင်း သား စကား ပုံ ၈၁-၁၇၁-၁၇၈။

<u>စိတ်နေသဘောသဘာဝ</u>

မွန်စံပြရွာတွင် နေထိုင်သော မွန်လူမျိုးများ၏ စိတ်နေသဘောသဘာဝကို လေ့လာကြည့်ပါက ဗုဒ္ဓဘာသာဝင်လူမျိုးများ ဖြစ်သည့်အလျောက် အကျင့်အတန်းကို ဝါသနာထုံကြသည်။ အေးချမ်း ပျော်ရွှင်စွာ နေထိုင်တတ်ကြသည်။ ရိုးသား ဖြောင့်မတ်၍ ခင်မင်တတ်ပြီး အချင်းချင်း ဖိုင်းပင်းကူညီစိတ်ရှိကြသည်။ မိမိတို့၏ နေအိမ်သို့ ဧည့်သည်များ လာရောက်ပါက ထမင်းကျွေး လေ့ရှိကြသည်။ ထမင်း မစားပဲပြန်လျှင် ငြင်းဆန်လျှင် မနှစ်သက်ပေ။

<u>ရိုးရာအစားအစာများ</u>

ဤရွာ၌ မွန်တိုင်းရင်းသားတို့သည် ကောက်ညှင်းကို နှစ်သက်ကြပြီး၊ ကောက်ညှင်းပေါင်း၊ ဆနွင်းမကင်း၊ ပသျှူး မုန့်၊ မုန့်ဖက်ထုပ် များသည် ၎င်းတို့၏ ရိုးရာအစားအစာများ ဖြစ်သည်။

<u>အထိမ်းအမှတ်</u>

မွန်စံပြရွာသားများ အပါအဝင် မွန်တိုင်းရင်းသား အားလုံး၏ အထိမ်းအမှတ်မှာ ဟင်္သာရုပ်ဖြစ်သည်။

( သ ) <u>ဝတ်စားဆင်ယင်ပုံ</u>

မွန်စံပြရွာတွင် နေထိုင်သော မွန်လူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံကို လေ့လာကြည့်လျှင် ရှေးခေတ်နှင့်ယခုခေတ် ဝတ်စားဆင်ယင်ပုံ တဖြည်းဖြည်း ကွဲပြား ပြောင်းလဲလာသည်ကို တွေ့ရသည်။

ရှေးအခါက မွန်အမျိုးသားတို့သည် ငယ်စဉ်အခါတွင် ဆံရစ် ဆံထောက်များ၊ ဆံရစ်ဝိုင်းများ ထားလေ့ရှိကြသည်။ နားပေါက်များကို အညီး ဖောက်လေ့ရှိသည်။ အဆင်တန်ဆာအနေနှင့် နားကပ်များကို ပန်ဆင်လေ့ရှိကြသည်။ များသောအားဖြင့် နားသီးများ နားကွင်းများကို လေ့ရှိကြသည်။ အမျိုးသားတလေးများသည် လုံချည်ဖော်ဝင်သည့်အနီနှင့်မှစ၍

တိုးကွင်း မှင်ကြောင်တိုး လေ့ရှိသည်။ တိုးကွင်း မှင်ကြောင်တိုး သော ယောက်ျားလေး ကိုသာ ယောက်ျား ဝိသသည်ဟုယူဆ လေ့ရှိသဖြင့်အရွယ်ရောက်သော ယောက်ျားလေး မှန်သမျှတိုးကွင်း မှင်ကြောင်အနည်းဆုံးတစ်ကွက်ဖြစ်စေထိုး ရသည်။

လူရိုးလူရွယ်ကလေး များ သည် ရှင်မပြုမီဆံပင်ကို ရောင်ထုံး ထုံးကြသည့်ပုဝါဖြူ ပေါင်း ကြသည်။ အချို့ကဆံပင်ရှည်လာ သောအခါပုဝါ ပေါင်း ၍ ဆံဖြတ်ကွင်း ချကြသည်။ အပေါ်ဖုံး အင်္ကျီများ ကိုဝတ်ဆင် လေ့ရှိပြီး များ သောအား ဖြင့်ရှပ်ချည်လက်ရှည် များ ကိုဝတ်ဆင်ကြသည်။ လူကြီး များ ကမူ ချည်ထည်တဘက် (သို့) ပုဝါများ ကို ခေါင်း ပေါင်း ကြသည်။ မော်လမြိုင်ဆေး တံ (သို့) ရှောလွတ်ဆေး တံကို သောက်သုံး ခြင်း ဖြင့်မွန်လူမျိုး တို့၏ ပုံသဏ္ဌာန် ကို ပိုမိုသရုပ် ပေါ် စေသည်။

ပွဲလမ်း သဘင်ရှိ သောအချိန်များ တွင်သာ ရိုး ဖြင့်ယက်လုပ်သော အဝတ်အစား များ ကိုဝတ်ဆင် လေ့ရှိသည်။ အဝတ်အစား အဆင်အယင် မှာ ယေဘုယျအား ဖြင့်အဆင်ခွဲခြား သတ်မှတ်ထား လေ့မရှိကြပေ။ ရှေးက - `` သူကြီး `` များ သည်လည်း အရပ်သား များ ကဲ့သို့ပင်ဝတ်စား ဆင်ယင်ကြသည်။ အများ အား ဖြင့်မွန်အမျိုး သား တို့သည် မန်ကျည်း စေ့အကွက် အဆင်ရှား ရောင် (သို့) အဖြူကွက်ကိုသာ ဝတ်ဆင် လေ့ရှိကြသည်။ ထိုလုံ ချည်သည်မွန်အမျိုး သား တို့၏ ရိုး ရာဝတ်ရုံပင်ဖြစ်သည်။

ယခုခေတ်တွင်မူဆံပင်ရှည်ထား သူများ ရောင်ထုံး သူများနည်း ပါး သွား ပြီဖြစ်သည်။ လူငယ်မှလူကြီး အထိဗိုလ်ဆံ တောက်များ ကိုသာထား လေ့ရှိကြသည်။ အချို့သောလူငယ်ကလေး များ မှာမူ ခေတ်နှင့်အညီဖြစ်စေ ရန် လောလောဆယ် ရေပန်း စား နေသောဆံပင်ပုံစံအမျိုး မျိုး ထား လေ့ရှိကြသည်။ နား ပေါက် ဖေါက်သူများ ရှိနေသေး သော်လည်း နား ကွင်းပန်သူ၊ နား သံသီး ပန်သူနည်း ပါး သွား ပြီဖြစ်သည်။ သို့သော်ယခုလက်ရှိခေတ် တွင်အချို့လူငယ်များ သည်မြန်မာရုပ်ရှင်၊ နိုင်ငံခြား ရုပ်ရှင်များ တွင်

မင်းသားများ နား ဖေါက်ကာနား ဆွဲ၊ နားကွင်း မျိုး ကိုဝတ် ဆင် သည်ကိုအတုယူကာ နား ကစ်ပန်းသူများ လည်း ရှိသည်။ အချို့က နား တဖက် ထဲတွင်ပန်ကြသည်။

ယခု ခေတ်ဝတ်စား ဆင်ယင်ရာတွင်အချို့လူငယ်များ သည်ရိုး ရိုး ရှပ်အင်္ကျီလက်တို၊ လက်ရှည်များ ၊ စပို့ရှပ်အင်္ကျီများ ၊ ဒီဇိုင်းမျိုး စုံ ပါသောနိုင်ငံခြား ဖြစ်တီရှပ်များ ကိုဝတ်ဆင်ကာချည်သည့်ပုဆိုး များ ၊ ဂျင်း ဘောင်း ဘီများ ကိုဝတ်ဆင်လာကြသည်။ သို့သော်ပွဲလမ်း သဘင် ရှိ သည့်အခါတွင်မူ ပင်နီတိုက်ပုံ၊ ပိုး တိုက်ပုံ၊ သက္ကလပ်တိုက်ပုံများ ဝတ်ဆင် ကာ ချည်သည့်ပုဆိုး ၊ ပိုး ပုဆိုး အ ကောင်း စား များ ဝတ်ဆင်ကြသည်။ ခေါင်း ပေါင်း ပေါင်း သူများ လည်း ရှိ သေး သည်။ လူကြီး လူငယ်မ ရွေးလက်စွပ် များ ကိုဝတ်ဆင်ကြသည်။ ယခုအခါဆွဲကြိုး များ ၊ လက် ကောက် မှော့များကို လည်း လူငယ်အမျိုး သား အချို့က ဝတ်ဆင်လာကြသည်။

မွန်စံပြရွာမှအမျိုး သမီး တို့၏ ဝတ်စား ဆင်ယင်ပုံကို လေ့လာ ကြည့်လျှင်လည်း ထူး ခြား ချက်များ ကို တွေ့ရ လေသည်။ အမျိုး သမီးက လေး များ သည်ငယ်စဉ်အခါကဆံရစ်ပိုင်း များ ထား လေ့ရှိကြသည်။ အရွယ်ဖော် ဝင်ကာစအသက် ၁၅ နှစ် ၁၆ နှစ်ခန့်ရောက် သောအခါတွင် ဆံ ထောက်များ ကိုအုပ်လုံး သိမ်း ပြီး အသက်အရွယ်ကြီး ရင့်သည့်အခါဆံပင်များ ကိုထုံး ဖွဲ့ထား ရသည်။ အချို့က နောက်တွဲထုံး ၌အချို့ကဘီး နှင့်ဆံထုံး ထုံး ကြ သည်။ ဆံမဆောင်တော့ပြီး သောအမျိုး သမီး ငယ်ဘား လုံး ဆုပ်လုံး သိမ်း ရ သည်။ လုံမပျိုတို့ကဆံထုံး ထုံး ပြီး နား နောက်တွင်ဖြာပါဆံ ပေါ်သိ ထိုး တ ကောက်ကိုထား ကြသည်။ နဖူး တွင်ပိုး ပုဝါစည်း လေ့ရှိကြသည်။

အမျိုး သမီး တို့သည်အင်္ကျီရင်စေ့ကို ရှေ့မှလည်ပင်း ဒွိပုံ (v) ဖေါက်ကာဝတ်ဆင်ကြသည်။ ရိုး ရိုး အချိန်များ တွင်ချည်အင်္ကျီ၊ ပဒုမ္မာ စတို များ ကိုဝတ်ဆင်ကြသည်။ ပွဲလမ်း သဘင်ရှိသောအချိန်တွင်ပိုး သည်လက် ရှည်အင်္ကျီများ ကိုဝတ်ဆင်ကာပုဝါခြုံ လေ့ရှိကြသည်။ အမျိုး သမီး များ သည်

ရင်ဖုံး ၊ လည်သွဲ၊ လက်တောက်၊ ခြေကျင်း ၊ နားတောင်၊ နားဆွဲ၊ ဘယက် ပုတီး ၊ ကြယ်သီး ၊ သီချစ်၊ ဆံထိုး ၊ ဘီး ၊ လက်စွပ်စသည့်အဆင်တန်ဆာ များ တို့ကြယ်ဝချမ်းသာမှုအပေါ် မူတည်၍ ဝတ်ဆင် လေ့ရှိကြသည်။ အိမ်ထောင်ကျပြီး သောသူများ ဖြစ်ပါက ခြေကျင်း မဝတ်တော့ပေ။

အမျိုးသမီးကြီးများသည် ပွဲလမ်းသဘင်များ ၌ပါက ၂-နံ ဝေပ်လက်ယက်လုံချည် (သို့) ပိုး လုံချည်တိုပန်း ကြယ်သီး တပ်ထား သောရင်ဖုံး အင်္ကျီနှင့်တွဲဖက် ဝတ်ဆင်ကြသည်။ ဆံထုံး ထုံး၍ ပန်း တစ်ပွင့်ကို ခေါင်း အလယ်တည့်တည့်မှ ထိုး ကာပုဝါခြုံပြီး သွား လေ့ရှိသည်။ ကဂ်ဘက်လျှင် ငွေချိန် (၁)ကျပ်သား ခန့်ရှိ သောကျောက်နီနား ကပ်များ ကိုပန်ဆင် လေ့ရှိသည်။ ဓိဓိတတ်နိုင်သ လောက်အခြား သောလက်ဝတ်ရတနာများ ကိုပါဝတ်ဆင် လေ့ရှိသည်။ ထိုကဲ့သို့ပြည့်စုံ အောင်ပြင်ဆင်ဝတ်စား မှသာ ပွန်အမျိုးသမီး တစ်ဦး ထွင်ရှိအပ် သောအလှကျက်သရေကို ဖော်ဆောင်နိုင်မည်ဟုယူဆလေ့ရှိကြသည်။ အိုး ဖွဲး ဆေး တိုမတ်နှင့်ကိုယ်တိုင်လိုက်ကာအသစ်ချည်ကြိုး နှင့် ရက် ပတ်ထား သော ဆေး လိပ်တို သောက်ခြင်း ကလည်း ၊ ရွှေး ပွန်အမျိုးသမီးကြီး များ အ် စ နဲ့ပြင် ား အကိုပို စေသည်ဟုယူဆကြသည်။ ယခုတိုင်ထိုကဲ့သို့သော လိုက်နာဝတ်ဆင်လျက်ရှိ သောအမျိုး သမီး ကြီး များ ကို တွေ့ရှိရသည်။

အချို့သော ပွန်အမျိုး သမီး ငယ်များ သည်ဆိရစ်ဝိုင်း ထား ခြင်း နောက်ထွဲထုံး ခြင်း များ ကိုယခုတိုင်သတ်လတ်ပြုလုပ်လျက်ရှိပြီး အချို့သော စိန်း ကလေး များ တမူထံပင်ကိုတိုဖို့ဖြတ်တာဆံပင်ပုံအမျိုး မျိုး ကို ချွင်၍ထား ခြင်း ၊ ခါတုဆေး ဝါး များ ကိုအသုံး ပြု၍ ဆံပင် တောက်ခြင်း များ ကိုပြုလုပ် ဇနကြ ကြောင်း တွေ့ရသည်။ နား ဖောက်ပြီး နား ကပ်၊ နား ငွေဝင်း ပန် သောအ လေ့အထများ ကိုယနေ့တိုင် တွေ့ရှိ နေရသဲပင် ဖြစ်သည်။ ပွဲး ပွဲး သချိန်များ တွင်မူ ရည်အင်္ကျီလက်စက၊ လက်ရှည်၊ လက်ပြတ်အမျိုးမျိုး နှင့် ခေတ် ပေါ် အင်္ကျီများ ၊ ရည်လုံချည်အမျိုး မျိုး တို့ဝတ်ဆင်ကြသည်။ ပွဲ

လမ်းသဘင်ရှိသောအချိန်အခါများတွင် ခေတ်ပေါ်ဝတ်စုံအမျိုးမျိုး ကို အကြိုက်ရွေးကာ ပိုးချိတ်ထဘီနှင့်တွဲဖက်၍ ဝတ်ဆင်ကြသည်။ ပုဝါများကိုလည်း လွှမ်းခြုံလေ့ရှိကြမြဲပင်ဖြစ်သည်။ နံကရိုင်း မယ်တော်ကိုကိုးကွယ်သော မိသားစုမှအမျိုးသမီးများသည်ဆံပင်အလယ်ခွဲ၍ ဆံထုံး ၂–ဖက်ထုံးခြင်း ကျစ်ဆံမြီး ၂–ဖက်ထိုးခြင်း၊ အဝတ်အနက်ဝတ်ခြင်းကိုရိုးရာတားမြစ်ချက်များ ကြောင့်ရှောင်ကျဉ်ရသည်။

မွန်စံပြရွာမှအမျိုးသား၊ အမျိုးသမီးတို့သည် ခေတ်အလိုက် ဝတ်စားဆင်ယင်ပုံအချို့ ပြောင်းလဲလာကြသော်လည်း မိမိတို့၏ ရိုးရာဓလေ့ကိုမူ ထိန်းသိမ်းမြဲဖြစ်သည်။ ပွဲလမ်းသဘင်ရှိသောနေ့ရက်များ၊ အထူးသဖြင့် ''မွန်အမျိုးသားနေ့'' ကဲ့သို့သောနေ့များတွင် မိမိတို့ ရိုးရာဝတ်စုံကိုသာ မပျက်မကွက်မြတ်မြတ်နိုးနိုး ဝတ်ဆင်ဂုဏ်ပြုလေ့ရှိကြသည်။

(င) __ထိုးကွင်း မှင်ကြောင်ထိုးခြင်း__

ရှေးအခါက မွန်အမျိုးသားများသည် ဗမာအမျိုးသား–များကဲ့သို့ပင်ထိုးကွင်း မှင်ကြောင်ထိုးခြင်း ဓလေ့ကိုမြတ်နိုးခဲ့ပင်ကြသည်။ လူလင်ပျိုတစ်ဦးသည်အသက် ၁၂–နှစ်အရွယ် ရောက်လာသည်နှင့်ထိုးကွင်း မှင်ကြောင်ထိုးရသည်။ ထိုးကွင်း မှင်ကြောင်ထိုးပြီး သောသူမှသာ သူရသတ္တိနှင့်ပြည့်စုံသူ၊ ယောကျာ်းပီသသူဟုသတ်မှတ် လေ့ရှိကြသည်။ မိန်းမပျိုလေးများကလည်း ထိုးကွင်း မှင်ကြောင်ရှိသောသူကိုသာစိတ်ဝင်စား လျက်အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လေ့ရှိကြသည်။ ထိုးကွင်းထိုးခြင်းကို ဘုန်းတော်ကြီးများကလည်း တာဝန်ယူထိုးပေး လေ့ရှိသည်။ ထိုးကွင်း ထိုးသောဆရာများလည်း သီးသန့်ရှိသည်။ ဘုန်းကြီးနှင့်ထိုးသည်ဖြစ်စေ၊ ဆရာနှင့်ထိုးသည်ဖြစ်စေ ငှက်ပျောသီးဖီးခိုင်၊ အုန်းသီးနှင့်ပွဲထိုးပြီးမှထိုးကွင်းထိုး လေ့ရှိသည်။

ထိုးကွင်းမှင်ကြောင်ထိုးသည့်အခါနာကျင်မှုဝေဒနာသက်သာစေရန်အရက်သောက်ခြင်း (သို့) ဘိန်းအနည်းငယ်စားထားခြင်းဖြင့်ကြိုတင်ကာကွယ်ထားလေ့ရှိသည်။ ပွဲပေးပြီး ထိုးကွင်းထိုးသည့်အခါ၊ မနက်စောစောမှစထိုးလျှင်မွန်းတည့်ချိန်သို့ရောက်မှသာ ပေါင်နှစ်ဘက်ပြီးသည်၊ ထိုးပြီးလျှင်ပြီးချင်း သားရေတိုက်လေ့ရှိသည်။ သောက်ပြီး အန်ထုတ်လိုက်ပါကအမူး ပြေသွားလေ့ရှိသည်။ ထိုးကွင်းထိုးထားသည့်အနာများ ကျက်စေရန်မဲဇလီပြုတ်ရည်ကိုဆွတ်ပေးရသည်။ အချို့က ဆွန်းသီလိမ်း လေ့ရှိသည်။ အနာကျက်ရန် (၇) ရက်ခန့်ကြာလေသည်။ ထိုးကွင်းထိုးခြင်း အပြင်ဝိယသိဒ္ဓိဆေးများကိုလည်း ထိုးလေ့ရှိကြသည်။ တချို့က အခြားဆေးများကိုစီရင်၍ကာယသိဒ္ဓိအတွက်ထိုးသောသူများလည်းရှိသည်။ ယခုခေတ်နောက်ပိုင်းတွင်မူထိုးကွင်းထိုးသည့်ဓလေ့ရှိသော်လည်း ယခင်ကကဲ့သို့ပေါင်နှစ်ဘက်စလုံး၊ ဒူးဆစ်မှခါး၊ ခါးနှင့်ဝမ်းဗိုက်တို့တွင်အပြည့်မထိုးကြတော့ဘဲ စိတ်သဘောနှင့်တစ်ကွက်၊ နှစ်ကွက်မျှသာ ထိုးကြတော့သည်၊ လူလင်ပျိုတစ်ဦးသည်၊ အနည်းဆုံး ထိုးကွင်းမှင်ကြောင် တစ်ကွက်ခန့်ရှိနေရသည်။

ထိုးကွင်းမှင်ကြောင်ထိုးသူများ သည်ခြင်းခတ်သည့်အခါ၊ လယ်ယာလုပ်ငန်း ဆောင်ရွက်သည့်အခါနှင့်အခြား သောလုပ်ငန်းများကို ဆောင်ရွက်သည့်အခါခါး တောင်းမြှောင်အောင်ကျိုက်လျက်မိမိ၏ထိုးကွင်းမှင်ကြောင်အလှကိုပြသကာဂုဏ်ယူဝင့်ကြွားလေ့ရှိကြသည်။ မီးနေသည်ရှိသောအိမ်သို့ဝိယသိဒ္ဓိမြှောက်ဆေး၊ ပြီးဆေး၊ ကာယသိဒ္ဓိဆေး ထိုးထားသူများ၊ လက်ဖွဲ့ဆောင်သူများ မလာရပေ။ မီး နေအိမ်သည်မသန့်ရှင်း သောအရပ်ဖြစ်၍သွားပါက ဆေးအာနိသင်ပျက်ပြယ်မည်။ သနမည်ဟု ယုံကြည်ကြသည်။ သွားမိပါက ကိုယ်လက်များ ယားယံတတ်သည်။ တရော်၊ တင်မွှန်း၊ နွင်း၊ မှန့်၊ နံ့သာရည်တို့ဖြင့်ဆေး ကြောသန့်စင်ပြီး မှသာနဂို

အတိုင်း ပြန်လည် ကောင်း မွန်လာမည်ဟုယူဆကြသည်။ အချို့ကမူထိုအရည် ကို သောက်မှသာသန့်စင် ကောင်း မွန်နိုင်သည်။ ပြန်လည်၍ အာနိသင်ပြည့် ဝလာမည်ဟုယုံကြည်သည့်အတွက် သောက်ကြသည်။

## "အခန်း (၃)"

## စီးပွားရေး အရလူမှုရေး ဖွဲ့စည်းပုံ

စီးပွားရေး သည်တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှု၊ စည်ပင်သာယာမှုနှင့်လူမှုကိစ္စအဝဝကိုဖြည့်ဆည်းပေး နေသည့်အဓိက သော့ချက်တခုဖြစ်သည်။ မွန်ဇံပြည်နယ်တွင် နေထိုင်သော မွန်လူမျိုး များ၏ စီးပွားရေး ကိုအခြေခံ၍ဖြစ်ပေါ် နေသော လူမှုရေး ဖွဲ့စည်းပုံများ၊ ပေါင်းသင်း ဆက်ဆံပုံများ နှင့်လိုက်နာကျင့်သုံး နေသော ဓလေ့ထုံးစံ အမျိုးမျိုး ကိုစိတ်ဝင်စားဖွယ် တွေ့မြင်ရပါသည်။ ဤဒေသတွင် လယ်ယာ စိုက်ပျိုး ရေး ကိုအဓိကလုပ်ကိုင်ကြပြီး သစ်ဝါး ခုတ်သောလုပ်ငန်း များ တိရစ္ဆာန် မွေးမြူရေး လုပ်ငန်း ၊ ဆေးလိပ်လုပ်ငန်း များ ကိုလည်း လုပ်ကိုင်ကြသည်။ အစိုး ရဝန်ထမ်း လုပ်ကိုင်သူများ တပန်း လုပ်ငန်းများ ကိုလုပ်ကိုင်စားသောက်သူများ ၊ ကုန်သည်ပွဲစား များ ကိုလည်း တွေ့ရသည်။ လက်မှုလုပ်ငန်း လုပ်ကိုင်သူဦးရေမှာအလွန်နည်းပါး လှပေသည်။ ဤရွာတွင်အမျိုး သမီး များ သည် ကောက်စိုက်ခြင်း နှင့်ဆေးလိပ်လုပ်ငန်း စိုအများ သုံး လုပ်ကိုင် လေ့ရှိပြီး အမျိုး သား များ ကကျန်သည့်လုပ်ငန်း များ ကိုလုပ်ကိုင် လေ့ရှိပါသည်။

(က) လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဖြင့်လူမှုရေး ဖွဲ့စည်းပုံ

မြန်မာနိုင်ငံသည် မြေပြန့်များသော ဒေသဖြစ်သဖြင့် လယ်ယာကိုင်းကျွန်း ဖွံ့ဖြိုး သည်။ မွန်စံပြရွာသားများ သည် မိမိတို့မိသားစု စားဝတ်နေရေး အဆင်ပြေစေရန်အတွက်လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းကိုအဓိကထား၍လုပ်ကိုင်ကြသည်။ ရွာတွင်ရှိ သောအိမ်ထောင်စုများ၏ ၆၀ % သည်လယ်ယာစိုက်ပျိုး ရေး ကိုလုပ်ကိုင်ကြသည်။ မွန်အမျိုး သား တို့သည်လယ်ယာလုပ်ငန်း ခွင်သို့တစ်မိသားစုလုံး ဝင်ရောက်လုပ်ကိုင် လေ့ရှိကြသဖြင့် စိုက်ပျိုး ရာသီတွင်လယ်ထဲ၌လယ်တဲဆောက်ကာအိုး ခွက်ပန်း ကန်စုံလင်စွာ နှင့် ရိက္ခာအပြည့်အစုံရ ဆောင်း ၍ မိသား စုအလိုက် ရွှေ့ပြောင်း နေထိုင် ကြသည်။ ထိုရွာမှလူများ သည်ရွာပြင်ရှိလယ်ကွက်များ ကိုလုပ်ကိုင်ကြသည့်အပြင် သနပ်ပင်နှင့်ဝဲခူး မြို့ပတ်ဝန်း ကျင်ရှိ ဖရဲ၊ ကမာဖရို၊ ငါး ကိုး တွင်း၊ မုတ္တလ ဗျာပုံ၊ တလိစ သော ဒေသများ ရှိလယ်ကွင်း များ ကိုအခြေပြုစိုက် ပျိုး လုပ်ကိုင်ကြသည်။ မွန်စံပြရွာရှိလယ်သမား တစ်ဦး သည်အများ ဆုံးလယ်ဧက ၁၀၀ ဧကခန့်ပိုင်ဆိုင်ပြီး အနည်း ဆုံး ၁- ဧကခန့်ပိုင်ကြသည်။ လယ်လုံး ဝမရှိ သူများ လည်း အနည်း ငယ်ရှိကြသည်။ ထိုကဲ့သို့လယ် မြေပိုင်ဆိုင်မှုမရှိသူ များက အခြား သူများ ၏လယ်တွင် "စာရင်း ငှား "အဖြစ်ဝင်ရောက်လုပ် ကိုင် လေ့ရှိကြသည်။ ၎င်း ဒေသတွင် ကောက်စိုက်၊ ပျိုး နုတ်၊ ကောက်ရိတ်စသော ထွန်ယက်စိုက်ပျိုး မှုလုပ်ငန်း များ ကိုရာသီအလိုက်လုပ် ဆောင် လေ့ရှိကြသည်။ ရွှေဝါထွန်း နှင့်မယင်း စပါး ၂မျိုး ကိုအဓိကထား စိုက်ပျိုး သည်။ တနှစ်တွင် ၂- ကြိမ်စိုက်ပျိုး လေ့ရှိကြသည်။ ရွှေဝါထွန်း စပါး ကိုနယုန်လတွင်မျိုး ကြဲပြီး ဝါဆိုလ တွင်စတင်စိုက်ပျိုး သည်။ ၎င်း ဒေသတွင်ဝါဆိုလပြည့်နေ့ကုန်ဆုံး ထား ပြီး အပြီး ရိတ်ကြသည်။ တန် ဆောင်မုန်း ၊ နတ်တော်လများ တွင်တစ်ကြိမ်ရိတ်သိမ်းသည်။ မယင်း စပါး ကိုတန်ဆောင်မုန်း လတွင်မျိုး ကြဲပြီး နတ်တော်လတွင် စတင်-စိုက်ပျိုး ကြသည်။ တန်ခူး လတွင်တစ်ကြိမ်ရိတ်သိမ်း ကြသည်။ စိုက်ပျိုး ရာ တွင်

လယ်စတင်ထိုးသည့်နေ့ — တနင်္ဂနွေ

ပျိုးစတင်ကျဲသည့်နေ့ — တနင်္လာ

စပါးစတင်ရိတ်သိမ်းသည့်နေ့ — ဗုဒ္ဓဟူး

စပါးစတင်လှေ့သောနေ့ — စနေ

စပါးကျည်သဲထည့်သောနေ့ — ကြာသပတေး

ပျိုးစတင်စိမ်သောနေ့ — သောကြာ — တို့ဖြစ်ပါသည်။

မွန်တို့သည်ရိုးရာနတ်ကိုစပါးစိုက်ပျိုးပြီးသည့်အခါတွင်တစ်ကြိမ်ရိတ်သိမ်းပြီးသည့်အခါတွင်တစ်ကြိမ်ပူဇော်ပသလေ့ရှိသည်။ စပါးစိုက်ပျိုးပြီးတင်သည့်အခါဝိမိတို့စိုက်ပျိုးသောစပါးပင်များရှင်သန်ဖွံ့ဖြိုးစေရန်၊ ရာသီဥတုကောင်းမွန်စေရန်၊ အပျက်အစီးမရှိစေရန်ဆုတောင်းလေ့ရှိပြီး ရိတ်သိမ်းပြီးတင်သည့်အခါစပါးများများထွက်စေရန် ဆုတောင်းလေ့ရှိသည်။ ကျေးလက်ဒေသများ၌စလေ့ထုံးစံအရမွန်တို့၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ``လက်လှည့်ဘား'' စနစ်ကို တွေ့နိုင်သည်။ တစ်ဦးလုပ်ငန်းကိုတစ်ဦးကအလှည့်ကျဝိုင်းဝန်းကူညီလုပ်ဆောင်ကြပြီး ရှင်အလှည့်ကျကျွေးမွေးရသောစနစ်ဖြစ်သည်။ ထိုစနစ်သည်မြန်မာပြည်ကျေးလက်အနှံ့အပြားတွင်ရှေးအစဉ်အဆက်မှစ၍ယခုတာလတိုင်အောင်တည်တံ့လျက်ရှိလေသည်။ တချင်း၊ တရင်း၊ ကယား အစရှိသောတိုင်းရင်းသားများတွင်လည်း ``လက်လှည့်ဘား'' စနစ်ကို တွေ့နိုင်သည်။ လယ်ယာစိုက်ပျိုးသည့်အခါတွင်ဖြစ်စေ၊ ရိတ်သိမ်းသည့်အခါတွင်ဖြစ်စေတစ်ဦးတစ်ယောက်၏လယ်ကိုခင်မင်ရင်းနှီးသူများအဝိုင်းဝန်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကိုပြုလုပ်ပေးရပြီး လယ်ရှင်ကဝိုင်းဝန်းကူညီသူများကိုထမင်းဟင်းများ၊ မုန့်များဖြင့်ကျွေးမွေးလေ့ရှိသည်။ မိမိကိုကူညီထားသူများ၏လယ်တွင်လည်း ဆောင်ရွက်စရာ [illegible] ပေါ်လာပါကအပြန်အလှန်သွားရောက်ကူညီပေးလေ့ရှိသည်။

မိမိကိုကူညီသော သူ၏လယ်ကို မိမိအလှည့်ကျသည့်အခါတွင် မကူညီပါက နောက်နောင် မည်သူမျှ ဝိုင်းဝန်း ကူညီခြင်း မပြုကြတော့ပေ၊ အဖွဲ့အစည်း၏ကဲ့ရဲ့ပြစ်တင် မှုကိုလည်း ခံရသည်။ သို့သော်ထိုကဲ့သို့ပျက်ကွက်သူမှာ မရှိသလောက် နည်းပါး လှ ပါသည်။ မလွဲမရှောင်သာသော အရေး ကြီး သည့်ကိစ္စများ ကြောင့်ပျက် ကွက် ခြင်း ကိုမူ နား လည်မှုရှိစွာခွင့်လွှတ်တတ်ကြသည်။

အချင်း ချင်း မေတ္တာထား ကာ ကူညီကြခြင်း ဖြင့်လက်ရှည့်စား စနစ်တည်မြဲ နေ ပေသည်။ ရွာသူရွာသား အချင်း ချင်း ၊ အမျိုး အနွယ် အချင်း ချင်း အဆင့်အတန်း မရွေး ဘာသာမရွေး ဝိုင်း ဝန်း ကူညီ စောင့် ရှောက်ကြခြင်း ဖြင့်ဝဲသာနုရက္ခိတတရား လည်း ကြီး ထွား ရင့်သန် လာ နိုင်ပေသည်။ ကောက်ရိတ်သိမ်း ပွဲ၊ ကောက်သစ်ပေါ် မုန့်ဆန်း ပွဲ၊ စပါး လှေ့ပွဲများ တွင်စား သောက်ကြ၊ ရယ်မော နောက် ပြောင်ကြဖြင့်ရွာ သူ ရွာသား အချင်း ချင်း ရင်း နှီး မှုရိုလာ စေသည်။ ဤသို့ဖြင့်မွန်စံပြရွာသူ ရွာသား များ သည်တစ်ဦး အပေါ် တစ်ဦး မေတ္တာထားရှိ ခြင်း ၊ မိမိ၏တာဝန်ကို ကျေပြွန် အောင် ဆောင်ရွက်ရမည်ဟုသည့်အသိတရား ရှိခြင်း တို့ကြောင့်စည်း လုံး ညီညွတ် သောလူ့အဖွဲ့အစည်း အဖြစ်တည်ရှိ နေနိုင်သည် ကို တွေ့ရသည်။

(ခ) <u>ဆေး လိပ်လုပ်ငန်း ဖြင့်လူမှုရေး ဖွဲ့စည်း ပုံ</u>

မွန်စံပြရွာ၏လူမှုရေး ဖွဲ့စည်း ရာတွင်ဒုတိယအရေးပါသော လုပ်ငန်း မှာ ဆေး လိပ်လုပ်ငန်း ဖြစ်သည်။ ဤ ကျေး ရွာတွင်ရှိ သောအမျိုး သမီး များ ၏ ၆၅ % မှာ ဆေး လိပ်လုပ်ငန်း ဖြင့်ဝင်ငွေရှာ လေ့ရှိကြသည်။ ဝဲခုံး မြို့သည် " ဆေး လိပ်မြို့တော် " ဟုဆိုရမ လောက်ပင် ဆေး လိပ် အမျိုး မျိုး ထွက်ရှိရာ ဒေသဖြစ်သည်။ ထို့ကြောင့် ဆေး လိပ်အမျိုး မျိုးကို ဖြန့်ချိရသော ဆေး လိပ်ခုံများ လည်း များ ပြား လှ ပေသည်။ ဆေး လိပ်ဝိုင်းရှင်တို့ သည် မိမိတို့ဆေး လိပ်လုပ်ငန်း ဝိုင်းဝိုင်းတွင်ကျယ်စေရန်နှင့်အမြောက်အမြား ထုတ်

လုပ်နိုင်ရေး အတွက်တစ်ဆင့်ခံလုပ်ကိုင်သောကိုယ်စားလှယ်များကို အလို ရှိကြ၊ ထူထောင်ပေးကြသည်။ ဤဌာနမှအမျိုးသမီးတို့သည်ပဲခူး မြို့တွင်းရှိ ဆေးလိပ်ခုံများ နှင့်ဆက်သွယ်ကာ ဆေးလိပ်လိပ်ကြသည်။ အချို့ငွေကြေး တတ်နိုင်သူများက ဆေးလိပ်ကိုယ်စားလှယ်လုပ်ငန်း များလုပ်ကိုင်ကြ သည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ၏ မိသားစုဝင်ဖြစ်စေ၊ အစိုး ရဝန်ထမ်း လုပ်ကိုင်သူများ၏ မိသားစုဝင်ဖြစ်စေ၊ ကျပန်း လုပ်ငန်း လုပ်ကိုင်သူများ၏ မိသားစုဝင်ဖြစ်စေ၊ မည်သို့သောမိသားစုမျိုး မဆို ဆေးလိပ်လိပ်ခြင်း လုပ်ငန်းကို ဆေးလိပ်လိပ်တတ်သည်နှင့်လုပ်ကိုင်နိုင် သည်။ အရင်း အနှီး နည်းပြီး ၊ အိုး မကွာအိမ်မကွာ ဆောင်ရွက် နိုင် သောသက်တောင့်သက်သာအလုပ်အမျိုး ဖြစ်သဖြင့်မိသားစုတိုင်း လိုလို - စီးပွားရေး အတွက်လုပ်ကိုင်ကြသည်။ ဇကောတစ်ချပ်၊ ဆံထိုးတစ်ချောင်း ကတ်ကြေး တစ်လက်နှင့်ဖုံသေး လေး တစ်လုံး ရှိပါကလုပ်စားနိုင်သော လုပ်ငန်း ဖြစ်သဖြင့်အရွယ်ရောက်စကမှန်အမျိုး သမီး လေး တိုင်း လိုလို ဆေး လိပ်လိပ်တတ် အောင်သင်ကြား လေ့ရှိသည်။ ကျောင်း နေသူများ ပင် ကျောင်း အား ချိန်၌ဝင်လိပ် လေ့ရှိသည်။ ကိုယ်စား လှယ်များ ထံ မှ မိမိလိပ်ရမည့်ဆေး လိပ်တံဆိပ်၊ ဆေး ဇပ်၊ အစီခံလုံး များ ကိုအရေ အ တွက်နှင့်ဘုတ်ယူကာကိုယ်တိုင် ဖက်ဝယ်၍ အိမ်တွင်လိပ်ကြသည်။ အချို့က ဆေးလိပ် ကိုယ်စား လှယ်အိမ်၌ ရှိသော ဆေး လိပ်ခုံသို့သွား၍ လိပ်ကြသည်။ ဝိန်း မများ သာစုပေါင်း နေ သော နေရာဖြစ်သဖြင့်အချင်း ချင်း နောက် ပြောင် ရယ်မောသံများ နှင့်ဆေး လိပ်ခုံများ သည်စည်ကား နေတတ်သည်။ ဤ ဌာနမှသူများ သည် ကောင်း သောသမ္မာအာဇီဝနှင့်သက် မွေးဝမ်းကြောင်း ပြုကာ၊ ရောင့်ရဲတင်း တိမ်စိတ်လည်း အား တက်ကြသဖြင့်တစ်ဦး နှင့်တစ် ဦး မြင်အိုင်လိုက်တက်ကင်း ကာ၊ မနာလိုမှုမရှိတတ်ကြ ပေ။ လုပ် ဖော်ကိုင်ဖက် အချင်း ချင်း အပြန်အလှန် ဖေး မကူညီခြင်း ဖြင့်သာ စုစည်း နေထိုင်လျက် ရှိသည်။ ဆေး လိပ်ခုံများ တွင်လုပ်ကိုင် နေကြသော အမျိုး သမီးများ သည်

ဘာသာရေး လုပ်ငန်းများ အတွက်ဘုရားသန့်ရှင်းရေး ပြုလုပ်ခြင်း ကျောင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဘုရားဈောင်ရေအိုးများလဲ ခြင်း စသည့်လုပ်ငန်းများကိုမကြာခဏစုပေါင်းဆောင်ရွက်လေ့ရှိကြ သည်။ သာရေး၊ နာရေး စသည့်လူမှုရေးကိစ္စများကိုလည်း မိမိတို့ - ဆေးလိပ်ခုံအလိုက်သွားရောက်ကာ ကူညီဆောင်ရွက်ပေးကြသည်။

ဆေးလိပ်လိပ်ရန်ဖက်ကို ပဲခူးမြို့ "ဖက်တန်းဈေး" မှ ဝယ် လေ့ရှိသည်။ အုပ်စုလိုက်ဖိုးလိမ်း ပြင်ဆင်ကာ မိမိနှစ်သက်ရာဖက် ကို တစ်ဒိုင်ဝင်တစ်ဒိုင်ထွက် ရွေးချယ်နေသော မွန်အမျိုးသမီးငယ်ကလေး များကို "ဖက်တန်းဈေး" ၌ နေ့စဉ်တွေ့နိုင်လေသည်။ ဆေးလိပ်သမ ကလေးများ၏သာမှုနာမှုကိစ္စများကို ဆေးလိပ်လုပ်ငန်းရှင်များက ဂရုတစိုက်ကူညီဖေးမပေး လေ့ရှိသည်။ အရေးပေါ်ကိစ္စကြောင့် ငွေ ကြေးလိုအပ်ပါက ကြိုတင်ထုတ်ယူနိုင်ပြီး လုပ်အားဖြင့်ပြန်လည်ပေးဆပ်ကြ ရသည်။ လုပ်ဖော်ကိုင်ဘက်အချင်းချင်းလည်း လိုအပ်သည့်အခါတတ်နိုင်သမျှ ဝိုင်းဝန်းကူညီလေ့ရှိကြသည်။

## (ဂ) အခြားလုပ်ငန်းများဖြင့်လူမှုရေးဖွဲ့စည်းပုံ

ဤရွာမှ မွန်လူမျိုးများသည် တပေါင်း၊ တန်ခူး ရာသီသို့ ရောက်သည့်အခါလယ်ယာလုပ်ငန်းများ ရပ်နားချိန်တွင် နီးစပ်ရာ တောတောင်များသို့သွားရောက်ကာ သစ်ဝါးများ ခုတ်ယူရောင်း ကြသည်။ များသောအားဖြင့် ပဲခူး ရိုးမသို့သွားရောက် လေ့ရှိကြသည်။ ထိုအချိန်မျိုးတွင် ပဲခူးရိုးမသို့သွားရန်လှည်းလမ်း ပေါက်နေပြီ ဖြစ် သဖြင့်သွားရေးလာရေးအဆင်ပြေနေသည့်အတွက်လယ်ယာလုပ်ကိုင်သော အိမ်တိုင်းလိုလိုလှည်းဆင်ကာ တောတက် လေ့ရှိကြသည်။ အိမ်ဆောက်လို သူ များကလည်း သစ်များကိုလှည်းဖြင့်တစ်စစုရောင်းတတ်ကြသည်။ အထူးသဖြင့်တနှစ်ပတ်လုံး အသုံးပြုရန်ထင်းကိုအဓိကသွား ရှာဆောင်းကြ သည်။ ဤလုပ်ငန်းတွင်လည်း လက်ဖွဲ့ဝါး စနစ်ကို တွေ့ရသည်။ တောတောင်

သဲသို့သွားရောက်တာတပင်တပန်း လုပ်ဆောင်ရသောလုပ်ငန်း ဖြစ်သဖြင့်အနားရသော်နှင့်ရင်ဆိုင်ရတတ်သည်။ ထိုအခါအချင်းချင်း အပြန်အလှန်ကူညီဝိုင်းဝန်းကာ အရေးကိစ္စကြီးတစ်ရပ် ပေါင်းစွမ်းအားဖြင့်ဖြေရှင်းလေ့ရှိကြသည်။ အချို့ငွေကြေး ချမ်းသာသူများက ငွေသဲမှအလုပ်သမားများနှင့်အခြား ဒေသမှအလုပ်သမားများကိုငှားရမ်းကာထိုတရာသီ၌သစ်ပါး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင် လေ့ရှိကြသည်။

မွန်လူမျိုးတို့သည် မွေးမြူရေး လုပ်ငန်းကိုအထူးတစ်လည်စိုက်ပါဝင်စားခြင်း မရှိကြချေ။ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူအချို့ကိုတွေ့ရသော်လည်း ထိုသူများသည် မိမိတို့လယ်ယာလုပ်ငန်း အတွက်အထောက်အကူပြုနိုင်သော ကျွဲ၊ နွားများကို မွေးမြူခြင်းသာဖြစ်သည်။ လယ်ထဲတွင်ထဲနှင့်နေသည့်အခါလုံခြုံရေး အတွက် ခွေးများကိုလည်း တချို့ မွေးလေ့ရှိသည်။ အိမ်တွင်စားသုံးရန်နှင့်ဝါသနာအရကြက်၊ ဝက်၊ ဘဲ မွေးသူများရှိသော်လည်း အလွန်နည်းပါးသည်။ လယ်ယာလုပ်ငန်း နှင့်ဆက်နွယ်နေသော မွေးမြူရေး လုပ်ငန်းကိုသာ တွေ့ရပြီး စီးပွားဖြစ် မွေးမြူခြင်းလုံးဝမရှိပေ။ ဤကျေးရွာအတွင်း၌သားသတ်လုပ်ငန်း လုပ်ကိုင် သူလည်း တစ်ဦးတစ်ယောက်မျှမရှိချေ။ ဗုဒ္ဓဘာသာဝင်များ ပီပီ သူတစ်ပါး အသက်ကိုရင်း၍ ရှာဖွေစားသောက်ခြင်းမျိုး ကိုအထူး ရှောင်ရှားကြသောသဘောရှိကြသည်။

အစိုးရလုပ်ငန်းများ ကိုလုပ်ကိုင်သောဝန်ထမ်းများလည်း ဤရွာတွင်တွေ့ရသည်။ အစိုးရဝန်ထမ်း လုပ်ကိုင်သူ ၃၀ % ခန့်ရှိသည်။ အချို့ကကျပန်း လုပ်ငန်း လုပ်ကိုင်ကြသည်။ ရာသီပေါ်အသီးနှံများ၊ ပန်းများ မုန့်မျိုးစုံတို့ရောင်းချသည့်ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များကိုလည်း တွေ့ရသည်။ ဤရွာတွင်ကုန်မျိုးစုံရောင်းချသောဆိုင် (၈) ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သောဆိုင် (၄) ဆိုင်၊ ဗွီဒီယိုပြသသောလုပ်ငန်း (၁)ခု

ဆံပင်ညှပ်ဆိုင် ( ၄ ) ဆိုင်၊ ကွမ်း ယာ၊ ဆေး လိပ်နှင့်မုန့်မျိုး စုံ ရောင်း ချသောဆိုင် ( ၁၀ ) ဆိုင်၊ အအေး ဆိုင် ( ၇ ) ဆိုင်နှင့်လဘက် ရည်ဆိုင် (၆) ဆိုင်တို့ တွေ့ရသည်။ အထည်အလိပ်လှည့်လည် ရောင်း ချသူများ ၊ ကုန်သည် ပွဲ စား လုပ်ကိုင်သူများ ကိုလည်း တွေ့ရသည်။ ရှေး ယခင်ကမှန်တိုးသည့်ရှိ ၊ ရာယက္ကန်း လုပ်ငန်း လုပ်ကိုင်တတ်ကြသော်လည်း ယခုအခါ၌ ရွာ၌ယက္ကန်း လုပ်ငန်း လုံး ဝမ တွေ့ရ ပေ။ နှီး ထိုး ခြင်း ၊ တောင်း ဇကာ ယက်လုပ် ခြင်း တို့အနည်း ငယ်မျှသာ တွေ့ရသည်။ အသက်အရွယ်ကြီး ရင့်သူအနည်းငယ် ကသာလျှင် စား သုံး ရန်ဝင် ငွေရရှိ ရေး အတွက်ကိုလုပ်ငန်း များ ကိုလုပ် ကိုင်သည်။ လုပ်ကိုင်သူ ၁၀-ဦး ခန့်သာ ရှိသည်။ လက်သမား လုပ်ငန်း ၊ လုပ်ကိုင်သူ ၂၇-ဦး ခန့်ရှိကြောင်း တွေ့ရ လေသည်။

မည်သည့်လုပ်ငန်း ကိုလုပ်ကိုင်၍ အသက် မွေး ဝမ်း ကြောင်း ၊ ပြုသည်ဖြစ် စေ ကောင်း သော သမ္မာအာဇီဝလုပ်ငန်း လုပ်ကိုင်သူများသာ ဖြစ်သဖြင့်အဆင့်အတန်း မခွဲခြားအယုတ်အလတ်အမြတ်မ ရွေး အပြန်အလှန်လေး စား စွာ ဆက်ဆံလျက် စိတ်တူကိုယ်တူ စည်း လုံး ညီညွတ်မှုကိုခိုင်မာ စေလေသည်။

## "အခန်း (၄)"

## ဘာသာရေး နှင့်ရိုး ရာယုံကြည်မှု

မွန်တို့၏ ယုံကြည်ကိုးကွယ်မှုမှာ လေ့ကျက်လေ့လာကြည့်လျှင် ကိုးကွယ်ရခြင်း အကြောင်းရင်း ၂-မျိုး ရှိသည်ကို တွေ့နိုင်သည်။ ပထမအမျိုးအစားမှာ သဘာဝတရားအား ကာကြည်ညိုလေးမြတ်သဖြင့် ရှိခိုး ပူဇော်ကိုးကွယ်ရခြင်း ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ကြောက်ရွံ့ရိုး ရိမ်ပူပန်သောကြောင့်အား ကိုး ရာရှာသောအားဖြင့်ပူဇော်ပသခြင်း ဖြစ်သည်။ ပထမအမျိုးအစား ဝင်သဘာဝတရားဖြင့်ရှိခိုး ပူဇော်မှုအဓိန်း မှာကိုရတနာ ၃-ပါး နှင့်မိဘဆရာ များအား ပူဇော်ကြသည်။ ဒုတိယအမျိုးအစား ဝင်ပသခြင်း ၊တောင်မြောက် ကိုးကွယ်ခြင်း ကိုရိုး ရာပသသည်ဟုဆိုကာ နတ်များ အား ရည်ရွယ်ဆောင်ရွက် လေ့ရှိကြသည်။ ဘာသာရေး နှင့်ရိုး ရာယုံကြည်မှုတို့သည်လည်း လူများ တို့တစ် နေ့ရာသီတွင်ရပေါင်း ဖွဲ့စည်း နေထိုင်ခြင်း ကိုဖြစ်ပေါ်စေပါသည်။ မွန်ပြည် ရွာသူရွာသား များ၏ဘာသာရေး ၊ ယုံကြည်မှု၊ ဗုဒ္ဓဘာသာကိုး ကွယ် ယုံကြည်မှုတို့တွင်တည် နေကြသဖြင့်မွန်ပြည်ရွာတွင်စည်း လုံး ညီညွတ်စွာရ ပေါင်း နေထိုင်ကြသည်ကို တွေ့ရသည်။

(က) ဘာသာရေး ကိုးကွယ်ယုံကြည်မှု

ဤရာမညမွန်လူမျိုးများသည် ထေရဝါဒဗုဒ္ဓသာသနာတော်၏ အဆုံးအမကိုယုံကြည်ကိုးကွယ်ကြသော ဗုဒ္ဓဘာသာဝင်မွန်လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့သည်ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကိုယုံကြည်ကိုးကွယ်ကြပြီး (၅) ပါးသီလတည်ဆောက်ကာ၊ ကံ (၃) ပါးကိုလုံခြုံအောင်ထိန်းနိုင်မှသာလျှင်တမလွန်ဘဝ၌နိဗ္ဗာန်ချမ်းသာကိုရရှိနိုင်မည်ဟုယုံကြည်ကြသည်။ ဥပုသ်နေ့များတွင် (၈) ပါးသီလ (၉) ပါးသီလစသည်ဖြင့်ဆောက်တည်ကာကောင်းမှုကုသိုလ်ပြုကြသည်။ အနန္တော အနန္တ (၅) ပါးကိုလည်းအထူးကြည်ညိုလေးစားကြသည်။ ဗုဒ္ဓဝါဒပေကျမ်းဂန်တတ်ရဟန်း ပညာရှိလူပညာရှိများလည်း ဤဒေသတွင်တွေ့ရှိရသည်။ ရဟန်းတော်များ တရွေးအသက်သက်တ ဟောကြားတော်မူခဲ့သောဗုဒ္ဓမြတ်စွာဘုရား၏တရားတော်များကိုလည်းကောင်း၊ ဆုံးမဩဝါဒများကိုလည်းကောင်း လမ်းညွှန်ပြသကာ အခါမလပ်ဟောကြားလေ့ရှိသည်။

ထိုကဲ့သို့ယုံကြည်ကိုးကွယ်နေသောဗုဒ္ဓသာသနာတော်ဟံသာဝတီ (ခေါ်) ပဲခူးဒေသသို့ရောက်ရှိလာပုံကားဝိုင်း၌ဖော်ပြထားသည်မှာ[၁] ဗုဒ္ဓဘုရား၎င်းသက်တော်ထင်ရှားရှိစဉ်ဝါတော် (၆) ဝါရသောအခါရဟန္တာအရှင်မြတ်ဂဝံပတိမထေရ်၏ပင့်ဖိတ်ချက်အရနောက်လိုက်နောက်ပါရဟန္တာငါးရာနှင့်သုဝဏ္ဏဘူမိသို့ကြွတော်မူလာသည်။ ထိုသို့ကြွတော်မူလာသည့်လမ်းခရီးမှာကုန်းလမ်းလည်းမဟုတ်၊ ရေလမ်းလည်းမဟုတ်၊ ကောင်းကင်လမ်းခရီးဖြစ်သည်။ ပင်လယ်သမုဒ္ဒရာပြင်အထက်ကောင်းကင်ပြင်မှကြွတော်မူရင်း ပင်လယ်ရေပြင်အတွင်း ဟင်္သာတစ်ဝပ်စာမျှပေါ်နေသောသဲမြေပေါ်၌ ဟင်္သာမကဟင်္သာဖိုအပေါ်တွင်ဆင်ပြီးဝပ်နေသည်ကိုမြင်တော်မူသည့်အခါဗုဒ္ဓကပြုံးတော်မူသည်။ ဟင်္သာမောင်နှံကမြတ်စွာဘုရားအား တောင်ပံမှာ ရှိခိုးဂါရဝပြုကြသည်။ ဘုရားရှင်ပြုံးတော်မူသည့်အကြောင်းအာနန္ဒာက အ

---

၁။ ဟံသာဝတီမော်ကွန်းဝင်စာတမ်းများ၊ စာ-၃၀၆၊ ၃၀၇။

ကျိုး အကြောင်း ဖျောက်ထား မေး မြန်း ကြည့်သည့်အခါဗုဒ္ဓက “နောင် သောအခါ၌ နေရာ၌ဟံသာဝတီအမည်ရှိမြို့ကြီး တည်လိမ့်မည်၊ သုဝဏ္ဏဘုမ္မိ (သုဓမ္မဝတီ)၊ ဟံသာဝတီနှင့်ဥက္ကလာပမြို့၌သာသနာ တော်ထွန်း ကား မည်” ဆိုသည့်အကြောင်း ကိုဗျာဒိတ် ပေး တော်မူခဲ့သည်။

ယင်း ဗျာဒိတ်စကား အတိုင်း ပင်ဆိုဟံသာဝတီ၊ ဟံသာမဝတ် သည့်နေရာတွင်သမလ၊ ဝိမလမွန်မင်း ညီနောင်လက်ထက်မှအစပြု၍ ဟံ သာဝတီမြို့ပေါ်ကာ ဗုဒ္ဓသာသနာစည်ပင်ထွန်း ကား ခဲ့သည်မှာ ယခုအထိ ပင်ဖြစ်သည်။ ဟံသာ ၂ - ကောင်တို့မြင် တော်မူရာမှမြတ်စွာဘုရား ဗျာဒိတ် စကား ပြောကြား တော်မူခြင်း ဖြစ်သည့်အတွက်ဟံသာသည်မွန်လူမျိုး များ ၏အထွတ်အမြတ်ပြုရာဖြစ်လာသည်။ ထို့ကြောင့် “ဟံသာရုပ်” ကိုမွန်အမျိုး သား လုံး ၏အထိမ်း အမှတ်အဖြစ် ရွေး ချယ်သတ်မှတ်ခဲ့သည်။ ဤသို့ဖြင့် ခေတ် အဆက်ဆက်က ပဲခူး မြို့၌ ဗုဒ္ဓသာသနာထွန်း လင်း တောက်ပ ခဲ့သည်။ မွန် လူမျိုး များ သည်ဗုဒ္ဓဘာသာကိုဘိုး ဘွား စဉ်ဆက်လက်ဆင့်ကိုး ကွယ် ခဲ့သည် မှာ ယနေ့ထိ အောင်ပင်ဖြစ်သည်။

မွန်လူမျိုး များ သည်ဘာသာတရား ကိုကြည်ညိုလေး စား ကြ သူများ ဖြစ်၍ စေတီပုထိုး များ ကိုလည်း တည်ထား ကိုး ကွယ်ကြသည်။ မွန်ရပ် ရွာတွင် ရှေး မွန်များ တည်ထား သောအ ရှေ့ရှေ့ကသော ဘုရား ကိုယနေ့ တိုင်ဖူး မြင်နိုင်သည်။ ထို့အပြင်မင်း အဆက်ဆက်ကတည်ထား ခဲ့သော မွန် တို့၏လက်ရာပဲခူး မြို့ကျိုက်သရေ ဆောင် ရွှေ မော် ဓော စေတီ တော်မြတ်ကြီး - သည်မွန်ရပ်ရွာမှရွာသား များ သာမကပဲခူး မြို့အပါအဝင်မြန်မာပြည် အနှံ့မှဗုဒ္ဓဘာသာဝင်များ ဦး ခိုက်ကြည်ညိုရာသမိုင်း ဝင် စေတီ တော်မြတ် ကြီး ဖြစ်သည်။

ဗုဒ္ဓတရား တော်၊ ရုပ်ပွား တော်၊ စေတီ တော်များကိုကိုး ကွယ်သည့်အပြင်ဗုဒ္ဓ၏တရား တော်များ ကို ဟောကြား ပြသ ပေး သောဗု ဒ္ဓ

ဓါးသွား တော်ရတန်း များ သိတင်း သုံး နေထိုင်ရန်စာ ပေကျမ်း ဂန်များ လေ့လာရန်နှင့်တရား အား ထုတ်ရန်ဘုန်း တော်ကြီး ကျောင်း (၆) - ကျောင်း ကိုတည် ဆောက် ပေး က ာ ဝေယျာဝစ္စအဝဝကိုတစ်ရွာလုံး တဝိုင်း ဝန်း ဖြည့်ဆည်း ရှုအါနီး လေ့ရှိသည်။

(၁) <u>မိရိုး ဖလာကိုး ကွယ်ယုံကြည်မှု</u>

မွန်စံပြရွာမှ မွန်လူမျိုး များ သည်လည်း ဗိုဗိုတို့ယဉ်ကျေး မှု ဝ လေ့ထုံး စံအရလက်ခံကိုး ကွယ် နေ သော ရိုး ရာ နတ်များ ရှိသည်။ အထူး သဖြင့်အမျိုး သမီး များ သည်အမျိုး သား များ ထက် ရိုး ရာ နတ်ကိုပိုမိုယုံကြည် ကြသည်။

မွန်စံပြရွာသည်ဟံသာဝတီမွန်နှင့်မုတ္တမမွန်တို့ရှိရာဟံသာဝ တီ မွန်တို့တအုန်း သီး ကိုကိုး ကွယ် သော ရိုး ရာ နတ်အယူအဆကိုလက်ခံပြီး မု တ္တမ မွန်တို့ကမူ ဝါး ကျည် ထော က် နတ်ကိုကိုး ကွယ်ကြသည်။ ထိုကဲ့သို့ သော နတ်များ ကို မိသား စု နတ်(သို့) မိရိုး ဖလာ နတ်ဟု ခေါ်ကြသည်။ အထူး သဖြင့်မိသား စု နတ်ကိုး ကွယ်မှုအ ပေါ်တိုသား အကြီး ကသ ာ ဆက်ခံ နိုင် ခွင့်ရှိသည်။ အဘယ့်ကြောင့် ဆို သော် ရိုး ရာ နတ်သည် ယောကျ်ား များ ဘက်သို့သာ နှယ်ရှ ိ လိုက်ကြသည်ဟုသော ယုံး စံကိုမွန်တို့ကလက်ခံထား ကြ ဖြစ်သည်။ သမီး မိန်း က လေး များ အိမ်ထောင် ကျသည့်အခါဗိမိတို့၏ မိသား စု နတ်ကိုဆက်လက်ကိုး ကွယ်ခြင်း မရှိ တော့ပဲ ခ င် ပွန်း ဖြစ်သူ၏ ရိုး ရာ နတ်ကိုသာဆက်လက်ကိုး ကွယ်ကြ လေသည်။ ထွေး အခါက အိမ် ထော င်ရှ င်အမျိုး သမီး တစ် ဦး သည်အသင် ပြေသည့် နေ့ရက်တစ်ရက် ကို ရွေး ချယ်က ာ မိမိ ဖ ခင်အား ကျေး ဇူး ဆပ်သည့်အ နေဖြင့် ငှင်း ဖခင် ၏ ရိုး ရာ နတ်ကို နောက်ဆုံး ကန် တော့သည့်အခမ်း အနား (သို့) နတ် ကန် တော့ပွဲတစ် ခုကို ထွေး အခါကျင်း ပ ပေး ရ လေ့ရှိသည်။ ထိုသို့ပြုရခြင်းမှာ အိမ် ထော င်ကျပြီး သည့်သမီး မိန်း က လေး သည် ဖခင်၏ ရိုး ရာ နတ် နှ င့်

ဝါး ကျည် တောက် နတ်ကိုးကွယ်သူများ သည်အိမ်၏ အရှေ့တောင် အရပ်တွင်သီး သန့်နတ်ကွန်း ဆောက်ပြီး ဝါး ကျည် တောက်များ ကိုထို နတ်ကွန်း တွင်ထား ရသည်။ ဝါး ကျည် တောက်ငယ် ( ၅ ) ခုဖြစ်စေ ( ၇ ) ခုဖြစ်စေ ( ၉ ) ခုဖြစ်စေ ကြိုး နှင့်စည်း ကာ ရေဖြည့်၍ ခြင်း ထဲ၌ထည့်၍ ချိတ် ဆွဲထား ကြသည်။ ဤရွာတွင်ယခုအခါဝါး ကျည် တောက် ( ၉ ) ခုအထည့်များသ ည်။ ထို့နောက် သောက်တော်ရေ ( ၁ ) ခွက်နှင့်ပန်း အိုး ( ၁ ) လုံး ထား ရသည်။ ပန်း အိုး ထဲတွင်နတ်ပန်း ညိုကိုအတင်များ သည်။ ဝါး ကျည် တောက် ရေခမ်း ခြင်း ၊ ဝါး ကျည် တောက်အက်ကွဲခြင်း ဖြစ်ပါကအိမ်သား များနာ များ မကျန်း ဖြစ်တတ်သည်၊ ဘေး ဒုက္ခကြုံရတတ်သည်ဟုယုံကြည်ကြသည်။ သာမန်အား ဖြင့်မိုး ဦး ကျသည့်အချိန်တခါ၊ နွေ ပေါက်သည့်အချိန်တခါတနှစ် လျှင် ၂-ခါဝါး ကျည် တောက်များ လဲ ပေး ရသည်။ ရှေး အခါကကျည်တောက် နတ်အား ပသရာတွင်အုန်း သီး အလုံး ၅၀မှ၆၀ အထိပါရသည်။ ငှက် ပျောသီး အဖီး ၁၀၀၊ မုန့်ဆီကြော်၊ ကောက်ညှင်း ၊ ထမင်း ဖြူ၊အရက် ကြက်ပြုတ်၊ ကြက်ဖို၊ ကြက်မ၊ ကြက်ဖအရှင်နှစ် ကောင်၊ ငါး ရံ့နဖါးတိုး တစ် ကောင်၊ ငါး ကင်တစ် ကောင်၊ လွယ်ပလိုင်း ၊ သခွား သီး ၊ သဘော်သီး များ ပါဝင်သည်။ ယခုအခါတွင်ကုန်ကျမည့်ကုန်ပစ္စည်း များ ၏ ဈေး နှုန်း ကြီး မြင့်မှုကြောင့်ပစ္စည်း အစုံအလင်နှင့်ပူဇော်ပသသည့်အလေ့မှာ နည်းပါး သွား ပေသည်။ နတ်ကွန်း ဆောက်ကာ ဝါး ကျည် တောက်များ ချိတ်ဆွဲ ပြီး အမွှေး နံ့သာပက်ဖျန်း ကာ စိတ်သဘောရှိ သလို ပူဇော်ထား ကြသည် ။ ပစ္စည်း အစုံအလင်နှင့်ပူဇော် ရေး ထက်နတ်စင်တွင် "နတ်ပန်း ညို"ကို မညှိုး နွမ်း အောင်သတိထား လဲ ပေး ရေး ကိုသာအဓိကထား ကြ တော့ သည်။ အခြား ထူး ခြား သောလုပ်ဆောင်မှုများ မပြုကြ ချေ။ မွန် စံပြ

ရွာသည်မှုတ္တမမွန်များ အတော်များများ နေထိုင်ရာဒေသဖြစ်သည့် အတွက်အိမ်ခြံဝင်း များ ထဲတွင်ရိုး ရာဓလေ့အတိုင်း နတ်ကွန်း ကလေး များ ကို နေရာအနှံ့ တွေ့နိုင်သည်။

အခြား အဓိကထားကိုး ကွယ်သော နတ်မှာ ရွာတော်ရှင်နတ် ဖြစ်သည်။ မွန်စံပြ (၆) လမ်း တွင်ရွာတော်ရှင်နတ်ကွန်း ဆောက် ၍ ကိုး ကွယ်ထား သည်။ ရွာတော်ရှင်နတ်ကိုနယုန်လလယ်နတ်မတင်ခင် တစ် ကြိမ်၊ ပြာသိုလဆန်း တွင်တစ်ကြိမ်-နှစ်ကြိမ်ကန်တော့လေ့ရှိသည်။ ပြာသို လဆန်း တွင်ကျင်း ပသော ကန်တော့ပွဲကိုတရွာလုံး ကရုဝိုင်း လုပ်ကြခြင်း ဖြစ်သည်။ ထိုကဲ့သို့ရွာတော်ရှင်ကန်တော့ရင်း ဘိုး တော်၊ ဝဲခုံးမယ်တော် မင်း ကြီး မင်း လေး ၊ ကျော်(၄)ကျော်၊ ရေကန်စောင့်နတ် သမီး သစ်ပင်စောင့်နတ်၊ မြို့ရိုး စောင့်နတ်သား တို့ကိုတပါတည်း ပူဇော် ပ သလေ့ရှိသည်။ အခြား အချိန်များ တွင်အသက်ပါနတ်များ ကိုပူဇော် လေ့ မရှိကြပေ။ ရွာတွင်အနာရောဂါတစ်စုံတစ်ခုဖြစ်ပါကရွာတွင်း ၌တစ် စုံတစ် ယောက်သည်အမှား အယွင်း တစ်ခုခုကိုပြုလုပ်ထား သဖြင့်ရွာတော် ရှင်မကျေနပ်ဟုယူဆတတ်ကြသည်။ အထူး သဖြင့်မိန်း မများ သည် လက် မဆပ်ခင်လွန်ကျူး မိရင်း ကိုယ်ဝန်ရှိလာပါကရွာတော်ရှင်မကျေနပ်ဖြစ် တတ်သည်ဟုအလေး အနက်ယုံကြည်ကြသည်။ ထိုအခါကာယကံရှင်ကရွာတော်ရှင် ထံမိမိအပြစ်ကိုဝန်ချတောင်း ပန်ပြီး ပူဇော်ပသရလေသည်။ ရွာထဲ၌ လူများ ခရီး သွား ပါက မိမိသွား ရောက်လိုသော ခရီး တွင်အန္တရာယ် တစ်စုံတစ်ရာမရှိစေရန်ရွာတော်ရှင်ကိုကန်တော့ပြီး မှသွား လေ့ရှိကြ သည်။

မွန်စံပြရွာမှလူများ သည်ဗေဒင်ပညာကိုလည်း ယုံကြည် ကြ သည်။ အတိတ်နိမိတ်များ ကိုလည်း ယုံကြည်ကြသည်။ အထူး သဖြင့်မွန်လူမျိုးနှင့် မွန်အဆက်အသွယ်အိမ် ပေါ်သို့လိပ်သတ္တဝါတက်လျှင်အိမ်ရှင်မိသား စုအတွက်

အတိတ်နိမိတ်မကောင်း ဟုယုံကြည် လေ့ရှိသည်။ ထိုကဲ့သို့သွား ရင်း လာရင်း နှင့်ငှင်း အိမ် ပေါ်သို့တက်လာသည့်အခါတွင်လည်း ကောင်း ၊ မွေးသည့်လိပ်ကို ``လိပ်ပုတ်'' ဟု ပြောဆိုကြသည်။ အိမ်မက်များ ကိုလည်း ကောင်း၊ စုန်း ပြုစား ခြင်း ၊ နတ်ပြုစား ခြင်း ကိုလည်း ကောင်း ၊ ပယောဂ၊ မှော် စသည့်အယူအသခွဲများ ကိုလည်း ကောင်း လက်ခံ လေ့ရှိကြသည်။ ထိုကိစ္စများ နှင့်ပတ်သက်၍တစ်စုံတစ်ရာလက်ဆုပ်လက်ကိုင်ပြနိုင်ခြင်း မရှိ သော်လည်း ရိုး ရာ ဓလေ့အရယုံကြည်မှုရှိကြသည်သာဖြစ်သည်။

(ဂ) ဆောင်ဓလေ့နှင့်ရှောင်ဓလေ့များ

မွန်တိုင်း ရင်း သား များ တွင်ဗုဒ္ဓဘာသာတရား တော် အရလည်း ကောင်း ၊ ရိုး ရာနတ်ကိုး ကွယ်မှုအရလည်း ကောင်း၊ အသိုင်း အဝိုင်း တလိုက်နာလက်ခံ နေ သောလူမှုစည်း ကမ်း များ အရလည်း ကောင်း လေး စား ကျင့်သုံး ရသော ဆောင်ဓလေ့နှင့် ရှောင်ဓလေ့များ ရှိကြ လေသည်။

(၁) ဆောင်ဓလေ့များ

မွန်အမျိုး သမီး ကိုယ်ဝန် ဆောင်များ လိုက်နာကျင့်ဆောင် ရသောအချက်များ မှာ —

- အသုဘအိမ်သို့သွား ပါကသံ(သို့)အပ်တစ် ချောင်းကို ခေါင်း တွင်ထိုး၍သွား ရမည်။
- ညဘက် ရေချိုး ပါက ရေအိုး ထဲမီး သွေး ခဲတစ်ခဲထည့်ပြီး မှ ချိုး ရသည်။
- ကိုယ်ဝန်ရှိစဉ်ကာလမှစတင်၍ ခြေလက်အင်္ဂါပြည့်စုံ၍ အကျင့် သီလ ကောင်း မွန် သောကလေး ငယ်များ မွေး ဖွားလာ စေရန်ဘာသာတရား ကိုင်းရှိုင်း ရမည်။

- ဓါး ဖွား စဉ်အသုံး ပြုရန်ရှ ဆောင်း ထား သော နှင်း အိုး ထဲတွင်အန္တရာယ်ကင်း ဘေး ရှင်း စေရန် အစိတ်တစ် ချောင်း ထိုး စိုက်ထား ရမည်။
- ဖခင် လောင်း သည်လူ့လောကသို့ ရောက်ရှိလာမည့်ဇီဇ၏ ကလေး ငယ်အတွက်ရည်စူး ကာမ ကောင်း မှု ဟူသမျှ ကို ဆောင်ကျဉ်ကာမင်္ဂလာရှိ သောအလုပ်များ ကိုလုပ်ရမည်။

မီး ဖွား စဉ် ဆောင်ရမည့်အချက် များ မှာ–
- မီး ဖွား စဉ်အင်္ဂုလိမာလသုတ်ကိုရွတ်ရမည်။
- လွယ်ကူစွာဖွား မြင်နိုင်ရန်ပုလင်း များ ၊ ဗူး များ ၏ အဖုံး ၊ အဆို့များ ကိုဖွင့်ထား ရမည်။
- ယောကျ်ား လေး မွေး ပါက ( တင်း ) အိုး ဟုသတ်မှတ်ထား သောအိုး နှင့်ရေချိုး ရမည်။
- မိန်း ကလေး မွေး ပါက ( အမင်း ) အိုး ဟုသတ်မှတ် ထား သောအိုး နှင့်ရေချိုး ရမည်။
- နဂါး ခေါင်း လှည့်ရာအရပ်နှင့်ဆန့်ကျင်ဘက်အရပ် တွင် အချင်း မြှုပ်ရမည်။
- မီး ဖွား ရှင်လက်သည်ပွဲပြင်ပြီး မှသာ မီး ဖွား ရမည် ။

အိမ် ဆောင်သည်များ ဆောင်သင့်သော အချက် များမှာ–
- မိန်း ကလေး အိမ် ဆောင်ကျပြီး သည့်နောက်တွင်ခင်ပွန်း သည်၏ မျိုး ရာ နတ်ကိုဆက်လက်ကိုး ကွယ်ရမည်။
- သမက်သည် ယောက္ခမအိမ်သို့အနည်း ဆုံး ( ၃ ) နှစ်လိုက်၍ အလုပ်အကျွေး ပြုရမည်။

အိမ်ဆောက်ရာတွင်လိုက်နာရမည့်ဆောင်ဓလေ့များမှာ–

- တနင်္ဂနွေနေ့တွင်အိမ်ဆောက်ရမည်။
- ကဆုန်၊ တန်ဆောင်မုန်း၊ ပြာသို၊ တပေါင်း လဆုတ်ပြဿဒါး လွတ်သောနေ့ကိုရွေး ဆောက်ရမည်။
- အိမ်မဆောက်ခင်တရားနာရမည်။ ကမ္မဝါဖတ်ပြီးမှ အိမ်ဆောက်ရမည်။
- အိမ်သစ်ဆောက်ရာတွင်အနောက်တောင်အရပ်ကိုအကောင်းဆုံး အရပ်ဟုသတ်မှတ်လေ့ရှိသည်။
- အိမ်ဆောက်မည့်မြေကိုတညီတည်း ဖြစ်အောင်ညှိရမည်။
- နတ်တိုင်ကိုရွာဖြူ၊ ရွာနီစည်း၍ ပသာမဒုံး ထူရမည်။

အိမ်တက်ရာတွင်လိုက်နာရမည့်ဆောင်သင့်သောအချက်များမှာ–

- တနင်္ဂနွေနေ့အိမ်တက်ပါကဘုရားကိုအိမ်ပေါ်သို့အရင်ပင့်ရမည်။
- အင်္ဂါနေ့အိမ်တက်ပါကရွှေငွေကျောက်မျက်ရတနာကိုဦးစွာတင်ရမည်။
- ဗုဒ္ဓဟူး နေ့အိမ်တက်ပါကထမင်း ဟင်း တို့ကိုဦးစွာတင်ရမည်။
- ကြာသပတေး နေ့အိမ်တက်ပါကကန်တော့ပွဲ ပန်း နံ့သာတို့ကို ထည့်ကာဦးစွာတင်ရမည်။
- သောကြာနေ့အိမ်တက်ပါကမိဘနှစ်ပါး အိမ်ပေါ်သို့အရင်တက်ရမည်။

လယ်လုပ်ရာတွင်လိုက်နာရမည့်ဆောင်ဓလေ့များ မှာ–

- တနင်္ဂနွေနေ့တွင်လယ်စထွန်ရမည်။
- တနင်္လာနေ့တွင်မျိုးကြဲရမည်။
- အင်္ဂါနေ့တွင်စပါး ရိတ်၊ စပါး ခါ၊ စပါး နယ်ရမည်။

- ဗုဒ္ဓဟူး နေ့တွင်စပါး ရိုက်ရမည်။
- ကြာသပတေး နေ့တွင်စပါး ကျဲထိုးရမည်။
- သောကြာ နေ့တွင်စပါး မျိုး ဖိဖိရမည်။
- စနေ နေ့တွင်စပါး ကျော့ရမည်။
- စပါး ထိုက်/ရိုက်ပြီး ရှင်တစ်ကြိမ်လယ်နယ်တင်ရသည်။
- စပါး ရိုက်လျှင်မနက်ပိုင်း အပြီး ရိုက်ရမည်။
- စပါး ကျီထဲထည့်ပြီး ပါကစပါး ဖြည့်ခြင်း ၊ ထုတ်ခြင်းကို ( ၇ ) ရက်နား ထား ရမည်။

နတ်ကန်တော့ခြင်း နှင့်ပတ်သက်၍ ဆောင်ရမည့်အချက်များ ၊

မှာ–

- ရွာတော်ရှင်နတ်ကိုပြဿဒါး လွတ် သောရက်တွင်ကန်တော့ ရမည်။
- မခင်ဖျော် ပိုး ရ၁ နတ်အမွေကိုသား အကြီး ဆုံး ကဆက်ခံရမည်။
- ခရီး ထွက်လျှင်ရွာတော်ရှင်ကိုကန်တော့ပြီး မှထွက်ရမည်။
- ပါး ကျည် သောက်ကို ဖိုး ဦး ကျတစ်ခါ၊ လဲရမည်။
- နတ်ကတော်စီးဝင် သေဆုံး လျှင်သမီး ကဆက်လက်တာဝန်ယူရ မည်။

ပစ္စည်း ဝယ်ခြင်း နှင့်ပတ်သက် သော ဆောင်စ လေ့များမှာ–

- တနင်္ဂနွေ နေ့တွင်အသုံး အဆောင်ပစ္စည်း များ ဝယ်ရမည်။
- တနင်္လာ နေ့တွင်အဝတ်အစား ဝယ်ရမည်။
- အင်္ဂါ နေ့တွင် မြေဝယ်ရမည်။
- ကြာသပတေး နေ့တွင် ကျောက်မျက်ရတနာဝယ်ရမည်။
- သောကြာ နေ့တွင် ရွှေဝယ်ရမည်။
- စနေ နေ့တွင် ကျွဲ၊ နွား ဝယ်ရမည်။

အခြား ဆောင်ရလေ့အရှိး ရှိး မှာ–

- ပညာသင်ရန်အကောင်း ဆုံး နေ့အဖြစ်ကြာသပတေး နေ့ကို ရွေး ချယ်ရမည်။
- သကြိန်အတက် နေ့တိုင်း ၄ွာအနှံ့အနှ ရွာယ်ကင်း ပရိတ်များ ၄ွတ်ရမည်။
- ၄ွာတွင် ၂–ဦး ဆင့်၍ သေဆုံး ပါက နောက် သေ သောအလောင်း ကိုအရင်ချရမည်။

စသည်ဖြင့်မှန်စံပြ၄ွာမှမှန်များ လက်ခံလိုက်နာနေ သော ဆောင်ရလေ့များ ၄ွာ၌ လေသည်။

( ၂ ) ရှောင်ရလေ့များ

ဗုဒ္ဓဘာသာတရား တော်အရသတ်မှတ်ထား သောပညတ်ချက်များ ကို ရှောင်ကြဉ် လေ့၌သည့်အပြင် အောက်ပါအချက်များ ကိုလည်း မွန်အရှိး သား များ က ရှောင်ကြဉ် လေ့၌ကြသည်။ ကိုယ်ဝန် ဆောင်အရှိးသမီးများ နှင့်ပတ်သက်၍ ရှောင်ကြဉ်ရမည့်အချက်များ မှာ –

- တံစက်မြိတ်အလယ်၌ထိုင်ခြင်း ၊ အ ပေါ်သင့်မှ ခြေဆင်း ခြင်း၊ လှေခါး ရင်း တွင်ထိုင်၍ ခြေထွဲလွှဲထား ခြင်း မပြုရ။
- ကိုယ်ဝန် ဆောင်အရှိး သမီး သည်အိမ်တိုင် ( အထူး သဖြင့် နတ်တိုင်ကိုမှီ၍ မထိုင်ရ )
- အခေါင်း ကိုလက်ဖြင့်မထိရ၊ မကိုင်ရ၊ လိဝ်ပြာ တောင်းမေ–မရ။
- ကိုယ်ဝန်ဆောင်၌ သောမိသား စုအတွင်း မှညီကိုမော င်နှမများ မင်္ဂလာဆောင်ခြင်း ကို ရှောင်ရှား ကြသည်။
- ရွေး ကမိး နေထင်း ရုစဉ်အခြား အပင်များ အပေါ်ကန့်လန့်ဖြတ်လဲ သောအပင်ကို မသုံး ကြပေ။

- မြောက်အရပ်-အနောက်အရပ်ကို ခေါင်း ပြုပြီးမအိပ်ရ။
- ဇနီး သည်ကိုယ်ဝန်ရှိပါက ခင်ပွန်း သည်အသုဘအလောင်း မကိုင်ရ၊ ခေါင်း ကိုမ-မရ။
- ကိုယ်ဝန်ဆောင်အမျိုး သမီး သည် စိစိနှင့်ရိုး ရာနတ်မတူ သူ၏အိမ်ခန်း တွင်း သို့မဝင်ရ၊ မအိပ်ရ။

မီး ဖွား စဉ် ရှောင်သင့်သောအချက်များ မှာ-

- မီး နေသည့်အိမ်သို့ ဆေး ထိုး ထား သူ၊ လက်ဖွဲ့ဆေး စီး ဆောင်သူများ မသွား ရ။
- ကလေး ရေချိုး သည့်အခါသုံး ပြီး သား အိုး နှင့် ရေမချိုး ရ။
- ကလေး ၏ နို့သည်အဖြစ် ဆောင်ရွက်ရာတွင်ကလေး ချီး ပြီး တစ်လ ကျော်သူများ နို့မတိုက်ရ။

အိမ်ထောင်သည်များ ရှောင်သင့်သောအချက်များမှာ-

- ရဟန်း မခံခင်အိမ်ထောင်မပြုရ။
- ခင်ပွန်း သည်ခရီး သွား နေစဉ်ဇနီး သည် ခေါင်း မလျှော်ရ။
- ဇနီး စား ပြီး သား ကွမ်း ကိုခင်ပွန်း မစား ရ။
- ယောကျ်ား ၏အဝတ်နှင့်မိန်း မအဝတ်များ ရောထွေး မထား ရ။
- သား မက် ယောက္ခမ မလိုအပ်ပဲ၊ အရေး တကြီး ကိစ္စမရှိ ပဲစကား မပြောရ။
- သား မက်ဖြစ်သူသည်အိမ်ဦး ခန်း မနေရ၊ ယောက္ခမ နှင့်ကြမ်း တပြေး တည်း မထိုင်ရ။

အိမ်သောက်ရေတွင်းလိုက်နာရမည့် ရှောင်ဓလေ့များမှာ-

- အိမ်သောက်ရေတွင်းစ နေ၊ အင်္ဂါကို ရှောင်ရမည်။
- ရှေ့ဦး တိုက်၊ လှည်းဦး တိုက်၊ ကြက်လျှာခွန်း မြေနေရာများကို ရှောင်ရမည်။
- အပေါ် - အောက် မညီညာသော အိမ်တိုင်ကိုအသုံး မပြုရ ။
- အသက်ထွက်စဉ်သူတစ်ပါး မသိပဲ သေသူများ၏ အိမ်ကိုဆက်မနေရ။
- အသက်ထွက်စဉ်သူတစ်ပါး မသိပဲ သေသူများ၏ မြေကိုဆက်မနေရ။
- ထိုသို့သောအိမ်မှ ပစ္စည်းများကိုအိမ်သစ် ဆောက်စဉ်မသုံးရ။
- တန်ခူး လနှင့်ဝါတွင်း တွင်အိမ်မဆောက်ရ။

နတ်ကန်တော့ခြင်း နှင့်ပတ်သက် သော ရှောင်ဓလေ့များ
မှာ-

- ဦး ရာနတ်ကိုဦး ခွာပယ်သွဲ့ပဲလိပ်သား လိပ်ဥမစားရ။
- ဒွာတော်ရှင်နတ်မကန်တော့ပဲလယ်နတ်မတင်ရ။
- သဇင်ပန်းကိုနတ်မကန်တော့ပဲမပန်ရ။
- လက်အသစ်ခင်းကျူး လွန်ဓိခြင်းကိုဒွာတော်ရှင်ပြီး တစ်သည့်အတွက် ရှောင်ကြဉ်ရမည်။
- နတ်အုန်းသီးကိုဝါတွင်း မလဲရ။

လယ်ယာစိုက်ပျိုးခြင်း နှင့်ပတ်သက်သော ရှောင်ရမည့် အချက်များ မှာ-

- စပါး နယ်သော နေရာသို့ဇကော နှင့်ဆုံယူမလာရ။

-စပါး ရိတ်ခင်း ၂-ချကြား ကောက်သွင်း သွပ်မရိုက်ရ ။

- ကောက်ရိတ်ရာခွင်ည နေဘက်အပြတ်မရိတ်ရ။

သေဆုံး ခြင်း နှင့်ပတ်သက် သော ရှောင်ရ ဓလေ့များ မှာ-

-အစိမ်း သေတိုကြမ်း ပုဆောင်းမထား ရ။

-ရွာပြင်တွင် သေဆုံးအလောင်း ကိုရွာထဲသို့မသယ်ရ။

-အလွန်ဆုံး (၃) ရက်ထက် ကျော်မထား ရ။

အခြား လိုက်နာရမည့် ရှောင်ရ ဓလေ့များ မှာ-

-အတင်း မပြောရ။

-လိမ်မပြောရ။

-ထမင်း ချက် နေစဉ် ယောင်း မအိုး ပေါ်ကန့်လန့်ဖြတ်မတင်ရ။

-တနှစ်အတွင်း ၂-မင်္ဂလာမပြုရ။

- ၁၉ နှစ်နှင့်ရလမပြည့်ခဲ့ရတန်း မခံရ။

- သောက် ရေအိုး နှင့် ခြေမဆေး ရ။

- ခြေသည်း လက်သည်း များ အိမ်ထဲတွင်မနှံ့ပစ်ရ။

-ကြိုး တန်း အောက်မဝင်ရ။

- ခေါင်း ပေါင်း ကိုခါး မစီး ရ။

-ထမ်း ပိုး ကိုမနင်း ရ စသည်ဖြင့် ရှောင်ကြဉ်ရမည့်အချက် များ ရှိပါသည်။ ထိုစည်း မျဉ်း စည်း ကမ်း များ ကိုမလိုက်နာလျှင်မနေရဟုအတင်း အကြပ်ပိတ်ပင်ထား ခြင်း မျိုး မရှိ သော်လည်း ရွာသူရွာ သား အား လုံး ကမိမိတို့ရိုး ရာဓလေ့ထုံး စံအရအစဉ်အဆက် လေး စား လိုက်နာလာခဲ့သည်မှာ ယခုထက်ထိပင်ဖြစ် ပေသည်။

(သ) ရိုးရာပုံပြင်များ

မွန်အမျိုးသား မိဘတို့သည် မိမိတို့၏ သားသမီး ငယ်ကလေးများ ကိုကြီးပြင်း လာသည့်အခါတွင် လိမ္မာယဉ်ကျေး မှုရှိသော၊ ရိုးသား ဖြောင့်မတ်၍ သစ္စာတရားကြီးမား သော၊ ကျေးဇူး တရားကို နားလည် သော ဂုဏ်ရှိ သတ္တိနှင့်ပြည့်စုံ သောလူတော်လူကောင်း ကလေး များ အဖြစ် သာ တွေ့မြင်လိုကြသည်။ ထိုကဲ့သို့ သောအရည်အချင်း များ နှင့်ပြည့်စုံလာစေရန် အတွက် ရိုးရာပုံပြင်များ ကိုအသုံး ပြုကာ သွန်သင်သုံး မ လေ့ရှိသည်။ ကလေးငယ် များ ၏ မူလသဘာဝအရ "ပုံပြင်" နား ထောင်ရခြင်း ကိုနှစ်သက်သဘော ကျသည်၊ မိမိနှစ်သက် စွဲလမ်း သော ပုံပြင်များ ကိုအမြဲအထူးယူ လေ့၊ စံထား လေ့ ရှိသဖြင့် ပုံပြင်များ သည်ကလေး ငယ်များ အတွက်လက်ဦး ဆရာ များဖြစ်သည် ဟုဆိုပါက မမှား နိုင် ပေ၊ မွန်လူမျိုး တို့တွင်ထိုကဲ့သို့ကလေး ငယ်များ ၏ စိတ် ဓါတ်ကိုတည့်မတ်လမ်း ညွှန် ပေး သော ပုံပြင် ကောင်း ကလေး များ ရှိပေ သည်၊ ဥပမာ-အနေဖြင့်တင်ပြရသော်

"ရှေး အခါက ဗလိုင်ဆို သောလူငယ်တစ် ယောက်သည် မိဘများ ကွယ်လွန်၍ အား ကိုး ရာမဲ့ဖြစ် နေသဖြင့် သူဌေး ကြီး တစ်ဦး ထံ အစေအပါး အဖြစ်လုပ်ကိုင်ရန် ခွင့်တောင်း လေသည်။ သူဌေး ကြီး သည် ဗလိုင်အား သူ၏ နွား အုပ်ကြီး ကို ကျောင်း ခိုင်း လေသည်။ ဗလိုင်သည် နေ့စဉ်နံနက် မိုးလင်း သည်နှင့် နွား များ ကိုစား ကျက်သို့ခေါ် ဆောင်ထိန်း ကျောင်း ၍ မိုးချုပ် မှ ပြန်လာရသည်။ နံနက်နွား ကျောင်း ထွက် သော အခါ မိမိအတွက် ညကကျန်သော ထမင်း များ ကို နေ့စာအတွက်တစ်ဝက် ခွဲယူပြီး ညစာအတွက်တဝက် ခွဲထားခဲ့ ရ သည်။ သူသည် ဤသို့ဆင်း ရဲ နေရသဖြင့် စိတ်မချမ်း သာ ချေ။ သူ့တွင် စိတ်မြဲ စရာစကား မှာ "ဘဝက ကုသိုလ်အတိုင်း သာလျှင်ဖြစ်ရ၏။ နောင်ဘဝတွင် ကောင်း ရန် ယခုဘဝတွင် မကောင်း တာဘာမှမလုပ်" ဟူသော စကားပင် ဖြစ်သည်။

တစ်ညတွင်စောစော ဝရာမဝင်မှီ ညစာမစား ရစ်ဆိုင်ရလေသည်။ နွားကျောင်းထွက်သောအခါ၌လည်း ထမင်းကျန်မရှိသောကြောင့် ထိုနေ့အတွက်ထမင်းထုပ်ယူမသွားနိုင်ပေ။ အဖလိုင်သည်နွားများကိုစားကျက်တွင်လွှတ်ထားပြီး သစ်ပင်ရိပ်တစ်ခုတွင်ထိုင်ကာစောင့်ကြည့်နေပေသည်၊ ဝမ်းထဲ၌လည်း အစာမရှိသဖြင့် များစွာသာ လောင်မျက်ရှိသည်။ ဤကဲ့သို့ဆင်းရဲသောဒုဂ္ဂတဘဝကိုတွေး တောရင်း အိပ်ပျော်သွားလေသည် နေမွန်းတည့်၍အိပ်ရာမှနိုး သောအခါအဖလိုင်သည်မခံမရပ်နိုင်အောင်ဆာလောင်လာသည်။ ထိုအချိန်တွင်နေပူကျဲကျဲတွင်းပြင်ထဲမှလေပွေတခုသည်သစ်ရွက်များ၊ ဖုံများ၊ အမှိုက်များနှင့်အတူအဖလိုင်နေရာအနီး၊ သို့ရောက်သည်နှင့်ရုတ်တန့်ပျောက်ကွယ်သွားလေသည်။ ထိုလေပွေပျောက်ကွယ်သွားသောနေရာတွင်အလွန်လှပသောဆေးတံကလေးတချောင်းကိုတွေ့ရလေသည်။ အဖလိုင်သည်ဆေးတံကလေးကိုကောက်ယူပြီး ပါးစပ် ၌ကိုက်ကြည့်သည့်အခါတွင် ဆန်းစွာပင်ဆာလောင်နေခြင်း ပျောက်ကင်းသွားလေသည်။ စိတ်လည်းကြည်လင်ရွှင်ပြုံးလာသည်။ အလွန်မှသောနေသည် အပူဒဏ်ကိုလျော့ပေးသည့်နှယ်ဖြစ်သွားလေသည်။ ထိုအဖြစ်များကိုကြုံရသောအခါအဖလိုင်သည်အတိုင်းမသိဝမ်းသာနေမိလေသည်။ ထိုစဉ်သူ၏နောက်တွင်အဘိုးအိုတစ်ဦး ရောက်ရှိနေသည်ကိုတွေ့ရပြီး အဘိုးအိုက "ဤဆေးတံသည်သူ၏ဆေးတံဖြစ်၍ပြန်ပေးရန်တောင်းလေသည်။ "ထိုတွင်အဖလိုင်သည်ဆေးတံကလေးကိုပြန်ပေးလျှင်ကောင်း၊ မကောင်း တွေဝေနေလေသည်။ ဆေးတံကလေးမှာလှပပြီး တန်ဖိုးသတ္တိနှင့်လည်း ပြည့်စုံသည် ဟုထင်သည်။ နောက်ဆုံး၌ "ဤဆေးတံသည်မိမိပိုင်ပစ္စည်းလည်းမဟုတ် ၊ ကောက်ရခြင်းသာဖြစ်သည်။ ပိုင်ရှင်လည်းသူ့ပစ္စည်းကိုနှမြောရှာမည်" ဟုတွေးတောကာအဘိုးအိုအားပြန်ပေးလိုက်လေသည်။ ဆေးတံကိုပါးစပ်

မှ ချွတ်လိုက်သည်နှင့် ယခင်ကအတိုင်း အလွန်သာလောင်လာသည်။ နေမင်းကလည်း ပိုမိုပူလာသည်ဟုထင်သည်။ အဖိုး အိုသည် ဆေးတံကိုခဲကာ အခြားသို့ ထွက်သွား လေသည်။ ဆာလှသဖြင့်အဇလိုင်သည်သစ်ပင် အောက်တွင်ထိုင် ၍ တာရင်ကိုမထား ရလေသည်။

ထိုအခိုက် နောက်ထပ် လေပွေငယ်တခုသည်ယခင်နည်း အတိုင်း ရောက်လာပြန် လေသည်။ လေပွေနှင့်ပါလာ သော သစ်ရွက်သစ်ခက်များ အမှိုက်သရိုက်များ ထဲတွင်ခမောက်တစ်ခုလည်း ပါလာသည်ကို တွေ့ရလေသည်၊ အဇလိုင်သည်ခမောက်ကိုနွား ကျောင်း ရင်း ဆောင်း ရန်ထင်၍ယူ လေသည်။ ခေါင်း ပေါ်၌ ဆောင်း ကြည့်ရာ ခေါင်၌ပင်သာ လောင်နေသော ဝမ်း ဓါး ငြိမ်း၍သွား လေသည်။ ယခုတစ်ကြိမ်တွင်လည်း ပိုင်ရှင်လူကြီး တစ်ယောက် ရောက်လာပြီး ပြန်တောင်း လေသည်။ အဇလိုင်က ခမောက် ကိုပြန်ပေး လိုက်လျှင် ဆေးတံပြန်ပေး လိုက်စဉ်တကဲ့သို့ပြန်၍သာ လောင် မည့်ဒုက္ခ၊ ပူလောင်နေသော ဒုက္ခကိုပြန်ခံစား ရမည်အမှန်ဟုထင်ထား သော်လည်း ''မိမိပစ္စည်း မဟုတ်၊ သူတစ်ပါး ပစ္စည်း ကိုမတရား မယူသင့်၊ မိမိဒုက္ခမိမိသာခံမည်''ဟု တွေး ကာယခင်နည်း အတိုင်း ပြန်ပေးလိုက် လေသည်။

ဤတွင်လူကြီး က ခမောက်ကိုပြန်ယူလိုက်ပြီး ''မိမိသည်တောစောင့်နတ်ဖြစ် ကြောင်း ၊ ပထမသင့်အား ဆေး တံနှင့်တစ်ကြိမ်၊ ယခု တစ်ကြိမ်စမ်း သပ်ကြည့်သော အခါအလွန်စိတ်ထား မှန်ဖြတ်သူ၊ ရိုး သား ဖြောင့်မတ်သူဖြစ် ကြောင်း တွေ့ရသည်။ ငါသည်ရိုး ဖြောင့်သူများကိုမစ သောနတ်ဖြစ်သည်။ သင်အလိုရှိရာ ပြောပါဟု ''အဇလိုင်အား ပြောလေ သည်။ ထိုအခါအဇလိုင်က ချမ်း သာရန်ပြုလုပ်နိုင်း ရာသစ်ပင် အောက် တစ် နေရာကိုညွှန်ပြပြီး ရွှေအိုး (၇)လုံး တူး ယူခိုင်း လေသည်။ ထိုအခါမှ စ၍အဇလိုင်သည်ချမ်း သာလာပြီး ဆင်း ရဲသား များ ၏ဒုက္ခကိုစာနာကာ

မည်သူကိုမျှ မတရား မပြုသောကြောင့် စိတ်ကောင်း ရှိသော သူဌေးကြီး ဟူ၍ ကျော်စောလေသည်။ ယင်း ကဲ့သို့ ရွှေအိုးကြီး (၇) လုံး တူးဖော် ယူသည့်ကုန်းကို "အဇလိုင်ကုန်း" ဟုတွင်လျက်ထိုကုန်း မှာယနေ့တိုင်ထိုအမည်ဖြင့်ဇယား နယ်တွင်ရှိနေပေသတည်း။

ဤပုံပြင်ကလေး၏အမည်မှာ "အဇလိုင်ကုန်း" ဟုအမည် ရသောမှန်ပုံး ရာပုံပြင်ကလေး ဖြစ်ပြီး ကလေး ငယ်များ အလွန်နှစ်သက်သဘောကျကြသည်။ စိတ်ထား ဖြောင့်မှန်၍ ရိုးသား သန့်စင်ခြင်း သည် လောကရေးရာသံသရာ၌ကောင်းကျိုး ဖြစ်ထွန်း နိုင်ကြောင်း ပြဆိုသော ပုံပြင်ကလေး ဖြစ်သည်။ ညအိပ်ရာဝင်ထိုပုံပြင်ကလေး ကို ပြောပြရင်းသူတပါး၏ မစုညီး ဥစ္စာကိုမတရား ပိုင်ဆိုင်လိုစိတ်မမွေး သင့်ကြောင်း၊ မိမိ၏ကံတရား အရကြုံတွေ့ရသော ဘေး ဒုက္ခများ ကိုကြံ့ကြံ့ခံရင်ဆိုင်ပြီးဖြူစင်မှန်ကန်သော စိတ်ထား ကို မွေး မြူပါကတချိန်ချိန်တွင် ကောင်းကျိုးချမ်းသာကို မလွဲမသွေ ခံစား ရမည်ဖြစ်ကြောင်း ပြောဆိုကာ "ရိုးသားဖြောင့်မတ်" သော စိတ်ထားကောင်း များ မွေး မြူ လာ စေရန်ပညာ ပေး နိုင်ပေသည်။

ထို့အပြင် လောက၌လုံ့လဝီရိယရှိကာဘဝ မည်သို့အောင်မြင်သည့်လူကြီး သူကြီး သက်ကြီး ဝါကြီး များ ကိုလည်း ဆည်း ကပ်သင့်ကြောင်း သင်ခန်းစာ ပေး ထား သည့်ပုံပြင်တပုဒ်မှာ—

ရှေး အခါကတိုင်း ပြည်တပြည်တွင်ဘုရင်တပါး ရှိသား တော်၇—ပါး ရှိလေသည်။ တက္ကသိုလ်ပြည်မှ မင်း သား တို့တတ်အပ်သည့်အတတ်ပညာများ သင်ကြား ပြီး ပြန် ရောက်လာသောသား တော်များ သည်အရည်အချင်း တူနေကြ၍ မည်သည့်သား အား ထီး နန်း လွှဲအပ်ရမည်မသိဖြစ်နေသည် ။ တနေ့တွင်ညီလာခံ၌သား တော်များ အား မိမိ၏စကား ၅—ခွန်း —

အဓိပ္ပါယ်ကို ဖော်နိုင်သူအား ထီး နန်း လွှဲအပ်မည်ဖြစ်ကြောင်း၊ ယင်းအဖြေကို နေ့တော် ၃-နှစ် ကြာသောအခါ အခမ်းအနား ကျင်း ပ၍ ဖြေကြားရမည်ဖြစ်ကြောင်း ကြေညာလေသည်။ ထိုဂါထာ ငါး ခွန်း မှာ-

"ရှေ့၌ သော်လည်း ထူး ထိုးပို့မည့်သူမရှိ"

"ဆန်၌ သော်လည်း ချက်မည့်သူမရှိ"

"အဝေး ဆုံး သည်အဘယ်အရာနည်း"

"အမွှေးဆုံး သည်အဘယ်အရာနည်း"

"အမြင့်ဆုံး သည်အဘယ်အရာနည်း" ဟူ၍ဖြစ်၏။

ဘုရင်ဖြစ်လို သောသား တော်(၇) ယောက်သည်ဂါထာ ၅ခွန်း၏ အဓိပ္ပါယ်ကို ဖော်သော်လည်း မတတ်နိုင်သဖြင့်အဆုံး အဖြေရှာရန်ဘုရင်ကြီး ထံ ခွင့်ပန်၍ တယောက် နေရာစီသွား ကြ လေသည်။

မင်း သား တို့သည်တစ် နေရာအနှံ့အ ဖြေရှာပါ သော်လည်း အဓိပ္ပါယ် ဖော်နိုင်သူကိုမ တွေ့သဖြင့်လက် လျှော့ကာ တိုင်း ပြည်သို့ပြန်လာကြသည်။ သား တော်အငယ်ဆုံး တစ် ယောက်သာလျှင် "၃-နှစ် ပေ၍ ကျော်သွားလျှင်ပင်ဖြစ် စေ၊ ထိုဂါထာ ငါး ခွန်း ၏အဓိပ္ပါယ်ကိုမသိလျှင်ငါမပြန်" ဟုဇွဲလုံ့လ မလျှော့ဘဲ ဆက်လက်ရှာဖွေရာဖြစ်ကာ မိုး ပေါ် တခုတွင်အဖိုးအိုတစ် ယောက်ကို တွေ့လေသည်။ မင်း သား ငယ်သည်သူ့ထံအနီး သို့ချဉ်း ကပ်ကာ၍ သေချာနှုတ်ဆက်ပြီး မိမိသိလိုသော မေး ခွန်း ကို မေး လေသည်။ ဗဟုသုတနှင့် ပြည့်စုံ သောအဘိုး အိုက မင်း သား သိလို သော မေး ခွန်း ၅-ခုကို တောင်း ခွာ ဖြေကြား ပေး လိုက် လေသည်။

၃-နှစ်ပြည့် သောအခါမင်း ပွဲသဘင်ဆင်ယင်၍ ပရိသတ်အလယ် တွင် မေး ခွန်း ၅-ခု၏အ ဖြေကို ဖြေကြား ပုံ မှာ-

(၁) ဈေးရှိ သေ၀်လည်း ကူး ထိုဝို့မညီသူမရှိသည်မှာ–

တရား ရှိ နေ သေ၀်လည်း လိုက်နာကျင့်ကြံမညီသူမရှိ ။

(၂) သန့်ရှိ သေ၀်လည်း ချက်မညီသူမရှိသိုသည်မှာ–

ဒါနပြုစရာရှိ သေ၀်လည်း ရှုဒါန်း သူမရှိ။

(၃) အဝေး ဆုံး အရာကား အဘယ်နည်း ဟူသည်မှာ–

သံသရာ။

(၄) အပူဆုံး အရာကား အဘယ်နည်း ဟူ သော စကား မှာ–

ရာဂ။

(၅) အမြင့်ဆုံး သည်အဘယ်အရာနည်း ဟိုသည့်မှာ–

မာနဖြစ်ပါသည်ဟု ဖြေကြား ရာမစင်ဘုရင်မင်း မြတ် နှင့်တကွ ပရိသတ်သည်အုံး အုံး ကျွတ်ကျွတ်ညံသာ ပေးကြ လေ သည်။ နောက်ဆုံး ထွင်ဖွဲ့လို့လ နှင့်ပြည့်စုံ သော မင်းသား ငယ်သာချွင်ထီး နန်း ကိုဆက်ခံရ လေသည်။

အလား တူမှုနိဂ လေး ငယ်များ ၏ ဇီဇာဓါတ် တောင်းမှုန်ထ တ် မြတ်လာ စေရန် လေ့ကျင့်ရှိူး တောင် ပေး သော၎ိုး ရာဇဝင်ပြင်အများအပြား ရှိ လေသည်။

---

• ၅၁၊ ဦး၊ လူထု မှန်ဝိုမြင် ၈၁–၁၁၀–၁၂၃။

"**အခန်း (၃)**"

**လူမှုဆက်ဆံရေး**

(က) **မိသားစုနှင့်ဆွေမျိုးဖွဲ့စည်းနေထိုင်ပုံ**

လူ့အဖွဲ့အစည်း[၁] ဟူသောဝေါဟာရ၏အဓိပ္ပါယ်ကိုလူမှုရေးပညာ အဘိဓါန်တွင် "လူ့အဖွဲ့အစည်း တခုတွင်အသက်၊ လိင်၊ ဆွေမျိုး တော်စပ်ခြင်း အလုပ်အကိုင်၊ နေထိုင်ရာအရပ်၊ ပိုင်ဆိုင်သည့်ပစ္စည်း အခွင့်အရေး ၊ အခွင့်အာဏာနှင့်အဆင့်အတန်း တို့ပေါ်တွင်မူတည်၍ ဖွဲ့စည်း ထားသည့် အဖွဲ့ အစည်း ငယ်များ ရှိပေသည်။ လူမှုအဖွဲ့အစည်း သည်ထိုအဖွဲ့အစည်း ငယ်များ စုပေါင်း ဖွဲ့စည်း ထား ခြင်း ဖြစ်သည်" ဟုဖော်ပြထား ပါသည်။

အလား တူပင်မွန်စံပြရွာတွင်လည်း မိသားစုအရလည်းကောင်း ဆွေမျိုး တော်စပ်ပုံ၊ လိင်နှင့်အသက်အရွယ်အလုပ်အကိုင်အလိုက်ဖွဲ့စည်း ထား သောအဖွဲ့အစည်း ငယ်ကလေး များ ရှိပေသည်။ မွန်စံပြရွာသား တို့၏မိသားစု နေထိုင်ပုံ၊ ဆွေမျိုး တော်စပ်ပုံနှင့် ထိုလူမျိုး များ လက်ခံလိုက်နာကျင့်သုံးနေ ကြသောစည်း မျဉ်း စည်း ကမ်း များ ကို လေ့လာကြည့်ခြင်း ဖြင့်၎င်း တို့၏ယဉ် ကျေး မှုကိုသိနိုင်ပါသည်။

---

၁။ Human Society

(ခ) <u>မိသားစုဖွဲ့စည်းနေထိုင်ပုံ</u>

မွန်စံပြရွာမှတိုင်းရင်းသားတို့၏ မိသားစုဖွဲ့စည်းပုံကို လေ့လာကြည့်လျှင်–

(က) အခြေခံမိသားစု (သို့) ရိုးရိုးမိသားစု[၁]

(ခ) တိုးချဲ့မိသားစု[၂] ဟူ၍ မိသားစုဖွဲ့စည်းပုံ (၂) မျိုးကို တွေ့နိုင်သည်။

မွန်စံပြရွာသားတို့၏ အခြေခံမိသားစုတွင် ဖခင်၊ မိခင်နှင့်အိမ်ထောင်မကျသေးသောသားသမီးများ ပါဝင်သည်။ သားသမီးများဟုဆိုရာတွင်သားသမီး အရင်းအချာများသာမက မွေးစားထားသောသားသမီးများ ပါအကျုံးဝင်သည်။ ထိုမိသားစုတစ်စုတွင်လူဦးရေမှာအနည်းဆုံး (၃) ယောက်မှအများဆုံး (၉) ယောက်ခန့်ရှိတတ်သည်။ မွန်စံပြရွာတွင် နေထိုင်သောမွန်လူမျိုးတို့၏ အိမ်ထောင်စုတစ်စုတွင်ဖခင်သည်အိမ်ထောင်ဦးစီး ဖြစ်ပြီး မိသားစုအပေါ်ဩဇာအရှိဆုံးဖြစ်သည်။ တအိမ်သားလုံး၏ စားဝတ်နေရေးကိုလည်း ဖခင်ကပင်ဦးဆောင်ကာ ရှာဖွေလေ့ရှိသည်။ မိခင်ကမူဖခင်ကိုဝိုင်းဝန်း ပံ့ပိုးခြင်း နှင့်အိမ်မှုကိစ္စများကိုစီမံဆောင်ရွက်ရလေသည်။

သားသမီးများကလည်း ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ မိဘ (၂) ပါးအား ဘုရားနှင့်တဂိုဏ်းထဲထားကာ ရိုသေလေးစားကြသည်။ မိဘ (၂) ပါး၏ဆုံးမစကားကိုလည်း နာယူကြသည်။ မိခင်နှင့် ဖခင်၏အုပ်ချုပ်မှုအောက်တွင်မိသားစုတစ်စုလုံး စည်းလုံး ပျော်ရွှင်စွာ

---

၁။ Basic Family

၂။ Extended Family

နေထိုင်ကြသည်။ မိသားစု ရှင်သန်နိုင်သော စားဝတ်နေရေး နှင့် လူမှုရေး ကိစ္စအဝဝကို မိသားစုဝင်အားလုံး အေး အတူပူအမျှ ပေါင်း ပါဝင် ဆောင်ရွက်ကြသည်။ သား ယောကျ်ား လေး များ အား ယောကျ်ားများ တတ်သင့်တတ်ထိုက် သောအတတ်ပညာများ ကို ဖခင်က တာဝန်ယူသင်ကြား ပေး လေ့ရှိသည်။ သား သမီး မိန်း ခလေး များ ကိုလည်း အိမ်ထောင်မှု၌ကျွမ်း ကျင်နိုင်နင်း သော အိမ်ရှင်မကောင်း များ ဖြစ်လာစေရန် မိခင်က တာဝန်ယူ၍အိမ်မှုကိစ္စအဝဝကို လေ့ကျင့်သင်ကြား ပေး လေသည်။ မိဘတို့သည်သားသမီး များ ကို ငယ်စဉ်ကတည်း ကစတင်ကာ အနီး ကပ်သွန်သင် ပေး ရုံသာမက အရွယ်ရောက် လာသည့်အခါ အိမ်ထောင် ရေး အတွက်လည်း မှန်ကန်သည့်ဘဝခရီး ဖော်ကောင်း ရွေး ချယ်တတ် စေ ရေး အတွက် ဝေဖန်ခြင်း ၊ အကြံပြုခြင်း ၊ အဆုံးအဖြတ်ပေး ခြင်း များ ဆောင်ရွက် ပေး လေ့ရှိသည်။

သား သမီး များ အိမ် ထောင်ကျသွား သည့်အခါမွန်တို့၏ ဓလေ့ ထုံး စံအရသား များ သည်မိန်း ခ လေး အိမ်သို့လိုက်ပါ နေထိုင်ကြရသည်။ ထို သို့ နေထိုင်ကြခြင်း ဖြင့်တိုး ချဲ့မိသား စု များ ပေါ် ပေါက်လာ စေသည်။သားသမီး များ အိမ် ထောင်ကျသွား သော်လည်း ဖခင်၏အုပ်ချုပ်မှုအောက်မှကင်းကွာ လေ့မရှိ ပေ။ မိခင်၊ ဖခင်တို့၏ စကား ကိုအိမ် ထောင်ခွဲဖြစ် စေကာမူ လေး စား လိုက်နာကြမြဲဖြစ်သည်။ သမက်၊ ချွေး မတို့ကလည်း ယောက္ခမများကို မိမိတို့၏ မိရင်း ၊ ဖရင်း များ သဖွယ်သဘောထား ကာ မိသား စုအတွင်း စည်း စည်း လုံး လုံး နေထိုင် လေ့ရှိကြသည်။ မိခင်ဘက်မှ ဆွေမျိုး များ (သို့) ဖ ခင် ဘက်မှ ဆွေမျိုး များ ၊ လာရောက်ပူး ပေါင်း နေထိုင် သောတိုး ချဲ့မိသား စု များ ကိုလည်း တွေ့ရသည်။ တိုး ချဲ့မိသား စုတို့တွင်စီး ပွား ရေး ကိုအိမ်ထောင် ဖွဲ့သား သမီး များ ကသီး သန့်လုပ်ကိုင်လိုကလုပ်ကိုင်ခွင့်ပြုသကဲ့သို့မိဘများနှင့် ပူး ပေါင်း ကာတစီး ပွား ထဲထား လိုကထား နိုင်သည်။

(၂) <u>ဆွေမျိုး တော်စပ်ပုံ</u>

လူမှုအဖွဲ့အစည်း ကိုပိုမိုခိုင်မြဲစေသည့်အချက်မှာ ဆွေမျိုး တော်စပ်မှုပင်ဖြစ်သည်၊ လူတို့၏ ဆွေမျိုး တော်စပ်ပုံကို လေ့လာကြည့်ပါက

(က) သွေးသားအားဖြင့် ဆွေမျိုး တော်စပ်ခြင်း[၁]

(ခ) လက်ထပ်မှုဖြင့် ဆွေမျိုး တော်စပ်ခြင်း[၂]

(ဂ) ကလင်[၃] (သို့) တိုတမ်[၄] အုပ်စုတွင်ပါဝင်ခြင်း ဖြင့် ဆွေမျိုး တော်စပ်ခြင်း ဟူ၍ ဆွေမျိုး တော်စပ်ပုံ (၃) မျိုး ကို တွေ့နိုင်သည်။*

မွန်စံပြရွာမှ မွန်လူမျိုး တို့၏ ဆွေမျိုး တော်စပ်ပုံကိုစနစ်တကျ လေ့လာကြည့်ပါက သွေးသားအားဖြင့် ဆွေမျိုး တော်စပ်ခြင်း နှင့် လက်ထပ်မှုဖြင့် ဆွေမျိုး တော်စပ်ခြင်း တို့ကို လေ့လာတွေ့ရှိရပါမည်။ ၂-ဦး၂-ဘက် တော်စပ်ကြသော ဆွေမျိုး တို့၏ တော်စပ်ပုံ၊ အပြန်အလှန်ဝတ္တရား နှင့် ပေါင်းသင်း ဆက်ဆံကြပုံများ ကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ်ကောင်း လှပေသည်။

မွန်စံပြရွာသား တို့သည် နှစ်ဖက်လိုက် ဆွေမျိုး တော်စပ်ပုံစနစ်[၅] ကိုလိုက်နာကျင့်သုံး ကြသူများ ဖြစ်ကြသည်။ ၎င်း တို့၏ ဆွေစဉ်မျိုး ဆက်ကို ရေတွက်ရာတွင် ဖခင်ဘက်မှ ဆွေမျိုး များကို ရော မိခင်ဘက်မှ ဆွေမျိုးများကိုပါ ဆွေမျိုး စုစာရင်း တွင်အညီအမျှ ရေတွက် လေ့ရှိကြသည်။ ဆွေမျိုးအခေါ်အဝေါ် များ ကို လေ့လာကြည့်ပါက ခွဲခြားခြင်း မရှိဘဲ နှစ်ဘက်စလုံး မှ ဆွေမျိုးသားချင်း

---

၁။ Kinship by blood

၂။ Kinship by marriage

၃။ Clan

၄။ Totem

၅။ Bilineal System

* ခင်ခင်ရှု၊ ဒေါ် လူမှုရေး ဖွဲ့စည်း ပုံဝိဇ္ဇာချက်များ (တတိယနှစ်) စာ-၆၅။

များ တိုတန်း တူအသား ၍ တမျိုး ထဲ ခေါ် ဝေါ်သုံး နှဲ့ လေ့ရှိကြသည်။ ဥပမာ - မိခင်၏ညီမကို ရော ဖခင်၏ညီမကိုပါ ``အိ ဖို'' ဟူ၍ ခေါ်ဆိုပြီး ၊ မိခင်၏ မောင်ကို ရော ဖခင်၏ညီကိုပါ ``အမျိ'' ဟူ သော ဝေါဟာရတစ်မျိုး ထဲ ခေါ် ဝေါ်သုံး နှဲ့ကြသည်။ အသား လုံး တို့ သွေး ရင်း သား ရင်း များ သဖွယ်သော် ထား တရင်း ရင်း နှီး နှီး နေထိုင်ဆက်ဆံ လေ့ရှိကြသည်။ မွန်လူမျိုး တို့၏ဆွေ မျိုး အခေါ်အဝေါ် များ ကို မွန်ဘာသာဖြင့် တင်ပြရသော် - *

| မြန်မာ | မွန် |
|---|---|
| အဖေ | အဘ |
| အမေ | အမေ |
| အဘိုး | ဘဂျတ် |
| အဘွား | အီဂျတ် |
| အဘိုး၏အဖေ | ဘနတ် |
| အဘွား၏အမေ | အီနတ် |
| သား | ကွန်း တရေ ဘတ် |
| သမီး | ကွန်း ဘဂဲ့ |
| မြေး | ကွန်း ကျောင်း |
| မြစ် | ကွန်း ကျောတ် |
| ညီ | ဒိုက် |
| ညီမ | ဒိုကြ |
| အကို | တောင်း |
| အမ | ဘိုဝ |
| သမက် | ဘမနီး |
| ချွေးမ | ဟဆို့ |

| မြန်မာ | မွန် |
|---|---|
| ယောက်မ | ကောင်း ဂယိး |
| ခယ်မ | ဒိုတ် ဇန် |
| မတ် | တမန် နိုတ် |
| မိထွေး | အမေ ခေါ်(စ်) |
| ဖထွေး | အဘ ခေါ်(စ်) |
| အမေ့မောင် | အမူ |
| အဖေ့ညီ | အမူ |
| အမေ့ညီမ | အိကို |
| အဖေ့ညီမ | အိကို |
| အမေ့အမ | အိနိုင် |
| အဖေ့အမ | အိနိုင် |

မွန်လူမျိုး များ သည် မိဘတို့၏ အမည်ကို တစ်မိန်း တရံစသော ရှေ့ ထွင်ဘုတ် ဖော် ပြောဆို လေ့မရှိကြ ပေ။ မိဘများ ၏ နာမည်ကိုလူအများရှေ့တွင် ခေါ် ဝေါ်ဆိုး ခွဲ ဇိပါက မိဘတို့အား မလေး စား ရာကျသည်ဟုယူဆကြသ ဖြင့် ၎င်းအပြုအမူ မျိုး ကိုအထူး ရှောင်ကျဉ်ကြပါသည်။

မွန်စီပြွန့်ခသား များ သည် ဆွေမျိုး တော်စပ်သူအချင်းချင်း တဦး နှင့်တဦး စိမ်း ကား ရက်စက်စွာသတ်သံခြင်း မျိုး လုံး ဝမရှိကြ ပေ။ အရေး ကြုံပါကတဦး ၏အရေး ကိစ္စကိုတဦး တမျက်နှာလွှဲ နေ လေ့မရှိကြ ပေ။ တဦး နှင့်တဦး အထင်အမြင်မှား ၍ စကား များခြင်း ၊ ရိုက်ရန်ဖြစ်ပွား ခြင်း များ တခါတရံဖြစ်တတ်ကြ သော်လည်း အညိုး တကြီး နှင့်မုန်း တီး နာကျည်း တာ ရှေ့ပြတ်မျိုး ပြတ်စိမ်း ကား ခြင်း မျိုး မရှိကြ ပေ။ မကြာမီကာလအတွင်း ပြန် လည်သင့်မြတ်သွား လေ့ရှိသည်။ မွန်လူမျိုး များ သည် မိဘအိုး အုပ် ၊ များ ဦး လေး သား ချင်း များ ၏စကား ကို လေး စား လိုက်နာလေ့ ရှိ

---

ကျော်ဝင်း ၊ မောင်၊ ဇင်း ကျိုက်မွန်တို့၏လက်ထပ်ထိမ်းမြား ခြင်းဆိုင်ရာ ရိုး ရာဓလေ့ထုံး စံများ ၁၁၊ ၂၃၊ ၂၄မှဇယား

သူများ ဖြစ်ရာ ချွေးမျိုး အချင်းချင်း မပေါ်မပြောဖြစ်နေပါကလူကြီးများ ကကြားဝင်ကာ စေ့စပ်ဖြန်ဖြေခြင်း၊ ဆိုဆုံးမခြင်း များ ကိုလက်ခံလိုက်နာလေ့ရှိကြသဖြင့် ချွေးမျိုး တို့၏ကြား တွင်ဖြစ်ပေါ်တတ်သော အမျက်ဒေါသ သည်သက်တမ်း မရှည်တော့ပေ။

အိမ်တအိမ်တွင်မင်္ဂလာပွဲပြုပါက နှစ်ဘက် ချွေးမျိုး များက မပျက်မကွက်လာရောက်ကူညီတတ်သကဲ့သို့ နာမကျန်း ဖြစ်သည့်အခါတွင်လည်း အလားတူပင်လာရောက်ကာ ကိုယ်ဖိရင်ဖိပြုစု ပေး လေ့ရှိသည်။ ဓါတ်စာများ ဆေး ဝါး များ ကိုလည်း နှစ်ဘက်လုံး ကတတ်နိုင်သလောက်လာရောက် ပို့လေ့ရှိသည်။ အသုဘအခန်းအနား နှင့်ကြုံတွေ့သည့်အခါတွင်လည်း ညဉ့်အိပ် ညနေလာရောက်ကူညီကြသည်၊ အချက်ရုတ်လည်ပြီး သည်အထိအပြီးတိုင် ဆောင်ရွက်ပေး လေသည်။ မည်ကဲ့သို့သောအကြောင်း ကိစ္စကိုမဆို ၂-ဘက် ချွေးမျိုး များ ကစိတ်ရောကိုယ်ပါကူညီပေး လေ့ရှိကြသည်။ ''အရေး ကြီးလျှင်ချွေးနီးသည်''ဟုသောဆိုရိုး စကား မှန်ကန် ကြောင်း ကိုမှန်စံပြုသွားသောထိုက်လှစ်ဆောင်ချက်များ ကအပြည့်အဝ ပေါ်ဆောင် နေသည်။ အခြား သောရှင်ပြုပွဲ၊ အိမ်သစ်တက်ပွဲ၊ ဘင်မှန်း ဆပ်ပွဲစသည့်ပွဲတို့တွင်လည်း မှန် ထိုက် ချစ်ခင်စည်းလုံး မှုကို တွေ့မြင်နိုင်သည်။

လက်ထပ်ခြင်း ဖြင့်တော်စပ်လာရ သော ချွေးမျိုး များအပေါ်တွင်လည်း မှန်စံပြုသွားသော ထိုက သွေး သား ရင်း ခြာများ ကဲ့သို့သဘော ထား လေ့ရှိကြသည်။ ယောက္ခမနှင့်သား မက် ချွေး မတော်သူများ၏ ဆက်ဆံရေး ၊ မယား ညီအကို၊ လင်ညီအမ စသော သူများ ၏ဆက်ဆံရေးတို လေ့လာကြည့်ပါကရင်း နှီး ချစ်ခင်မှု၊ အပေး အယူမှုတမှု၊ သဘောထား ပြည့်ဝမှုတို့ကို တွေ့နိုင်သည်။ ယောက္ခမနှင့်ချွေး မသမက်တို့၏ဆက်ဆံရေး မှာ မိဘနှင့်သား သမီး အရင်း အခြာတို့ဆက်ဆံရေး နှင့်မခြား နွေး ထွေး ကိုက်ညီမှုရှိကြ လေသည်။

## (ခ) အရိုက်အရာဆက်ခံခြင်း နှင့်အမွေဆက်ခံခြင်း

မိဘများ သေဆုံး သွားပါကကျန်ရစ်ခဲ့သောသား သမီး များသည် မိဘတို့၏ ပိုင်ဆိုင်မှုနှင့် မိဘတို့နှင့်ပတ်သက်သော အရာမှန်သမျှကို ဆက်ခံပိုင်ခွင့်ရှိကြသည်။ သား သမီး တို့သည် နှစ်ဘက်သော မိဘများ၏ အမွေကိုသာမက ၂-ဘက်သော ဆွေမျိုးတို့၏ အမွေကိုလည်း ဆက်ခံခွင့်ရှိ လေသည်။ ထို သို့ အမွေဆက်ခံရာတွင် ရာထူး အမွေဆက်ခံခြင်း[၁] နှင့် ပစ္စည်း အမွေဆက်ခံခြင်း[၂] ဟူ၍ နှစ်မျိုး ခွဲခြား ကြောင်း တွေ့ နိုင်သည်။

ရာထူး အမွေဆက်ခံခြင်း ဆိုသည်မှာ အရိုက်အရာခံယူခြင်းပင် ဖြစ်သည်။ ရှေး အခါက ဖခင် "ဘုရင်" သေဆုံးလျှင် သား အကြီးက "ဘုရင်" ဖြစ်သည့်သဘောမျိုး ဖြစ်သည်။ မှန်စ်ပြရှာတွင်လည်း ယခင်ကသူကြီးအဆုံး ပါကသား အကြီး ကသူကြီး တာဝန်ကိုဆက်လက်ယူရသည့် ဓလေ့ရှိခဲ့ဖူး သော်လည်း ယခုနောက်ပိုင်း တွင်မူ ဓလေ့မရှိ တော့ပေ။ သို့သော် ဤ ဒေသ မှ မိခင်နတ်ကတော် သေဆုံး ပါကသမီး အကြီး ကမိခင်နေရာတွင် နတ်ကတော် တာဝန်ကိုဆက်လက်ယူ သော ဓလေ့မှာယခုအထိကျင့်သုံး နေဆဲဖြစ်သည်*။ "အမကြီး တအမိအရာ" ဆိုသော စကား နှင့် "အကိုကြီး ကအဖအရာ" ဆို သော စကား ရပ်အတိုင်း မှန်ကြသည့် မိဘများ မရှိ တော့သည့်နောက်တွင် အကိုကြီး ၊ အမကြီး တို့က မိဘအရိုက်အရာကိုခံယူကာကျန်ရစ်ခဲ့သော ညီ၊ညီမ ၊ မောင်နှမတို့ကိုဆုံး မသွန်သင်ကြရသည်။ ငယ်သူများကလည်းရို သေလေးစားကြသည်။ ရိုး ရာနတ်ကိုး ကွယ်မှုနှင့်ပတ်သက်၍ အိမ် ထောင်တစ်ခုတွင်သားအကြီး ဆုံး တသားမိသား ရိုး ရာနတ်အမွေကိုလက်ခံရသည်။ အမျိုး သမီးများက အိမ် ထောင်ပြုပြီး နောင်ခင်ပွန်း ဘက်ကနတ်ကိုလိုက်၍ ကိုးကွယ်ရလေသည်။

---

၁။ The rule of succession

၂။ The rule of inheritance

* ခင်ခင်ဇူး ဒေါ် လူမှုရေး ဖွဲ့စည်း ပုံပို့ချချက်များ (တတိယနှစ်) ၈၁-၇၁။

မိဘမှအစ ပစ္စည်း အမွေကိုသားသမီး ကြီး သူ ငယ် - သူ မရွေး ညီတူညီမျှခံစား ခွင့်ရှိသည်။ အညီအမျှခွဲပြီး မှသာ ချို့တဲ့သူ၊ ငယ်ရွယ် သူကို စေတနာအလျောက် မိမိတို့ဝေစုထဲမှ ထပ်ပေး လိုက် ပေးနိုင်သည် ။ အ မွေခွဲရာတွင်သား (သို့မဟုတ်) သမီး အကြီး ဆုံး သည်ပစ္စည်း ခွဲဝေ ပေးရာ ၌ပြဿနာရှိသည်အကြီး များ ကလည်း စိတ်သဘောထား မှန်ကန်စွာတရားသဖြင့် ခွဲဝေ ပေး လေ့ရှိသည်။ ညီ၊ ညီမငယ်တို့ကလည်း အကြီး ဖြစ်သူ၏ ဆုံးဖြတ် ချက်ကို နာ ခံကြသည်။ သေဆုံး သူသည်သား သမီး အရင်း အခြားမရှိသူ (သို့) အမျိုး ၊ လူ မျိုး များ ဖြစ် နေပါကအနီး စပ်ဆုံး သွေး သား များ ကအမွေဆက်ခံ လေ့ ရှိကြသည်။

ထိုကဲ့သို့အမွေခွဲရာတွင် မွေး စား သား သမီး များ ၌ ပါ တ သား ရင်း သမီး ရင်း များ နှင့်တန်း တူခံစား ခွင့်ပေး လေသည်။ သား သမီး မွေး စား ရာတွင်ရပ်ရွာလူကြီး များ ကိုအသိ ပေး ၍လည်း ကောင်း ၊ စာချုပ်စာတမ်း နှင့်လည်း ကောင်း တရား ဝင် မွေး စား လေ့ရှိသည် ။ သို့ရာတွင်တရား ဝင် မွေး စား ထား သူမှန် သော်လည်း ပြောဆိုဆုံး မ ၍ မရပါကပတ်ဝန်း ကျင်သို့အသိ ပေး တာ မောင်း ထုတ်နိုင်သည်။ ထိုကဲ့သို့ သော သူမျိုး ဖြစ်ပါကအမွေခံစား ခွင့်လုံး ဝမရှိ ကြောင်း တွေ့ရသည်။

(ဂ) <u>တွယ်ဝန်ဆောင်ခြင်း</u>

မိမိအသင်း၊ သက်ပေါက်ဖွား လာသော မျိုး နွယ်ဆက်တည်တံ့ပျံ့ပွား နိုင်စေ ရေး ကိုလူသား တိုင်း တလိုလား ကြသည့်မှာ ဓမ္မတာပင်ဖြစ်သည် ။ ``ရင်သွေး ဟူကရှမဝ `` ဆိုသောစကား အတိုင်း မိဘတို့သည်မိမိတို့၏ သား သမီး လေး များ ကိုချစ်ခင်မြတ်နိုး မဆုံး ရှိတတ်ကြသည်။ မွေးမြူရာမှအမျိုး

သမီးများသည်လည်း မိမိတို့၏ ရှေး ဆက်သစ်ရင်သွေး ရတနာလေးများကို ဘေး အန္တရာယ်ကင်းရှင်းစွာ မွေးဖွား သန့်စင်နိုင်ရေး အတွက်ကို အစ သော ကြိုတင်ပြင်ဆင်မှုများကို ရိုးရာဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ထား လေ့ရှိကြသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ အဆင်ပြေစွာမွေးဖွားသန့် စင်နိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ထားသော ပစ္စည်းများမှာ- နနွင်းမှုန့် မီးနေထင်း ၊ ချိုးရေအိုး အဖြစ်အသုံးပြုမည့်မြေအိုး သစ် ၂-အိုး နှင့် မီး ကပ်တို့ဖြစ်သည်။ မွန်အမျိုးသမီးများ မွေးဖွားရာတွင် နနွင်းမှုန့်သည် မရှိမဖြစ်လိုအပ်သောအကောင်းဆုံး ရိုးရာတိုင်းရင်းဆေးဖြစ်သည်။ ကိုယ်ဝန်ဆောင်ပြီး (၇)လ ကျော်ခန့်မှစတင်ကာ နနွင်းမှုန့်ဂစ်စေ့ကို ရှုဆောင်းထား လေ့ရှိသည်။ အချို့နနွင်းအိုး ထဲတွင်ကလေး နှင့်မိခင်ဘေး အန္တရာယ်ကင်းရှင်း စေရန်ရည်ရွယ်၍ အပ်တချောင်း ထိုးထားကြသည်။ ထို အပ်ဖြင့်ကလေး နား သချိန် ရောက်သည့်အခါတွင်နား ဖေါက် လေ့ရှိသည်။ ရှေး အခါကသိပ္ပံဆေး ဝါး များ မထွန်းကား သေးသောကြောင့်မွန်အမျိုးသမီး များ အတွက်နနွင်း စားခြင်း နှင့်မီး ကင်ခြင်း သည် မီးနေသည်များအတွက် အဓိကကျသော ဆေး ဝါး ကုသမှုပင်ဖြစ်သည်။

မီး နေသည်များ မီး ကင်ရန်မီး နေထင်း ကိုကိုယ်ဝန်(၇)လ ခန့်မှစတင်၍ ရှုဆောင်း ထား လေ့ရှိသည်။ မီး နေထင်း အဖြစ်အသုံးပြုရာ၌ မီး မွေး သည့်အခါအနံ့မပါစေရန်မြရာသား ၊ ဇီး သား ၊ သပြေသား ၊ တရွတ်သစ်သား တို့ကဲ့သို့သောအသား များ ကိုရှာဖွေရသည်။ ထင်းရှုဆောင်း ရန် ခုတ် သောသစ်ပင်သည်အခြား သစ်ပင်၊ ချုံပုတ်တို့အပေါ် ကန့်လန့်ဖြတ်လဲ မကျရပေ။ လှတ်လှတ်ကင်း ကင်း လဲကျမှသာ မီး နေထင်း အဖြစ်အသုံး ပြုရသည်။ ကန့်လန့်ဖြတ်လဲကျသောသစ်ကိုအသုံး ပြု ပါက မီး ဖွား ရာတွင်အခက်အခဲတွေ့တတ်

သည်ဟုယုံကြည်ကြသည်။ ထင်းစုဆောင်းသင့်သည့်အချိန်တွင် အကြောင်းအရိုးရိုးကြောင့် ထင်းလုံလောက်စွာမရှာနိုင်လျှင် စတိသဘောဖြင့်သင်းတော်ချောင်းကိုဖြတ်ထားရသည်။ နောက်ပိုင်းအဆင်ပြေသည့်အချိန်တွင်လိုသလောက် ခုတ်နိုင်ရန်ဖြစ်သည်။ ထင်းဖြတ်ပြီးသည့်အခါတွင်လည်း အခြားသူများအလွယ်တကူလာရောက်ယူငင်ခြင်း၊ မှားယွင်းသုံးစွဲခြင်း မပြုစေရန်စနစ်တကျသိုးသန့်သိမ်းဆည်းထားရသည်။ ယခုနောက်ပိုင်းတွင်သင်းတစ်ချောင်းကိုသာ စတိသဘောဖြတ်ထားပြီး အမှန်တကယ်ပိုးမွှားပည့်အချိန်တွင် ဈေးဆိုင်များ၌တင်ရောင်းထားသောထင်းများကိုသာ အလွယ်တကူဝယ်သုံးသူအချို့ရှိနေသည်ကို တွေ့ရသည်။

ဖခင်များသည်ကိုယ်ဝန်(၇)လခန့်ရှိသည့်အချိန်မှစ၍မွေးဖွားလာမည့်ကလေးငယ်ရေချိုးရန်အတွက် မြေအိုးအသစ်အငယ်တော်(၂)လုံးကို စတင်စုဆောင်းထားရသည်။ ထိုမြေအိုးနှစ်လုံးတွင်တအိုးကို ထမင်းအိုး၊ အခြားတအိုးကိုဟင်းအိုးဟုသတ်မှတ်ကာခွဲခြားထားရ၏။ မိန်းခလေးမွေးဖွားလာပါကထမင်းအိုးဟုသတ်မှတ်ထားသောအိုးကိုအသုံးပြု၍ကလေးအတွက်ရေချိုးခြင်း၊ အနှီးလျှော်ခြင်း၊ အချင်းဆေးခြင်း စသည့်ကိစ္စအဝဝကိုလုပ်ဆောင်ရသည်။ ယောကျ်ားလေးမွေးဖွားလာပါကဟင်းအိုးဟုသတ်မှတ်ထားသောအိုးကိုအသုံးပြု၍ အထက်ပါကိစ္စရပ်များကိုဆောင်ရွက်ရသည်။ ပိုနေသောအိုးကိုစွန့်ပစ်လိုကစွန့်ပစ်နိုင်ပြီး၊ တချို့ကမူမစွန့်ပစ်ဘဲအခြားအိမ်သုံးပစ္စည်းအဖြစ်အသုံးပြုလေ့ရှိကြသည်။ ထိုကဲ့သို့မြေအိုးနှစ်အိုးစုဆောင်းခြင်းကိုကလေးတဦးမွေးဖွားတိုင်းတခါပြုလုပ်ရသည်။ ပထမကလေးမွေးဖွားစဉ်ကအသုံးပြုထားသောအိုးကိုဒုတိယကလေးမွေးဖွားသည့်အခါဆက်လက်သုံးစွဲလေ့မရှိပေ။ မင်္ဂလာယူသည့်သဘောဖြင့်အသစ်ကိုသာအသုံးပြုခြင်းဖြစ်သည်။

မွန်စံပြဂွာမှအရှိုး သမီး များ မိန်း မ များ ဇဉ်မီး ကဝ်သုံး သော အလေ့အထကို ရှေး အခါကကျင့်သုံး ခဲ့ကြ သော်လည်း ယခုအခါတွင် မှုနဲ့ပါး သွား လေသည်။ ယခင်က မီး ကဝ်ပြုလုပ်ရန်၊ ဝါး ၊ မျဉ်တို့ကို မိန်း မ များ မိကြိုတင် ရှာဆောင်း ထား လေ့ရှိကြသည်။ ယခု ခေတ် နောက်ပိုင်း တွင်လွယ်လွယ်ကူကူ-နှင့်ရနိုင် သော မှော်များ ကိုသာအသုံး ပြုကြ တော့သည်။

ကိုယ်ဝန် ဆောင်များ သည်မိး မွား ရာတွင်ပညတ်ထား သော ရိုး ရာတား မြစ်ချက်များ ကိုလိုက်နာကြရသည်။ ကိုယ်ဝန် ဆောင် နေစဉ်-ကာလအတွင်း ပုဂ္ဂိုဝ် သောအစာများ ၊ မာကျွတ် သောအစာများနှင့်အခါး စား ခြင်း ကိုအထူး ရှောင်ကျဉ်ကြရသည်။ မိး မွား ပြီး ဥလပြည့်မှသာအခါး ကိုစား ခွင့်ရှိ ပေသည်။ ကိုယ်ဝန်စ၍ ၄ ချိန်မှစ၍ဘုရား တရား ကိုပိုမိုအာ ရုံစိုက်ကာ ဗိမ်မွေး မွား လာမည့်က လေး ငယ် ခြေလက်အင်္ဂါပြည့်စုံရန်၊အကျင့် သီလ ကောင်း မွန်ရန်ဆု တောင်း လေ့ရှိသည်။ အချို့ကကိုယ်ဝန် ဆောင်အရှိုး သမီး များ အသုဘအိမ်သို့မသွား ကောင်း ဟုယူဆ လေ့ရှိ သော်လည်း မွန် စံပြ ဂွာမှအရှိုး သမီး တို့ကမူထွယ်ချိတ်တ ချောင်း ကို ခေါင်း တွင်ထိုး ပြီး သွား ပါ ကအန္တရာယ်မရှိနိုင်ဟုယုံကြည်ကြသည်။ ခေါင်း လျှော်သည့်အခါဖြစ် စေ ၊ သာ မာန်အချိန်အခါတွင်ဖြစ် စေဆံပင် ဖါး လျား ချခြင်း မပြုရ ပေ။ ခရီးဝေး ဝေး သွား ခြင်း ကိုလည်း ရှောင်ရ၏။ အကယ်၍ကိုယ်ဝန် ဆောင်အရှိုးသမီး တဦး သည်မလွှဲမ ရှောင်သာ ခရီး သွား ရ ခါနီး ပေါ်လာခဲ့သော်၊ အဝ် ချည်တတ်ထား သောအဝ်ကိုအ ကျိုရင် ဖုံး တွင်ရိုက်ထိုး ပြီး မှသွား လေ့ရှိပါ-သည်။ သို့မှသာလမ်း ခရီး တွင်အနှောင့်အယှက်ကင်း ဝေးမည်ဟုယုံကြည်ကြသည်။ ကိုယ်ဝန် ဆောင်အရှိုး သမီး များ သည်အသုဘ ခေါင်း ကိုထိမိကိုင်မိခြင်း မရှိ စေရ။ မိမိနှင့်ရိုး ရာနတ်မတူသူများ ၏အိမ်ဝင်း အတွင်း သို့မဝင်ရ၊ မ အိပ်ရ၊ မိး မဖွား ရပေ။

ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ခင်ပွန်းဖြစ်သူသည်လည်း လောကကို ရောက်ရှိလာမည့် မိမိကလေးငယ်အတွက် ရည်စူး၍ ကာမကောင်းမှုဟူသမျှကို ရှောင်ကျဉ်၍ မင်္ဂလာရှိသောအလုပ်များ ကိုသာလုပ် ဆောင်ကြသည်။ ထို့အပြင် ယောကျ်ား ဖြစ်သူသည်ဇနီး ကိုယ်ဝန် ဆောင် နေစဉ်အသုဘခေါင်း ကိုမ၊ မရ၊ မကိုင်ရပေ၊ မ မိကိုင်မိပါကအသက်တိုခြင်း ၊ ပညာဉာဏ်ဆုတ်ယုတ်ခြင်း များ ဖြစ်တတ်သည်ဟုယုံကြည် လေ့ရှိကြသည်။ ခင်ပွန်း သည်၊ သည်က လေးမွေး ဖွား ရာတွင်အသုံး ပြုရန်နှင့်ဝါး ဆုတ်ခြင်း ၊ ကင်ပွန်းတပ်မင်္ဂလာပြုလုပ်ခြင်း ထို့တွင်အသုံး ပြုရန်လိုအပ်မည့်ငွေ ကြေး ကိုလည်းကြိုတင် ရှာဆောင်း ထား ရသည်။

ကိုယ်ဝန်ဆောင်မိခင်၏ ဆွေမျိုး သား ချင်း များကလည်းမီး ဖွား မည့်နေ့တွင်အဆင်သင့်ဖြစ် နေ စေရန်ယုံကြည်စိတ်ချရ သောလက်သည် နှင့်ကြိုတင်အပ်နှံခြင်း ၊ ဆွေး နွေး ခြင်း များ ပြုလုပ်ရသည်။ ထို့ အပြင် မီး ဖွား သည့်အခါအသုံး ပြုရန်လိုအပ်သည့်အဝတ်အထည်များ ကိုကြိုတင်စုဆောင်း ပေး ခြင်း ၊ မီး မတင်ဆေး ကြိုတင်ဖော်စပ်ထား ပေး ခြင်း များကို ဝိုင်း ဝန်း ဆောင်ရွက်ပေး လေ့ရှိသည်။

အထက်ပါရိုးရာဓလေ့ထုံး စံများ ကို လေး စား လိုက်နာခြင်း ကြိုတင်ပြင်ဆင်မှုများ ကိုပြည့်စုံစွာ ဆောင်ရွက်ထား ခြင်း ပြုပါကမိမိနှင့် မိမိရင်သွေး ငယ်အန္တရာယ်ကင်း ရှင်း စေနိုင်မည်ဟုယုံကြည် သောကြောင့် မွန်အမျိုး သမီး များ အား လုံး ကတိကျစွာလိုက်နာကြသည်။

(ဃ) <u>မီး ဖွား ခြင်း နှင့်ကင်ပွန်း တပ်အမည်ပေး ခြင်း</u>

မွန်စံပြဌာန၌ မွန်အမျိုး သမီး တို့၏ မီး ဖွား ခြင်း ဓလေ့ကို လေ့လာကြည့်ပါက ရိုးရာဓလေ့အတိုင်း ရွာသူရွာသား ထဲ၏ တဦး ကိုတဦး ဝိုင်း ပင်း ကူညီမှု၊ စည်းလုံးညီညွတ်မှုသဘောတရား များ ကိုထင်ရှား စွာတွေ့ရမည်ဖြစ်သည်။ “ယောကျ်ား ဖေါင်းစီး၊ မိန်းမမီး နေ” ဟူသောစကား အတိုင်းအသက်ကိုရင်း၍ ရင်ဆိုင် ကျော်ဖြတ်ရသောကာလအတွင်းကာယကံရှင်စိတ်

အား မငယ်စေရန်၊ ကြောက်ရွံ့ထိတ်လန့်မှုမရှိစေရန်၊ မီးဖွင်းနွဲ့တရုံတော တီးခေါင်း ချွတ်ချော်မှုရှိပါကအချိန်မရွေး အကူအညီပေး နိုင်ရန်မီး နေအိမ်သို့ရွာသူရွာသား များ အား လုံး သွား ရောက်ကူညီ ဆောင် ရွက် ပေး လေ့ရှိကြသည်။ ဤရွာတွင် ''မသာတခေါက်၊ ကျောင်း သယ်ခေါက်၊ မသာသယ်ခေါက် မီး နေတခေါက် '' ဟူ သော ခံယူချက်ကိုလက်ခံကျင့်သုံးကြသည် ဆိုလိုရင်း မှာ အသုဘတကြိမ်မှုလိုက်ပို့ခြင်း သည်ဘုန်း ကြီး ကျောင်း သို့ (၁၀) ကြိမ်မျှသွား ရောက်ခြင်း ထက်လည်း ကောင်း ၊ မီး ဖွား ရာသို့တကြိမ် မျှ သွား ရောက်ကူညီခြင်း သည်အသုဘ (၁၀) ကြိမ်လိုက်ပို့ခြင်း ထက်လည်း ကောင်း ကုသိုလ်ရသည်ဟုမှတ်ယူကြသည်။ အဘယ့်ကြောင့်ဆို သော် မွေး ဖွား လာသော ကလေး ငယ်သည်လူ တော်လူ ကောင်း တစ်ဦးဖြစ်လာနိုင်သကဲ့သို့၊ လူဆိုးလူသွမ်း တစ်ဦး လည်း ဖြစ်သွား နိုင် ပေသည်။ မည်ကဲ့သို့သောကံကြမ္မာနှင့်ကြုံးမြင်းလိ ရမည်ကိုကံ သော၊ ကံမမ ပြောနိုင်ကြ ပေ။ မည်သို့ဆို စေ မွန်လူ မျိုး များ က လူ တော်လူ ကောင်း အဖြစ်ကိုသာ မျှော်လင့်၍ ဝမ်း ပန်း တသာနှင့်ကြိုဆိုကြသည်။ မျှော်လင့်သည့်အတိုင်း ဖြစ်လာစေရန်ဆုတောင်း မေတ္တာပို့သခြင်း သတင်း မေး သွား ခြင်း တို့ကိုအထူး မွန်မြတ်သော အလုပ်အဖြစ် သတ်မှတ် ကာအား လေး အနက်အား ဆောင်ရွက် လေ့ရှိကြသည်။ ဤအချက်ကို လေ့လာကြည့် ပါက မိမိအိမ်ယဉ်ကျေး မှုကိုလက်ဆင့်ကမ်း သယ် ဆောင်မည့်မျိုး ဆက်သစ်ကလေး များ အပေါ် တန်ဘိုး ထား တတ်သည့်မွန်လူ မျိုး တို့၏အမျိုး ကိုချစ်ခင်စောင့် ရှောက်လိုသည့်စိတ်ကိုထင်ရှား စွာ တွေ့ရမည်ဖြစ်သည်။

မွန်စံပြရွာသူတဦး လစေ့၍မီး ဖွား မျှင်အိမ်နီး ချင်းအမျိုး သမီး အား လုံး ကဝိုင်း ဝန်း ကူညီ လေ့ရှိကြသည်။ အထူး သဖြင့်အိမ်ထောင် သည်အမျိုး သမီး များ ၊ ကလေး အမေများ ကတာဝန်ယူကြသည်။ နာမကျန်း ဖြစ်သူနှင့်အရေး ပေါ်ကိစ္စရှိသူများ မှအပအမျိုး သမီး အား လုံးလာရောက် ကူညီ လေ့ရှိသည့်အတွက်တခါတရံမီး နေအိမ်ပင်မဆန့်တော့သည့်အဖြစ်မျိုးကြုံရ သည်။ မီး ဖွား ရာအိမ်ရှိသည့်ရပ်ကွက်မှသား သည်အမေများအား လုံးအိမ်

မပြန်ကော့ပဲ အလှည့်ကျလာရောက်ကာ ညအိပ်ကူညီကြသည်။ ဤသို့လာရောက် အိပ်ခြင်းမှာ ချွေးနု၊ သားနု ဖြစ်နေသော မီးနေသည့် မသိတ်လန့်စေရန်၊ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ပေးရန်နှင့် အထူးသဖြင့် မွေးဖွားလာသော ကလေးငယ်အား နို့ချိုတိုက်ကျွေးမည့် နို့သည်များ အဖြစ် တာဝန်ယူရန်ဖြစ်သည်။ ထိုတာဝန်တို့က လေးမွေးဖွားပြီး ခါ၊ ကာလမကျော်သေးသည့် မိခင်များကသာ တာဝန်ယူရသည်။ မီးဖွားပြီး ကာလကျော်လွန်သူများထဲတွင် အစားအသောက် သတိမထားသူ၊ အစားရုံသူများ ပါလာပါက မွေးဖွားလာမည့် ကလေးငယ်အတွက် အားဥပါဒ်ဖြစ်မည်ကို စိုးရိမ်သောကြောင့် နို့တိုက်ခိုင်းလေ့မရှိပေ။

မိခင်လောင်းသည် ဗမ္ဗဇ လေချုပ်ရွား၍ အော်ဟစ်နေရချိန်တွင် အချို့သည် ပွေ့ဖက်၍လည်းကောင်း၊ စကားနှင့်လည်းကောင်း နှစ်သိမ့်ပေးလျှင် နာကျင်မှုအနည်းငယ် သက်သာမည်ဟု ယူဆကာ နှစ်သိမ့်ပေးလေ့ရှိကြသည်။ အချို့ကမူ အိပ်ထုပ်တန်း တွင်ကြိုး တန်းလန်း ဆွဲပေးထားရသည်။ ထိုကြိုးကို ဆွဲကိုင်ပြီး ညှည်းတွား အော်ဟစ်လေ့ရှိသည်။ အချို့ကမူ မီးနေခန်း အရံကို ကုတ်ခြစ်ခြင်း၊ တိုင်ကို ဖက်တွယ်ခြင်း စသည့် အပြုအမူများကို နာကျင်မှုသက်သာစေရန် ပြုလုပ်လေ့ရှိကြသည်။

မီးနေသည်များ အသင့်ပြေအောင် ပြင်ဆင်ရာ မွေးဖွားနိုင်ရေး အတွက် လက်သည်သည် အဓိကပင်ဖြစ်သည်။ ဝမ်းဆွဲလုပ်ငန်းကို မိန်းမများကသာလျှင် အများဆုံး လုပ်ကိုင်လေ့ရှိသည်။ ဝမ်းဆွဲကို မွန်ဘာသာစကားနှင့် "ညှမိ" ဟု ခေါ်သည်။ ရှေးအခါက သိပ္ပံဆေးဝါးများ မထွန်းကားသေးသဖြင့် ဝမ်းဆွဲသည်ကို အားကိုးကာ တိုင်းရင်းဆေးစားခြင်း၊ နှင်းစားခြင်းနှင့် မီးကင်ခြင်းများကိုသာ ပြုလုပ်လေ့ရှိကြသည်။ ယခုနောက်ပိုင်းတွင်မူ ဝမ်းဆွဲနှင့် မွေးဖွားသည့် အလေ့အပြင် ဆရာဝန်များနှင့် ပြသကာ ဆေးရုံသို့တက်၍ မွေးဖွားသူများလည်း ရှိနေကြပြီဖြစ်သည်။

ကိုယ်ဝန်ဆောင်ဝမ်းနာသည်နှင့်တပြိုင်နက်ဝမ်းသွဲ့ကိုပင့်ရသည်။ ဝမ်းသွဲ့သည်၏ နေအိမ်သို့ရောက်လျှင်ရောက်ချင်း တန်တော့ပွဲကို ဦးစွာပြင်ရသည်။ ထိုပွဲကို ''လက်သည်ပွဲ'' ဟု ခေါ်သည်။ ထိုပွဲတွင်ငှက်ပျောသီး (၅)လုံး၊ ကွမ်း (၅) ရွက်နှင့်ငွေဒင်္ဂါး မတ်ပါဝင်သည်၊ ပွဲပြင်ပြီးမှသာ လက်သည်အမိ နေသည်ကိုစတင်ကိုင်တွယ် လေ့ရှိသည်။ လက်သည်မီးဖွားပေး နေစဉ်လာရောက်ကြည့်နေသူများ တလွယ်တကူစွာမွေးဖွားနိုင်ရန်ရည် ရွယ်၍ ''အင်္ဂုလိမာလသုတ်တော်''ကိုရွတ်ဖတ်ခြင်း၊ အစိတ်အဆို့ရှိ သော ပုလင်းများကိုဖွင့်ထားခြင်းများ ပြုလုပ်လေ့ရှိကြသည်။

မီးဖွားပြီး ကလေးအပြင်သို့ရောက်သည်နှင့် တပြိုင်နက် တန်တော့ပွဲတပွဲထပ်မြှင့်ရသည်။ ထိုပွဲတွင်ငှက်ပျောသီး၊ အုန်းသီး၊ ထမင်း နှင့်အပ်ချည်တို့ထည့်ရသည်။ ဝမ်းသွဲ့က၊ ကလေးငယ်ကိုလျှာနာဘို့ကြ၍ရေချိုး ပြီး၍ ချက်အချင်းကိုချည်ကာ အောက်မှနနွင်းတက်ခံ၍ နှီးပြားနှင့်ဖြတ်ရ သည်။ ကလေးကိုရေချိုးရာတွင်ကိုယ်ဝန်(၇)လခန့်ရှိစဉ်ကတည်းက ကြို တင်၍ရှာဆောင်းထားသော မြေအိုးနှင့်ချိုးရသည်။ ယောကျ်ား၊မိန်းမ ကြည့်ကာဟင်းအိုး (သို့) ထမင်းအိုး သင့်တော်ရာအိုးနှင့်ချိုး ပေးရခြင်း ဖြစ်သည်။ ကလေး၏အချင်းကိုချည်ရာတွင်ယခင်ကနှင်ကန်သုံး တန်ချည်လေ့ ရှိသည်။ သို့သော်လည်း ယခုအခါအပ်ချည်ကြိုးနှင့်(၇)ချက်တခါသာ ချည်လေသည်။ ဖြတ်ပြီးသား အချင်းကိုဆား၊ ဆန်တို့နှင့်ရော၍အင်ဖက်ဖြင့်ထုပ်ပြီးနဂါး လှည့်ရာနှင့်ဆန့်ကျင်ဘက်အရပ်ကိုရွေး၍ မြှုပ်ရသည်။ ရည်ရွယ်ချက် မှာ နဂါးမစားနိုင်ရန်ဖြစ်သည်။ နဂါးလှည့်နှင့်ပတ်သက်၍၊

ပထမ(၃)လပတ်တွင်နဂါးခေါင်းသည်အနောက်သို့လှည့်၏။

ဒုတိယ(၃)လပတ်တွင်နဂါးခေါင်းသည်မြောက်အရပ်သို့ လှည့်၏။

တတိယ(၃)လပတ်တွင်နဂါးခေါင်းသည်အရှေ့အရပ်သို့ လှည့်၏။

ဝတ္ထုဘူ (၃) လပတ်တွင်နဂါး[၁] ခေါင်းသည် တောင်အရပ်သို့လှည့် လျက်ရှိသည်ဟုသတ်မှတ်ထား လေ့ရှိသည်။ အချင်း ကိုမီး နေသည်အတွက်မီးဖို ပြုလုပ်ရန် မြေတူး ထား သော ကျင်း ထဲတွင်မြှုပ်ရသည်။

မှန်တို့သည် မဘလူရိုး များ ကဲ့သို့ပင်မျက်နှာပေါ် တွင် မျက် နှာသုံး သ ဘာ န်အမွေး ပါး ဖုံး အုပ်နေသည့်ကလေး ၊ အချင်း ပတ်၍ မွေး ဖွား လာ သော က လေး တို့အား ကြီး ပွား ချမ်း သာမည်။ ကောင်း ခြင်း မင်္ဂလာနှင့်ပြည့်စုံသည်။ နိမိတ် ကောင်း သည်ဟုယူဆ လေ့ရှိကြသည်။ အချင်း ပတ်၍ မွေး လာပါကကန် တော့ပွဲ ပေး ပြီး ဝမ်း ချွဲအား ဖြေ စေရသည် ။ အချင်း တပတ်ကို ငွေတမတ်စတ်သ ဘော ပေး တာ ဖြေ စေရမည်။ ထိုပွဲတွင် ထွမ်း သီး (၃) လုံး နှင့်ထွမ်း (၃) ချက်စီပါဝင်ရသည်။

ရေချိုး ၊ အချင်း ဖြတ်ပြီး သော က လေး ငယ်အား လင်ပန်း တချပ်ထဲတွင် ဇော င်ခင်း၍၊ ငှက်ပျော ဖောင် ပေါ်တွင် ခေါင်း အုံး တ လေး နှင့်သိပ်ထား ရသည်။ မိခင်နှင့်က လေး တို့၏လည်ပင်း (သို့) ခြေနှင့်လက် တွင်ကန် တော့ပွဲ၌ထည့်ထား သော အစ်ချည်ကြိုး ကိုချွဲထား ၊ ပတ်ထား လေ့ရှိ သည်။ က လေး သည် မိန်း ခ လေး ဖြစ်ပါကဘယ် ခြေဘယ်လက်တွင်ကြိုး (၇) ပတ် တစ်ကွင်း ၊ ယောကျ်ား က လေး ဖြစ်ပါကညာ ခြေလက်တွင်ကြိုး (၇) ပတ်တစ် ကွင်း ပတ်ထား ရသည်။ ဘေး အန္တရာယ်ကင်း ၃ င်း စေရန်ရည် ၃ ယ် ၍ ဖြစ်သည်။ က လေး ငယ်ပါ သော လင်ပန်း ကိုမီး နေခန်း အတွင်း ၌ မိခင် ၏အဝတ်သေတ္တာ ပေါ်တွင်တင် ပေး ထား ရသည်။ ထိုက လေး ငယ်အား မီး ဖွားစဉ်ကထည်း ကလာ ရောက် စောင့်အိပ် နေ သော နို့သည်များ တအိမ်ညှိ ကျန်ိတိုက်ရ လေသည်။

က လေး ငယ်အား အချင်း ဖြတ်ပြီး ပါကမီး နေသည်အတွက် မီး ကင်ပြင်ကြ တော့သည်။ ရှေး အခါကမီး ကင်မြင်ရာတွင်အချိုးကျက် ဗျော တုံး ၂ ခုကို အောက်ကခံသည်အပေါ်တွင်ဝါး (၇) တန်း ပြစ်ပြီး အပေါ်မှဝါး ပိုး

---

၁။ ခေါင်သိန်း ၊ သင်ဖြူလွှန်း ၊ ကျေး လက်ဦး ရာပြန်မဘမှုဓလေ့များ ၊ စာ-၃၃၈။

ကြမ်းခင်းသည်၊ အချို့ကလည်း ထွန်တုံး ၂-ခုခံပြီး သမီးမွေးက ဝါး (၇) ခြမ်း၊ သားမွေးက ဝါး (၉) ခြမ်း ခင်း လေ့ရှိသည်။ ယခု ခေတ်နောက်ပိုင်း တွင်မူ တပ်အစား အလွယ်တကူရနိုင်သော ဖျာများကိုသာအသုံး ပြုကြတော့သည်။ မီး နေသည့်အိပ်သောအိပ်ရာအနီး တွင်မီး ကင်ရန်မီး ဖို ရသည်။ မီး ဖိုပြုလုပ်ရန် မြေ တောင်း (၇) တောင်း တူး လေ့ရှိသည်။ ထို မြေကိုတူး ရာတွင် နဂါး ခေါင်း လှည့်သည်ကိုကြည့်၍ တူး ရသည်။ ထိုတွင်းထဲတွင် အချင်း ကိုမြှုပ် လေ့ရှိကြသည်။ မြေ တောင်း (၇) တောင်း နှင့်မီး ဖို ပြု လုပ်ပြီး လျှင်မီး ဖို၌ တဘက်တချက်စီတွင် ငှက်ပျောပင်တစ်ပင်စီထားကြသည်။ မီး ဖိုပြုလုပ်ထား သော မြေကြီး ပေါ်တွင်ငှက်ပျောရွက်ခင်း တာစီး ရှိ သည်။ အချို့တခယ်အိုး ၊ မြေအိုး များ တင်၍အထဲတွင်မီး မွှေး ကာထင်း မီး ဖို့ကြသည် မီး နေသည့်အား နနွင်း နှင့်သား ကိုလည်း ထိုက် ကျွေး ရသည်။

ကလေး ငယ်အား ရေချိုး ပြီး ပါကထိုကလေး ငယ်၏ဘဝတသက် တာလုံး ဆိုင်ရာကံကြမ္မာအတွက်နဖူး ပေါ်တွင်စာတမ်း ရေး သား ပေး မည့်နတ်မင်း အား ပူဇော်ပသရန်အတွက် ``နဖူး စာ ပွဲ``ပြင်ရသည်။ ထိုပွဲတွင်အုန်း သီး ၊ ငှက်ပျောသီး ၊ စာအုပ်၊ ခဲတံများ ထည့်ပေး ရခြင်း မှာကလေး အား စာပေပညာတတ်ဘူး ချန်ရှာတတ်မြောက် စေရန်ရည် ရွယ်ချက်နှင့်ဖြစ်သည်။ ထို့ပြင်ကလေး ငယ်သည် မိန်း ခလေး ဖြစ်ပါကအ မေ ၏ ဝတ်စုံတစ်စုံထည့်ပေးရသည်။ သို့နောက်ပွဲကိုအ မွှေး နံ့သာ ရေများ ပက် ဖျန်းကာကလေး မွေး နေ့နှင့်အညီ စောင့်ရှောက်မည့်နတ်ကို ``အို့ဖူးစာရေး နတ်ကြွလာပြီးကလေး ငယ်အား အသိအမှတ်ပြုပါလော့``ဟု (၃) ခါတိုင်တည် တာအစဉ်နှံ့ရသည်။ ထွေတော ထိပ်မှစ၍ကလေး ငယ်အထိအ မွှေး နံ့သာများ ပက်ဖျန်း ရသည်။ ကလေး ငယ်၏ဘဝလမ်း ခရီး ကောင်း မွန်စွာဖန်တီး ပေး ရန်လည်း ဆုတောင်း ကြသည်။ နဖူး စာ၊ ပွဲကိုကလေး ငယ်၏ ခေါင်း

ရင်း ထွင်ထားရသည်။ ထိုနဖူး ဓာပွဲကိုဓား ထုတ်သည့်နေ့တွင်ခွန့်ပစ်ရသည်။ နဖူး စာပွဲမပြင်ပါက မွေး ဖွား လာသောကလေး ငယ်သည်ဖူး စာရေး နတ်၏ နှောင့်ယှက်ခြင်း ကိုခံရတတ်သည်ဟုယူဆလေ့ရှိသောကြောင့် နဖူး ဓာပွဲကိုမပျက်မကွက်ပြင်ဆင်ပေး ရသည်။

မွန်စံပြရွာမှအမျိုး သမီး များ သည်မီး နေအိမ်တွင် လာရောက်တူညီရင်း၊ ညအိပ်တသုံး ရက်လုံး လိုချက်ပြုတ်စားသောက် ကြသည်။ သတင်းလာ မေးသည့်ဧည့်သည်များကိုလည်း ချက်ပြုတ် ကျွေး မွေးကြသည်။ မီးဖွားပြီး (၃) ရက်အကြာတွင်မီး ထုတ် လေ့ရှိသည်။ အကယ်၍ မီး နေသည့်၊ သည့်အမျိုးဖြစ်ပါက (၅) ရက်သား လိုကသား တိုင်သည်။

မီး တွင်း၌မီး နေသည်အသားဂိုး ရာ ၁၀ လေ့အတိုင်း ထုတ် ပူပေး ရသည်။ မြသုဝ်ပုံမှာ – ထုတ်ခဲကိုနံရံလာ အောင်မီး ဖုတ်ပြီး၊ ဓါးသဲ မှ ထုတ်ယူလျက် ရေ လောင်း ရသည်။ ထုတ်ခဲတွင်အပူငွေ့များ တ ထောင်းထောင်း ထနေစဉ်ထိုထုတ်ခဲပူကိုအဝတ်နှင့်ပတ်ပြီး မီး နေသည်၏ ဝမ်း ဗိုက်ကို ဖိပေး ရသည်။ ၎င်း ကိုထုတ်ပူထိုးသည်ဟု ခေါ်သည်။ ရည်ရွယ်ချက်မှာ သွေးပုပ်များ စင်ကြယ်၍ ဗိုက်ပွဝ် နေစေရန်ဖြစ်သည်။ မီးထွက်သည့်နေ့တွင် သွေးပုပ်များ စင်ကြယ်စေရန် သွေး အောင်း ပေးရသည်။ သွေးအောင်း ပုံမှာဖျာနှင့် ဖိုင်ပတ်သကဲ့သို့ကာပြီး အပေါ်မှ စောင်နှင့်လုံနေအောင်အုပ်ထား ရသည်။ ထိုအထဲတွင်မီး နေသည်အသားအဝတ်အစား များ ချွတ်ကာထိုင်ခိုင်း ထား ရသည်။ ထုတ်ခဲများရဲ့နေ အောင်ဖုတ်ထားသော မီး ဖိုကိုလည်းတပါ – ထည်းသွင်းထားရသည်။ သောက် ရေအိုး တလုံး ကိုလည်း အထဲတွင်ထည့်ပေး ထား ရသည်။ လှောင်ပိတ်နေသောနေရာတွင်အတွင်းမှမီး၏အပူရှိန်ကြောင့် မီး နေသည်၏ ခန္ဓာကိုယ်အတွင်း မှ သွေးပုပ်များ ထွက်လာစေရန်ဖြစ် သည်။ သောက်ရေအိုး ထား ပေး ခြင်း မှာအပူဒဏ်ပြင်း ထန်လွန်းပါက

ရေဆာလျှင် ရေ သောက်နိုင်ရန်ဖြစ်သည်။ ချေး များ ရုံရုံလင်လင်ထွက်ပြီး လျှင် ချေးသုတ်ကာ ခဏနားရသည်။ ထို့နောက်မနက်ဈာ ရွက်ကောင်မွန်း ရွက်စ သော အချဉ်ရွက်ပြုတ် ရေနှင့် ရေချိုး ပေး ရသည်။ သွား ဖွား ပြီး သည့် ချိန်မှစ၍ ပထမဆုံး ရေချိုးခွင့်ရခြင်း ဖြစ်သည်။ ထို့နောက်မိတ်သလင်နှင့်နနွင်း ထောင်း ထား သော အရည်ဖြင့်တကိုယ်လုံး လိမ်းပေးကာ မီး နေသည့်အတွက်သီး သန့်ဖော်စပ်ထား သော တိုင်း ရင်း ဆေးတိုက်ရသည်။

မီး တွင်း ၌ကလေး နို့ရ စေရန်အတွက် မီး နေသည့်အား ငါး ဝီး ဖုတ်(သို့) ငါး ကြော်နှင့်မြွတ် ကောင်း၊ ကြက်သွန်ဖြူပါ သော ဟင်း ခါး ကိုအမြဲတစေတိုက် ကျွေး ရသည်။ နို့ရည် ကောင်း စွာထွက်ရန်သား မြတ် ကို အပူ ပေးခြင်း၊ သန့်ရှင်းခြင်း များမကြာခဏပြုလုပ် ပေး ရသည်။ မီး နေသည်များ သည် မီးတွင်း ၌ ငိုလျှင် ခေါင်း ကိုက်တတ်သည်။ ဝမ်းလျှောလျှင် လည်း မီး ယပ်ဝမ်း ဖြစ်တတ်သည်။ ထို ရောဂါများ သည် သေရ ာပါ ရောဂါ များ ဖြစ်တတ်သည့်အတွက်အထူး ဂရုစိုက်ကြသည်။

မွေး ဖွားပြီး (၃)လအတွင်း ဖခင်ဖြစ်သူတို့သည် သွားချပ် လေ ချပ်တတ် သော အမဖန်ဓါတ်အခါး ခါတ်ပါ သော အဟာရ များ ကို စား သောက် ခြင်း ၊ အသီး အရွက်များ ကို စား သောက်ခြင်း တို့မှ ရှောင်ကျဉ်ကြရသည်။ ငါး ခြောက်၊ ငါး ခြမ်းများ ကိုသာ အဟာရအဖြစ်မြိုး ချိစား သောက်ကြ ရသည်။ မီး နေသည့်အခန်း သည် မသန့်ရှင်း သော နေရာဖြစ်သည့်အတွက် ယောကျာ်း များ ဝင် ရောက်ပါက ဘုန်း နိမ့်တတ်သည်ဟုယူဆကာ မဝင်ကြရ ပေ။ အချို့ကမူ အရှက်အ ကြောက်တရား ကြောင့် ရှောင်ကျဉ်ကြခြင်းဖြစ်သည်။ မွန်အမျိုး သား တို့သည်ထိုး တွင်း မှင် ကြောင်များ ထိုး ခြင်း ၊ လက်ဖွဲ့များ ဆောင်ခြင်း စသည့်အ လေ့အထများ ရှိသဖြင့် မီး နေခန်း သည်သို့အမှတ် တ

များ နှင့်မအောင်စဝ်သော နေရာဖြစ်သည်။ ထိုနေရာသို့သွား၍ ဝိပါကစွမ်း အင်တန်ခိုး ပျက်ပြယ်တတ်သည်ဟုယူဆကာ ရှောင်ကျဉ်ကြရခြင်း လည်း ဖြစ် သည်။

မွန်စံပြရွာတွင်များ သောအား ဖြင့်မိုး ထုတ်သည့်နေ့တွင်တင် မွန်း တစ် လေ့ရှိသည်။ အရိုးစွဲ ကြား ပြည်သို့ရုံသူများ တကင်မွန်း တစ်ပွဲ ကို သီး သန့်ပြုလုပ် လေ့ရှိသည်။ အရိုကဆုံး လဖြာမှတင်မွန်း တစ် လေ့ရှိသည်။ မိုး ထုတ်သည့်နေ့၌ ရွှေဖလား ၊ ငွေဖလား တွင်ဖြစ် စေ၊ ကြွေဇလုံထဲတွင်ဖြ စ် စေ၊ တင်မွန်းသ ရေ ်များ ၊ အမွှေး နံ့သာများ သည့်ကာလလေး ကို ရေ ချိုး ပေး ရသည်။ လည်ပင်း တွင်လည်း ခမဲသ ဘောကျိုး နှင့်ချည်ကြိုး ချည်ပေး ရ သည်။ ချည်ကြိုး မချည်မ ပေး နိုင်ပါကကန် တော့ပွဲတွင်ပါ သော အပ်ချည်ကြိုး ကို ချည် ပေး ထား ရသည်။ ထို့နောက်က လေး ငယ်အား သနပ်ခါး လူး ပေးပြီးအန္တိ အသစ် နှင့်ထုပ်ရသည်။ ထို့နောက်ကလေး အား လက်သည်၏လက်ထဲသို့ထွမ်းသီး ၊ ထွမ်း များ နှင့်အတူအပ်နှံရသည်။ လက်သည်က လေး ငယ်ကျန်း မာ ရေးအာ ဝ တ လျှောက် ကောင်း မွန်အသင် ပြေ ရေးတို့အတွက်ဆု တောင်း ပေး ပြီး မှ သ ာက လေး ငယ်၏ ဆွေမျိုး များ လက်သို့အပ်ရသည်။ တဖန် ဆွေမျိုး များ က အသက်ပါအတိုင်း ဆု တောင်း မေတ္တာပို့သပြီး အမေ့၏လက်ထဲသို့အပြီး အပိုင် ပြန်အပ်လိုက်ရ လေသည်။

တင်မွန်း တစ်ပွဲကိုတခါထဲပြုလုပ်လိုပါကပွဲကပွဲသပ်ပြင်ရသည်။ ထို ပွဲကို ခမဲပွဲ ( ဝါ ) သိဒ္ဓိပွဲဟု ခေါ်သည်။ ထိုပွဲတွင် မုန့်ဖြူ၊ မုန့်နီ၊ မုန့်လက် ဆောင်း ထွမ်း ၊ ထွမ်း သီး ၊ သစ်ပြ ာတို့ပါဝင်ရသည်။ ထိုပွဲ ပေး ရခြင်း ၏ ရည်ရွယ် ချက်မှာကလေး အား ဆရာဝဇာထံအပ်နှံရန် နှင့်ဂုဏ်အား တန် တော့ ရန် ဖြစ်သည်။ ကင်မွန်း ကပ်သည့်နေ့တွင်ကလေး ငယ်အား မဟာဘုတ်၊ ဗေဒင် အလို နှင့်အညီအမည် ပေး ကင်မွန်း တစ် လေ့ရှိသည်။ အမည် ပေး သည့်အခါ အ ချို့က ဗေဒင်ဆရာများ ကအမည် ပေး တ ာအချို့ကဘုန်း တော်ကြီး များထံမေး

မြန်း၍ မေးကြသည်။

ကင်ပွန်းတပ်စဉ်က လေးငယ်၏ မွေးသက္ကရာဇ်၊ နေ့ရက် အချိန်၊ နာရီ၊ အမည်၊ နာမများကိုဆင်းရဲချမ်းသာအလိုက် ရွှေပြား၊ ငွေပြား၊ ပေစွက်၊ ပါးခြမ်းများ ပေါ်တွင်ကလေး၏ ``ရက်ချုပ်``ကို ရှင်းလင်းစွာရေးထိုးထား လေ့ရှိသည်။ ရှေးအခါကမူ ပါးခြမ်းနှင့် ဇာတာဖွဲ့ခြင်းကိုမနှစ်သက်ကြချေ။ မသန့်သောနေရာမှ ပါးကိုအသုံး ပြုပါကတန်ခိုး ဣဒ္ဓိနိမ့်ကျတတ်သည်ဟုယုံကြည်ကြသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ `ရက်ချုပ်` ရေးထိုးပေးခြင်းကိုမွန်ဘာသာဖြင့် ``ဟတာ`` ဟုခေါ် သည်။

အမည်ပေးရာ၌လည်း မင်္ဂလာရှိသောနာမည်၊ ကျက်သရေရှိသောနာမည်ဣဒ္ဓိပါဒ်ရှိသောနံမည်နှင့် နေ့နံသင့်သောနာမည်များကို ရွေးချယ်လေ့ရှိသည်။ မွန်အမည်နာမဇာတ်ဂတ်ဖြစ် မင်း၊ နိုင်စကား လုံးတို့ကို ရှေ့တွင်ထားပြီး နာမည်ပေးကြရပါသည်။ ယောကျ်ားကလေး များ၏အမည်နာမရှေ့တွင် `မင်း` ဟုသောစကားလုံးကိုနာမည်ပေး ပြီး ချိန်မှစ၍ ရဟန်းမခံရသေးမီအချိန်အထိထည့်သွင်းသုံးစွဲရပြီး၊ ရဟန်း ခံပြီး ချိန်မှစ၍ သေဆုံးချိန်အထိအမည်ရှေ့တွင် ``နိုင်``ဟုသောစကား လုံးကိုထည့်သွင်းသုံးစွဲလေ့ရှိသည်။ မွန်တို့၏အခေါ် `မင်း`ဆိုသည် မှာ မြန်မာတို့အခေါ်အရ ``မောင်``နှင့်တူညီပြီး ``နိုင်``ဆိုသောစကား မှာ ``ဦး`` ဟူသောအခေါ်အဝေါ်နှင့်အတူတူပင်ဖြစ်သည်။ မွန်မိန်းခလေး များ၏အမည်ရှေ့တွင်မှုမိဟူသောစကားကိုထည့်သွင်းသုံးစွဲလေ့ရှိသည်[၁]။

ကင်ပွန်းတပ်မင်္ဂလာပွဲသို့လာရောက်သူများကိုကလေး၏မိဘ များကစားသောက်ဖွယ်ရာများနှင့်ဧည့်ခံကျွေးမွေးကြသည်။ များသော အားဖြင့်မုန့်လုပ်ဆောင်း ကောက်ညှင်း၊ မုန့်၊ ထမင်းစသည်တို့ကိုကျွေး မွေးကြရသည်။ အသက်ကြီးမှ ရလာသောသားသမီးများ၊

---

၁။ မောင်ထိုး ၊ နိုင်၊ မွန်ဝေလော့နှင့်မွန်မှု ၀၁–၇၂။

နှင့်ရှားပါး ရှာရလှသောသားသမီး များ ဖြစ်လျှင်၊ မိဘများသည်ငွေကြေး တတ်နိုင်သူများ ဖြစ်ပါကသာ၍ပိုကာထူး ထူး ခြား ခြား ဂျာဒိန်း ကျွေးမွေး လေ့ရှိသည်။ ကင်ပွန်း တပ်ပွဲသို့လာ ရောက်သူများ ကလည်း ကလေး ငယ်ကျန်း မာချမ်း သာ၍ ဥာဏ်ပညာကြီး မား လာ စေရန်ဆုမွန်ကောင်း များ တောင်း ပေး ကြသည်။ ရှေး အခါကမွန်လူမျိုး တို့၏ ရိုး ရာဓလေ့ထုံး စံအရကင်ပွန်း တပ်မင်္ဂလာပွဲသို့လာ ရောက်သူများ အား အိမ်ရှင်မိဘ တို့က ကောက်ညှင်း ပေါင်း လက်တစ်ဆုပ်စီလက် ဆောင် ပေး လေ့ရှိကြသည်။ သို့သော်ယခုအခါတွင်မူ ဓလေ့ကိုအချို့သူများ သာကျင့်သုံး ကြတော့သည်။

## (င) ကလေး ငယ်ဘဝ

မွန်စံပြရွာသား များ သည်မိမိတို့၏ကလေး ငယ်အား အမှု့အစည်း နှင့်လိုက် လျော ညီ ထွေရှိ စေရန်ငယ်စဉ်မှစ၍အဖက် ဖက်မှသွန်သင် သွန်ကြား ပေး လေ့ရှိကြသည်။ မိမိတို့ရိုး ရာယဉ် ကျေး မှုအရ ချမှတ် ထား သော စည်း မျဉ်း စည်း ကမ်း များ ကိုလိုက်နာတတ် စေရန်လည်း ကောင်း မိမိတို့၏လူမှုရေး တန်ဖိုး ထား ချက်များ ကိုသိရှိနား လည် စေရန် လည်း ကောင်း ၊ မိမိတို့၏ဘဝရှင်သန်ထိုး တက် ရေး ကိုဖန်တီး တတ် စေရန်လည်း ကောင်း ၊ ထိုး တက်လာ သော ခေတ်နှင့်အညီအသိပညာရင့်သန်ထိုး မွားလိ စေရန်လည်း ကောင်း ၊ မိမိတို့၏အမျိုး ဘာသာကိုချစ်ခင်မြတ်နိုး တတ်လိ စေရန်လည်း ကောင်း ၊ နည်း အမျိုး မျိုး ဖြင့်ပညာ ပေး ကာမွန်ကလေး ငယ်တို့၏ကိုယ်ရည်ကိုယ် သွေး ကိုမြှင့်တင် ပေး လေ့ရှိကြသည်။

ကလေး ငယ်များ တွင်"ဝမ်း တွင်း ပါအသိ"နှင့်" သင်ကြား ခြင်း မှရလာ သောအသိဟူ၍အသိ (၂) မျိုး ရှိရာ ဝမ်း တွင်း ပါအသိ၏လှုံ့ဆော်မှုကြောင့်ငိုခြင်း ၊ ရယ်ခြင်း ၊ ဆာ လောင်ခြင်း နှင့်အညစ် အကြေး စွန့်ခြင်း စသည့်လုပ်ငန်း များ ကိုမွေး ရာပါဗီဇ[၁] အရ အလို အ

---

၁။ Biological instinct

လျှောက်တတ် ပြောတတ်ကြသည်။ ထိုအသိ ကြောင့်ပြုမူတတ်လာသော အမှုကိစ္စများ ကို စနစ်တကျပြုမူကျင်လည်သွား တတ်လာ အောင်မိမိတို့ယဉ် ကျေး မှုအရအံ ဝင် ခွင်ကျဖြစ်လာ စေရန် ပြုပြင် ပေး ရ လေသည်။

ဘာသာစကား မှအစအခြား သော အရေး ကိစ္စများကို မှီ သင်ကြား ပြသမှုကြောင့်ရလာ သော အသိမှသာလုပ် ဆောင်နိုင်မည်ဖြစ်သည်။ ကလေး ငယ်သည်အဖွဲ့အစည်း အတွင်း ပါဝင်ကျင်လည်သွား ခြင်း ဖြင့်အခြား အဖွဲ့ဝင်တို့၏လုပ် ဆောင်မှုကိုအတုယူကာ အဖွဲ့အစည်း တွင် နေထိုင်ဆက်ဆံ တတ်လာနိုင်အောင်ထိုကဲ့သို့မိဘ ဆွေမျိုး များ နှင့် ကျောင်း မှစနစ်တကျသင်ကြား ပေး ခြင်း ဖြင့်လည်း အဖွဲ့အစည်း တွင်ပါဝင်လုပ် ဆောင်တတ်လာရသည်။ မွေးစမြ ဦးချောင်ကလေး ငယ်များ ကို မွေး ဖွား လာချိန်မှစ၍ မိခင်သည်ကိုယ်တိုင် ပြုစုလျက် နို့ချိုတိုက် ကျွေး မွေးယူကြင်နာစွာ စောင့်ရှောက်ကြသည်။ စကား ပြောတတ်ခါစအရွယ်တွင်လည်း မိခင်ကသာအနီး ကပ်သင်ကြား ပေး လေ့ရှိ သည်။ ကလေးအကြီး ရှိ သော မိသား စုတွင်ကလေး အငယ်များ အား ကလေး အကြီး များ ကိုထိန်း ကျောင်း ခိုင်း လေ့ရှိသည်။ အန္တရာယ်မရှိ စေရန် ၊ အမှား မရှိ စေရန်၊ မိခင်ဖခင်တို့က အား မှတစေ့တစောင်း စောင့် ကြပ် လေ့ရှိသည်။ ဤကဲ့သို့အ လေးချင်း ထိန်း ကျောင်း စေခြင်း ဖြင့်အကြီးများ သည်အငယ်များ အပေါ် သည်း ခံသွားတတ်လာခြင်း ၊ ဆုံး မသွန်သင်တတ် လာခြင်း စ သော လေ့အထများ အပေါ် ပေါက်လာစေသည်။ ထို့အတူအငယ် များ အနေနှင့်လည်း အကြီး များ အပေါ် တွင်အား ကိုး စိတ်၊ ချစ်ခင်စိတ် နာခံတတ် သော စိတ်များ ရရှိလာ စေကာ ကြီး သူကိုရို သေ၊ ရွယ်တူကို လေးစား ငယ်သူကိုသနား တတ် သော အကျင့်ကောင်း များ ဖြစ်ထွန်း လာ စေ နိုင်သည်။

ကလေး ငယ်များ သည်အခြား ကလေး ငယ်များ နှင့်ရောနှော ကစား ခြင်း များ ရှိရာ၊ ထိုသို့ကစား ခြင်း ပေါ် မူတည်၍အများ နှင့်သင့် တင့်အောင် ပေါင်း သင်း ဆက်ဆံခြင်း အတတ်ကိုရရှိလာကြပြန်သည်။ ဤသို့ဖြင့်မွေး

---

Enculturation

ကလေးငယ်တို့သည် အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်လာကာ အခြားအဖွဲ့ဝင်များနည်းတူ ကျင့်ကြံပြုမူလာနိုင်မည်ဖြစ်သည်။

(စ) <u>ရှင်ပြုခြင်း</u>

မြည်သောင်ရှမ်းမှန်စံပြရွာသားများသည် ဗုဒ္ဓဘာသာကို အတွင်းအပြတ်အား ကိုးကွယ်သူများဖြစ်သည်နှင့်အညီ မိဘတို့၏ သားယောကျ်ား ကလေးများ အရွယ်ရောက်လာသည်နှင့်တပြိုင်နက် ဘုရားသားတော်ဘဝကို ရိုးရာဓလေ့ထုံးစံအရ အစဉ်အလာမပျက်ကွက် ပြောင်းပေးလေ့ရှိသည်။ သားများအား ၁၃-နှစ်ကျော်ခန့်မှစ၍ ရှင်ပြုနိုင်ရေးကို သေရေးရှင်ရေး တမျှအလေးထားကြသည်။ မိဘတို့၏ ရင်နှစ်သည်းခြာ သားရတနာများ ရဟန်းသာမဏေဘဝသို့ ရောက်သွားလျှင် သာသနာ့ ဒါယကာဖြစ်ပြီဟု ကြည်နူးမဆုံးရှိတတ်ကြလေသည်။ သားယောကျ်ားလေး များကလည်း အရှိန်းမငြိုးမား ၅ သောအဖိုဂုဏ်ကျေးဇူး(၁၂)ပါး အမိဂုဏ်ကျေးဇူး (၂၁)ပါးကို ကျေးဇူးသိတတ်သဖြင့် ၁၂-နှစ်အရွယ်ခန့်ရောက်သည်နှင့် ရှင်ပြုလေ့ရှိကြသည်။ ၄င်းရှင်ပြုပွဲ[၁]သည် မှန်အရိုးသား ယောကျ်ားလေးများအတွက် အရွယ်ရောက်ပွဲ တခုပင်ဖြစ်သည်။ မှန်တို့သည် ဗမာလူမျိုးများကဲ့သို့ပင် ယောကျ်ားလေးတစ်ဦး ရှင်ပြုပြီးမှသာ ဘုန်းတန်ခိုးနှင့်ပြည့်စုံမည်ဟု ယူဆလေ့ရှိသည်။

များသောအားဖြင့် မှန်အရိုးသား ကလေးများ ရှင်ကျင့်ဝတ်ကိုလိုက်နာနိုင်သော ၁၄-နှစ် ၁၅-နှစ်အရွယ်တွင် စတင်၍ ရှင်ပြုပေးလေ့ရှိကြသည်။ သားများကို ရှင်ပြုနိုင်ရေးအတွက် မိဘတို့မှာ ငွေကြေးနှင့် လိုအပ်မည့်ပစ္စည်းဥစ္စာကို ကြိုတင်စုဆောင်း လေ့ရှိကြသည်။ အရွယ်ရောက်သည်နှင့် ရှင်ပြုနိုင်ရေးသည် မိဘများအတွက် အကြီးမားဆုံး ရည်မှန်းချက်တာဝန်ပင်ဖြစ်သည်။ ရှင်ပြုရန်အရွယ်သို့ ရောက်လာပါက မိဘ ၂-ပါးသည် ဘုန်းတော်ကြီးအား လျှောက်ထားပြီး ရှင်ပြုရန် နေ့ကောင်းရက်သာကို ရွေးချယ်

---

၁Initiation ceremony

ကြသည်။ ရှင်ပြုပွဲများ ကိုများ သောအားဖြင့်တပေါင်း ၊ တန်ခူးနှင့်ကဆုန် လတို့၏ ရက်ရာဇာကျသော နေ့များ တွင်ကျင်း ပလေ့ရှိသည်။ ရှင်ဒါယကာ ၏ စီး ပွား ရေး အခြေအနေကိုလိုက်၍ ရှင်ပြုပွဲမှာအကြီး အသေး ကွဲပြား သည်။ မိဘတို့မိသား စုသီး သန့်ရှင်ပြုခြင်း များ ရှိသကဲ့သို့၊ လမ်း အလိုက် ၊ အဖွဲ့အလိုက်စု ပေါင်း ရှင်ပြုသောအလေ့အထများ ရှိသည်။ စီး ပွားရေးအ ခြေအနေကြောင့်ရှင်မပြုနိုင်သေး သူများ ရှိပါကစုပေါင်း ရှင်ပြုပွဲများ တွင်ထည့်သွင်း ကာရှင်ပြုပေး လေ့ရှိသည်။

ရှင်မပြုမီ ၂ ပတ်ခန့်အလိုတွင်မိဘများ က ဆွေမျိုး ညာတိနှင့်ခင် မင်သူများ ကိုဖိတ်စာများ နှင့်ဖိတ်ကြား ကြသည်။ တချို့ကလဘက်၊ ဆေးလိပ် တို့နှင့်တစ်အိမ်တက်ဆင်း လိုက်လံ၍ ဖိတ်ကြား လေ့ရှိကြသည်။ မောင်ရှင်လောင်း များ ကိုလည်း ရှင်မပြုခင်တလခန့်ကြိုတင်၍ဘုန်း ကြီး ကျောင်း သို့လွှတ် ကာ ဝတ်ပါး သီလများ ၊ သင်္ကန်း တောင်း များ ကိုဘုန်း တော်ကြီး များထံ မှ သင်ယူကျက်မှတ်စေသည်။ ကျောင်း၏ ဝေယျာဝစ္စများ ကိုလည်းဝိုင်းပန်းလုပ် ကိုင် စေသည်။

ရှင်ပြုခါနီး တွင်ရှင်ပြုမည့်သူ ( ဝါ) မောင်ရှင် လောင်းအား အနေအထိုင်ကိုဂရုတစိုက်ထိန်း သိမ်း ကြသည်။ သစ်ပင်မတက်ရန်နှင့်ရေမကူး ရန်ခရီး ဝေး မသွား ရန်တင်း ကြပ်စွာတား မြစ် လေ့ရှိသည်။ အဘယ့်ကြောင့် ဆို သော်ကုသိုလ် ကောင်း မှုပြုခါနီး အချိန်တွင်အနှောင့်အယှက်တစုံတရာဝင် တတ်သည်ဟုယူဆ၍ ဖြစ်သည်။ ရှင်ပြုရာတွင်ဇာတ်ကနား ပြုလေ့မရှိပေ။ ဇာတ်ကနား ဖြစ်နေပါကဘိုး ဘွားတော်တပါး ထည့်ပေး ရလေသည်။

ရှင်ပြုပွဲကျင်း ပရန် ၂-ရက်ခန့်အလိုမှစ၍ ပဒိုဓ္ဓရာ ( ၈ )မျိုး ခေါင်း အုံး ၊ ဖျာ၊ အိုး ၊ သောက် ရေအိုး ၊ အပ်ချည်၊ အပ်၊ ဆွန်း၊ ငှက်ပျော စသည့်ပစ္စည်း များ ကိုကြိုတင်ပြင်ဆင်ကြသည်။ အလှူအတွက်လာရောက်လုပ်ကိုင်

ပေး သောသူများ အား ဈေး ရန်မုန့်များ ကိုကြိုတင်ပြုလုပ်ကြသည်။ အလုပ်အတိုင် နေ့မှ ဝ၍ ရပ်ထွက်အတွင်း ၌အရိုး သမီး ၊ အရိုး သား များ သည် အလှူအိမ်သို့ကြိုတင်လာ ရောက်ကူညီကြသူများကိုအိမ်ရှင်တို့ကထမင်း ၊ မုန့်တို့နှင့် ဧည့်ခံ လေ့ရှိသည်။

ရှင်ပြုပွဲ နေ့နံက် စောစောတွင် မောင်ရှင်လောင်း သည် အိမ်၌ဘုရား ကိုဦး ချကန်တော့ရသည်။ ထို့နောက်မှ ငါးမြ၊ (ဖ)လမ်း ၌ရှိ တော်ရှင်နတ်ထွန်း သို့စီတန်း ၍သွား ရောက်ကာကွမ်း ၊ ကွမ်း သီး နံ့သာရေ၊ အမွေး တိုင်၊ ဖယောင်း တိုင်တို့ဖြင့်သွား ရောက်ပူဇော် မ သတော ရှင်လောင်း များ အား ပြသရသည်။ မောင်ရှင်လောင်း များ ၊ အန္တရာယ်ကင်း ရှင်း အောင် စောင့်ရှောက် ပေး ရန်အပ်နှံရသည်။ ထို့နောက်စနစ်တကျစီတန်း ၍ရှင် လောင်း လှည့်လာ ရှင်ပြုမည့်ကျောင်း သို့ သွား ရသည်။ ကျောင်း ကို ရောက်လျှင်လက်ယာရစ်သုံး ပတ်ပန်ပြီးမှ ကျောင်း ပေါ် တက်ကာ ကန် တော့ရသည်။ ကန် တော့ပြီး သည့်နောက်စီတန်း ၍ ရွာသို့ ပြန်ဝင်ကာ အတီး အမှုတ်အကအခုန်များ နှင့်ကြိုင်ကြိုင်ဆိုင်ဆိုင်လှည့်ကြပြန်သည်။ ရပ်ထွက်သဲ၌အိမ်များ မှလူများ ကလည်း ဖြဲဝသို့ထွက်ကာကြည့်ရှုရင်း ရယ်မော ကြည်နူး လေ့ရှိကြပါသည်။ မောင်ရှင် လောင်း (သို့) မိဘတို့က ပေါက် ပေါက် နှင့်ပိုက်ဆံအကြွေး များ ကိုလှည့်ရာလမ်း တလျှောက်ကြဲရာ ကောက်ယူသူများ ပျော်ရွှင်ကြပါသည်။

ရှင် လောင်း လှည့်ရာတွင် ရှေ့ဆုံး မှကန် တော့ပွဲရွက်သူက ဦး ဆောင်သွား ရသည်။ ကန် တော့ပွဲကိုတခါတရံ မောင်ရှင် လောင်း၏ မိခင် ကရွက် လေ့ရှိသည်။ ကန် တော့ပွဲတွင်အုန်း သီး ၊ ငှက် ပျောသီး ဆိုင်၊ကွမ်း-ဆေး နှင့်အခြား လှူဖွယ်ပစ္စည်း များ ပါဝင်သည်။ ကန် တော့ပွဲရွက် သူ၏ နောက်မှရှင် လောင်း ၏ ဖခင်၊ မခင်တို့ကသင်္ကန်း ၊ ပရိက္ခရာတို့လွယ်၍ လိုက်ရသည်။ ထို့နောက်ကွမ်း တောင်၊ ပန်း တောင်ကိုင်များ ၊ လိုက်ကြရ သည်။ ကွမ်း တော်ကိုင်သည်ရှင် လောင်း လှည့်ရာတွင်အ ရေးကြီး သော အဆောင် အ

ဖေါ်ဝ်တခုဖြစ်သည်။ ရှင်လောင်း လှည့်လည်ရာမှ တောင်ပန်း တောင်ကိုင် သူတို့အား ရွှေသွားအရိုး သမီး များ အား ငွေး ချင်းတဝန် ပေး လေ့ရှိသည်။ ၎င်း တို့၏ နောက်တွင်အရိုး သမီး ကန်စွက ဆောင်ရင် လောင်း၏ခေါင်းဆုံး များလိပ်၊ အိပ်ရာလိပ်တို့ကို ခေါင်း ပေါ် ရွက်၍လိုက်ပါလာကြသည်။ ထိုအရိုးသို့ များ၏ နောက်တွင်မှ မောင်ရင် လောင်း များ တပြင်းစီး၍ဖြစ် စေ၊ အချို့က ဝေါ်နှင့်ဖြစ် စေ၊ အချို့က ယောက်ျား တယောက်သင်း၍ဖြစ် နေလိုက် ပါ လေ့ရှိကြသည်။ သင်း ၍မှည့်ပါကတဦး မောင်လျှင်၊ အခြား တဦး ကတဝန် ယူနိုင်ရန် အား ထွင်လူ ၎ိသတ်သတ်လိုက်ပါရသည်။ ရှင် လောင်းမှည့်သည့်လူတန်းကြီး ၏ နောက်ဆုံးတွင်ကာလသားတို့ကအိုး စည်၊ ဒိုးပတ်တို့ကိုမြိုင်ဆိုင်စွာတီး မှုတ် ကခုန်ရင်း လိုက်ပါလာကြသည်။ ထိုအစီအစဉ်အတိုင်း ဇီတန်း တခုနှစ်ခုသို့လှည့် လည်ပြီး အိမ်ပြန်လာကြသည်။ ရှင် လောင်းလှည့်ပြီး သည့်နှင့်ကာလသား များ သည်အရှုံရှင် များ အား ငွေ ကြေး အနည်း ငယ်နှင့်အလဲအလှယ်လုပ်ရန် ရှင် လောင်း များ ကို၎ုက်သား လေ့ရှိကြသည်။ မောင်ရင် လောင်း ရွှေ သေ ငွေနှင့် ပေျာ်ပါး စွာ ချက်ပြုတ်စား ကြသည်။ အမှန်စင်စစ်ရှင် လောင်း၄က် ခြင်း သည် စေတနာ ကင်းသန့်မှုနှင့် ပျော်ရွှင်မှုပေါ်တွင်အခြေခံ သော အပြု အမူပင်ဖြစ်သည်။ ငွေ ကြေး ကိုအဓိကထား ၍ ဆောင်ရွက်ခြင်း မကျုတ် ပေ။ ထိုညတွင် မောင်ရင် လောင်း သည်မိမိ၏ နေအိမ်တွင်ပင်အိပ်စက်ရလေသည်။

နောက်တနေ့မနက် စော စော တွင် မောင်ရင် လောင်း အား ကျောင်း သို့ခေါ် သွား တာပရိတ်နာ စေပြီး သိမ်ချကြသည်။ သိမ်ချရာတွင်ဘုန်း တော်ကြီး များ က ရှ ပေး သည်။ ဓါးခင်နှင့်ဖခင်တို့က ဝတ်ဖြူစဖြင့်သိမ်ရသည်။ သိမ်ပင်သည့် ခေါင်း မှာဘဝ် သော မွန်မြတ်သည့်အရာဖြစ်၍ မြေ ပေါ် ချထား ခဲ့ပါ ကသူကပါ။ ခြေနှင့်နင်း မည်ကိုစိုး ရိမ်သဖြင့်ခံထား သည့်သဘောဖြစ်သည် ။ သိမ်ချနေသည့်အချိန်တွင်ဘုန်း တော်ကြီး များ က "တစပဉ္စက" တို့ရွတ်ဆို ကြ သည်။ ၎င်း ၏အဓိပ္ပါယ်မှာ (က) ကေသ (ခ) လောမ (ဂ) နခ (ဃ)ဒန္တ

(င) တစောတို့ဖြစ်သည်။

ကေသ ၏အဓိပ္ပါယ်မှာ - ဆံပင်

လောမ ၏အဓိပ္ပါယ်မှာ - ခန္ဓာကိုယ်မှ အမွေးအမျှင်

နခ ၏အဓိပ္ပါယ်မှာ - လက်သည်း ခြေသည်း

ဒန္တ ၏အဓိပ္ပါယ်မှာ - သွား

တစော ၏အဓိပ္ပါယ်မှာ - အရေပြားတို့ကိုသန့်ရှင်းရ မည် ဟူ၍ဖြစ်သည်။ ဆံချပြီး ရှင်တင်မှန်း ၊ အရေပြားများ နှင့် ခေါင်း လျှော်၊ ရေ ချိုး ရသည်။ ထို့နောက်တရား နာပရိတ်သတ်ရှေ့တွင် နေရာယူ စောင့်၍ဘုန်း တော်ကြီး ထံမှသင်္ကန်း တောင်း ပြီး သင်္ကန်း စီး ပေး လေသည်။ ကိုရင်ဝတ် နေစဉ်ရက်အတွင်း မိဘများ က ကျောင်း သို့ နေ့စဉ်ဆွမ်း ပို့ရုံး ဒါန်း ကြ သည်။ ရှေး အခါက မိဘ ကျေး ဇူး ဆပ်သည့်အနေဖြင့် ဝါတွင်း သုံး လပါတ်လုံးကို ရှင်ဘဝနှင့် နေ လေ့ရှိသည်။ ယခုအခါတွင်မူ (၇) ရက်ခန့်သာ နေ နေ့ ရှိ သည်။ အချို့က မိဘနှင့် ဆရာတို့ကိုရည်ရွယ်၍ ကုသိုလ်ရရန် (၉) ရက် နေ ကြေ့ရှိ သည်။ သတ်မှတ်ထား သော ရက်ပြည့်သည့် နေ့တွင်ကို ရှင်သိက္ခာချကာလူထွက် ရသည့် နေ့တွင်ဘုန်း တော်ကြီး က အသက်ရှင် နေသမျှကာလ ပါတ်လုံး တောင်း မှန်စွာ နေထိုင်ကျင့်ကြံသွား ရန်ဆုံး မဩဝါဒ ပေး လေ့ရှိသည်။

မွန်အမျိုး သား က လေး ငယ်များ အသက် ၂၀ ပြည့်လျှင်ပဉ္စင်း တက်ရ လေ့ရှိသည်။ အတိအကျဆိုရ သော်(၁၉) နှစ်နှင့် (၇) လတိတိပြည့်သော အခါပဉ္စင်း တက်ရ သောထုံး စံရှိသည်။ ပဉ္စင်း မတက်ရ သေး ဘဲ အိမ်ထောင်ပြု လေ့မရှိကြပေ။

ပဉ္စင်း တက်လျှင်ပထမဦး စွာပဉ္စင်း လောင်း အား ရှင်တင် ပေး ရသည်။ ရှင်တင်ရာတွင်ရှင် လောင်း အား တရေ၀်၊ တင်မှန်း ရည်များ ဖြင့်သန့်စင်ကာသင်္ကန်း တောင်း ရသည်။ ထို့နောက်

ဘုန်းကြီးကျောင်း၌ဥပဇ္ဈာယ်ဆရာတော်ဦးဆောင်ကာအနည်းဆုံးရဟန်း (၅) ပါးနှင့်သိမ်ဝင်ကာရဟန်းဖြစ်ရန်ကမ္မဝါစာရွတ်ရသည်။ ဤသို့သိမ်ဝင်သည့်အခါရဟန်းသံဃာတော်များအားစိတ်အာရုံဦးညွတ်၍ငင်း။ မြတ်စွာဘုရားအားအာနုဘော်ကိုယုံကြည်၍လည်းကောင်း၊ သပိတ်ဖွင့်ပုတီး၊ အဆောင်သည့်လေ့ရှိသည်။ သိမ်မှအထွက်မိဘဆွေမျိုးများ၊ မိတ်သင်္ဂဟများက လှူဖွယ်ပစ္စည်းများနှင့်စီတန်းစောင့်နေကာသိမ်ဆင်းလောင်းလှူကြသည်။ ပဉ္စင်းခံရာတွင်လည်းယခင်ကအနည်းဆုံးတစ်ဝါဝတ်ကြသည်။ ယခုအခါတွင် (၇) ရက်ခန့်သာဝတ်ကြသည်။ မိခင်ဖခင်တို့က ကျောင်းသို့နေ့စဉ်ဆွမ်းပို့ကြသည်။ အချို့ကဆွမ်းခံကြပြီးဆွမ်းဘုန်းပေးမှကုသိုလ်ရသည်ဟု ယူဆကာဆွမ်းခံစားကြသည်။ မွန်စံပြရွာသားများသည်ပဉ္စင်းခံပြီးမှသာအမည်၏ရှေ့တွင် "နိုင်" ဟူသောစကားလုံးကိုထည့်၍ခေါ် လေ့ရှိကြသည်။

(ဆ) <u>အပျိုလူပျိုဘဝ</u>

သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဟူသောဆိုရိုးစကား၌ရှိခဲ့သည်အတိုင်းမွန်အမျိုးသားအမျိုးသမီးငယ်တို့သည်လူပျိုဖော်၊ အပျိုဖော်ဝင်သည့်အချိန်မှစ၍မိမိတို့ဘဝတလျှောက်လုံးလက်တွဲသွားရမည့်ကြင်ဘက်သက်နှံကိုလူငယ်တို့ဘဝရှာဖွေကြသည်မှာဓမ္မတာပင်ဖြစ်သည်။ ထိုသို့ရှာဖွေရာတွင်မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရသတ်မှတ်ထားသောခွင့်ပြုချက်တားမြစ်ချက်များကိုလေးစားလိုက်နာကာမိမိနှင့်မိမိချစ်ခင်မြတ်နိုးမိသူ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းလေ့ရှိကြသည်။

မွန်စံပြရွာမှမွန်တို့၏ဘဝကြင်ဖော်ရှာသောဓလေ့ကိုလေ့လာကြည့်ပါကချစ်သူရှာရာတွင်လူငယ်တို့၏ပြုမူဆောင်ရွက်ချက်များ၊ စောင့်ထိန်းရသောစည်းကမ်းများ၊ သစ္စာတရားကိုတန်ဖိုးထားချက်များမိဘနှင့်သားသမီး၏လေးစားဖွယ်နားလည်မှုများ၊ လွတ်လပ်မှုအခွင့်

အရေးများကို စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရပါသည်။ မွန်စံပြ ရွာမှ မွန်တို့သည် သွေးရင်းသားရင်းခြင်း ကျူးလွန်မှု[၁] ကိုအထူးရှောင်ကျဉ်ကြသည်။ အဖေညီအကိုနှင့်၊ အမေညီအမ မွေးဝမ်းကွဲမောင်နှမ - များ[၂] လက်ထပ်ခြင်းကိုလည်း တားမြစ်ထားသည်။

ယောကျ်ားပျို၊ မိန်းမပျိုကလေးတို့သည် အရွယ်ရောက်သည်နှင့် တပြိုင်နက်ဆန့်ကျင်ဘက်လိင်အချင်းချင်း စိတ်ဝင်စားတတ်လာကြသည်။ ယောကျ်ားသားနှင့် မိန်းကလေး အပြန်အလှန် လေ့လာအကဲခတ်လာတတ်ကြသည်။ များသောအားဖြင့် အသက်(၁၅)နှစ်(၁၆)နှစ်အရွယ်တွင် ချစ်ရေးကြိုက်ရေးကိစ္စရပ်များကို အာရုံဝင်စားလာတတ်ကြသည်။ အရွယ်ရောက်လာသောလူပျိုများ အနေနှင့်လွတ်လပ်စွာလူပျိုလှည့်နိုင်ခွင့်ရှိကြ၏။ အပျိုများ အနေနှင့်လည်း မိမိထံသို့ စိတ်ဝင်စား စွာချဉ်းကပ်လာကြသူများထဲမှ မိမိနှင့်သင့်တော်မည့်သူကို စိတ်တိုင်းကျရွေးချယ်နိုင်ကြ၏။ အရွယ်ရောက်နေသည့်သမီး ပျိုရှိသည့်မိဘများကလည်း ``မန်းဖွဲ့ရာပျား ပိတုန်းလာ'' ဆိုသကဲ့သို့ လူပျိုကာလသားများသည် မိမိတို့အိမ်သို့ မလွဲမသွေ လာလိမ့်မည်ကို ကြိုတင်သဘောပေါက်ထားကြရလေသည်။

ရှေးအခါက မွန်လူမျိုးတို့သည် အသက်(၂၀)ပြည့်ပြီးသောအခါ တွင်မှသာ အိမ်ထောင်ပြုလေ့ရှိကြသည်။ ယခုခေတ်တွင်ကား အသက်(၂၀) မပြည့်ခင် အိမ်ထောင်ပြုနေကြပြီဖြစ်သည်။ မွန်အမျိုးသမီး အမျိုးသား ငယ် တို့မိဘတို့၏ အခွင့်အာဏာကိုအသုံးပြုကာ အတင်းအဓမ္မဝင်ရောက်စွက်ဖက် ခြင်း မရှိကြချေ။ သားသမီးတို့ကလည်း မိဘကိုမျက်နှာလွှဲခဲပစ်လုပ်ကာထင် ရာကိုင်း လေ့မရှိကြပေ။ မိဘတို့အနေနှင့်သား သမီးများ မှားယွင်း သောအိမ်ထောင်ဖက်ကို ရွေးချယ်မိခြင်းမျိုး၊ မဖြစ်စေရန်အကြံပေး ခြင်း ဆုံးမလုံးသွန်ခြင်းများ ပြုလုပ်ပေးပါကသား သမီးများက လေး စားလိုက်နာလေ့ရှိကြသည်။ အလားတူသား သမီးများကလည်း မိဘ တို့ လက်မခံနိုင်သောသဘောမကျသောသူအား ရွေး ~~ချယ်ခြင်း~~ ကိုတတ်နိုင်သ မျှရှောင်ကျဉ်ကြသည်။

---

၁။ Incest

၂။ Parallel cousins

မိမိတို့၏သားသမီးသည် အချိန်လည်း တန်နေပြီး ချစ်သူရည်းစားလည်း မရှိသေးပါလျှင်သားသမီးတို့အား ၎ဆင်အီး ပြီး မြင်း ရှိသည်ကိုသာ ရွေးလိုသည့်မိဘတို့သဘာဝအတိုင်း ကောင်း မွန်သင့်တော်မည့် အိမ်ထောင်ဖက်ကိုရှာဖွေကာ အိမ်ထောင်ချပေး လေ့ရှိကြသည်။ သမီးအား ထိုက်တန်ရည်မွန်သော အမျိုးသား နှင့်ဖူး စာဆုံစေလို၏။

လူပျိုကာလသားများ သည်မိမိတို့အိမ်တွင်ကူညီ ဆောင်ရွက်ရမည့်လုပ်ငန်း ဆောင်တာများ လုပ်ကိုင်ပြီး ချိန်နှင့်ကျန် သည့်အားလပ်ချိန်များ တွင်အမျိုး လူပျိုတို့ တွေ့ဆုံခြင်း ၊ လူပျိုလှည့်ခြင်း တို့ကိုပြုလုပ် လေ့ရှိပေသည်။

ဤဒေသမှ မွန်တို့သည်ရာသီအလိုက်လုပ်ခင်း ကိုင်ခင်း ကို အကြောင်း ပြု၍လည်း ကောင်း ၊ ရာသီပွဲသဘင်များ ကိုအကြောင်း ပြု၍လည်း ကောင်း ၊ ဘာသာရေး ဆိုင်ရာပွဲလမ်း သဘင်များ ၊ လူမှုရေး ဆိုင်ရာပွဲလမ်း သဘင်များ ကိုအကြောင်း ပြု၍လည်း ကောင်း ၊ ညနေခင်း ရေခပ်သင်း ခြင်း ကြောင့်လည်း ကောင်း ၊ အကြောင်း ဤစု အမျိုး မျိုး ဖြင့်သွား လာလှုပ်ရှား ရာလူငယ်သဘာဝတစ်ဦး နှင့်တစ်ဦး - တွေ့ဆုံရင်း နှီး ကြသည် စိတ်ဝင်စား ဂရုပြုမိတတ်ကြသည်။

မွန်စံပြရွာသား များ သည်လယ်ယာလုပ်ငန်း ကိုအဓိကထား လုပ်ကိုင်ကြရာလူပျို၊ အပျိုများ သည် ကောက်စိုက်၊ ပျိုး နှုတ်၊ ကောက်ရိတ်ရန် အတွက်လယ်ထဲယာထဲဆင်း ကြရင်း တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဝိုင်းဝန်းကူညီ လေ့ရှိကြ၏။ အပြန်အလှန် ချေး မွေး လေ့ရှိကြ၏။ သို့ဖြင့်လုလင်ပျိုနှင့်လုံမပျိုများ တွေ့ဆုံရင်း နှီး လာတတ်ကြ လေသည်။ လုလင်ပျိုသည် မိမိမြတ်နိုးမိသော လုံမပျို၏လုပ်ငန်း များ ကိုအား ကြိုး မာန်တက်ကူညီ ဆောင်ရွက် ပေး ခြင်း ဖြင့်အရွှမ်း အစပြုရုံသာမက ယောက္ခမ လောင်း ရှေ့တွင်မိမိ၏လုပ်ရည်ကိုင်ရည်ကို မသိမသာပြသ လေ့ရှိသည်။

ထိုသို့လုပ်ကိုင်နေစဉ်အတွင်း မိမိ၏သဘောထားကို ဝိန်းခလေး ရိပ်စားမိစေရန်လည်း အမူအရာပြသကြသည်။ အခါအခွင့်သင့်ပါက "နှမနှင့်မောင်ကြီး သည်အိမ်ထောင်သည်ဘဝဖြင့်နိုး တူဘော်ဖက် အကျိုးတူဆောင်ရွက်ခွင့်ရပါကဘယ်လောက်ကောင်း မလဲ" စသည့်စကားမျိုး ကိုကျီစယ်ရင်း ပြောဆိုတတ်ကြသည်။ ဝိန်းခလေး ကသဘောကျပါက "ဒီလိုအတူတူနေချင်ရင်အမြန်ကြီး စား ပေါ့"ဟုပြန်လည်ပြောဆိုလေ့ရှိသည်။ ဤသို့အပြန်အလှန်စကား ပြောနေစဉ်လုံမပျို၏ ဖမျှားရောက်ရှိလာပါကအခြေမပျက်၊ နေထိုင်ကာတခြားစကားများကို ပြောဆိုလေ့ရှိ၏။ ၎င်းတို့၏ ရိုးရာသုံးတမ်းစဉ်လာအရမိဘမောင်ဘွားများ ရှေ့တွင်ချစ်ကြိုက်စကား ပြောဆိုခြင်း သည်ရိုင်းစိုင်းသည်ဟုယူဆသော ကြောင့်ဤသို့မပြုမိအောင် ရှောင်ကျဉ်ကြခြင်းဖြစ်သည်။ မိဘများကရိပ်မိခဲ့လျှင်လည်း သားသမီးများ စိတ်ဆင်းရဲမည်ကိုစိုး သဖြင့်ဆူပူကြိမ်းမောင်းခြင်း အတင်းအကြပ်ချုပ်ချယ်ခြင်း များ မပြုလုပ်ကြပေ။ တစေ့တစောင်း စောင့်ကြည့်ခြင်းမျိုး ဖြင့်သာသိန်း ပေးတတ်ကြသည်။

မွန်စံပြရွာသားတို့သည်ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့် အညီ ၁၂-ရာသီကာလပါတ်လုံး ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များ ယဉ်ကျေးမှုဆိုင်ရာပွဲလမ်းသဘင်များ ကိုကျင်းပလေ့ရှိကြပေသည်။ ထိုသို့ကျင်းပရာတွင်အသင်းအဖွဲ့များ ကဦးဆောင်ကာလူရွလူဝေးနှင့် တပျော်တပါးကျင်းပမြဲဖြစ်သည်။ သက်ကြီးရွယ်အို၊ လူရွယ်လူလတ်၊ ကာလသား၊ ကာလသမီး မှအစကလေးသူငယ်များ ပါမကျန်ပါဝင်ဆင်နွှဲလေ့ရှိကြသည်။ ထိုကဲ့သို့သောပွဲမျိုး တွင်လုလင်ပျိုလုံမပျိုများ ရွေးဆုံရင်းနှီးခွင့် အများဆုံး ရတတ်ကြသည်။ ဥပမာ-ဝါဆို၊ ဝါခေါင်နှင့်တော်သလင်း လများ တွင်ဥပုသ်နေ့တိုင်းဘုန်းကြီးကျောင်း၌ညအိပ်ဥပုသ်စောင့်သော ရပ်ရွာလူကြီး၊ မိဘ၊ ဥပုသ်သည်များ အတွက်နောက်တနေ့နံက်တွင်ဥပုသ်

ဆွမ်း ပို့ရ လေ့ရှိသည်။ ထိုကဲ့သို့ဆွမ်း ပို့ရန် ချက်ပြုတ်ရ သော အသင်း (၂၀) ခန့်ရှိ ပေသည်။ အသင်း တစ်သင်း လျှင်တစ်အိမ်နှုန်း ဖြင့်ရွာထဲရှိအိမ်ပေါင်း (၂၀) ခန့်တွင်ဥပုသ် နေ့ညဘက်၌ဆွမ်း ချက် လေ့ရှိကြသည်။ ဥပုသ် နေ့ ည၌ အောက်လင်း ဓါတ်မီး (သို့)လျှပ်စစ်မီး များ ထိန်လင်း နေသော အိမ်ကို တွေ့ပါက ဆွမ်း ချက်ရန်တာဝန်ယူသည့်အိမ်ဟုသိသာနိုင် ပေသည်။ ထို အသင်း များ တွင်တာလသမီး ၊ တာလသား အား လုံး ပါဝင်ကြသည်။ အ ဖွဲ့အစည်း အလိုက် ဆောင်ရွက်ခြင်း မျိုး ဖြစ်သဖြင့်မိဘများ ကလည်း တာဝန်ယူ ချက်ပြုတ်မည့်အိမ်သို့ မိမိတို့၏သမီး ပျိုများ ကိုစိတ်ချလက်ချ ညအိပ်လွှတ် ကာ ပါဝင် ဆောင်ရွက် စေသည်။

ဤကဲ့သို့ သောအချိန်ကာလ မျိုး သည်လုလင်ပျိုတို့အတွက် မိမိတို့ စိတ်ဝင်စား သောလုံမပျိုများ နှင့်ရင်း နှီး မှုရယူရန်အကောင်း ဆုံး အချိန်အခါပင်ဖြစ် လေသည်။ မိမိစိတ်ဝင်စား သူနှင့်တသင်း ထဲဖြစ်ပါက ပို၍အဆင် ပြေသည်။ မိမိမြတ်နိုး သူသည်အခြား တသင်း မှဖြစ် နေလျှင်လည်း ပြဿနာမရှိလှ ပေ။ ထိုအခါ မပျိုပါဝင် သောအသင်း ဆွမ်း ချက်သည့်အိမ်သို့ သွား ရောက်ကာကူညီ ဆောင်ရွက် ပေး ခြင်း ၊ ညဘက်တွင်ဝင် ရောက် ကစား ခြင်း များ ပြုလုပ်ကာရင်း နှီး မှုရ အောင် ဖန်တီး နိုင်သည်။ ဆွမ်း ချက်သူများ သည်အိပ်ချင် ပြေ စေရန်အပြင်း ပြေ ရှိုညင်း ထိုး ခြင်း ဖြေး ပစ်ခြင်း များ ကိုအလုပ်အား ချိန်တွင်ကစား လေ့ရှိကြသည်။ ထို သို့ ကစား ခြင်း ကြောင့်လုလင်ပျိုလုံမပျိုတို့ ပျော်ရွှင် နိုင်ကြပြီး ၊ မရင်းနှီးသေး သူများ မိတ်ဆွေဖြစ်ကာရင်း နှီး ခင်မင်သွား ကြသည်။ အတူကစား နေစဉ်အမျိုး သား က "နှမကဘယ်သူ့ရဲ့သမီး ပါလဲ၊ အခုလိုကစား နေရင်း သိခွင့် ရသဖြင့်မောင်ကြီး အနေနှင့်အလွန်ပင်ဝမ်း မြောက်မိပါတယ်" စသည်ဖြင့် ပြော လေ့ရှိပြီး အမျိုး သမီး က " နှမက တော့မည်သူမည်ပါ ၏

သမီး ဖြစ်ပါတယ်၊ ခုလိုကစား ရင်း သိကျွမ်း ရသဖြင့် မောင်ကြီးကိုလည်း ခင်မင်မိပါတယ်၊ နောင်ကို တွေ့ရင်လည်း ခေါ် ပြောဆက်ဆံနိုင်ပါတယ်" ဟုရိုး ရိုး သား သား ပြန် ပြော လေ့ရှိကြသည်။ အချို့ကာလသား များတမူ မိမိနှစ်သက် နေသည့်အပျိုကိုကစား နေရင်း "နှမနှင့်သာ ခုလိုကစား နေရပါလျှင် မောင်ကြီး ဘယ်တော့မှ မမော နိုင်ပါ၊ ဒီလိုသာ တသက်လုံးအတူယှဉ်တွဲ နေရပါလျှင်သိပ် ပျော်မိမှာပဲဟုမတီတတီ ရေရွတ် စကား စပါက မိန်း မပျိုကမျက် စောင်း လေး ထိုးကာ "ကုသိုလ် ရေး အထွတ်ကြီး စား နေရတဲ့ နေ့တခြား အပိုစကား တွေ ဒီမှာလာပြီး မ ပြောရဘူး "ဟုဟန့်တား သလိုနှင့်တုံ့ပြန် ပြောဆို လေ့ရှိကြသည်။

ရပ်ထဲရွာထဲတွင်ရံဖန်ရံခါကျင်း ပတတ် သော ဇာတ်ပွဲ၊အငြိမ့် ပွဲများ ကြည့်ရှုရာတွင်လည်း ကောင်း ၊ ရှင်ပြုပွဲ တော်၊သင်္ကြန်ပွဲ တော်၊ကထိန်ပွဲ တော်တို့တွင်ပါဝင် ဆောင်ရွက် နေ သော အပျိုများ ထဲမှာလည်း လူပျိုများ တနှစ်သက်ရာ၊ ရှာဖွေ၍ခင်မင်မှုရ အောင်နည်း မျိုး စုံ ဖြင့် ကြိုး ပမ်း ကြသည်။ ဤကဲ့သို့လူစုလူဝေး နှင့်ကျုံး ပရ သော ပွဲ တော်ချိန် ခါ များ တွင်လုံမပျိုများ၏ဝတ်စားဆင်ကာ လူပျိုကာလသား များ အား မိမိတို့၏ရူ ပါရုံအလှတွင်ယစ်မူး စေသည်။ လူပျိုကာလသား များ ကလည်း ဝတ်စား ပြင်ဆင်ကာ မိမိတို့စိတ်ဝင်စား သော မိန်း မပျိုလေး များ ၏ ရှေ့တွင် ဟန် ရေး ပြ နေ လေ့ရှိကြသည်။

အချို့သော ကာလသား များ သည် ခြေခင်း လက်ခင်းသိ သော ညနေဘက်များ တွင်လမ်း ဆုံလမ်း ခွ၌အုတ်ခုံများ ၊ အရိပ်ခိုနားဇရပ် နေရာများ တွင်စုရုံး ထိုင် နေတတ်ကြသည်။ ကိစ္စကြီး ငယ်များ ဆောင် ရွက် ဖွယ်ရှိသည့်အခါမျိုး တွင် မိန်း မပျိုများ ကအပြင်သို့ထွက်ကာ ဖြတ်သန်းသွား လာတတ်ကြသည်။ ထိုသို့ထွက်လာရာတွင်လည်း သပ်ရပ်စွာပြင်ဆင်ထုံး ဖွဲ့ ထား တတ်ကြသည်။ ထိုအခါမျိုး ဝေး ၍ထိုင် နေ သော ကာလသား များ အဖို့ကြည့် ရှု

ဖြင့် ရွေ့နိုင် ပေသည်။ လူဝင်ရိုတစ်ဦး သည် မိမိတို့အနီး မှဖြတ်သွားသော်လုံ မ ရှိမှား သဲမှတစ်စုံတစ်ဦး ကိုမျက် စေ့ကျမိသည့်ပါကအနီး အပေါ်း ထွင်၍သော် သူ ဝယ်မျင်း မှား ဆီဦး နှာစုံစမ်း မေး ဖြန်း ရသည်။ သီပါကအဆင်ပြေ သော်လည်း မသိသါတဝ်နီး မရှိ၍ နေခက်သို့လိုက်ဟာနာမည်၊ နေထိုင်ရာ ရပ်ကွက်၊ နေအိမ်တို့ကိုယဉ် ကျေး နှာ မေး ဖြန်း စုံစမ်း လေ့ရှိသည်။ သူ မနှင့်ရင်း နှီး သူမှား ကိုဒွာ မေး၍လည်း ချဉ်း ကပ်စုံစမ်း လေ့ရှိသည်။ မိမိနှစ်သက်သူ၏အချစ်ပန်း ကိုရနိုင်ရန်မိန်း မရှိ၍ အိမ်ကိုသိရန်လိုသည်။ အိမ်ကိုသိမှသာနီး စပ်ချို့လမ်း စပေါ်လာနိုင်ပေသည်။

မှန်စံပြဒွာထွင်ရေထွင်း ရေတာန်တို့ကိုသာအား ကိုးနေ ရ သည့်အတွက် သော်ရေ၊ သုံး ရေခက်ရန် ရေခပ်သွား ရသည်။ ၎င်းသို့ ရေ ခပ်ရင်း လူရွယ်ကြည့်ကြသူမှား လည်း ရှိသည်။ နေညှိချိန်၊ တိမ်တောက် ချိန် ထွင်လိုမရှိမှား သည်နှင့်သာလိမ်း တာ ရေခပ်ဆင်း လေ့ရှိကြသည်။ ကာလ သား မှား တလည်း ရေအမ်း ထုံးစံဖြင့် ရေခပ်သွား ကြသည်။ ထိုသို့သွား လာရင်း မိမိ၏ဖူး စာရှင်ကိုမယ်ဖသာရှာဖွေ၍သာနည်း လမ်းရှိသည်။ မည်သည့်နည်း ကိုသုံး စေကာမူ နေအိမ်ကိုသိရန်အဓိကထား စုံစမ်းရသည်။ အိမ်သိမှသာမိမိတို့ရှိ၍ ရာအောက်ကျိတ်ဝ လေ့ကိုအသုံး ပြု၍ နှစ်ကိုယ်ကြားစ ရေး ဖန်တီး နိုင်မည်ဖြစ်ပေသည်။

မှန်စံပြဒွာသား တို့၏အရှိ လူရှိ အဝထွင်ရိုး ရာမ လေ့ထုံစံ ဖြစ်သည့်အောက်ကျိတ်ဝ လေ့ခေါ်လက် ပေါက်ကျိတ်ဝ လေ့သည်အထူး ပင်အ ရေး ပါအရာ ရောက်၍ ပေသော်။ " အောက်ကျိတ် " ဟူသော ဝေါဟာရ၏အနက် အဓိပ္ပါယ်မှာလူဝင်ရိုကစ်ဦး သည် မိမိနှစ်သက်သည့်အမျိုး သမီး တဦး အိမ် သို့ ညအခါသွား ရောက်ပြီး သူမအိမ် သောအိမ်ခန်း အောက်မှ နေ၍သူမအား

အိပ်ယာမှနိုး လာအောင်ကြမ်း ကြား မှအုန်း ဍှက်ယေဖြင့်ဆိုး ဍှ်ဂိုး ပြီး ချစ်ရေး ဆိုခြင်း ၊ ချစ်စကား ကြိတ်စကား များ ကိုအပြန်အလှန် ပြော ဆိုကြခြင်း ပင်ဖြစ်သည်။ ဤတွင်လာရောက် သောသူပျိုကိုမနှစ်သက်ပါက အပျိုကအိပ်ယာမှမထဘဲ၊ ဆက်အိပ် လေသည်။ ထိုအခါလူပျိုကသူအား မနှစ်သက်မှန်း သိ၍ပြန်သွား ရလေသည်။ အချို့သောမှန်ကျေး လက်ဒေသများတွင် သမီး ပျိုများ အိပ်သည့်အိပ်ခန်း ၎အိပ်ယာခေါင်း ရင်း နေရာ တွင် လက်တဖက်စာဝင်နိုင် သောကြမ်း ပေါက်များ ရှိသည်ဟုသိရသည်။ မှန်စံပြတွင်ကား ဤမှုကြီး မား သောအပေါက်မျိုး မရှိပေ။ အောက်အိုက်ချန်ကြမ်း ကြား ပေါက်များ ကိုသာအသုံး ပြုကြ လေသည်။

အောက်အိုက်လာသောလုင်ပျိုသည် စိမိနှစ်သက်သူ၏အိမ်ဂီဝ်ခါ အတိုင်း လာပြီး နောက်တွင်စိမိနှစ်သက်သူ၏အိပ်ခန်း နေရာကိုအတိအကျ တူး စမ်း ရှာဖွေ ရ သည်။မိန်း မပျို၏သူငယ်ချင်း နှင့်ရင်း နှီးသူများ ထံမှအိပ်ခန်း နေရာကိုကြိုတင်စုံစမ်း ထား ပြီး သောလုင်ပျိုများ အတွက်မှုအခက်အခဲမရှိလှ ပေ။ အိပ်ခန်း အိပ်ယာ နေရာများ မှားရန်အရေး ကြီး လှပေသည်။ လုံမပျို၏အိပ်ခန်း မဟုတ်ပဲအခြား သူများ ၏အိပ်ခန်း(သို့) လူကြီး မိဘများ ၏အိပ်ခန်း ကိုမှား မှင်း ၍း မိပါကလုင်ပျိုအတွက်အသေခံပြေ တော့ပေ။

အချို့ကမူ မိန်း မပျိုအိပ်သည့်နေရာကိုအတိအကျသိလိုပါက ခေါင်း လိမ်းဆီအနံ့ရသည့်နေရာကိုလိုက်၍ ရှာကြသည်ဟုဆို လေ့ရှိကြသည်။ အကြောင်း မှာအခြား လူပျိုတာလသား များ သည်လာရောက်ချစ် ရေး ဆိုစဉ်ခေါင်း လိမ်း ဆီနံ့သည့်မိန်း မပျိုအိပ်ခန်းကြမ်းပြင်တွင်စွဲ၍ကျန် နေ လေ့ရှိသည်ဟုယူ ဆပြီး ရှာ ဖွေခြင်းဖြစ်သည်။ ဤအရပ်မှအိပ်များ သည်များသောအား ဖြင့်– ခြေတံရှည်အိမ်များ သာဖြစ်သဖြင့်ကြမ်း ပေါက်ကိုမှ် စေ့ရန် အောက်မှ ရ စရာပစ္စည်း များ ကိုရှာပြီး ရမှသာအဆင် ပြေမည်ဖြစ်သည်။

အောက်ဆိုက်ဝေ လေ့ထွင်လုပ်ငန်းရှိတို့အဓိကအသုံး ပြုသောပစ္စည်း မှာအရေး ပိုင်း၌ ထောင့်မှန်ပုံသဏ္ဍာန်ရှိ ထား သောအုန်းရွက် က လေးပင်ဖြစ်သည်။ နေရာ သောရောပါကအုန်းခွက်က လေးကိုကြမ်း ပေါက် ထဲ ထိုး သွင်းတါလက်နှင့်လှည့်လိုက်ရသည်။ ထိုသို့လှည့်လိုက် သောအခါဂိန်း မရှိ တ် ခဲ့သောတိုယ်နှင့်ထိကာ နိုး လာမည်ဖြစ်ပြီး ဝိဝိသံ အောက်ဆိုက်လာသူ၌ နေ ကြောင်းဂိန်း ခ လေး ရိဝ်မိသွားမည်ဖြစ်သည်။ နိုး လာ သောအသံကြား ပါကလုပ်ငန်းရှိသည့်ဝိမိန်အာမည် နေရာ၏၊ အလုပ်အကိုင်တို့ကို ပြောသိုမိတ်ဆက် တါ ဝိဝိခံစားနေရသမှုကိုဂိန်း မရှိအား ဖွင့်ဟ ပြောဆို လေ တော့သည်။ ဂိန်း မရှိကလည်း တခွန်း စနှစ်ခွန်း ပြန်လည် ပြောဆိုသည့်ပုံကဲ့သို့ ပြောဆိုပြီး နောက်ည များ တွင်လည်း လုပ်ငန်းရှိတာဆက်၍ အောက်ဆိုက်သွား လေသည်။

လုပ်ငန်းရှိသည့်ဂိန်း မရှိထံ အောက်ဆိုက်လာ နေစဉ်လမ်းဘက် သို့ လည်း မကြာခဏအကဲခတ်ရသည်။ အကြောင်း မှာ မိဘကဲ့သို့ အောက်ဆိုက် လိ သူများ ရှိတတ်၍ဖြစ်သည်။ အခြား အောက်ဆိုက်လာသူများ ရှေ့ပါက ဝိဝိ ရောက်နေမှန်း သိရန် ဆေး လိပ်မီး တို့ဖြင့် နေ ရာကိုမှ ပြလိုက်ရသည်။ ထိုအခါအခြား သူများ က ရှောင်သွား ကြသည်။ အနော်က်အမှုက် ပေး လေ့ မရှိကြ ချေ။ ဂိန်း ခ လေး တွင်ချစ်သူရှိ နေပြီး သား ဖြစ်ပါကလည်းသတ်လက် မ နောက်မှုက် တော့ ပေ။ တခါတရံ ဂိန်းမရှိ၏ ဖခင်များ၊ အကိုများအပြင် မှပြန်လာတတ်သည်နှင့်လည်း ကြုံကြတတ်သည်။ သမီး ရှိအဒွယ်၌ သော အိမ်မှ ဖခင် နှင့်အကိုများ ကလည်း ညဘက်အပြင်မှပြန်လာ၍ လှမ်းခြိမ်းသို့အမှတ်တမဲ့ဝင်မသွား ရ ပေ။ ဝိဝိတို့၏သမီး (သို့)ညီမထံ အောက်ဆိုက်လာ သောတာလသား များ ရှိတတ်သည်ကိုသတိပြုရမည်ဖြစ်သည်။ များ သောအား ဖြင့်အသံပြုပြီး မှသာ ဝင် လေ့ရှိကြသည်။

ဂိန်း မရှိအ နေနှင့်တိုလုပ်ငန်းရှိအ ပေါ် ဝိတ်ဝင်စား မှု၌ ပါလျှင် ထိုရက်များ အတွင်း လုပ်ငန်းရှိ၏အကြောင်း အဆိုး အကောင်း တို့ကိုစမ်းထား တတ်ကြသည်။ လုလင်သည်အကျင့်စာရိတ္တ ကောင်း မွန်၍ပျိုး သား ဖြောင့်မတ်

သူဖြစ်ကြောင်း မှန်ကန်ပါက မိမိကလည်း စုံမက်နေပြီဖြစ်လျှင် နောက်ညများ၌ စကား ပြန်၍ ပြောဆိုတတ် တော့သည်။ ထို့နောက် ချစ်သူဘဝသို့ကူး ပြောင်း ကာ ချစ်တင်း နှောကြသည်။ ဘဝ ရေးရေး ဆွေး နွေး တိုင်ပင်ကြသည်။ ရှေးအခါ က ချစ်သူအချင်း ချင်း တဗျာလင်္ကာများ ကိုအသုံး ပြု၍ အပြန်အလှန် စကားပြော လေ့ရှိ သော်လည်း ယခုခေတ်တွင်ထိုကဲ့သို့မ ပြော တော့ပဲသာမာန် ပြော ရိုး ပြောစဉ်အတိုင်း သာ ပြောဆိုကြ တော့သည်။

မွန်ရိုး ရာ အောက်ကြိုက် ဓ လေ့သည် ချစ်တင်း နှော၍စ ကား ပြောကြရန်သာဖြစ်ပြီး တခါတ် မြောက်ကျူး လွန်ရန်အခွင့်အရေးအလွန်နည်း ပါး လှသည်။ ထို့ကြောင့်မိဘများ အနေနှင့်မိမိတို့သမီး များ အတွက်အထူး တ လည်ပူပန် ကြောင့်ကျ ရန် မလို တော့ပေ။ ဤဒေသမှအရိုး သား အရိုး သမီး– လေးများ သည်တစ်ဦး နှင့်တစ်ဦး မေတ္တာသက်ဝင်ပြီး ပါကလည်း တစ်နေရာ သို့ချိန်း၍သွား ခြင်း မျိုး ကိုအထူး ရှောင်ကျဉ်ကြသည်။ အဘယ် ကြောင့်ဆိုသော် မိမိတို့၏အ နေအထိုင်ချုပ်ချယ်ခြင်း မှုကြောင့်မိဘညီအကို မောင်နှမ များ ဂုဏ်သိ က္ခာ ကျဆင်း မည်ကိုမလိုလား သော ကြောင့်ဖြစ်သည်။ လွန်လွန်ကျူးကျူး ဖြစ်ခြင်း နှင့်ရိုး ရာလိုက် ပြေး သည့်ဦး ရေ မှာလည်း အထူး နည်း ပါး လှသည်။ အကယ်၍ မလွှဲမ ရှောင်သာဖြစ်ခဲ့ပါကညတွင်း ချင်း ခေါ် ပြောကာ လူကြီး များကတာဝန် ယူမှာသာ ယောကျ်ား ဘက်ကိုပြန်လွှတ် ပေး လေ့ရှိသည်။ ထိုကဲ့သို့ သောသူ မျိုး ရှိပါ က ရွာ တော်ရှင်မ ကျေနပ်၍ ရွာနာသည်ဟုယူဆ သော ကြောင့်နတ်ကွန်း သို့သွား ရောက်ကာ တောင်း ပန်ရသည်ပူ ဇော်ပသရသည်။

မိန်း မဘက်နှင့်ယောကျ်ား ဘက်တရား ဝင်ချစ်သူများ ဖြစ် ပါက ချစ်သူတို့ဘဝ ချစ်သက်လက် ဆောင်များ ကိုအပြန်အလှန် ပေး လေ့ရှိကြသည်။ ရွှေ ငွေအဘိုး တန်ပစ္စည်း များ ကို ပေး ခြင်း ဖြစ်သည်။ သမီး ရည်း စား ဖြစ်နေ စဉ်ကာလအတွင်း မှာပင်တစ်ဦး နှင့်တစ်ဦး စိတ်သ ဘောထား ခြင်းမတိုက် ဆိုင် တော့ပဲညှိနှိုင်း၍ မဖြစ်နိုင် တော့ပါက ပေး ပြီး သား လက် ဆောင်ပစ္စည်း

များကိုပြန်နှုပ်ခြင်းဖြင့်အဆက်အသွယ်ဖြတ်နိုင်သည်။ အမျိုးသားများ ၏ အဆက်အသွယ်ဖြတ်လိုပါက အောက်နှိုက်လည်း မသွားတော့ပေ။ ဤသို့သောနည်းများဖြင့်လမ်းခွဲလေ့ရှိကြသည်။

ရှေးအခါတုန်းကမူအမျိုးသားများသည်အမျိုးသမီး၏ယောက်အိမ်သို့ သွားရောက်ကာမိသားဖသားပီပီလုပ်ကျွေးပြုစုကြသည်။ ထိုသို့လုပ်ကျွေးပြုစုလာမည်ကိုသိသောဖခင်နှင့်အတိုများ တတနည်းနည်းဖြင့်အိမ်မှ ရှောင်ပေးလေ့ရှိကြသည်။ မိခင်တမူအိမ်မှကိစ္စတခုခုကို ဆောင်ရွက်ရင်းသမီး အပျို အဖိုးတွင်နေတာမိမိ၏သမက်လောင်းဖြစ်လာနိုင်သူကိုတ ရေ့တစောင်းအကဲခတ်လေ့ရှိသည်။ ထိုလာရောက်သောလုလင်သည်အစားကိုအရင်စားသူလော၊ အလုပ်ကိုအရင်လုပ်သူလောဟုသိသာစေရန်ဧည့်ခံသောအစားအသောက်နှင့် စကားပြောရင်း ဆောင်ရွက်နိုင်သောအလုပ်တခုခု ဥပမာ–နှီးထိုးရန် ဓါးနှင့်ဝါးကိုအနီးတွင်ချပေးထားလေ့ရှိသည်။ အလုပ်ကိုအရင်လုပ်သူဖြစ်ပါက မိဘများကသဘောကျလေ့ရှိကြသည်။ လုလင်ပျိုများကလည်း မိမိမြတ်နိုးမိသူနှင့်ယောက္ခမလောင်း၏ရှေ့တွင်မိမိ၏ကျွမ်းကျင်လိမ္မာမှုကိုအစွမ်းကုန် ပြသလေ့ရှိသည်။

လုပျိုလှည့်ရန်လာသောလုလင်ပျိုသည်လုံမပျိုနှင့်တခါမှအဆက်အသွယ် မရှိသေးလျှင်သူမနှင့်ရင်းနှီးသော ယောကျ်ားလေး အဖော်များ အား ကိုးနှင့်ဦးစွာလုပျိုလှည့်လေ့ရှိသည်။ ရင်းနှီးသွားမှသာအဖော်မလိုဘဲ တယောက်ထဲလာသည်မှန်း မပျိုအိမ်သို့မိမိအရင်လုပျိုလှည့်ရန်ရောက်နှင့်သူရှိ ပါက မလာတော့ဘဲ ရှောင်ပေး လေ့ရှိသည်။ မနှောင့်ယှက်ကြချေ။ လုလင်ပျိုနှင့် လုံမပျိုတို့သည်ချစ်ကြောင်းကြိုက်ကြောင်းများကိုသမရိုးကျပြောရိုးပြော စဉ်အတိုင်း ပြော၍အချီအချတဦး၏ဥာဏ်ရည်နှင့်ဗဟုသုတကိုတဦး တစမ်းသပ် သောအားဖြင့်စကားထာဝှက်ကြသည်။ အထက်ပါနည်းအတိုင်း လုပျိုလှည့်ခြင်း ဖြင့် ၂–ဦး ၂–ဘက်သဘောမှန်လျှင်မိန်းမပျိုက ယောကျ်ားပျိုအား မေတ္တာ ကို

လက်ခံ ကြောင်း ပြသည့်အနေနှင့် ကျောက်ပြင်တွင်သနပ်ခါး သွေး ကာ လုပ်အား လိမ်း ပါဟု ပေး လေ့ရှိသည်။ လုပ်ပို့ကသနပ်ခါး ကိုပါး ကွက်ကွက်၍အိမ် ပေါ်ကဆင်း လာလျှင်မြင် တွေ့သူများ က ၎င်း တို့၂-ဦး ချစ်သူဘဝသို့ ရောက်ရှိသွား ကြောင်း သိနိုင်သည်။ တဆင့်စကား တဆင့်နား နှင့်သိရှိသွားသူများကထိမ်းမပိုထံလူပို့လှည့်မလာကြတော့ချေ။ နောက်ပိုင်းတွင်ဤဓလေ့ ကျင့်သုံး သူနည်း ပါး သွား ပြီး ဖြစ်သည်။ မွန်တို့၏ ရိုး ရာ အောင်နိုက်ဓလေ့ကို သိအသုံးများ သည်။ ယခု ခေတ်တွင်မိန်း မပျိုအိမ်နှင့်မနီး မဝေး တွင် ဂစ်တာများ တီး ကာအသံပြုသော ဓလေ့ကိုလည်း သုံးစွဲလာကြသည်။

ဇ) ဧ့စဝ် ကြောင်း လမ်း ခြင်း

မွန်စံပြရွာမှမိဘတို့သည်မိမိတို့၏သမက် လောင်း၊ ချွေးမ လောင်းများအား ဆင်းရဲ၊ ချမ်းသာခြင်းထက်စာရိတ္တ ကောင်းမွန်သူ ၊ ရို း ကြောင်းသူ၊ အလုပ်ကြိုး စား သူ၊ လူကြီး များ အား ရိုသေတတ်သူများကိုသာဖြစ်စေလိုကြသည်။ မိမိတို့၏သားသမီး များကိုလည်းထိုအရည်အချင်း များ နှင့် ပြည့်စုံသူများ ကိုသာအိမ် ထောင်ဖက်အဖြစ် ရွေး ချယ်တတ် စေရန်ငယ်စဉ်ကစ၍သွန်သင် လေ့ရှိကြသည်။ ထို့ကြောင့်လူငယ်ချင်း နှစ်သက်သူများ သည်လူကြီးများ လက်ခံနိုင်သူများ သာဖြစ် လေ့ရှိသည်။ လူကြီး မိဘသဘောမကျသဖြင့် နိုး ရာလိုက်ရသောအိမ် ထောင်ရှင်ဦး ရေမှာအလွန်နည်း ပါး လှပေသည်။ လူငယ်ချင်း မေတ္တာမျှနေစဉ်နှစ်ဘက်မိဘများကအပြန်အလှန်တဦးသဘောကိုတဦး က လေ့လာစုံစမ်း ကြသည်။ မိမိတို့အသိုင်း အဝိုင်း တလက်မခံနိုင်သေးပြစ်ချက်တစုံတရာမရှိပါကနား မေးခြင်း၊ ဧ့စဝ် ကြောင်းလမ်းခြင်း ပြုလုပ်ကြသည်။

ဧ့စဝ် ကြောင်းလမ်းခြင်းကိုမွန်ဘာသာဖြင့် "မှုက်" ဟု ခေါ်သည်။ ဧ့စဝ်ရာတွင် ယောကျာ်း လေးဘက်မှအိမ် ထောင်မပျက်ဘူးသေး လင်စုံ၊ မယားစုံရှိသည့် ယောကျာ်း (သို့) မိန်းမ ၃- ယောက် (သို့) ၇ယောက်

ကရင်ရွာလူကြီး များ၊ ဆီဆိမ်သို့သွား ရောက်ကာသမီး ရှင်၏လူကြီး မိဘများ နှင့်သား ရေး သမီး ရေး ထိမ်းကို စေ့စပ်တိုင်ပင်ကြသည်။ ဤကဲ့သို့ မသွား ရောက်မီ၊ မိမိတို့လာ ရောက် စေ့စပ်ပါမည့်အကြောင်း မိန်း ခလေး ဘက် ကသိစေရန်ကြိုတင်အကြောင်း ကြား လေ့ရှိသည်။

စေ့စပ်စကား ပြောဆိုပြီးတပင်မင်္ဂလာပွဲကျင်း ပမည့်ရက်ကောင်း ရက်မြတ်ကို ရွေး ချယ်သတ်မှတ်ကြသည်။ မင်္ဂလာအခမ်း အနား ကျင်း ပမည့်ရက် ကို ရွေး ချယ်ရာတွင် ဝါတွင်း (၃)လကိုအထူး ရှောင်ကျဉ်ကြသည်။ ကဆုန်၊ တန် ဆောင်မုန်း ၊ တပေါင်းလ များ ကိုမင်္ဂလာ ဆောင်ရန်အကောင်း ဆုံး လ များ အဖြစ်သတ်မှတ်ထား လေ့ရှိကြသည်။ အကြောင်း တစ်စုံတရာ ကြောင့်ဝါလ များ တွင်မင်္ဂလာပွဲကိုမကျင်း ပဖြစ်ခဲ့ပါကရက်စုံ သောလ များ ကို ရွေး ချယ် ကျင်း ပ လေ့ရှိသည်။ သို့သော်တန် ခူး လကိုမူအထူး ရှောင်ကျဉ်ကြသည်။ အဘယ့် ကြောင့်ဆိုသော်မွန်တို့၏ ရိုး ရာယုံကြည်ချက်အရ တန်ခူး လတွင်ကျီး ကန်းပင် အသိုက်မဆောက် ဟုယူဆ လေ့ရှိသောကြောင့်ဖြစ်သည်။ မင်္ဂလာ ရက်ကိုလည်း လဆန်း ရက်များ ကိုသာ ရွေး ချယ် လေ့ရှိကြသည်။

စေ့စပ်ပြီးတမင်္ဂလာပွဲဖွင့်ထည့်ဝင်ရမည့်ပစ္စည်း များ ကို တ တ် နိုင်သ လောက်တင်ပြကာညှိနှိုင်း ရသည်။ ဥပမာ–အိုး ခွက်၊ ပုဂံအစရှိ သော အိမ်သုံး ပစ္စည်း များ၊ ဘီရို၊ မှန်တင်ခုံစသည့်ခန်း ဝင်ပစ္စည်း များ၊ အိမ် ရာခင်း နား များ ကိုကြိုတင်စီစဉ်ရန်ဖြစ်သည်။ ထို့အပြင်မင်္ဂလာ နေ့ တွင် ထမင်း ဆုပ်ဘယ်နှစ်ဆုပ်နှင့်လာနိုင်မည်ကို မေး ရသည်။ အသင့်အတင့်စီမံနိုင် သူများ တထမင်း ဆုပ် (၇) ဆုပ်နှင့် တော့နပ်ကြ သော်လည်း အချို့ငွေ ကြေးချမ်း သာသူများ တထမင်း ဆုပ်အ မြောက်အများ ပြုလုပ်ရန် စီစဉ်ကြသည်။ မင်္ဂလာ ပွဲတွင် ကျွေး မွေး မည့်စား စရိတ်ကိုများ သောအား ဖြင့် ယောကျ်ား လေး ဘက်မှအကုန်အကျခံရ လေ့ရှိသည်။ အကျွေး အ မွေး အတွက်စီစဉ် ဆောင် ရွက်ရန် ကိစ္စများ ကိုမိန်း ခလေး ရှင်ဘက်ကတာဝန်ယူစီစဉ်ရသည်။

ရေစစ်ကြောင်းလမ်း ပြီး အနည်း ဆုံး (၇) ရက်အများဆုံး တလအကြာတွင် မင်္ဂလာပွဲကျင်းပ လေ့ရှိကြသည်။ မင်္ဂလာပွဲကျင်းပရန်အတွက် လင်စုံမယားစုံ၊ ရုရုပေါင်း (၇) စုံတို့ကြိုတင်၍အထူး ဖိတ်ကြားထားရသည်။ ၎င်းတွင်သားသမီး များများမွေး သူများကိုဦးစား ပေးဖိတ်ကြားလေ့ ရှိသည်။ မင်္ဂလာပွဲဖိတ်ကြားခြင်းကိုမွန်ဘာသာဖြင့် "ခဲမှိတ်" ဟုခေါ်သည်။ မင်္ဂလာပွဲဖိတ်ကြား ရာတွင်အချို့ကမိတ်စာနှင့်ဖိတ်၍အချို့က ငွေမလားထဲတွင် ဆေးလိပ်များ ထည့်ကာအိမ် ပေါက်စေ့လိုက်ကမ်း သောနည်းဖြင့်ဖိတ်ကြား လေ့ရှိသည်။

လူငယ်ချင်း မေတ္တာမှုနေခြင်း မျိုး မဟုတ်ဘဲလူလင်ပျိုဘက်မှ သဘောတစ်ခုထဲနှင့်လာ ရောက် ရေစစ်သည့်အခါဖြစ်စေ၊ လူငယ်ချင်းနှစ်သက် သဘောကျ၍ ရွေး ချယ်ထား ပြီး သတို့သား လောင်း ဘက်မှ ချိန်းချက်ကာစုံ တရာငှံ၍ သမီး ရှင်ဘက်က သဘောမတူသည့်အခါတွင်ဖြစ်စေ၊ လာ ရောက်ရေ စစ်သူများ အား "မိသားစုတိုင်ပင်ပါရစေဦး"၊ "သမီး၏သဘော ကိုစုံစမ်း ပါရစေဦး"၊ "သမီး ငယ်ပါသေး သည်" စသည့်အကြောင်းပြချက် များ နှင့်ပါး နပ်လိမ္မာစွာ၊ ငြင်း ဆို လေ့ရှိကြသည်။ မိဘတို့သည်မိမိတို့သမီး အချိန်တန်အရွယ် ရောက်ပါလျက်ချစ်သူရည်းစား မရှိသေး သူဖြစ်ပါက သမီး ကညာအခါမလွန်စေရန်မိမိတို့စိတ်တိုင်း ကျသမက် လောင်း ကိုရှာဖွေကာရေ စစ် ကြောင်း လမ်း ပေး လေ့ရှိသည်။

(၈) <u>လက်ထပ်ထိမ်း မြား ခြင်း</u>

လူအဖွဲ့အစည်း တိုင်း တွင်လူ့အမျိုး အနွယ်ပြန့်ပွား စေလို၍လည်း ကောင်း၊ မိမိ တို့ အသိုက်အအုံ ကြီး ထွား စေ လို ၍ လည်း ကောင်း၊ မျိုး ဆက် တည် တံ့ ရန် အ တွက်လည်း ကောင်း တစ် မျိုး နှင့် တစ် မျိုး

တစ်နွယ်နှင့်တစ်နွယ် ချိတ်ကြည့်နိုင်ခြဲမှု၊ အရေး ကြီး သွေး နီး မှုများ အတွက် အရွယ် ရောက်လာလျှင်ထိမ်းမြားလက်ထပ်ပြီး အိုး အိမ်ထူ ထောင်ခြင်း အမှု ကို ပြုကြရလေသည်။

ထိမ်း မြား လက်ထပ်ခြင်း တွင်အာဝါဟမင်္ဂလာနှင့် ဝိ ဝါ ဟ မင်္ဂလာဟူ၍ နှစ်မျိုး ရှိသည်။ အာဝါဟမင်္ဂလာဆိုသည်မှာအမျိုး သမီး သည်ခန်း ဝင်ပစ္စည်း ကရိယာများ သယ်ပိုး ပြီး ယောကျာ်း လေး ၏အိမ်တွင်မင်္ဂလာ ဆောင်ခြင်း ကိုဆိုသည်။ ဝိဝါဟမင်္ဂလာဆိုသည်မှာ ယောကျာ်း လေး သည်ခန်း ဝင်ပစ္စည်း ကရိယာများ ကိုအမျိုး သမီး အိမ်သို့သယ်ပိုး ပြီး အမျိုး သမီး အိမ် တွင်မင်္ဂလာ ဆောင်ခြင်း ဖြစ်သည်။ အများ အား ဖြင့်မှန်စံပြုရွာတွင်ဝိ ဝါ ဟမင်္ဂလာကိုကျင်း ပကြသည်။ မင်္ဂလာပွဲကိုသတို့ သမီး မိဘအိမ်တွင်မဏ္ဍပ်ကြီး ထိုး ကာကျင်း ပရ လေ့ရှိသည်။ မင်္ဂလာ ဆောင်ရက်တွင်သတို့ သမီး ၏ မိခင် (သို့)အ ဒေါ် ဖြစ် စေ၊ အဘွား ဖြစ် စေအကြီး အကဲအမျိုး သမီး တစ်ဦး ဦး က အ မွှေး နံ့သာ ရေ၊ မြေဇာမြက်၊ သမြေခက်များ နှင့်အသစ်ပြုပြင်ဆင်ထား သော ငွေဖလား (သို့) ခွက်တစ်ခုခုကိုကိုင်၍အဆင်သင့်စောင့်ဆိုင်း နေ ရ သည်။ ထိုသို့စောင့်ဆိုင်း နေရခြင်း မှာသတို့သား ဘက်မှပရိ သတ်များ အိမ် ပေါ်သို့တက်လာလျှင်ထိုဖလား ထဲမှ မင်္ဂလာ ရေစင်ကိုသ မြေခက်နှင့်ပက်ဖြန်း ရန်ဖြစ်သည်။

မင်္ဂလာပွဲကျင်း ပမည့်နေ့တွင်ကြိုတင်ဖိတ်ကြား ထား သောလင် စုံမယား စုံ (၇) စုံတ ရှေ့ဆုံး မှဦး ဆောင်ကာ မင်္ဂလာပွဲပြုလုပ်မည့်အိမ် သို့ တက်ရသည်။ မှန်တို့၏ ဝေါဟာရအရ ‶နထိုန်″ဟု ခေါ် သော ‶မင်္ဂလာအိမ်တက် တောင်း″ကိုမိသား စုတခုမှသမီး ဦး ဖြစ်သူက ရွက်၍လင်စုံမယား စုံ တို့၏ နောက်မှလိုက်ရသည်။ မင်္ဂလာအိမ်တက် တောင်း သည်မှန်တို့၏အတွင်းအပြော ပစ္စည်း ဖြစ်သဖြင့်ကြိမ်များ နှင့်လှပစွာ ယက်လုပ်ထား လေ့ရှိသည်။ အချို့ကသရိုကိုင်ပြီး မှန်စီ ရွှေချကာ ပိုမိုလှပ အောင်မွမ်း မံ ချယ်လှယ်ထား ကြသည်။ ထို တောင်း ထဲတွင်အုန်း ပင် ပေါက်တစ်ပင်၊ ကွမ်း သီး ပင်ပေါက်တစ်ပင်၊ ကွမ်း၊

ကွမ်းသီး၊ လဘက်၊ ငြုပ်၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆား စသည့်အိမ်ထောင်သုံး ပစ္စည်းများ ကိုယ်ရထူထောင်မည့်အိမ်ထောင်သစ်အတွက်ရည်ရွယ်ကာ စတီသဘောနှင့်ထည့်ထားရလေသည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူများ ကမူ ငွေလက်စွပ်၊ ငွေကြယ်သီးနှင့်ပုဝါတို့ကိုပါထည့်လေ့ရှိသည်။ မည်သည့်ပစ္စည်း ကိုထည့်သည်ဖြစ်စေ “စုံ” ဂဏန်း မထည့်ရပေ။ “မ” အရည်အတွက်ကို သာ ထည့်လေ့ရှိကြသည်။

ထိုမင်္ဂလာဆောင်း ရွက်သူ၏ နောက်မှသမီးလတ်၊ သမီးထွေး စသည်ဖြင့်အပျိုစင်ကလေးများ ကအစဉ်အတိုင်း ထမင်းအုပ်ရွက်၍ လိုက်ရသည်။ ထမင်းအုပ်ကိုမွန်ဘာသာဖြင့် “ပုင်ဂအုဝ်” ဟုခေါ်သည်။ ထိုထမင်းအုပ်များ၏အရေအတွက်သည် ရေ့စဝ်ကြောင်းလမ်း စဉ်ကသတ်မှတ်ထားသည့် ထမင်းအုပ်အရေအတွက်အတိုင်း ဖြစ်ရပေမည်။ ထိုထမင်းအုပ်ထဲတွင်ကွမ်း ၊ ဆေး ၊ လဘက်နှင့်စား သောက်ဖွယ်များ ပါဝင်လေသည်။ ထမင်းအုပ်ရွက်သူများ၏ နောက်မှမင်္ဂလာခန်း ဝင်ပစ္စည်းများကိုဆောကျား မိန်းမတို့ ကသယ်ယူလာကြသည်။ ထိုသူများ၏ နောက်မှသတို့သား နှင့်လူပျိုရံများ ကလိုက်ပါလာသည်။ နောက်ဆုံး မှအိုး စည်ဗုံမောင်းများ တီးကာအဆိုအက များ နှင့်ပျော်ပြေရေး အဖွဲ့ကမြိုင်မြိုင်ဆိုင်ဆိုင်လိုက်ပါလာ လေ့ရှိကြသည်။

ထိုသို့စီတန်း၍လာသော မင်္ဂလာသတို့သား၏အဖွဲ့ကိုခင်မင်သူ မိတ်ဆွေသူငယ်ချင်းများ ကသတို့သမီး အိမ်သို့မရောက်မီလမ်း မှဖြစ်စေ၊ သတို့သမီး အိမ်ဝမှဖြစ်စေကြိုတင် စောင့်နေကာ အပျော်စား စရာနှင့် မုန့်ဘိုး တောင်းယူရန် ငွေကြိုး ဖြင့်လည်း ကောင်း ၊ ကြိုး ဖြင့်လည်း ကောင်း စတီသဘောနှင့်တားကြသည်။ ရှေး အခါက ငွေကြိုး တား သူများ နှင့်အတား ခံရသူများ သည်ကြိုး တား ထား၍ တစ်ဖက်နှင့်တစ်ဖက်အငြိအချဲပေး အဧ ဖြ များ ပြုလုပ်ရလေ့ရှိသည်။ ဥပမာ—ကြိုး တား သူများ ကမသိဟန်ဆောင်၍၊

“မင်းတို့သည် မည်သည့်အမျိုး အနွယ်ဖြစ်ပြီး ယခုအဘယ်သို့သွားကြမည်နည်း” ဟုမေးလျှင်သတို့သားဘက်မှ “ကျွန်တော်တို့သည်မြွေဖွားမျိုးနွယ်ပါ၊ ကိုးအိမ်မှအတူအညီလိုက်၍အတွက်ကူညီပေးရန်သွားပါမည်” ဟုဖြေလေ့ရှိကြသည်။ တမန်ကြီးတသားသူများက “အသူသည်သမ္မတမင်းဖြစ်၍ သမီးမျိုးရပါကသူ့ကိုသာ အပ်ရမည်ဖြစ်၍သင်တို့နှင့်မဆိုင်ပါ” ဟုထပ်မံပြောဆိုလာပါကသတို့သားဘက်မှ သူများတချို့သာမှာဖြင့် “ဒီတခါခွင့်လွှတ်ပါ၊ နောက်တခါသမီးကညာရလျှင်သင့်အတွက်ပေးပါမည်” ဟုပြန်ပြောရသည်။ ထိုအခါကြီးတသားသူများက “ဒီလိုဆိုရင်သက်သေအထောက်အထားပေးပါ” ဟုပြောရသည်။ သတို့သားဘက်က “မည်သည့်အထောက်အထားလိုချင်ပါသနည်း” ဟုမေးလာပါကကြီးတသားသူများကအလို့ရှိရာကိုပြောကြသည်။ များသောအားဖြင့်ပျော်ရွှင်ရန်ငွေကြေးနှင့်စားစရာများကိုသာတောင်းကြသည်။ တောင်းသည့်အရာရာမှလစ်းဖယ်ပေးလေ့ရှိကြသည်။ ထိုသို့ပြုလုပ်ကြခြင်းမှာစီးပွားရေးသဘောအရလုပ်ဆောင်ခြင်းမျိုးလုံးဝမဟုတ်ပဲ၊ အပျော်သက်သက်ရင်းနှီးချစ်ခင်မှုကိုဖော်ဆောင်လို၍လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့်သတို့သားဘက်မှလည်းကျေကျေနပ်နပ်ပေးလေ့ရှိကြသည်။

သတို့သမီးအိမ်၏ လှေကားအတက်သို့ရောက်လျှင်သတို့သမီးဘက်မှလူကြီးများကဆီးကြိုမေးမြန်းကာစကားအခြေအတင်ပြောရသည်။ “အချိန်အခါမဟုတ်လူစုလူဝေးနှင့်ညံ့ညံ့စီစီပစ္စည်းကရိယာစုံလင်စွာဖြင့် မည်သည့်ကိစ္စနှင့်လာကြပါသနည်း” ဟုမေးလျှင်သတို့သားဘက်မှ “ယခုကဲ့သို့လာရခြင်းမှာအခြားအကြောင်းကြောင့်မဟုတ်ပါ၊ သင်တို့နေအိမ်မှအိမ်ရှင်များကိုအလုပ်အကျွေးပြုမည့်သူမရှိကြောင်းကြားသိရ၍တို့ဗိုဘမောင်နှမတော်ကအိမ်ဆိုင်ကိုအလုပ်အကျွေးပြုရန်စေလွှတ်လိုက်ခြင်းဖြစ်၍လက်ခံမခံသိလိုပါသည်” ဟုပြောကြသည်။ ထိုအခါသတို့သမီးဘက်က “အလုပ်အကျွေးလာသူ

မှာလူဆိုး လူကောင်း မသိရပေ၊ ကြွေး မြီကင်း မဲ့သူဟုတ်မဟုတ်၊ ရာဇဝတ်မှုကာစီး မကင်း နှင့်မခြား မြူရရမည့်သူအပိုင်မဟုတ်သိလိုပါသည်ဟု မေး ကြသည်။ တဖန်သတို့သားဘက်မှ ယခုလာသူသည်အကျင့်စာရိတ္တကောင်း ၊ မှန်သည့်လူရိုး လူကောင်းဖြစ်ပါသည်။ ရာဇဝတ်မှုအပြစ်ဒဏ်ကင်း ရှင်း ပြီးအခြားမြူရရမည့်သူအပိုင်မဟုတ်ပါ။ ရိုး ဖြောင့်အလုပ်အကျွေး ပြုမည့်သူဖြစ်၍လက်ခံပါ ဟုအနူး အညွတ် တောင်း ပန် ပြောဆိုသည့်အခါသတို့သမီး ဘက်ကလူကြီး များကကျေသည်များ ကိုဇိမ် ပေါ်သို့တက် ခေါ် ရ လေသည်။

ဇိမ်ဝင်တကျဇိမ် ပေါ်သို့တက်လာသူများ ကို လှေကား ရင်း မှ နေ၍မင်္ဂလာ ရေချမ်း ခွက်ကိုင်သူတသ ပြေခတ်နှင့်ရေစင်ဖြန်း ပေး ရ လေသည်။ ဇိမ်ပေါ်သို့ရောက်လာသည့်အခါယူ ဆောင်လာသည့်မင်္ဂလာ တော်များနှင့်ထမင်း အုပ်များ ကိုအလယ်ကွင်ထား ကာသတို့သမီး ဘက်မှလူကြီး (၇) ဦးနှင့်သတို့သား ဘက်မှလူကြီး (၇) ဦးတို့မျက်နှာချင်း ဆိုင်ထိုင်ကြသည်။ မင်္ဂလာဆောင်ကိုပုဝါနှင့်အုပ်၍ထမင်း အုပ်များ ကိုပုဆိုး ရှည်ဖြင့်အားလုံး ဖုံး အုပ်ထား ရလေသည်။ အားလုံး နေရာတကျဖြစ်သည့်အခါအမေးအဖြေပွဲစတင်ရလေသည်။ အမေး အဖြေပွဲသည်မင်္ဂလာပွဲကျင်းပသည့်နေ့တွင် မပါမဖြစ်ပြုလုပ်လေ့ရှိသည့်အရေး ကြီး လှ သောထုံး တမ်းစဉ်လာဓလေ့အရင်ပင်ဖြစ်သည်။ သတို့သမီး ဘက်ကိုကိုယ်စား ပြုသူများ က မေး သော မေး ခွန်း များ ကိုသတို့သားဘက်မှကိုယ်စား လှယ်များ က ဖြေဆိုရခြင်း ဖြစ်သည်။ မှန်ဘာသာဖြင့်ဖွဲ့ဆိုထားသော စကားလင်္ကာများ ကိုအသံနေအသံထား နှင့်ရှယ်ဆို၍ မေး ကြ ရသည်။

ဥပမာအနေဖြင့် ဖော်ပြရသော် — သတို့သမီး ဘက်မှ ဆိုကြဟွာ၊ တရုတ်လုံး တဆွဲလုံး ပေါင်း စုပြီး ပိုး ပုဝါပါ များ နှင့်တင့် တောင်း တင့်တယ်ဆင်မြန်း လာကြသာ နတ်သားငမှာ နတ်သား ၊ နတ်သမီး များ ကို တွေ့မြင် ရသလိုလှပခန့်ညား လှပါယယ်၊ ကွမ်း ၊ ဆေး ၊ လဘက်၊ အုန်း ၊ ထန်း အစုံတို့ဖြင့်တွန့်ပ်တို့ ထံ

လာရောက်သည့်အကြောင်းရင်းကိုသိလိုပါတယ်၊ ငှါလျှင်အလိုပြည့်ရန်ဖြစ်ပြီး မငှါလျှင်တန်တော့ရန်ဖြစ်ပါတယ်။ မြန်မြန်သာပြောပါတော့ဗြဟ္မာနှယ် ဟူအဓိပ္ပါယ်ရသောမေးခွန်းကိုမွန်ဘာသာဖြင့်မေးမြန်းလျှင် —

သတိုးသားဘက်မှ ဒိုဗြဟ္မာ၊ ရွှေ၊ ငွေ၊ လှည်း၊ လှေး လယ်ယာမြေလည်း မလိုချင်ပါ။ သတို့သားငယ်သည်ယခုအခါအရွယ်အရောက်လာပါပြီး၊ ဘဝရေစက်နှိုးဆော်ချက်ဖြင့်အသင်တို့၏သမီးနှင့်မေတ္တာဆက်လိုကြောင်းပြောလာသည့်အတွက်ကျွန်ုပ်တို့လာရခြင်းဖြစ်ပါတယ် စိတ်တူသဘောတူဖြစ်လျှင်နှစ်ဦးနှစ်ဝအား ရေစင်ဖြန်း၍မေတ္တာပန်းပွင့်လန်းကြရန်ဖြစ်ပါတယ်။ ဗြဟ္မာနှယ် ဟူသောအဓိပ္ပါယ်ကိုမွန်ဘာသာဖြင့်ပြန်ဖြေရ၏။

တဖန်သတို့သမီးဘက်မှ ဒိုဗြဟ္မာ – ပစ္စည်းဥစ္စာများယူဆောင်လျှက်ကျွန်ုပ်တို့ထံအသင်တို့ရောက်ရှိလာပေပြီ၊ သတို့သားသည်မည်သို့သောလူမျိုးဖြစ်ပါသနည်း၊ ခေါင်းမာ၍ပြောရခက်သူလည်းဖြစ်ပေမည်။ လက်ထပ်ပြီးသားသူလည်းဖြစ်ပေမည်။ အာမခံသူမရှိဘဲနှင့်ကျွန်ုပ်တို့ကသမက်အဖြစ်လက်ခံရန်မဝံ့ရဲပါ။ သမက်မတော်ဝံ့ပါ ဟုပြောပါက ဒိုဗြဟ္မာ – နားကိုဖွင့်၍ဖွင့်ပါလော့၊ သတို့သားငယ်၏အကြောင်းကိုပထမဦးစွာပြောပြပါမည်။ သတို့သားငယ်၏လှပတင့်တယ်သောရုပ်ရည်ရူပကာကိုမြင်သူတိုင်းကချစ်ခင်ပေလိမ့်မည်၊ တွေ့သူတိုင်းကချစ်ခင်၍သမက်တော်ချင်ပေလိမ့်မည်။ သတို့သားမှာအရက်မသောက်၊ ဘိန်းမစား၊ အလောင်းအစားမပြုလုပ်တတ်ပါ။ လက်ထပ်ပြီးသူလည်းမဟုတ်ပါ။ မယုံကစုံစမ်းနိုင်ပါသည်။ အလုပ်အကိုင်တွင်လည်းကျားကဲ့သို့လျင်မြန်ပြီး လုံ့လဝီရိယနှင့်ပြည့်စုံပါသည်။ သတို့သား၏အရည်အသွေးကိုသိပြီးသည့်နောက်မှသမက်အဖြစ်လာရောက်အပ်နှံခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အာမခံပါသည်။ သမက်အဖြစ်သာလက်ခံပါ ဟုပြန်ပြောရလေ့ရှိသည်။

သတို့သမီးကိုလာရောက်တောင်းယူကြောင်း ပြောကြားပြီး နောက်ရိုးရိုးစကားပြောများနှင့်အမေးအဖြေပြုကြရသည်။ ဥပမာ - သတို့သမီးဘက်ကသင်တို့၏သားသည်ကိုယ်အင်္ဂါချို့ယွင်းသူဖြစ်သလောဟု မေးမြန်းပါကသတို့သားဘက်မှကိုယ်အင်္ဂါချို့ယွင်းမှုရှိလျှင်ရှိကြောင်း ၊ မရှိပါကကိုယ်အင်္ဂါ ပြည့်စုံသူဖြစ်ကြောင်းအမှန်အတိုင်းဖြေကြားရလေသည်။ “စာပေပညာ တတ်ကျွမ်းပါသလား” ဟုမေးမြန်းပါက၊ သတို့သားဘက်မှစာပေပညာ မည်မျှတတ်ကျွမ်းကြောင်း ၊ မတတ်ကျွမ်းပါကလည်း မတတ်ကျွမ်းပါဟုအမှန် အတိုင်းဖြေရလေသည်။ လူငယ်၏လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု ကိုယ်ကျင့်တရားတို့နှင့်သက်ဆိုင်သည့်မေးခွန်းများကိုအချီအချမေးမြန်း ဖြေကြားကြရလေသည်။ နောက်ဆုံးတွင်သတို့သမီးဘက်မှ “အဆုံးမအသွန် အသင်ခံပါမည်လော” ဟုမေးမြန်းပါက “သွေးသားအရင်းအချာ ကဲ့သို့ဆုံးမနိုင်ပါမည်။ ဤလူငယ်သည်လူကြီးမိဘတို့၏ဆုံးမပဲ့ပြင်မှုကိုရိုကျိုးခွာ နာခံတတ်သူဖြစ်ပါသည်” ဟုပြောကြားကာအမေးအဖြေပွဲကိုအဆုံးသတ် ရလေသည်။

လက်ထပ်ပွဲမှာသတို့သမီးနှင့်သတို့သားသည်သတ်မှတ်ထားသော နေရာတွင်နှစ်ဦးယှဉ်၍ထိုင်ရသည်။ ထိုသို့ထိုင်သည့်အခါသတို့သားကညာဘက် တွင်ထိုင်ရပြီး သတို့သမီးကဘယ်ဘက်တွင်ထိုင်ရသည်။ မြေဇာမြက်၊ ပန်း ၊ နံ့သာတို့ထည့်သွင်းပြင်ဆင်ထားသောငွေဖလား (သို့) ခွက်ကြီးထဲတွင်လက် တဘက်စီကိုနှစ်ထားရသည်။ ထိုကဲ့သို့နှစ်ထားစဉ်လက်ထပ်ပေးမည့်စာပေ ကျွမ်းဝင်တတ်ပုဂ္ဂိုလ်ကမင်္ဂလာဆောင်နှင်းကြောင်းဂါထာကိုရွတ်ဖတ်ပေး ရသည်။ မင်္ဂလာဂါထာကိုရွတ်ဖတ်ပေးရသည်။ မင်္ဂလာဂါထာဆိုသည်မှာ - “မင်္ဂလာပွဲအောင်မြင်ပါစေကြောင်း” ဆုတောင်းသည့်ဂါထာဖြစ်သည်။ ပါဠိဘာသာနှင့်ရွတ်ဆိုလေ့ရှိသည်။ ဂါထာဆုံးလျှင်လက်ကိုထုတ်၍သတို့သမီး လက် ပေါ်သို့သတို့သားလက်ကိုအုပ်ကာပုဝါစည်းထားပြီး တဖန်လက်ထပ်ဂါထာ

ကိုလည်း ရှုတ်ချရသည်။ ထို့နောက် မယားတို့အား ပေါ်လင်ကပြုကျင့်ရမည့်ဝတ္တရား (၅) ပါးနှင့်လင်တို့အား ပေါ် မယားကပြုကျင့်ရမည့်ဝတ္တရား (၅) ပါးတို့နှင့်လည်းသဘောပေါက် အောင်ရှင်းလင်းပြတဘာသုံး မပြုပါဒ ပေး လေ့ရှိသည်။

လင့်ဝတ္တရား (၅) ပါး မှာ (၁) သခင်သည်ကျွန်ကိုဘွင် း ဆဲပြောဆိုသကဲ့သို့ ဟဲ့ကောင်မ စသည်ဖြင့်ရင့်သီး စွာပြောဆိုမှုမလုပ် ရခြင်း ၊

(၂) ရှာဖွေရရှိ သေ ာ ပစ္စည်းများကိုမိမိမယားအား စောင့်ရှောက်သုံး စွဲရန်မ ချွင်း မချန်အပ်နှံပေး ထား ရမည့်အပြင်၊ မိန်းမို့ ချောင်အတွင်း ချက်ပြုတ်စီမံဘွယ်များနှင့်တကွ၊ အိမ်ရှင်မများနှင့်သာသင့်လျော် သောအခြား သောစီမံဘွ ယ်များကိုလည်း သင်အလိုရှိတိုင်း အရိုး တရသင့်လျော် အောင်စီမံလေ တော့ဟုလွှဲအပ်ရခြင်း

(၃) မယား ကြီး ကိုပစ်ထာ း ၍အခြား သောမိန်း မတို့၌လွန်ကျူး ဖေါက်ပြန်သည့်အကျင့်ကိုမကျင့်ရခြင်း(အိမ်ထောင်ရေး ဖေါက်ပြန်မှုမကျူး လွန်ရခြင်း )

(၄) မိမိလက်၌စည်း စိမ်ဥစ္စာ နှင့်သင့်လျော် အောင်အဝတ်တန်ဆာတို့ကိုဆင်ယင် ပေး ကမ်း ရခြင်း ၊

(၅) မိမိမယား ကိုမူလနံ မည်ရင်း မခေါ်ဘဲမိမိသား ဦး ၊ သမီး ဦး တို့၏အမည်ကိုအသီး တပ်က မောင်မောင်တို့အမေ ဝေဝေတို့အမေ စသည်ဖြင့် ခေါ် ဝေါ်လျက်မြတ်နိုးကြင်နာသောအမူအရာကိုပြသ၍ မြှောက်စား ရသည်။ အကယ်၍သား သမီး မရသေး လျှင်ဇနီး ၏အမည်ကိုအဖျား ဆွတ်၍ ခေါ် ဝေါ် ပြောဆိုရခြင်းတို့ဖြစ်သည်။

မယား ဝတ္တရား (၅) ပါး မှာ (၁) ချက်ပြုတ်ရေးစ သောအိမ်တွင်းမှုလုပ်ဆောင်ဘွယ်ရာများကိုအချိန်မှန်ကောင်းစွာ စီမံလုပ်ဆောင်ရခြင်း၊

---

၁။ ကျော်ဝင်း၊ မေါင်၊ ဇင်းကျိုက်မွန်တို့၏လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ရိုးရာဓလေ့များ စာ–၆၅

(၂) မိမိလင်သား ကရှာဖွေစုဆောင်း၍အပ်နှံထားသော ပစ္စည်းများကိုအဝင်နှင့်အထွက်မှတ အောင် ချွေတာသုံးစွဲလျှက်အချည်းနှီး မကုန်ရအောင် ကောင်းစွာသိမ်း စောင့်ရှောက်ရခြင်း (စီးတော့ရေဆည် ဘဏ္ဍာနံ့သင်း ဟူသောဆိုရိုး စကား နှင့်အညီကျင့်ကြံရမည်ဖြစ်သည်။)

(၃) မိမိလင်သား မှတပါး အခြားသော ယောကျ်ားတို့အား စိတ်ဖြင့်ပင်ကျူးလွန် ဖေါက်ပြန်ခြင်း မရှိရအောင် ရှောင်ကြဉ် စောင့်ထိန်း ရခြင်း ၊

(၄) မိမိနှင့်အိမ်သူအိမ်သား များ အပြင် ၂-ဘက် ဆွေမျိုး များ အား မြတ်နိုး ချစ်ခင်စွာထိုက်သင့်သလို ချီး မြှောက် ပေး ကမ်း ရခြင်း ၊

(၅) ချက်ပြုတ် ရေး ၌ကျွမ်း ကျင်၍လုပ် ဆောင်ဘွယ်ရာကိစ္စများ၌ ပျင်း ရိမှုမရှိရခြင်း စသည့်ဝတ္တရား များ ဖြစ် ပေသည်။[1] ဖော်ပြပါဝတ္တရားများ ကိုနှစ်ဦးလုံး ကျေပွန်စွာ ဆောင်ရွက်ရန်ဩဝါဒ ပေးပြီး ပါကဘီသီက် ဆရာသည်မင်္ဂလာပွဲ အောင်မြင် အောင်ဆု တောင်း သည့်ဂါထာကိုတစ်ပိုဒ် ချင်း ရွတ်ဆိုရင်း မင်္ဂလာအဆိုင်ဘက် တောင်း အုပ်ထား သည့်ပုဝါကိုဦး စွာ ဖွင့်တာ၊ ထမင်း အုပ်များ ကိုအစီအစဉ်အလိုက်တအုပ်ပြီး တအုပ်ဖွင့်ရလေ သည်။ ထမင်း အုပ်ဖွင့်ကိုင်း ကြွ ရောက်လာသည့်ဧည့်ပရိသတ်တို့က မင်္ဂလာလက် ခုပ်များ တီး ကာ ကောင်း ချီး ပြုကာ ပေး ကြရသည်။ ထိုထမင်း အုပ်များ ထဲ မှအစား အစာများ ကိုအနည်း ငယ်စီယူကာ ပုပ္ပ နွေး နွေး ဇာနီး မောင် နှံနှစ်ဦး အား လက်ဆုံစား ရန် ပေး ရသည်။ သတို့သား ကသတို့သမီး အာ း စတီသ ဘောမျိုး နှင့်ထမင်း ဘလုပ်ခွံ့ ရသည်။ သတို့သမီး ကလည်း သတို့သား ကို ပြန်လည်ခွံ့ ကျွေး ရ လေသည်။

ထိုအချိန်တွင်ကြွရောက်လာ သော နှစ်ဦး နှစ်ဘက်အိမ် ထောင်ရှင် လူကြီး များ နှင့်ဧည့်ပရိသတ်တို့ကလည်း မင်္ဂလာထမင်း ဟင်း များ ကိုစာ း သောက်ကြသည်။ ၂-ဘက်လူကြီး မိဘတို့က မိမိတို့စား သောက်၍ကျန်သည့်ထမင်း ဟင်း လျာနှင့်အရိုး အရင်း များ ကိုစု ပေါင်း ပြီး သတို့သား နှင့်သတို့သမီး

---

၁။ ကျော်ဝင်း၊မောင်၊ ဇင်းကျွက်မှန်တို့၏လက် ထပ်ထိမ်း မြား ခြင်း ဆိုင်ရာ ရိုး ရာဓ လေ့များ ၊ စာ-၆၄၊ ၆၅

များကို ပေးကြရ၏။ ထိုသို့ ပေးရာတွင်လည်း "ငါတို့ ပေးအပ်ထားသော ရတနာများကို ကောင်းစွာ သိမ်းဆည်းထားပါ" ဟု ပြောဆိုပြီး ပေးရသည်။ အိမ်ထောင်ထိန်းသိမ်းမှုလုပ်ငန်း စရန်၊ အိမ်ထောင်သည်ဘဝကို အစဖော်ပေးသည့်အနေဖြင့် ပေးအပ်ခြင်း ဖြစ်သည်။ လူကြီး မိဘတို့၏ မှာကြားထားသည့်စကားကို လိုက်နာသောအားဖြင့် သတို့သမီးက အဆိုပါ ထမင်း နှင့် ဟင်း အကြွင်းအကျန်များကို မြေအိုး တစ်လုံး ထဲတွင်ထည့်၍ အလုံပိတ်ကာ မီးဖိုခန်း ကြပ်ခိုး စဉ် ပေါ်တွင်တင်ပြီး အိမ်ထောင်သက်တမ်းလျှောက်လုံး ကောင်းစွာသိမ်းဆည်းထားရလေသည်။

စားသောက်ပွဲပြုလုပ်ပြီးစီးသောအခါ သတို့သားနှင့် သတို့သမီးတို့သည် နှစ်ဘက်သော လူကြီးမိဘတို့ကို ကန်တော့ကြသည်။ မိဘတို့ကလည်း ဇာနီမောင်နှံတို့၏ဘဝခရီး တစ်လျှောက်ရင်းနှီးစားသောက်နိုင်ရန် ငွေ၊ လယ်၊ ကျွဲ၊ နွား၊ လှည်း၊ ထွန်၊ ထယ်စသော ပစ္စည်းဥစ္စာတို့ကို ပရိသတ်ရှေ့တွင် ငွေ ကြငြာ၍ ပေးအပ်သည်၊ နှစ်ဘက်သော ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်းတို့ကလည်း ပစ္စည်းဥစ္စာ ငွေကြေးတို့ကို တတ်နိုင်သရွေ့ လက်ဖွဲ့ကြသည်။ နောက်ဆုံး အစီအစဉ်အရ ကြေးပြား ငွေပြား ဆန်ပန်း ပေါက်ပေါက်များကို မင်္ဂလာပွဲ အောင်မြင်သည့်နေ့တွင် ရွှေမိုး၊ ငွေမိုး ရွာသည့်သဘောနှင့် စတီကြဲချရလေသည်။ မင်္ဂလာအခမ်းအနား ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် သတို့သား၏မိတ်ဆွေ၊ သူငယ်ချင်း ကာလသားများက သောက်စားပျော်ပါးရန် ခဲဘိုး တောင်းကြလေသည်။ ထိုသူများ ကျေနပ်အောင် သတို့သားက ငွေကြေးများ ပေးရလေသည်။ ထိုခဲဘိုးဖြင့် ကာလသားများက ပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်ကြသည်။

မင်္ဂလာအိမ်ခန်းကိုမူ မင်္ဂလာအခန်းအနား မတိုင်မီ (၁) ရက်အလိုတွင် ငယ်လင်ငယ်မယား စုံတွဲများ ကပြင်ဆင်သည်။ ဂိုး မြေကျပေါင်းသင်း ရန်နှင့် သစ္စာတရား စောင့်သိကြရန် နိမိတ်ပြုသောသဘောဖြင့် စယ်

လင်ငယ်မယားများကိုပြင်ဆင်စေခြင်းဖြစ်သည်။ မင်္ဂလာဒိဝ်ယာအတွက် အသုံးပြုသောပစ္စည်းများသည်သုံးပြီးသားပစ္စည်းအဟောင်းများမ ဖြစ်စေရပေ။ ဒိဝ်ယာခင်းအသစ်၊ ခေါင်းအုံးအသစ်၊ စောင်အသစ် ဖြစ်ရမည်၊ မင်္ဂလာကုတင်၏ခေါင်းရင်းစင်မြင့်ပေါ်တွင်ဖူးစာပွဲတစ်ပွဲကို ပြင်ဆင်ထားရမည်။ ဖူးစာပွဲဆိုသည်မှာငှက်ပျောသီး ၂-ဖီး၊ အုန်းသီး တစ်လုံးနှင့်ဖယောင်းတိုင်တစ်ထုပ်ပါဝင်သောတန်တော့ပွဲဖြစ်သည်။ ဖူးစာ ရေးနတ်ကိုပူဇော်သည့်သဘောနှင့်ပြုလုပ်ထားခြင်းဖြစ်သည်။ မင်္ဂလာဦး ညတွင်သတို့သားသည်သတို့သမီး၏အိမ်၌ပင်စတင်အိပ်စက်ရသည်။

ယခင်ကရိုးရာလေ့ထုံးစံအရမင်္ဂလာပွဲပြီးပါကမင်္ဂလာဦး ခြင်ထောင်ကိုဇနီးဖြစ်သူကယက်လုပ်ကြသည်။ ထိုသို့ယက်လုပ်လျှင်သတို့သားဘက် မှဆွေမျိုးများကကူညီယက်လုပ်ပေးကြသည်။ လာရောက်ယက်လုပ်သူများကို မုန့်လုပ်ဆောင်း၊ ထမင်းများနှင့်ဧည့်ခံရသည်။ မွန်စံပြရွာ၌ယခုအခါ တွင်ယက်ကန်းလုပ်ငန်းများတိမ်ကောသွားပြီဖြစ်၍မင်္ဂလာခြင်ထောင်ကို ချုပ်ပြီးသားသာဝယ်ယူသုံးစွဲကြလေသည်။

မွန်စံပြရွာတွင်များသောအားဖြင့်လက်ထပ်ပြီးလျှင်သတို့သမီး၏ အိမ်တွင်သာနေကြရသည်။ သတို့သားကသတို့သမီးကိုမင်္ဂလာပွဲပြီးပြီးချင်းမိမိ ၏မိဘအိမ်သို့ခေါ်ဆောင်သွားပြီးနေထိုင်ပါကရိုင်းစိုင်းသည်ဟုယူဆကြသည်။ သတို့သားဘက်မှာအသိုင်းအဝိုင်းသည်မည်မျှပင်ချမ်းသာကြွယ်ဝစေကာမူ သမက်သည်ယောက္ခမအိမ်တွင်သာလိုက်နေရသည်။ ယောက္ခမတို့၏အနံ့အတာကို ခံကာကျေးဇူးဆပ်ရမည့်တာဝန်ရှိကြောင်းကိုသမက်တိုင်းကသဘောပေါက် ထားပြီးဖြစ်သည်။ ထိုကဲ့သို့နေထိုင်စဉ်မူလအိမ်ထောင်ဦးစီးဖြစ်သည့်မိမိ ဇနီး၏ဖခင်၏ပြဇာကိုနာခံကြရသည်။ သတို့သမီး၏မိဘတို့ကလည်းအခြား တွင်လိုက်နေပါကမိမိသမီးကိုသူဘယ်အနိုင်ကျင့်မှာကိုစိုးရိမ်သဖြင့်မိမိမျက် စေ့အောက်တွင်သာစောင့်ရှောက်ထားလိုသည့်သဘောဖြစ်သဖြင့်သမီးနှင့်သမက်

ကိုအိမ်၌ပင် နေထိုင်စေသည်။ အနည်းဆုံး (၃) နှစ်ခန့်အတူတကွ နေထိုင်၏ သမက်သည် ယောက္ခမတို့ကိုအလုပ်အကျွေး ပြုရသည်။ အိမ်၌ နေစဉ် မိဘတို့၏လုပ်ငန်းများ၌ အိုးတူဘောက်ဘက်ဝင် ရောက်လုပ်ကိုင်ကြရလေသည်။ (၃)နှစ် ပြည့်ပြီး အိမ်ခွဲလိုတခွဲ နေနိုင်ပြီး ဆက်လက် နေထိုင်လိုပါကလည်း နေ၍ရသည်။ "မပျော်(၃)နှစ်၊ ပျော်တသက်လုံး"ဟု ပြောသို လေ့ရှိကြသည်။ မွန်စံပြရွာ၌ ဗမာအမျိုးသား၊ အမျိုးသမီး အပါအဝင်အခြား သောလူမျိုးများ နှင့်အိမ်ထောင်ကျသူအနည်းအကျဉ်း ခန့်ရှိလေရာ ထိုသို့သောသူများ အတွက် သတို့သမီး အိမ်တွင်လိုက် နေရေး မနေရေး ကိုနှစ်ဘက်သလိုသဘောသုံး ဖြတ်ကြရန် ချွင်းချက်အနေဖြင့်ခွင့်ပြုထားကြသည်။

မွန်စံပြရွာမှမိသားစုများ တွင်သမက်နှင့်ယောက္ခမ(မခင်) ဖြစ်သူသည်အရေးတကြီး ကိစ္စမရှိဘဲစကား ပြောလေ့မရှိကြပေ။ သမက်သည် ယောက္ခမနှင့်တထိုင်း ထဲထိုင်ခြင်း၊ ကြမ်းတပြေး ထဲထိုင်ခြင်း ပြုမိပါက၊ ယောက်ခမကိုမရိုမသေပြုရာ ရောက်သည်။ ရိုင်းစိုင်းသည်ဟုယူဆလေ့ရှိ၍ ဖြင့်ထိုသို့မပြုမိစေရန်အထူး ရှောင်ကျဉ်ကြရသည်။ မွန်စံပြရွာတွင်သမီးအိမ်ထောင်ပြုပြီး မြေးများ ရနေသည်အထိစကား မပြောဘူး သောသမက်နှင့် ယောက္ခမအများအပြား ရှိကြသည်။ သမက်ဖြစ်သူက ယောက္ခမအိမ်တွင် နေထိုင်စဉ်အိမ်ဦးခန်း တွင်တက်၍မနေရ၊ မထိုင်ရပေ။ ထိုကဲ့သို့နေခြင်းကို ရိုးရာနတ်ကမကြိုက်ဟုယူဆကြသည်။ ချွေးမဖြစ်သူကမူ ယောက္ခမအိမ်သို့သွားရောက်စဉ်မည်သည့်အခါ မြစ်ချက်ကိုမျှ ရှောင်ကျဉ်ရန်မလိုပဲလွတ်လပ်စွာနေခွင့်ရှိသည်။ သားဖြစ်သူသည်အိမ် ထောင်ပြုပြီး နောက် ယောက္ခမအိမ်တွင်နေထိုင်ရသော ကြောင့်မိမိ၏မိဘများ ထံအချိန်ပြည့်မနေနိုင် တော့ချေ။ သို့သော်လုံး ဝပစ်ပယ်ထားခြင်း မျိုး မဟုတ်ပဲအချိန်ပိုအချိန်အားရသည့်အခါသွားရောက်၍ထင်း ခွေခြင်း၊ ရေခပ်ခြင်း၊ အိမ်မိုးခြင်း၊ အိမ်ပြင်ခြင်းစသည့်ကိစ္စများ ကိုဝိုင်း ဝန်း ကူညီ ပေး လေ့ရှိသည်။

သမက်သည် ယောက္ခမအိမ်တွင်အတူနေထိုင်ရင်း မိမိနှင့်ကိုလုပ်မြဲ အလုပ်ကိုဆက်လက်လုပ်ကိုင်ပြီး ငွေကြေး ရှာဆောင်း ရသည်။ မိမိရှာဖွေ ရရှိသည့်ငွေထဲမှအချို့တဝက်ကို ယောက္ခမအိမ်၏ စီးပွားရေး အတွက်တမက် တစ်လစီး မှပံ့ပိုး ပေး ရသည်။ ဤနည်းဖြင့်ယောက္ခမတို့အား ကျေးဇူးဆပ် ရာရောက် ပေသည်ဟုယူဆကြသည်။

မှန်စံပြရွာမှ ထိမ်းမြားခြင်း ဓလေ့အရ မင်္ဂလာပွဲကျင်းပ သည့်အိမ်များ သည် ရွာတော်ဝင်ကန်တော့ပွဲအတွက် ငွေ၁၅-ကျပ်တိတိထည့် ရလေ့ရှိသည်။ နတ်ကမည့်နေ့ဘွင်ဆက်လက်ပူဇော်မည့်ပန်းအိုး များအား ပုံး မှပန်းကိုလည်း လဲ ပေး ရမည့်ထုံး စံရှိပါသည်။

မည်သို့ဆိုစေ ရွာသားသည် ရှေး ယခင်ကာလမှ စ၍ယခုအချိန် အထိမိမိတို့၏ရိုး ရာယဉ်ကျေး မှုအရသတ်မှတ်ထား သောဓလေ့ထုံး စံများ ကိုတိကျစွာလိုက်နာလျက်ထိမ်း မြား မင်္ဂလာပြုကြသည်ဖြစ်သည်။ မင်္ဂလာပွဲကို အကြောင်း ပြု၍တမိသား နှင့်တမိသား ကူး လူး ဆက်ဆံကာခင်မင်ယိုင်းပင်း ကြခြင်း ဖြင့်မှန်စံပြရွာတည်တံ့ရေး နှင့်မှန်အမျိုး သား များ ၏ စည်းလုံး ရေး ကိုအထောက်အကူဖြစ်စေသည်။

## (ည) ကွာရှင်း ပြတ်စဲခြင်း

မှန်စံပြရွာတွင် တလင်တမယား စနစ်ကိုသာ ထောက်ခံ လေ့ရှိပြီး အိမ်ထောင်ရေး စည်း ကမ်း ဖောက်ဖျက်သူများ ကိုစက်ဆုပ်ကြသည်။ တလင်တမယား စနစ်ဆိုသည်မှာ ယောကျ်ား တ ယောက်သည်တစ်ချိန်တည်းတွင် မိန်း မတစ် ယောက်သာယူခြင်း၊ မိန်း မတစ် ယောက်ကတချိန်တည်းတွင် ယောကျ်ား တစ် ယောက်သာယူခြင်း ကိုဆိုလိုသည်။ မင်္ဂလာ ဆောင်ပြီး မိဘလူကြီး များ ကို ကန်တော့စဉ်ကပင် "သည်လင်သည်မယား အိုအောင်မင်း အောင် ပေါင်း ရပါစေ"ဟု သော ဆုကိုပေး ၍တလင်တမယား စနစ်ကို ရည်ညွှန်း လေ့ရှိကြသည်။

လက်ထပ်စဉ်ကတည်းက သေတပန်သက်တဆုံး ဖိုး မြေကျ ပေါင်းသင်း မည်ဟုရည်ရွယ်ခဲ့ကြသည့်အတွက်မလွဲမ ရှောင်သာ သောကိစ္စရပ်များ နှင့်အလွန်အဆုံးသည်း မခံနိုင်မှသာ ကွာရှင်း ပြတ်စဲ လေ့ရှိကြသည်။ သစ္စာ ဖေါက်၍ကွာရှင်း ရမှု၊ တာဝန်မကျေ၍ကွာရှင်း ရမှု၊ သောက်စားမူး ယစ်ကာနှိပ်စက်၍ကွာရှင်း ရမှုများ အလွန်နည်း ပါး သည်။ အိမ်ထောင်ရေး ဖေါက်ပြန်သူများ ကိုရွာသူရွာသား များ က ဝေဖန်ရှုံ့ချ လေ့ရှိကြ သည်။ အိမ်ထောင်ရေး ဖေါက်ပြန်မိပါက မိဘအသိုင်း အဝိုင်း ပါမျက်နှာပျက် ကာ၊ ဂုဏ်သိက္ခာကျဆင်း တတ်သဖြင့်ထိုပြစ်မှုမျိုး မကျူး လွန်မိစေရန်အတတ်နိုင်ဆုံး ထိန်း သိမ်း စောင့်ရှောက်ပေး လေ့ရှိကြသည်။ များ သောအား ဖြင့်ကွာရှင်း မှုများ သည်သူ့ဖက်ကိုယ့်ဖက်အခွင့်အရေး ယူမှု၊ ဆွေမျိုးများ နှင့်ပတ်သက်သည့်ကိစ္စ၊ နယ်လုမှုကိစ္စများ ကြောင့်သာဖြစ် လေ့ရှိသည်။ အိမ်ထောင်တစ်ခုတွင်တစ်ဦး၏ဆန္ဒကိုတစ်ဦးကမသိလျှင် သော်လည်း ကောင်း သိလျက်နှင့်မသိကျိုးကျွံပြုလျှင် သော်လည်း ကောင်း ၊ အိမ်ထောင် ရေးမသာ မယာဖြစ်ကာလမ်း ခွဲရန်ကြိုး စား လာကြ လေ့ရှိသည်။

ထိုကဲ့သို့ သောပြဿနာများ ကြောင့်လင်မယား ချင်း ကွာရှင်း ရန်အခြေအနေအထိ ရောက်လာလျှင်နှစ်ဘက် သောမိဘ ဆွေမျိုး များ၊ပိတ်သဂ်ဟများ ကကွာရှင်း ရမှုထိမဖြစ်စေရန်အတတ်နိုင်ဆုံး ဖြောင့်ဖျဆုံး မကြသည်။ မိဘများ ကအတင်း အကြပ်ပေး စား ခဲ့၍လက်ထပ်ထိမ်းမြားသူ များ မဟုတ်ပဲမိမိတို့ချင်း မေတ္တာသက်ဝင်လက်ထပ်ထား သူများ ဖြစ်၍အိမ်ထောင်း ရေး ပြဿနာများ ကိုအချင်း ချင်း ပြေလည် အောင်ညှိနှိုင်းသင့်ကြောင်း နား လည်မှုရှိသင့်ကြောင်း ဆုံး မနား ချ လေ့ရှိကြသည်။

မသင့်မြတ် သောလင်မယား တို့သည်နှစ်ဦး နှစ်ဘက်သက်သေ များ ကိုခေါ်ဆောင်၍သူကြီး ၊ ရပ်ရွာသူကြီး များ ထံသို့သွား ရောက်ကာ ကွာရှင်း လိုကြောင်း ပြော လေ့ရှိသည်။ လူကြီး များ က၃ကြိမ်-၃ခါ တိုင်

တိုင်မကွဲကွာအောင်ထား ဖြစ်ပြီး ရေစစ်ပေး လှူရှိကြသည်။ မည်သို့မျှမရပါ
ကနောင်ဆုံး တွင်တရား ဝင်ကွာရှင်း ပေး လိုက် လေသည်။ ကွာရှင်း ရာ
တွင်ကာယကံရှင်လင်မယား နှစ်ဦး အား စစ်ဆေး ရခြင်း၊ သက်သေများ
ကို စစ်ဆေး ရခြင်း၊ ကွာရှင်း ခွင့်အမိန့်ချ ပေး ရခြင်း၊ လင်မယားနှစ်ဦး
၏ဥစ္စာပစ္စည်း များ ကိုရိုး ရာထုံး တမ်း ဥပဒေအရ ကျေစွာ အောင် ခွဲ
ဝေ ပေး ရခြင်း များ ကိုရပ်ရွာလူကြီး များ က ဆောင်ရွက် ပေး ရ လေ
သည်။

အိမ်ထောင်တစ်ခုတွင်ရှိသောပစ္စည်း များ ကို လေ့လာကြည့် ပါ
က–

(က) လင်ဖြစ်စေ၊ မယား ဖြစ်စေအိမ်ထောင်မပြုမီကပိုင်ဆိုင်ခဲ့ သော ပစ္စည်း များ

(ခ) မင်္ဂလာဆောင်နှင်း သည့်အချိန်၌ နှစ်ဘက် သော ဆွေမျိုး များ က လက်ဖွဲ့လိုက် သော ပစ္စည်း များ

(ဂ) လက်ထပ်ချိန်မှစတင်၍တိုး ပွား လာ သော ပစ္စည်း များ ဟူ၍ ပါရှိ ရာ ထိုပစ္စည်း များ ကို စနစ်တစ်ကျ ခွဲဝေ ပေး ရ လေသည်။ ထိုကဲ့သို့ပစ္စည်းများ ခွဲဝေပုံကိုအသေး စိတ် ဖော်ပြရသော်– အိမ်ထောင်ရေး ပြစ် မှု ကြောင့်မဟုတ်ဘဲ စိတ်သဘောထား ချင်း မတိုက်ဆိုင်သဖြင့်နှစ်ဦး သဘော တူကွာရှင်း မှုမျိုး တွင် အောက်ပါအတိုင်း ခွဲဝေ ပေး သည်။

| စဉ် | ပစ္စည်း အမျိုး အစား | လင် ယောကျ်ား ဝေစု | မယား ဝေစု |
|---|---|---|---|
| ၁။ | ခင်ပွန်း ၏ ပါရင်း ပစ္စည်း | ၂/၃ | ၁/၃ |
| ၂။ | ဇနီး ၏ ပါရင်း ပစ္စည်း | ၁/၃ | ၂/၃ |
| ၃။ | မင်္ဂလာ ဆောင် စဉ် ရရှိ သော ပစ္စည်း | ၁/၂ | ၁/၂ |
| ၄။ | မင်္ဂလာ ဆောင် စဉ် မှ စ၍ တ ဦး စီ ကြိုး ပမ်း ရရှိ သော ပစ္စည်း များ | ၁/၂ | ၁/၂ |
| ၅။ | မင်္ဂလာ ဆောင် စဉ် မှ စ၍ နှစ် ဦး လုံး ကြိုး ပမ်း မှု ရ သော ပစ္စည်း များ | ၁/၂ | ၁/၂ |
| ၆။ | ခင်ပွန်း အ မွေ ရ သော ပစ္စည်း | ၂/၃ | ၁/၃ |
| ၇။ | ဇနီး အ မွေ ရ သော ပစ္စည်း | ၁/၃ | ၂/၃ |

မယား ဖြစ်သူကလည်း အထက်ပါအမျိုး အစား အတိုင်း ပင်ပစ္စည်း များ ကိုခွဲဝေ ပေး လေ့ရှိသည်။

ဤသို့နှစ်ဦး သ ဘောတူကွဲ ခွာ ရှင်း သူ များ သည်မင်္ဂလာ ဆော င်စဉ်ကမင်္ဂလာ စရိတ်အတွက်တင်ရှိ နေ သော ကြွေး များ ရှိခဲ့ပါကလင် ယောကျ်ား က ၂/၃ မိ ယား က ၁/၃ ပေး ဆပ်ရပြီး အိမ် ထောင်သည်ဘ၀ ရောက်မှတင်ရှိ နေ သော ကြွေး များ ကိုမူလင် မယား နှစ် ယောက်တ စ်ဝက် စီ ပေး ဆပ်ရသည်။

လင်ဖြစ်သူတ ဦး ဦး ကကြွင်း ပမ်း မှု၊ အငယ်အ နှောင်း ယူမှု စ သောအိမ် ထောင် ရေး ဖြစ်မှုများ ကြောင့်ကွာ ရှင်း ရ သောကိစ္စမျိုး တွင် အပြစ်ရှိသူလင် ယောကျ်ား နှင့်မိန်း မကိုခွဲ ပစ္စည်း ခွဲ ဝေပုံ မှာ အောက် ပါ အတိုင်း ဖြစ်သည်။

| စဉ် | ပ ဒ္ဒ ညီးအမျိုးအ စား | လင် ယောက်ျား ဝေရ | မယား ဝေရ |
|---|---|---|---|
| ၁။ | ခင်ပွန်း ပါရင်း ပ ဒ္ဒ ညီး | ၁/၂ | ၁/၄ |
| ၂။ | ဇ နီး ၏ ပါရင်း ပ ဒ္ဒ ညီး | – | အပြည့်အစုံ |
| ၃။ | မ ဂ်လာ ဆောင် စဉ် ရ ရှိ သော ပစ္စည်း | ၁/၄ | ၁/၂ |
| ၄။ | ထိမ်းမြားစဉ် မှ စ၍ တစ်ဦးစီး ကြိုး ပမ်း ရ ရှိ သော ပ ဒ္ဒ ညီး များ | ၁/၄ | ၁/၂ |
| ၅။ | ထိမ်း မြား စဉ် မှ စ၍ နှစ်ဦး စလုံး ကြိုး ပမ်း ရ ရှိ သော ပစ္စည်း များ | ၁/၄ | ၁/၂ |
| ၆။ | ခင်ပွန်း အ မွေ ရ သော ပ ဒ္ဒ ညီး | ၁/၂ | ၁/၄ |
| ၇။ | ဇ နီး အ မွေ ရ သော ပ ဒ္ဒ ညီး | – | အပြည့်အစုံ |

မယား ဖြစ်သူက ပြစ်မှုကျူး လွန်သူဖြစ်လျှင်အထက်ပါဇယား နှင့်အညီ တွင် အ ကဲ အတိုင်း ခွဲ ဝေ ရ မည်ဖြစ်သည်။ အပြစ် ရှိသူက ဝေစု နည်း နည်း သာ ရ လေ့ ရှိ သည်။ မ ဂ်လာ စရိတ်အတွက်တင် ရှိ သော ကြွေး များ နှင့်လက်ထပ်ပြီး မှ တင်ရှိ သော ကြွေး များ အား လုံး ကိုပြစ်မှုကျူး လွန်သူကသာ ပေး ဆပ် ရ လေ့ရှိသည်။

ပြစ်မှုကျူးလွန်ခြင်း မရှိဘဲ စိတ်သဘောမတိုက်ဆိုင် သဖြင့်ခင်ပွန်း ကကွာလိုပါလျှက်ဇနီး သည်ကမကွာ ပေး လိုလျှင်စည်း ကမ် း အတိုင်း ခွဲ ဝေ သော ပ ဒ္ဒ ညီး များ ထဲမှခင်ပွန်း သည်ဇနီး အား လျှော် ကြေး သီး သန့်ပေး ရသည်။ အကယ်၍ဇနီး မကွာလိုလျှင်ခင်ပွန်း ကို လျှော်

ကြေး ပေး ရသည်။ ထိုလျော်ကြေး ကိုလူကြီး များ က နှစ်ဦး နှစ်ဖက်မနစ်နာအောင်သတ်မှတ် ပေး ကြသည်။ လင် ယောကျ်ား ရဟန်း ပြုသွား ခြင်း၊ တနယ်တကျေး သို့အပြီး အပိုင်ထွက်ခွာသွား ခြင်း၊ သေဆုံး သွား ခြင်းမျိုး ဖြစ်ပါက နှစ်ဦး စလုံး ပိုင်ဆိုင်သမျှပစ္စည်း များ ကို ဇနီး သည်တစ်ဦးတည်း က ပိုင်ဆိုင်ခွင့်ရှိ လေသည်။

သား သမီး များ ကျန်ခဲ့ပါက ကလေး များ ၏ဆန္ဒအတိုင်းမိခင်ဘက်တွင်ဖြစ်စေ၊ ဖခင်ဘက်တွင်ဖြစ်စေလိုက်၍ နေခွင့်ရှိသည်။ မည်သူ့ဘက်တွင်လိုက် နေသည်ဖြစ်စေ မိမိ၏သား သမီး များ လူလား မြောက်သည်အထိ အထောက်အပံ့ ပေး သွား ရမည်မှာ ဖခင်ရင်း ၏အဓိကတာဝန်ဟုသတ်မှတ်ထား သည်။ ကလေး များ နှင့်သက်ဆိုင် သောအ ရေး ကိစ္စ များ နှင့်ကြုံလာသည့်အခါတွင် မူ မိခင် ရော၊ ဖခင် ပါတာဝန်ယူ ဖြေရှင်း ရသည့်အတွက် ကွဲကွာပြီး သား လင် မယား တို့သည် မတွေ့မ ရှောင်သာပြန်လည် မျက်နှာချင်း ဆိုင်ကြရပြန်သည်။

ဥပမာ – ကလေး ငယ်အပြင်း အထန်နာဖျား မကျန်း ဖြစ်ခြင်း

ကလေး ရှင်ပြုခြင်း – ကဲ့သို့သော ကိစ္စ များ တွင်ဖြစ်သည်။

ကွာရှင်း ပြီး သား အမျိုး သား တစ်ဦး သည် မိမိတို့၏ ကလေး ငယ်လူလား မြောက်မည့်အရွယ်အနည်း ဆုံး အသက် (၁၈) နှစ်အထိမပျက်မကွက် ထောက်ပံ့ပေး သွား ရန်တာဝန်ယူရသည်။

(၄) <u>အသုဘအခမ်း အနား</u>

မွန်စံပြရွာမွန်လူမျိုး တို့၏အသုဘအခမ်း အနား ကျင်း ပ ပုံ ကို လေ့လာကြည့် ပါက ဗုဒ္ဓဘာသာ ကိုသက် ဝင် ယုံ ကြည် သူ များ ဖြစ် သည် နှင့် အညီ မြတ်စွာဘုရား ၏ တ ရား တော်နှင့် အညီ လိုက်

နာကျင့်သုံး ကြ ကြောင်း တွေ့ရသည်။ ၎င်း တို့သည်ကံ၊ ကံ၏အကျိုး ကိုယုံကြည်ကြ သည်။ လူတစ်ဦးတစ် ယောက်သက်တမ်း ကုန်ဆုံး သွား ပါကဘဝကူး ကောင်းစေ ရန်အတွက်ကျန်ရစ်သူများ ကဘာဝနာယူ ဆောင်ရွက် ပေး ကြ ကြောင်း တွေ့ ရသည်။

မွန်စံပြရွာသားတို့တွင် သေဆုံး ပုံကို လေ့လာကြည့်လျှင်အကြမ်း အား ဖြင့်(၅)မျိုး တွေ့ရသည်။ ၎င်း တို့မှာ –

(က) အသက်အရွယ်အလွန်အိုမင်း ပြီးဖြစ်၍အသက်ရှူ ဖြေးဖြေး နှေး ကာ သေဆုံး ခြင်း ၊

(ခ) အစာရောဂါပြင်း ထန်လွန်း သော ကြောင့်လည်းကောင်း ကူး စက် ရောဂါဝေဒနာကိုခံစား ရခြင်း ကြောင့် သေဆုံး ခြင်း ၊

(ဂ) မတော်တဆထိခိုက်ဒဏ်ရာရပြီး သေဆုံး ခြင်း ၊

(ဃ) သူတပါး ပယောဂဖြင့် သေဆုံး ခြင်း ၊

(င) မိမိကိုယ်တိုင်၏ ပယောဂဖြင့် သေဆုံး ခြင်း တို့ဖြစ်သည်။

၎င်း သေဆုံး ခြင်း များ အနက်သူတပါး၏ ပယောဂ ကြောင့် ဖြစ်စေ၊ မိမိကိုယ်တိုင်၏ ပယောဂ ကြောင့်ဖြစ်စေ သေဆုံး သောသူများ နှင့်မတော်တဆထိခိုက်ဒဏ်ရာရခြင်း ကြောင့် သေဆုံးသူများကို ဥပစ္ဆေဒကကံ နှင့် သေဆုံး သူ(အစိမ်း သေ)ဟုဗုဒ္ဓဘာသာဝင်တို့ယူဆကာမ ကောင်းသော သေခြင်း ဟုသတ်မှတ်ထား ကြသည်။

မွန်စံပြရွာတွင်လူတစ်ဦးတစ် ယောက်သည်မည်သည့်နည်း နှင့်သေ ဆုံး သည်ဖြစ်စေ ရှေး ဦး စွာ ရေချိုး ရသည်။ အလောင်း ကို ရေချိုး ရာ တွင်ကွမ်း တစ်ရာညက်ဖြစ် စေ၊ ထမင်းအိုးတစ်လုံး ချက်ဖြစ် စေကြာ သော အ ချိန်ကာလအတွင်းသန့်ရှင်း စေရန် ရေချိုး ပေး ရသည်။ ရေချိုး း စဉ်

ဆွေမျိုး သားချင်း များ နှင့်မိတ် ဆွေသင်္ဂဟ များ ကဝင် ရောက်ကူညီချီး ပေး လေ့ရှိသည်။ သို့သော်ထိုလုပ်ငန်း ကို တွေ့မြင်လုပ်ကိုင်ဘူး သော နား လည်သူအနည်းဆုံး တစ်ဦး ပါရမည်ဖြစ်သည်။ ရေချိုးသည့်လုပ်ငန်းသည် ကု သိုလ်ရသည်ဟုယူဆ လေ့ရှိသဖြင့်တာဝန်ယူ ဆောင်ရွက် ပေး ကြသည်။ ရေချိုး ရန်အတွက်အိုး နှစ်လုံး ကိုအသုံး ပြုရသည်။ ရေနွေး တစ်အိုး၊ ရေအေးတစ် အိုး ထည့်ရန်ဖြစ်သည်။ အလောင်း ကိုရေချိုး လျှင် ရေနွေး နှင့်တစ်ကြိမ်၊ ရေအေး နှင့်တစ်ကြိမ် (၂) ခါချိုး ပေးရသည်။ ရေနွေး နှင့်ချိုး ပေးခြင်း ၏အဓိပ္ပါယ်မှာ ၁၃၁-ဘုံ၌ ကျင်လည်လျက်ရှိသော နေ့စဉ်မီး (၁၁) ပါး၏ဆောင် မြိုက်ခြင်း ကိုခံနေရသည့်သဘောဖြစ်သည်။ ရေအေး နှင့်ချိုး ပေးခြင်း မှာထိုလောင်မြိုက်နေသောမီး၏အပူကိုတရား ရေအေး နှင့် ဆေးကြော သန့်စင်လိုက်သည့်သဘောပင်ဖြစ်သည်။ ရေချိုး ပြီး လျှင်ပြီး ချင်းအသုံး ပြု ပြီး သား အိုး (၂)လုံး ကိုချက်ချင်း ခွဲပြီး စွန့်ပစ်လိုက်ရလေသည်။

သန့်ရှင်း လောက်ပြီဟုယုံကြည်သည်အထိ ရေချိုး ပေး ပြီး လျှင် အလောင်း ကိုရေသုတ်ခါသနပ်ခါး လိမ်း ပေး ရသည်။ အချို့ကအမွှေးနံ့ သာ များ ဖြင့်သုတ်လိမ်း ပေး ကြသည်။ အလောင်း ကို ရေချိုး နေ့စဉ်အဆောင် အဆင်ကိုအပြီး ပြုလုပ်ထား ရသည်။ အလောင်း စင်ကိုအရှည် (၄) တောင် ကျော်ရှိ သောဝါး နှင့်အဆင့် (၄) ဆင့်ပြုလုပ်ရသည်။ အဓိပ္ပါယ် (၄) ပါး မှ လွတ်မြောက်ရန်ရည်ရွယ်ချက် နှင့်ဖြစ်သည်။ ထိုဝါး (၄) ဆင့်ပေါ်တွင်သေ သူသည်မိန်း မဖြစ်ပါကမဂဏန်း အရည်အတွက်နှင့်ကြမ်း ရ- ချောင်း သေ သူသည် ယောကျ်ား ဖြစ်ပါကစုံဂဏန်း အရည်အတွက်ဖြစ်ရသည်။ ဂွား မကွဲ ပြား စေရန်ကြမ်း ကိုခုံ၊ မ ခင်း ခြင်းဖြစ်သည်။ ထိုကဲ့သို့ကြမ်း များခင်း ပြီး နောက်အောက်မှကြိုး သုံးဘန်း ရစ်ပတ်ရသည်။ ထို့နောက်စင် ပေါ် တွင်ဖျာခင်း ရသည်။ အလောင်း စင်၏ ဘေး တစ်ဘက်တစ်ချက်တွင်တိုင် (၃) တိုင်စီရှစ် ပေါင်း (၆) တိုင်စိုက်ထား ရသည်။ ထိုတိုင်၆တိုင်သည်အာ ရုံ (၆) ပါး ကိုဖြတ်ကျောက်ပြီး နိဗ္ဗာန် သို့ ရောက်ရှိရန်ရည် ရွယ်

ချက်နှင့်ဖြစ်သည်။ အလောင်း စင်ပြင်ခြင်း ကိစ္စပြီး သုံး ဗါကအ မွေး နံ့သာ သုတ်လိမ်း ထား သော အလောင်း ကိုစင် ပေါ်တွင်တင်ပြီး အဝတ်အစားပြောင်း ပြန်ဝတ်ပေး ရသည်။ အင်္ကျီကို နောက်ပြန်ဝတ်ပေး ပြီး ကြယ်သီး ကို ကျောဘက် မှတပ်ရသည်။ အလောင်း အား ဝတ်ပေး ထား သော လုံချည်ကိုအလယ်မှ ချုပ်ရိုး တစ်ကြောင်း ချုပ်ထား ရသည်။ ထို့နောက် ခြေမနှစ် ချောင်း ၊ လက်မနှစ် ချောင်း တို့ကိုပူး ပြီး ကြိုး အဖြူနှင့်ချည် နှောင်ရသည်။ မိန်း မအလောင်းများ ကိုဆံပင်ဖြန့်ချ ပေး ထား ရသည်။ ပါး စပ်အတွင်း သို့ကွမ်း တစ်ယာနှင့် ငွေ တမတ်ထည့်ရသည်၊ ကွမ်း ယာထည့်ရခြင်း မှာအာ ခေါင်မှ လေမှုတ်မထွက်ရန်ဟု ဆိုသည်။ ငွေတမတ်သည် သေဆုံး သူအတွက်ဘဝကူး ရန်ကူး တို့ခပင်ဖြစ်သည်။

အသုဘ၏ ခေါင်း ရင်း ဘက်တွင်ဖယောင်း တိုင်တစ်တိုင် ထွန်း ညှိရသည်။ ထို့နောက်လိပ်ပြာ တောင်း ကိုလည်း ထား ရသည်။ ခြေရင်း ဘက် တွင်မီး ဖိုတစ်ခုပြုလုပ်ထား ရသည်။ မီး ဖိုကိုဖိုခ နောက်သုံး လုံး နှင့်ပြုလုပ် ကာအပေါ် မှထွင်း အိုး တစ်လုံးတည်ထား ရသည်။ ဖိုခ နောက်(၃)လုံး ၏ အဓိပ္ပါယ်မှာနတ်ဘုံ၊ လူ့ဘုံ၊ အပါယ်ဘုံတည်း ဟူသောဘုံ(၃)ပါး ကိုရည်ရွယ်ခြင်း ဖြစ်သည်။ နိဗ္ဗာန်မရမီစပ်ကြား ထိုး ဘုံ(၃)ပါး တွင်တမင်း အိုး ဆူ သကဲ့ သို့ပူပင် သောကများ နှင့်လောင်မြိုက်၍ နေရသည့်သ ဘောကိုဆောင် ခြင်နိုင် ရန်ဖြစ်သည်။ အသုဘ၏ ချက်တည့်တည့်တွင်အပေါ် မှ နေ၍လက်စွပ်တစ်ကွင်း နှင့် ကွမ်း ညှပ်ကိုချည်ပြီး ဆွဲထား ရသည်။ လက်စွပ်ကိုဆွဲထား ခြင်း သည် သေ ဆုံးသော သူ၏အနာ ဂတ် ဘဝတွင်ဉာဏ်အမြင့် ကြည်လင်ပြတ်သား စေရန် အ တွက် ဖြစ်ပြီး ကွမ်း ညှပ်ဆွဲထား ခြင်း မှာကိ လေသာအညစ်အကြေး များ ကိုဖြတ် တောက်ရန်ရည်ရွယ် သည်။ ထိုကဲ့သို့အ လောင်း စင်ပြင်ထား ခြင်း သည် အ သု ဘရှုလာသူများ အတွက်တရား သံဝေဂပွား များ ရှုမြင်နိုင်စေရန် ရည် ရွယ်ခြင်း ဖြစ်သည်။ အများ အား ဖြင့်သေပြီး ၍တစ်ညအိပ်ပြီး ပါကခေါင်း

သွင်း လေ့ရှိသည်။ အရှည် လေး တောင်၊ အနံ နှစ် တောင် ရှိသော ပိတ်ဖြူနှင့် အလောင်း ကိုပတ်၍ ခေါင်း ထဲသို့ထည့်ရသည်။

အထက်ပါအတိုင်း အလောင်း စင်ပြင်သည့်ဓလေ့ကို ရှေး အခါက အတိအကျလိုက်နာလုပ်ဆောင်သော်လည်း ယခုနောက်ပိုင်း တွင်ထိုကဲ့သို့ လုပ်ဆောင်သူတစ်စတစ် လျော့နည်းလာပြီးဖြစ်သည်။ အလောင်း စင်သီး သန့် မဆောက် တော့ဘဲ သေဆုံး သူ၏ကိုယ်ပိုင်ကုတင် (သို့) ဘုန်း ကြီး ကျောင်း မှ ငှား လာ သော ကုတင်များ ဖြင့်သာ အလောင်း စင်ပြင် လေ့ရှိသည်။ အလောင်း စင်ကိုအိမ် ပေါ် အောက်ကြိုက်နှစ်သက်ရာ နေရာတွင်ပြင်နိုင်သည်။ သေဆုံး သူ၏ကုတင်နှင့်ပြင်ထား ပါကအသုံးချပြီး ထိုကုတင်ကိုဘုန်း ကြီး ကျောင်း သို့ လှူလေ့ရှိသည်။ ကျောင်း မှ ငှား လာ သော ကုတင်ဖြစ်ပါကအသုံးချပြီး ပြီး ချင်း ပြန်ပို့ရသည်။ ထိုသို့ပြန်ပို့ပြီး လျှင် ကျောင်း တွင်အလှူငွေထည့်ခဲ့ကြ လေ့ ရှိသည်။

အလောင်း စင်ကိုအိမ် ပေါ် တွင်ပြင်ထား ပါကအသုံးချ သည့် နေ့တွင်လိုက်နာလုပ်ဆောင်ရမည့်သတ်မှတ်ချက်များ လည်း ရှိပေသည်။ အိမ် ထောင်ဦး စီး ဖခင်ဖြစ်စေ၊ သို့အိမ်မှအိမ်သား များ သေဆုံး လျှင်ဖြစ် စေအသုံးချရာတွင်အိမ်၏ ပင်မ လှေခါး မှသာအလောင်း ကိုချ လေ့ရှိသည်။ အလောင်း ချရာတွင် ခြေဘက်ကိုအရင်သယ်၍ချကြသည်။ အကယ် ၍ သမက် (သမီး ၏ ယောကျ်ား) သေဆုံး သည့်အခါတွင်မူအလောင်း ကို လှေခါး မှ မ ချရပဲ၊ အိမ် ဘေး ထရံကိုအပေါက် ဖောက်ကာ ဝါး လှေခါး ဝတီထိုး၍ ချရသည်။ ဤသို့ပြုလုပ်ခြင်း မှာ သမက်ဆိုသည်မှာ သမီး နှင့် စပ်မှ တော်ရသူဖြစ်သည် ဟူ သော သဘောကို ပေါ်လွင် စေလို၍ဖြစ်သည်။ ဤ ဓလေ့ကိုယခုအခါလိုက်နာ သူ နည်း ပါး သွား ပြီဖြစ်၍ ပျောက်လုနီး ရှိနေပြီဖြစ်သည်။ အလောင်း ကိုပင်မ လှေကား မှသာ ချကြ တော့သည်။

ရေနစ်ခြင်း ၊ မတော်တဆထိခိုက်မိသော ဒဏ်ရာနှင့် သေဆုံးခြင်း ၊ သေကြောင်းကြံ၍ သေဆုံးခြင်း ၊ သူတစ်ပါး သတ်ဖြတ်၍ သေဆုံးခြင်း တို့တိုကြိမ်း ပူအောင်မထားရပဲချက်ခြင်း ချရလေသည်။ မီး သင်္ဂြိုလ်ခွင့်လည်း မပြုပေ။ ထိုသို့သော သေဆုံးခြင်းများသည် ကောင်းသော သေဆုံးခြင်း မဟုတ်ဟုယူဆသောကြောင့်သံဃာတော်များအား အိမ်သို့ ပင့်ဖိတ်ပြီး အလှူဒါနပြုလုပ် မရပါ။ ခုနစ်ရက်ပြည့်လျှင်ဆွမ်းလောင်းခြင်း သာပြုလုပ်နိုင်သည်။ လောင်းလှူရာ၌ထမင်း (သို့) ဆံပြုတ်ကိုခွက်နှင့်ထည့်၍ ကောက်ညှင်းပေါင်း ၊ မုန့်ဖက်ထုပ် ၊ ငှက်ပျောသီး တို့ပါဝင်၏။ ထူးခက် ရောဂါနှင့်သေဆုံးသူများကိုမူ အစီစီး သေသေဆုံးခြင်း မဟုတ်သော်လည်း ချက်ချင်း ချရသည်။ အဘယ့်ကြောင့်ဆိုသော်အခြား ရွာသားများအား ရောဂါကူးစက်တတ်သူအများ ဒုက္ခရောက်မည်ကိုစိုးရိမ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ ရွာတွင်ထိုကဲ့သို့ချက်ချင်း ချရန် ဝါးကပ်များ ကိုအသုံးပြုကြသည်။ အချိုကဖျာနှင့်လိပ်၍ချရသည် ။

ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးမီးဖွားစဉ် သေဆုံးပါကလည်း ညအိပ်မထားရပဲချက်ခြင်း ချရသည်။ ကိုယ်ဝန်နှင့်သေဆုံးပါက ဗိုက်ကိုခွဲလိုကခွဲနိုင်ပြီး မခွဲဘဲချ၍လည်း ရသည်။ မိခင် သေဆုံးပြီးမှ ဗိုက်ခွဲယူရသော ကလေး အသေမှာ မိခင်နှင့်သာဆိုင်သည့်အတွက် မိခင်နှင့်အတူထားရသည်။ အကယ်၍ကလေး မွေးဖွားပြီးမှမိခင် သေဆုံးပါကအသက်နှင့်ကျန်ရစ်သော ကလေး ကိုခွဲထားရပြီး မိခင်အလောင်း ကိုအသုဘချသည့်အခါ ကလေးအစား ငှက်ပျောတုံး ငယ်ကိုမိခင်နှင့် အတူထည့်ပေးလိုက်ကြသည်။ အသုဘချစဉ်ခင်ပွန်း ဖြစ်သူကဓါးထမ်းပြီး ရှေ့ကသွားရသည်။ ထို့နောက် “ကလေး ငယ်အား တစ်ပါတည်း ထည့်ပေး လိုက်ပြီလာမတောင်း ပါနှင့်” ဟု ပြောရသည်။ အသုဘပို့သူများ ရွာပြန်လာသည့်အခါလမ်း ကိုဆူးများ စီတန်းချထားရသည်။ မိခင်၏ဝိညာဉ်ပြန်လိုက်မလာရန်လမ်း ပိတ်သည့် သဘော

ပင်ဖြစ်သည်။ ဆီးဓါတ်ပြန် ရောဂါလျှင်ထုံး တမ်း စဉ်လာအတိုင်း ဆီးဓါတ်ခါး တွင် သိရိုက်သွင်း ရသည်။

မွန်စံပြဌာနတွင်ရိုး ရိုး သေဆုံး ခြင်း (ဝါ) ကောင်း သော သေဆုံး ခြင်း ဖြင့်သေဆုံး သောအသုဘကို (၃) ရက်ထား၍ ချကြသည်။ အသုဘကိုများ သောအား ဖြင့်မွန်း လွဲပိုင်း ချကြသည်။ အသုဘ ချသည့်အခါလိပ်ပြာ တောင်း ကိုင်သူပါရသည်။ သေဆုံး သူသည် ဖခင်ဖြစ်ပါကလိပ်ပြာ တောင်း ကို သား အကြီး ကလည်း ကောင်း ၊ မိခင်ဖြစ်ပါကသား ငယ် ကလည်း ကောင်း ကိုင်ရသည်။ လိပ်ပြာ တောင်း ၌ ငှက်ပျောသီး နှစ်ဖီး ၊ အုန်း သီး အခွံကွာ တစ်လုံး၊ သေသူ၏အဝတ်တစ်စုံ၊ မှန်တစ်ခု၊ ဓါးငယ်တစ်ခု ပါသည်။ လိပ်ပြာတောင်း ကိုင်သူသည် ပိတ်ဖြူဝတ်ရသည်။ အသုဘချစဉ်အမှီ သမီး ကလွှမ်း ၊ ဆေး များ - အုန်း ပွဲ၊ ငှက်ပျောပွဲများ နှင့်လှူဖွယ်ပစ္စည်း များ ကိုဗန်း ထဲတွင်ထည့် ၍ ရွက်ကာ ရှေ့မှသွား ရသည်။ သင်္ချိုင်း သို့ရောက်လျှင် ခေါင်း ကို (၆) ပါတ် လှည့်ပြီး ၊ အခေါင်း ၏ ခြေရင်း ဘက်ကို (၇) ကြိမ်ထုရသည်။ ထို့နောက် ခေါင်း တွင်း မှအဝတ်ဖြူစကိုဆွဲထုတ်ပြီး အစများ ကိုဘုန်း တော်ကြီး ကလက် ဖြင့်ကိုင် ထား စဉ်အုန်း သီး ကိုခွဲ၍ ခေါင်း ရင်း ဖက်မှ လောင်း ရသည်။ ယင်းနောက် ဘုန်း တော်ကြီး များ ထံမှ (၅) ပါး သီလခံယူပြီး သရဏဂုံတင်သည်။ သရဏဂုံ တင်ပြီး မြေမြှုပ်သည်မီး သင်္ဂြိုဟ်ကမီး သင်္ဂြိုဟ်နိုင်သည်။

သင်္ဂြိုဟ်ပြီး စီး ပါကအသုဘအထွက်အသုံး ပြုသော ဝါး ၊ သစ်စသည် တို့ကိုအပိုင်း ပိုင်း ချိုး ခဲ့ဖျက်ဆီး ပစ်ရသည်။ ထိုသို့ပြုလုပ်ရခြင်း မှာ သေ သူ၏ ဝိညာဉ်အိမ်သို့ပြန်မလာ စေနိုင်ရန်ဖြစ်သည်။ သင်္ချိုင်း မှအပြန်တွင်လည်း အသင်နှင့်ကျွန်ုပ်တို့ဘာမှမဆိုင် တော့၊ အဆက်အသွယ်မရှိ တော့ပါ၊ လိုက်မလာ ပါနှင့် "ဟုဆိုကာလမ်း ကို ပေါက်တူး ၊ တူရွင်း တို့နှင့်တူး ခွ ရသည်။ (၇) ရက် ပြည့်သည့်ရက်လည် နေ့တွင်ဘုန်း ကြီး (၇) ပါး ပင့်ကာ ထမင်း အုပ် (၇) အုပ် နှင့်ဆွမ်း သွပ် လေ့ရှိသည်။ ထို နေ့တွင်အမျိုး က သေသူ၏ ဝိညာဉ်ကိုတ ရား နာ ၁

ရန်ဝေါ်သည်အနေဖြင့် မြေပုံမှ မြေကြီး ခဲတစ်ခဲကိုယူလာကြသည်။ ထိုနေ့တွင်အသုဘအိမ်သို့လာရောက်သော ဧည့်ပရိသတ်များကိုထမင်း မုန့်တို့နှင့်ဧည့်ခံကျွေးမွေး လေ့ရှိသည်။

အကယ်၍ သေဆုံးသူသည်အသက်အရွယ်အိုမင်းရင့်ရော်သူ ဖြစ်ပါကအဘိုး၊ အဘွားများ ကုသိုလ်ကောင်းမှုရစေရန်အတွက်ကျန်ရစ်သူမြေး၊ မြစ်ငယ်များကကိုရင်ဝတ်ပြီး အသုဘစင်ပေါ်တွင်စီးနင်းလိုက်ပါကြသည့်ဓလေ့သည်မွန်စံမြို့ရွာမှမွန်များ အပါအဝင်မွန်တိုင်းရင်းသားအားလုံး၏ထူးခြားသော ဓလေ့ဖြစ်သည်။

မွန်စံမြို့ရွာတွင်ရှိသောအခြားထူးခြားချက်တစ်ခုမှာ ဒိုက်၍ သေဆုံးခြင်းဖြစ်ပါသည်။ ဒိုက်၍ သေခြင်းဆိုသည်မှာအိမ်တစ်အိမ်၌ နေ့ညမဟူ တစ်ဦးတစ်ယောက် သေဆုံးသည်ကိုမည်သူမျှမသိခြင်းဖြစ်သည်။ ဥပမာ ဥကျောက်သွေးကြောပြတ်သည့်ရောဂါနှင့်အိပ်ရာထဲတွင် သေဆုံးခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ သေဆုံးပါကအသက်ထွက်ခြင်းကိုအိမ်သားများဖြစ်စေ၊ အနီးအနားရှိတစ်စုံတစ်ယောက်ကဖြစ်စေမသိလိုက်ဘဲရှိတတ်သည်။ ထိုကဲ့သို့သော သေဆုံးမှုမျိုးဖြစ်ပွားသောအိမ်ကိုလည်းကောင်း၊ ခြံကိုလည်းကောင်း လူများဆက်လက်နေထိုင်လေ့မရှိပေ။ မည်မျှကြီးကျယ်ခန်းနားသည့်အိမ် သစ်လွင်နိုင်ခန့်သည့်အိမ်ဖြစ်ပါစေဖြိုချဖျက်ဆီး ပစ်လိုက်ရမြဲဖြစ်သည်။ ထိုအိမ်မှရသောသစ်၊ သွပ်စရှိသောပစ္စည်းများအားလုံးကိုနောက်ထပ် ဆောက်မည့်အိမ်တွင်ပြန်မသုံးကောင်းပေ။ ဒိုက်တတ်သည်ဟုယူဆကြသည်။ ဘုန်းကြီးကျောင်းများသို့လှူပစ်ရသည်။ ထိုပစ္စည်းများကိုရောင်း၍ လည်းဝယ်ခဲ့ကြသည်။ အိမ်ဆောက်ထားသောမြေကိုလည်းအပြီးတိုင်စွန့်ပစ် ကြလေ့ရှိသည်။ စွန့်မပစ်လိုပါကလူမနေဘဲတစ်နှစ်ခန့်ပစ်ထားကာ၊ မြက်ပင်၊ ပေါင်းပင်များ ပေါက်လာသည်အထိထားရသည်။ တစ်နှစ်ကျော်မှသာ ခြံကိုပြန်ရှင်းကာ မြေလှန်ပစ်ရသည်။ မြေရိုင်းကိုရက်ထွင်ရှင်းလင်းပြီး

နေသည့်သဘောမျိုး ရောက်အောင်ဖန်တီးထားခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ပြီး ကျွင်းအိမ်ပြန် ဆောက်လိုက ဆောက်နေနိုင်သည်။

တစ်ခါတစ်ရံ နွားမကျန်းဖြစ်ပြီး မွေးနေသူများအား သေဆုံးပြီဟုထင်မှတ်ပြီး အသုဘချမိသည့်အခါ သင်္ချိုင်း ရောက်မှပြန်လည်လှုပ်ရှားသက်ဝင်လာတတ်သည်။ ထိုကဲ့သို့သေသူများသည် ရွာတွင်းသို့ပြန်ဝင်ခွင့် မရကြပေ။ ရွာပြင်၌သာအိမ် ဆောက်နေကြသည်။ ရွာအပြင်တွင် သေဆုံးပါကလည်း အလောင်းကို ရွာတွင်းသို့ပြန်ယူမလာရပေ။ ရွာနားသင်္ချိုင်းအားလုံး တယုဆထား သဖြင့်တင်း ကြပ်စွာတား မြစ်ထားသည်၊ တစ်ရွာထဲတွင်ဖြစ်စေ၊ အိမ်တစ်အိမ်ထဲတွင်ဖြစ်စေ ၂-ဦးထက်ပို၍ သေဆုံးပါက နောက်ဆုံးသေသူကိုသာအရင်ချရသည်။

မွန်စံပြရွာတွင်ကလေး တစ်ယောက် သေဆုံးသွားပါကလူကြီး အသုဘနှင့်ခွဲခြားပြီး ပြုလုပ်လေ့ရှိကြသည်။ ကလေး အသုဘကိုမီး မရှို့ရပေ။ အိမ်တွင်ဆွမ်း မကျွေးရချေ။ သီလပေး တရား မနာရချေ။ အိမ်အပြင်တွင်မဏ္ဍပ်ထိုး၍လည်း ကောင်း၊ ဘုန်းကြီး ကျောင်းတွင်လည်း ကောင်း ဆွမ်း ကျွေး လေ့ရှိကြသည်။

ဘုန်းကြီး ပျံ၊ မယ်တော်ပျံ၊ ခမည်း တော်ပျံများ ကိုအကြီး အကျယ်ကျင်း ပကြသည်။ ထိုပွဲများ အတွက်ရပ်ရွာနီးလူများ စုပေါင်း၍အလှူငွေ ထည့်ကြရသည်။ ရုပ်ကလာပ်ကိုကြာရှည်စွာခံရန်စီမံထားပြီး မိုးကုန်၍ မြောက်သွေ့သောရာသီတွင်ပွဲကျင်း ပလေ့ရှိသည်။ ပွဲကျင်း ပသည့်အခါဇာတ်ပွဲ၊ အငြိမ့်၊ ရုပ်သေး၊ နပန်း၊ မျက်လှည့်စသည့်ပျော်ပွဲ၊ ရှင်ပွဲများထည့်သွင်း တာစည်ကား စွာကျင်း ပလေ့ရှိကြသည်။ ရုပ်ကလာပ်တင်သည့်ပြာသာဒ်ကိုလည်း ယိမ်း၊ ဇာတ်တို့ဖြင့်ဖျော်ဖြေကြသည်။ နောက်ဆုံး တွင်မီးသဂြိုဟ်၍ပွဲပြီး ဆုံး လေ့ရှိသည်။

မှန်စံပြဌာနတွင်နာရေးကိစ္စများဖြစ်ပေါ်ပါကတာဝန်ယူကူညီဆောင်ရွက်ပေးရန်မှန်အမျိုးသားဃောက်ျားကြီးများဖြင့်သီးသန့်ဖွဲ့စည်းထားသော "နာရေးအသင်း" သီးသန့်ရှိသည်။ ထို့နောက်ဝေယျာဝစ္စများကိုလိုအပ်သလိုဆောင်ရွက်ပေးရန် "အရေးပေါ်အသင်း" ဟူ၍လည်းရှိသေးသည်။ ၎င်းဒေသတွင်နာရေးအသင်း (၃) သင်း၊ အရေးပေါ်အသင်း (၁) သင်း၊ ဝုရုပေါင်းအသင်း (၄) သင်းရှိသည်။ ရပ်ကွက်အတွင်းရှိအသက်၄၀-ရောက်ရှိသောဃောက်ျားကြီးတိုင်းသည်ဤအသင်း (၄) သင်းအနက်မှမိမိနှင့်နီးစပ်ရာအသင်းသို့ဝင်ရသည်။ မဝင်မနေရဟူသောကန့်သတ်ချက်ရှိသည်။ ထိုကန့်သတ်ချက်သည်ဥပဒေထုတ်ပြန်ကာအတင်းအကျပ်ကန့်သတ်ထားသောကန့်သတ်ချက်မျိုးမဟုတ်ပေ၊ လူမှုရေးအသိစိတ်ဓါတ်အရအားလုံးကလက်ခံထားသောကန့်သတ်ချက်မျိုးသာဖြစ်သည်။

ထိုအသင်းများတွင်သီးသန့်ရုံးဆောင်းထားသောရုံးပုံဌာနရှိ၍မရှိပေ။ အများသဘောတူရွေးချယ်ခြင်းခံထားရသောသူများကသာဦးဆောင်သည်။ နာရေးအသင်းများ၏တာဝန်မှာမိမိအသင်းတွင်ပါဝင်သောအဖွဲ့ဝင်တစ်ဦး၏မိသားစုထဲမှတစ်ဦးဦးသေဆုံးပါကသေဆုံးသည့်နေ့မှစ၍အလုပ်အကိုင်နေ့အတွင်း အဆင်ပြေသည့်နေ့တွင်ဆန်တစ်ပြည်နှင့်ငွေငါးကျပ်ကိုအသင်းဝင်တိုင်းမပျက်မကွက်လာရောက်ထည့်ဝင်ရသည်။ ထိုကဲ့သို့လာရောက်ထည့်ဝင်သောဆန်နှင့်ငွေကိုအသုဘအိမ်တွင်သက်ဆိုင်ရာအဖွဲ့တာတာဝန်ယူ၍စာရင်းနှင့်တကွကောက်ခံသည်။ အသင်းတစ်သင်းအတွက်အခြားနှစ်သင်းကလည်းတတ်နိုင်သလောက်ဝိုင်းဝန်းထောက်ပံ့ပေးထားသေးလေ့ရှိသည်။ အခြားအသင်းများကကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ သေဆုံးသောအိမ်နှင့်သက်ဆိုင်ရာအသင်းကမပျက်မကွက်ကူညီရသည့်ထုံးစံရှိသည်။ အသင်းတစ်သင်းလျှင်ကောက်ခံရသောဆန်ပမာဏမှာ (၉) တင်း (၁၀) တင်းခန့်ရှိလေသည်။

အရေးပေါ်အသင်း၏အဓိကတာဝန်မှာ လူတစ်ဦး သေဆုံးကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ရွာထဲ၌ရှိသော အိမ်အားလုံးကို အသင်းကြေး ငွေတစ်ဆယ်ကျပ်စီလိုက်ကောက်ကာ အသုဘအခမ်းအနားအတွက် မတည်ငွေကို ရွာပေးရခြင်း-ပင်ဖြစ်သည်။ ထိုကဲ့သို့ အရေးပေါ်အသင်းနှင့် နာရေးအသင်းက ကူညီစုဆောင်းပေးသော ငွေကြေးနှင့် ဆန်များကို ငွေကြေးမပြည့်စုံသူများနှင့် လက်ခံလိုသော မိသားစုတိုင်းက လက်ခံလေ့ရှိပြီး အချို့ငွေကြေးပြည့်စုံသူများက လက်မခံလိုပါက အသင်းသို့ အကြောင်းကြား၍ လက်မခံလိုကြောင်း အသိပေးရသည်။ ထိုသို့သော အခါမျိုးတွင် အသင်းများက ငွေကြေးထည့်ရန် မလိုတော့ပေ။ ဤကဲ့သို့ အသင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းကာ စုပေါင်းဆောင်ရွက်ပေးခြင်းကြောင့် ငွေကြေးအင်အားနှင့် လုပ်အား မပြည့်စုံ၍ အသုဘအခမ်းအနား မကျင်းပလိုက်ရသော အဖြစ်မျိုးကို ရင်ဆိုင်ရသည့် မိသားစုဟူ၍ မှန်စံပြရွာတွင် လုံးဝမရှိတော့ပေ။ ဤဆောင်ရွက်ချက်များကို လေ့လာကြည့်ရှုခြင်းဖြင့် မှန်စံပြရွာသားများ၏ မှန်မြတ်သောစိတ်ထားနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့နိုင်ပေသည်။

အသုဘအခမ်းအနားတွင် ဝိုင်းဝန်းကူညီခြင်း၊ သတင်းမေးရန်၊ အသုဘရှုရန်လာရောက်သော ဧည့်သည်များအတွက် ချက်ပြုတ်ခြင်း၊ အခြားကိစ္စကြီးငယ်များ ဆောင်ရွက်ခြင်းကို လူငယ်အသင်းများက စုပေါင်းလုပ်ဆောင်ကြသည်။ ဤကဲ့သို့ လူကြီးနှင့် လူငယ်တို့ သဟဇာတဖြစ်အောင် စုပေါင်းဆောင်ရွက်တတ်ခြင်း၊ လိုက်လျောညီထွေရှိအောင် တာဝန်ယူ၍ စည်းလုံးစွာ ဆောင်ရွက်သွားခြင်းတို့ကြောင့် အသုဘအခမ်းအနားကို ပြီးဆုံးသည်အထိ ချောမောစွာ ကျင်းပသွားနိုင်ခြင်းပင်ဖြစ်သည်။ ဤဒေသမှ မှန်တို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို သေချာစွာ ဆန်းစစ်ကြည့်ပါက ၎င်းတို့တွင် တစ်ဦး၏ အပူမီးကို တစ်ဦးက မျှဝေခံစားတတ်သော အေးအတူပူအမျှဟူသည့် စိတ်ဓါတ်များ ကိန်းအောင်းကျင့်သုံးနေကြောင်း သိသာနိုင်သည်။

# အခန်း (၆)

## ပညာရေး

### (က) ရိုးရာပညာ

မွန်စံပြရွာမှ မိဘများသည် "နှီးကိုအမျှားကဖြာပြီး သားသမီးကိုငယ်စဉ်က ဆုံးမရသည်" ဟူသော မွန်ရိုးရာစကားပုံအတိုင်း မိမိတို့၏ကလေးငယ်များအား ဘဝတွင်အဆင်ပြေစွာရပ်တည်သွားနိုင်ရေး အတွက်ငယ်စဉ်မှစကာ ရိုးရာပညာများကို လေ့ကျင့်သင်ကြားပေးလေ့ရှိကြသည်။ ၎င်းတို့၏ ရိုးရာဓလေ့ထုံးစံအရ ပညာပေးခြင်းကို လေ့လာကြည့်ပါက

(၁) အသက်မွေးဝမ်းကျောင်းမှုပညာပေးခြင်း နှင့်

(၂) မွန်စာပေသင်ကြားခြင်းဟူ၍ နှစ်မျိုးတွေ့နိုင်သည်။

(၁)။ ။ မွန်စံပြရွာတွင်ကလေးများ မိဘကိုကူညီနိုင်သောအရွယ်သို့ ရောက်လာပါက မိန်းကလေးရော၊ ယောကျ်ားလေးပါ မိဘ၏လုပ်ငန်း အဝဝကိုကူညီဆောင်ရွက်လေ့ရှိကြသည်။ မိန်းကလေးများအား ထမင်းဟင်း ချက်ပြုတ်ခြင်း၊ အိမ်မှုကိစ္စအဝဝကိုကူညီဆောင်ရွက်ခြင်းကို ငယ်စဉ်ကစ၍

မိခင်ကသင်ကြားပေးလေသည်။ တနိုင်တည်းမှာပင် မောင်ငယ်၊ ညီမငယ်များ ရှိပါကကူညီထိန်းကျောင်းလာကြသည်။ မိန်းခလေးများ အရွယ်ရောက်လာ၍လယ်ထဲဆင်းသည့်အခါ ကောက်စိုက်ခြင်း၊ မျိုးနုတ်ခြင်း အတတ်ပညာတို့ကိုသင်ကြားနိုင်သည်။ ထို့အပြင် ဆေးလိပ်လိပ်တတ်အောင်လည်း နှီးစဝ်ရာ အမျိုးသမီးများကသင်ကြားပေးကြသည်။ ယောကျ်ားလေးများကလည်း ဖခင်နှင့်အတူလယ်ထဲသို့လိုက်ပါကူညီခြင်း၊ တောခုတ်သည့်အခါလိုက်ပါသွားခြင်းများပြုကာ ယောကျ်ားတို့တတ်အပ်သောပညာများကိုသင်ကြားရသည်။ ဤသို့ဖြင့်အလုပ်၏တန်ဘိုးကိုနားလည်သဘောပေါက်လာကာမိမိ၏ဘဝတိုးတက်ရေးအတွက်ကိုယ့်ခွမ်းကိုယ်စဖြင့်ဖန်တီးနိုင်သောသတ္တိထူးများရရှိလာကြပြီး ၎င်းတို့၏အဖွဲ့အစည်းအားတတက်တအား ပါဝင်ကူညီလာနိုင်သည်။

ထို့ပြင်မိခင်၊ ဖခင်၊ ညီကိုမောင်နှမများ၊ ဆွေမျိုးများ၏ သွန်သင်မှုကြောင့်အဖွဲ့အစည်းမှချမှတ်ထားသောလူမှုရေးစည်းကမ်းများကိုနားလည်လိုက်နာတတ်လာသည်။ ဥပမာ– "လူကြီးသူမများ ရှေ့၌ ခေါင်းကိုငုံ့သွားရမည်။"

"လူကြီးများအား ပစ္စည်းတစ်စုံတစ်ရာကိုပေးလျှင်လက်နှစ်ဘက်ဖြင့်ရိုသေစွာပေးရမည်" ထိုသို့သောစည်းကမ်းများကိုလိုက်နာရင်း၊ လူမှုရေးကျင့်ဝတ်များကိုနားလည်ကာအဖွဲ့အစည်းနှင့်အံဝင်ဂွင်ကျအောင်နေထိုင်တတ်လာသည်။

(၂)။ ။ ရွာတည်စအခါကမွန်စံပြရွာတွင်မွန်စာပေကိုသင်ကြားပေးသည့်ကျောင်းသီးသန့်မရှိသေး ရွာထဲမှ "နိုင်ကလိန်" အမည်ရှိ အမျိုးသားကြီး၏ အိမ်တွင်တစ်လလျှင် ငွေခြောက်ဆယ်ကျပ်နှုန်းဖြင့်ဆရာများငှား၍ မွန်စာသင်ကျောင်းကိုစတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မူမွန်ဘာသာကိုသီး သန့်ယူလိုပါကရွာထဲရှိဘုန်းကြီးကျောင်းများတွင်အပ်နှံ

သင်ကြားရသည်။ ကျောင်းအပ်ရာတွင်ကန်တော့ပွဲနှင့်အပ် လေ့ရှိသည်။ အသက် (၆) နှစ်ခန့်တွင် စတင်သင်ကြား လေ့ရှိသည်။ မွန်ဘာသာသင်ကြားရာတွင် မူလတန်းအတန်းစဉ် (၄) တန်း၊ အလယ်တန်း အတန်း စဉ် (၄) တန်း၊ စုစုပေါင်း အတန်း စဉ် (၈) တန်း သင်ကြား ရသည်။ ထိုသို့သင်ကြားပြီး ပါက မွန်ဘာသာကိုပြည့်စုံစွာတတ် မြောက်ပြီး ဖြစ်သည်။ ရွာတွင်မွန်ဘာသာ ကို လက်ခံသင်ကြား ပေး သောဘုန်း ကြီး ကျောင်း (၄) ကျောင်း ရှိသည်။ ပရိတ်ကြီး၊ ငါး ပါး သီလ၊ ရှစ်ပါး သီလ၊ သား သမီး ဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ ဆရာဝတ်နှင့်ရှင်ကျင့်ဝတ်စသောဘာသာရေး စာပေ၊ လူမှုရေး စာပေတို့ကိုမွန်ဘာသာနှင့်သင်ကြား ပေး ကာလိမ္မာရေး ခြား ရှိလာအောင်သွန်သင်ဆုံး မသည်။ ထိုရွာတွင်မွန်ကလေး ငယ်တိုင်း မွန်စာပေ ကို သင်ကြား လေ့ရှိကြသည်။

## (ခ) ခေတ်ပညာ

"နွား ကိုချစ်လျှင် မောင်း လှန် ကျွေး ၊ သား သမီး ကို ချစ်လျှင် ကျောင်း ထား "ဟူသော စကား အတိုင်း မွန်စံပြရွာတွင်ကလေး ငယ်များ အားငယ်စဉ်မှစ၍ ကျောင်း ထား လေ့ရှိကြသည်။ ကလေး များ (၅) နှစ်အရွယ်သို့ရောက်လျှင် ကျောင်း အပ်နှံရလေသည်။ ရွာတည်စအချိန်၌ရွာတွင်စာသင် ကျောင်း လုံး ဝမရှိသေး ပေ "နိုင်ကလိန်"အမည်ရှိမွန်အမျိုး သား ကြီး ၏ နေအိမ်တွင်ဆရာငှား ကာမွန်စာပေကိုသင်ကြား ရသည့်အခြေအနေဖြစ်သည်။ " ရာမညတိုင်း လုံး ဆိုင်ရာမွန်ရိုး ရာအဖွဲ့ " မှ ဥက္ကဋ္ဌဦး ချစ်သောင်း ၊ နိုင်ပန်း လှနှင့်ရွာသူကြီး နိုင်အုန်း မြိုင် တို့ဦး ဆောင်ကာအစိုး ရထံ ကျောင်း ဖွင့်ပေး ရန် လျှောက်ထား ခဲ့ သည်။ ၁၉၆၀တွင်အစိုး ရမှလူထုပညာ ရေး မှူး ၅-ဦး ကိုခန့်ထား ပေး ကာ မူလတန်း ကျောင်း ကိုထိုနှစ် စတင်ဖွင့်လှစ်ပေး ခဲ့သည်။ ကျောင်း ဖွင့်စက ကျောင်း သား ဦး

ရေမှာအနည်း ငယ်မျှသာဖြစ် သော်လည်း နောက်ပိုင်း တွင်တ ဖြေး ဖြေးတိုး ပွား လာသည်။ ထို့နောက်အလယ်တန်း ကျောင်း ကိုထ ပ်မံ ဖွင့်လှစ် နိုင် ခဲ့သည်။ ယခုတည်ရှိနေ သော မူလတန်း နှင့်အလယ်တန်း ကျောင်း မှ ကျောင်း သား ဦး ရေကို (၁၉၈၃–၈၄) ပညာသင်နှစ်တွင် ကောက်ခံထား သော စာရင်းအ ရ ဖော်ပြရ သော်–

| သူငယ်တန်း | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထ တန်း | စုစု ပေါင်း |
|---|---|---|---|---|---|
| ၂၀၈ | ၂၄၁ | ၁၇၀ | ၁၂၆ | ၁၀၇ | ၈၃၃ |

အမက (မွန်စံပြ) ၏ ကျောင်း သား ဦး ရေ

| ပဉ္စမတန်း | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | စုစု ပေါင်း |
|---|---|---|---|---|
| ၁၆၃ | ၁၄၈ | ၇၀ | ၆၁ | ၄၅၀ |

အလက (၃) ဝဲခွး မြို့၏ ကျောင်း သား ဦး ရေ

ထိုကျောင်းများတွင်အင်္ဂလိပ်စာမှအပအခြားသောဘာသာရပ်များကိုမြန်မာဘာသာနှင့်သင်ကြားလေ့ရှိကြသည်။ ထိုကျောင်း၌ရွာမှကလေးငယ်များသည် မွန်စကားနှင့်ဗမာစကား ၂-မျိုး သင်ကြားရသည်။ အလယ်တန်းအောင်မြင်၍အထက်တန်းတက်လိုလျှင်ပဲခူးမြို့ရှိအထက်တန်းကျောင်းများသို့ပြောင်းရွှေ့သင်ကြားကြသည်။ အထက်တန်းအောင်မြင်ပြီးပါကတက္ကသိုလ်ပညာဆက်လက်သင်ကြားကြလေသည်။

အားကစားသင်တန်း၊ ပန်းချီသင်တန်းအစရှိသောကျောင်းထွင်းသင်တန်းများမှ မိမိနှစ်သက်ရာကိုရွေးချယ်သင်ကြားနိုင်သဖြင့်ကလေးငယ်များ၏အရည်အသွေးများ ဘက်စုံတိုးတက်လာကာ ၎င်းတို့အဖွဲ့အစည်းအထွက်လူတော်လူကောင်းများ တိုးပွားလာစေသည်။

## အခန်း ၅ ။

## ဘေား ဂီတအကအခုန်နှင့်ပွဲတော်များ

(က) ဂီတနှင့်အကအခုန်

မွန်လူမျိုးများသည် ရှေးယခင်နှစ်ပေါင်းများစွာက ပင်ယဉ်ကျေးမှုအနုပညာ ဂီတနှင့်အကတွင် မိမိတို့ဟန် မိမိတို့တူရိယာများနှင့်ထင်ရှားခဲ့ကြသည်။ ထိုကဲ့သို့ထွန်းကားခဲ့ကြောင်းကို ပုဂံဘုရားများ၌ရှိ ရုပ်ပုံများ၊ ဆုတ်ခွက်ပုံများ၊ ပန်းချီများ၊ စဉ့်တွင်းများကို လေ့လာကြည့်ခြင်းဖြင့်သိနိုင်ပေသည်။ ရှေးဂိုး အစဉ်အဆက်သုံးစွဲခဲ့သောတူရိယာပစ္စည်း အမျိုးမျိုး ရှေးမွန်သီချင်းအမျိုးမျိုးနှင့် ကဟန်များကို မွန်စံပြကျေးရွာ၌ အကဝါသနာရှင်များ ဆက်လက်ထိန်းသိမ်းထားကြကြောင်း တွေ့ရသည်။ မွန်အမျိုးသားနေ့ပွဲတော်ကို တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ရွှေမော်ဓောဘုရားဝင်းအတွင်းကျင်းပသည့်အခါ မွန်စံပြရွာမှ မွန်အမျိုးသမီး၊ အမျိုးသားက

လေး များ သည်တခန်း တကကွာမှပါဝင် ဖျော်ဖြေ လေ့ရှိပါသည်။ လွန်ခဲ့သော ၁၁ဝ – နှစ်ခန့်အထိ " မွန်ရိုးရာအက ဖျော်ဖြေရေး အဖွဲ့ " ကို စနစ်တကျဖွဲ့စည်း လှုပ်ရှား ခဲ့သော်လည်း နောက်ပိုင်း တွင် ဒေသပြောင်း ရွှေ့နေထိုင် ခြင်း ၊ အိမ်ထောင်ကျခြင်း နှင့်အခြား သော အကြောင်း အမျိုး မျိုး ကြောင့်အဖွဲ့မှာယခင်က လောက်အားမကောင်း တော့ပါ။ မွန်အမျိုး သား နေ့ပွဲ တော်အခန်း အနား ကိုလည်း ယခင် က တခန်း တနား ကျင်း ပခဲ့ပြီး ယခုနောက်ပိုင်း နှစ်များ တွင်စီး ပွား ရေး အရအကျဉ်း ချုံး ကျင်း ပခဲ့ကြသည်။ ထိုအခြေအနေကိုရှောင်ရှားလို၍ ငယ် အများ ရုတနှင့်ခြိုက်ခြင်း မရှိကြ ချေ။ မွန်စာပေနှင့်မွန်ရိုး ရာ အကဆိုင်ရာအသင်း များ ကိုစနစ်တကျပြန်လည်အင်အား ဖြည့်ဖွဲ့စည်း လိုသော ဆန္ဒကိုယ်စီရှိကြပြီး ကြိုး စား လျှက်ရှိကြသည်။

မွန်အမျိုး သား နေ့ပွဲ တော်တွင်မွန်စံပြရွာကိုကိုယ်စား ပြုပါဝင် ဖျော်ဖြေမည့်အဖွဲ့အတွက်ရန်ကုန်မြို့ " မွန်ရိုး ရာယဉ် ကျေး မှုအက " အဖွဲ့မှလာ ရောက်ကာကြိုတင်သင်ကြား ပေး သည်။ ရွာ တွင် ထိုကဲ့သို့လာ ရောက်သင်ကြား သောနည်း ပြဆရာများ ရောက်သည့် အခါအဆင် ပြေ ပြေသင်ကြား နိုင် ရေး အတွက် နေရာထိုင်ခင်း စီ စဉ်ပေး ခြင်း ၊ လိုအပ် သောကိစ္စကြီး ငယ်များ ကိုကူညီဖြည့်ဆည်း ပေး ခြင်း ၊ ကလိုသည့်သူများ ကိုစုစည်း ပေး ခြင်း တို့ကိုအား ကြိုး မာန်တက်ပြု လုပ် ပေး သောအုပ်စုတစ်စုဖွဲ့ထား သည်။ မိမိတို့ " မွန်အမျိုး သား နေ့ပွဲ တော် " ကိုခန်း နား စွာကျင်း ပနိုင် ရေး " ဟု သော ရည်ရွယ်ချက်ရှိသည့်သူများ ရုပေါင်း ကာဖွဲ့စည်း လှုပ်ရှား ခြင်း ဖြစ်သည် ။ ထိုကဲ့သို့ ဖျော် ဖြေရာတွင်အသုံး ပြုသောတူရိယာပစ္စည်း များ ၊ သီချင်း များ နှင့်ကကြိုး ကကွက်များ ကို လေ့လာကြည့်ပါကမွန်လူမျိုး တို့၏အနုပညာ ကိုသိနိုင်သည်။

မွန်အမျိုး သား များ တီး မှုတ် သော တူရိယာ ပစ္စည်း များ သည်အခြား တိုင်း ရင်း သား များ ဖြစ်ကြ သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း တို့၏တူရိယာ ပစ္စည်း များ ကဲ့သို့ပင် " ကြေး ကြိုး၊ သား ရေ၊ လေ၊ လက်ခုပ် " တူရိယာ (၅) မျိုး ကိုအ ခြေခံသည်။

မွန်အမျိုး သား တို့၏ ကြေး တူရိယာ တွင် – ကြေး နောင်ဝိုင်း၊ လင်း ကွင်း၊ ပတ္တလား၊ စည်း၊ လခြမ်း၊ မောင်း တို့ပါဝင်သည်။

ကြိုး တူရိယာ တွင် – စောင်း၊ တ ယော၊ မိကျောင်း တို့ ပါဝင်သည်။

သား ရေတူရိယာ တွင် – ပတ်ဝိုင်း၊ ပတ်မ၊ ထက်စည်၊ အရိုး စည်၊ ဖါး စည်၊ အိုး စည် (သို့) စည်ပုတ်တို့ပါဝင်သည်။

လေတူရိယာ တွင် – နှဲ၊ ပြွေ၊ ညှင်း၊ ခရုသင်း၊ ခရာ ကောက်၊ တံပြာ တို့ပါဝင်သည်။

လက်ခုပ်တူရိယာ တွင် – လက်ခုပ်၊ ဝါး လက်ခုပ်တုံး စသ ည် တို့ပါဝင်သည်။ မိကျောင်း တူရိယာ၊ လခြမ်း နှင့် ကြေး နောက်ဝိုင်း တို့ သည်မွန်တို့၏ထူး ခြား သော တူရိယာ များ ဖြစ်ကြသည်။

ထို့အပြင်မွန်အမျိုး သား များ အသုံး ပြုသော တူ ရိ ယာ သံ (၇) မျိုး ရှိသည်။ ယင်း တို့မှာ–*

| | |
|---|---|
| (၁) မဇ္ဈိမ | (ကြိုး ကြာသံ) |
| (၂) ဂန္ဓာရ | (ဆိတ်မြည်သံ) |
| (၃) ဥသဘ | (နွားလား ဥသဘသံ) |
| (၄) ပဉ္စမ | (ဥဩတွန်သံ) |
| (၅) ဆဇ္ဇ | (ဥဒေါင်း တွန်သံ) |
| (၆) ဓေဝတ | (မြင်း ဟီသံ) |
| (၇) နိသာဒ | (ဆင် အော်သံ) တို့ဖြစ်သည်။ |

---

*တိုင်း ရင်း ယဉ် ကျေး မှုရိုး ရာဓလေ့ထုံး စံများ (မွန်) စာ ၁၆၇–၁၆၈

သီဆိုတီး မှုတ် သောအသံစဉ် (၇) ပါး ရှိပြီး အကြီး ၊ အလတ်၊ အငယ်အနိမ့် အမြင့်အား ဖြင့်သံစဉ် ၂၁-မျိုး ရှိသည်။

မွန်တို့၏သီချင်း ရေး ဖွဲ့ပုံကိုသိလိုပါက မွန်တို့၏ ၁၂-လရာသီ ဘွဲ့သီချင်း များ ကို လေ့လာကြည့်ပါကသိနိုင်သည်။ မွန်နှင့်မြန်မာသည် ၁၂ ရာသီဘွဲ့သီချင်း တို့စပ်ဆိုကြရာတွင်ခြားနား မှုများ စွာရှိသည်။ မြန်မာဘာသာနှင့်ဖွဲ့ဆိုသည့်အခါတာလနှင့်ဘီလ ရေး ဖွဲ့ပုံ၊ စာပိုဒ်ရေ၊ စာကြောင်း ရေနှင့်စာလုံး ရေများ မတူညီတတ်ကြချေ။ စိတ်တိုင်းကျလွတ်လပ်စွာရေး ဖွဲ့ခွင့်ရှိသည်။ မွန်ဘာသာတွင်မူ " တံ၊ ဝ၊ စ၊ နံ " အတိုင်း စာပိုဒ်ရေစာကြောင်း ရေနှင့်စာလုံး ရေများ ကျညီ လျက်ရှိပါသည်။

"တံ၊ ဝ၊ စ၊ နံ " ဆိုသည်မှာ ပထမစာကြောင်း နှင့် စတုတ္ထစာကြောင်း များ ၏အဆုံး များ တွင် "တံနှင့်နံ " ကာရံကျသကဲ့သို့ဒုတိယစာကြောင်း နှင့်တတိယစာကြောင်း အဆုံး များ တွင် "ဝ နှင့်စ " ကာရံကျကာအသီး သီး ကာရံတူကြခြင်း ကိုဆိုလိုသည် ။ ဥပမာပြရသော်-

ဇိုဝ်ဂိတုဇ္ဇော်၊ ကော် ကိုအနာင်၊ ပက်ဒတာင် ရာင် မြော
ကာလဇွံအို ၊ ဃောဂတဝ်တိတ်၊ ညး မဒိက် တော
တော်သတ်ပ္ဍဲဒုဝ်၊ ဍုက် ဍုဝ် စိင်လဝ်၊ သုင်ခါဇဝ်ဗြဲ
ပဒိုက်တဲယဲ၊ ခါဇဝ်ဗြဲညုတ်၊ တိဇတ်ရ ရောဝ၊*

မွန်ကဗျာစပ်ဆိုရာတွင်ဂိုဏ်း (၉) ပါး ဖြင့်စပ်ဆို လေ့ ရှိကြသည်။ ထိုစပ်နည်း (၉) မျိုး ကို အောက်ပါဇယား အတိုင်း လေ့လာနိုင်ပါသည်။

---

* ပေါင်စိန်၊ ဦး မွန်ဆယ်နှစ်ရာသီပွဲသီချင်း (ပထမတွဲ) စါ-၁၁

| ဂိုဏ်းအမည် | တပိုဒ်တွင်ရှိစာလုံးရေ | စာကြောင်းတကြောင်းလုံးရှိစာလုံးရေ | ရှုပေါင်းစာကြောင်းရေ | ရှုပေါင်းစာလုံးရေ |
| --- | --- | --- | --- | --- |
| ခ | ၂ | ၆ | ၄ | ၂၄ |
| ဂ | ၃ | ၉ | ၄ | ၃၆ |
| ဃ | ၄ | ၁၂ | ၄ | ၄၈ |
| င | ၅ | ၁၅ | ၄ | ၆၀ |
| စ | ၆ | ၁၈ | ၄ | ၇၂ |
| ဆ | ၇ | ၂၁ | ၄ | ၈၄ |
| ဇ | ၈ | ၂၄ | ၄ | ၉၆ |
| ဈ | ၉ | ၂၇ | ၄ | ၁၀၈ |
| ည | ၁၀ | ၃၀ | ၄ | ၁၂၀ |

အောက်ပြည် အောက်ရွာရှိမွန်သီချင်းများကိုနားဆင်ကြည့်ပါကလွန်ခဲ့သောသုံးနှစ်ကျော်ကပင်မွန်မဂ္ဂဇင်းတွင် မွန်သီချင်းများ သည်တခန်းတကဏ္ဍအနေနှင့်ရပ်တည်နေကြောင်းတွေ့ရသည်။ ဥပမာ–

‶လေး ... မွန်တိမွန်စ၊ မွန်ညမည်တွင်ရသမည နယ်သမိုင်း၊ တလိုင်းသုံး ရဝ်ခွင်တည့်၊ စဉ်ဍဉ်ထသဝရ၊ ခလုပ္ပ ဏ္ဏခေတ၊

မောင်စိန်၊ ဦး    မွန်ဆယ့်နှစ်ရာသီပွဲသီချင်း    စာ ၃၀

သီဟိုဠ်ဥဏ္ဏရာ၊ အမြဲစောင့်စဉ်လာ၊ ဟံသာပြည်ဝရ၊ သုံးဆယ့်နှစ်မြို့ နှ ဓိုး ရနယ်တခွင်၊ ကလျှာ်မော်ပီရှင်၊ သိလျှင်ဘုန္နာနတ်ကလွတ်ကာမ နှာတ် မပြတ်ခဉ်မကွာ၊ ဒဂုံဏ်ကေသာ၊ လေးဖြာစောင့်နေရ၊ နတ် မှူး ပိုး မာသ-ပိုင်သဓိုး ဘုင်ချင်၊ နီး ဝေး လွန်ကျော်ထင်၊ မွန်တိုင်း သုံး ရဝ်ခွင်၊ ရွှေခွင်ကိုမုဏ္ဍမ၊ ဟောင်ခွင်ကိုဒလ၊ အနောက်ပုသိမ် ပါ၊ မြောက်မှာဟသာတည့်လေး "ဟုမွန်နယ်ပယ်အတိုင်းအတာ ကို ဖော် ပြသောမွန်သီချင်းတပုဒ်ကိုတွေ့နိုင်သည်။ [၁]

ရှေး မွန်သီချင်းတွင်လည်း မွန်ကြာရေကောက်ခေါ် "နှင်း ယွင်း ဂီမွာန်" အစချီသီချင်း ၊ မွန်သံစုံခေါ် " ကောင်းကြီးသဓိ " အစချီသီချင်း ၊ မွန်သယ်နှစ်ခန်း ခေါ် " ညွှင်းညှင်း " အစ ချီ သီချင်း စသည်ဖြင့်မွန်သီချင်း များ စွာရှိလေသည်။

မွန်တို့၏အကများ ကို လေ့လာကြည့်ပါက နတ်ချင်း ၊ နတ် သံနှင့် နတ်ကနားတော်အကများ ၊ ယိမ်း များ ကို တွေ့ရသည်။ မွန်တို့၏က ကြိုး တမာန်ကို ( ၁၂ ) မျိုး ခွဲခြား နိုင်သည်။ ၎င်း တို့မှာ - *

( ၁ ) ယဝ်တောင်အက

( ၂ ) ပဒုမ္မာကြာဖူး အက

( ၃ ) ကိန္နရီအက

( ၄ ) ကြက်တိန်ညင်အက

( ၅ ) လှေလှော်အက

( ၆ ) ကျေး ငှက်သ ပြေသီး စား အက

( ၇ ) ပန်း ကစား အက

( ၈ ) ဒေဝပဉ္စန်အက

( ၉ ) အရှေ့တိုင်း အက

---

၁။ ဟံသာဝတီမော်ကွန်း ဝင်စာတမ်း များ စာ ၃၈၀

* တိုင်း ရင်း သား ယဉ် ကျေး မှုရိုး ရာဓလေ့ထုံးစံများ ( မွန် ) စာ-၂၀၀

(၁၀) ဓါး ရှည်အက

(၁၁) ပန်း ဝိုင်း အက

(၁၂) နတ်က တော်အက - တို့ဖြစ်ကြသည်။

၎င်းတို့အနက်မှ နန်စံပြရွာတွင်အသုံးများသော ကကဟန်များ မှာ-

<u>ကိန္နရီအက</u>

ကိန္နရီကိန္နရာတို့ကိုယ်လက်ကိုသွက်၍ ပျံဝဲဟန်၊ တောင်ပံ ယှက်ကာ ပျော်မြူးဟန်တို့ကိုကပြခြင်း ဖြစ်ပြီး ဇာတ်ပွဲများ တွင်မြင်တွေ့နေကြ ကိန္နရီကိန္နရာကပုံမျိုး ဖြစ်သည်။

<u>လှေလှော်အက</u>

မြစ်၊ ချောင်း ၊ ပင်လယ်စသည့်ရေလမ်း များ ကို ဖေါင် လှေစသည်ဖြင့်သွား သည့်အခါ များ တွင် လှေလှော်ဟန် ကသည့် အက များ ဖြစ်သည်။ ရှေး အခါကဘုရင့်လှေတော် (သို့)ကရဝိတ် ဖေါင်တော် ကို ရှေ့မှ လှေများ ကဆွဲ ယူရာတွင်သီဆိုကပြ လှော်ခတ်ကြပြီး ယခု အခါတွင် ဘုန်း တော်ကြီး များ အလှူဖွယ်ရာများ တင်၍ဆယ်ဆောင် သည့်လှေ များ ကိုဆွဲသည့်အခါတူရိယာဝိုင်း မှ မှန် လှေ တော်သံကိုသီဆိုတီး မှုတ်၍ အမျိုး သမီး များ က လှေ တော် သံ အလိုက် လှော်တက်ကိုင် ဟန် ယိမ်းနွဲ့ကာ ကခုန်ကြသည်။

<u>ဓါး ရှည်အက</u>

ယင်း အကမှာသိုင်း ကွက်နှင့်ကသည့်ကဟန်မျိုး မဟုတ်ချေ။ ဓါး (၂)လက်ကိုလက်တဖက်စီမြဲမြံစွာဆုပ်ပြီး ရန် ပေါ်ကာကိုယ်ကို ယိမ်း၍မြင်ရသူကို စိတ်တက်ကြွဖွယ်ရာကရသည့်ကကြိုး ဖြစ်သည်။ ယင်း ဓါး အက

ကို " ဇာတိမာန်အက (သို့) စစ်သူကြီး အက " ဟု ခေါ်ကြသည်။

<u>နတ်ကတော်အက</u>

ယင်း အကမှာတုရိယာသံအကြီးအငယ်ကိုလိုက်၍ က ရသော အကဖြစ်ပြီး လခြမ်း တုရိယာနှင့်တွဲဖက်၍ကပြရသည်။ ယင်း အက ကို တစ်ဦး တည်း သာကရသည်။ ယင်း အကကိုနတ်ပွဲများ တွင်က လေ့ရှိ သည် ။ ထို့ အပြင်ထိုကကြိုး ကဟန် ( ၁၂ ) မျိုး ပေါ်တွင်အခြေခံ၍အသစ်တီထွင် ထား သော ခေတ်မီအကနည်း သစ်များ ကိုလည်း အသုံး ပြု ကရန် လေ့ရှိ သည်။

( ခ ) <u>ဆယ့်နှစ်လရာသီပွဲ တော်များ</u>

မွန်မြန်မာပြက္ခဒိန်၌တစ်နှစ်တွင် ၁၂လရှိပြီး နှစ်၊ လ၊ ရက်တို့ ရေ တွက်ပုံမှာမြန် မာပြက္ခဒိန်နှင့်အတူတူပင်ဖြစ်သည်။ လကိုအများ ခေါ်ရာ၌သာမွန်အခေါ်နှင့်ဗမာအခေါ်အဝေါ်ကွဲပြား ခြား နား သည်။

| မြန်မာ | မွန် |
|---|---|
| တန်ခူး လ | စဲ |
| ကဆုန် | ပသာ် |
| နယုန် | ဇေ် |
| ဝါဆို | ဒရိ ( အသာတ် ) |
| ဝါခေါင် | ဂဍ္ဍီ ( သွန် ) |
| တော်သလင်း | ဘတ် |
| သီတင်း ကျွတ် | ဗှ် ( အသုတ် ) |
| တန် ဆောင်မုန်း | ကထိုန် ( ကထိုက် ) |

| | |
|---|---|
| နယုန် | မြင်ကသု |
| ပြာသို | ပုတ် |
| တပို့တွဲ | မာ် |
| တပေါင်း | ဖဝ်ရကိုန် |

မွန်စံပြရွာမှ မွန်လူမျိုးများသည် ဘာသာရေး သဘောတရားနှင့် လူမှုရေးသဘောဖြင့် သော ၁၂-လရာသီပွဲတော်များကို ရိုးရာဓလေ့ထုံးစံအရ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ တန်ခူးလတွင် "သင်္ကြန်" ရေကစားပွဲတော်ကို ဗမာလူမျိုးများနည်းတူ ကျင်းပလေ့ရှိကြသည်။ "ကဆုန်လ"တွင် ညောင်ရေသွန်းပွဲတော်နှင့် ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပလေ့ရှိသည်။ ဝါခေါင်လတွင် ရွှေအိုးကြီး ငွေအိုးကြီး လှူပွဲကိုကျင်းပလေ့ရှိသည်။ သီတင်းကျွတ်လတွင် ရွာလုံးကျွတ်ကထိန်ခင်းကြသည်။ နတ်တော်လတွင် မုန့်ဆန်းပွဲကျင်းပသည်။ ပြာသိုလတွင် ရွာတော်ရှင်ကန်တော့ပွဲကို ကျင်းပလေ့ရှိသည်။ တပို့တွဲလတွင် မုထမင်းနဲပွဲကို ပျော်ပျော်ရွှင်ရွှင်ကျင်းပလေ့ရှိသည်။ ထိုကဲ့သို့ပွဲတော်ကျင်းပနေစဉ် အလှူဒါနပြုသည့်အခါ ပုဂ္ဂိုလ်မရွေး လူမျိုးမရွေး၊ အဆင့်အတန်းမရွေး ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် ထိုပွဲများကျင်းပခြင်းသည် လူတန်းစားခွဲခြားခြင်းနှင့် အဆင့်အတန်းခွဲခြားခြင်းကို ပပျောက်စေသည့် သဘောကို ဆောင်ပေသည်။

---

တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (မွန်)
စာ ၂၄၇ မှ ဇယား

<u>တန်ခူးလ</u>

မွန်စံပြရွာမှ မွန်တို့သည် တန်ခူးလတွင် ရိုးရာသင်္ကြန်ရေကစားပွဲတော်နှင့် မွန်ရိုးရာပန်းပြေးပွဲများကို အစဉ်ကျင်းပကြသည်။ သင်္ကြန်ချိန်ခါတွင် လူကြီးသူမများသာမက လူငယ်လူရွယ်များကလည်း အခါကြီးရက်ကြီး အချိန်ဖြစ်သည့်အတွက် ဥပုသ်သီတင်းတည် ဆောက်ကာ ကုသိုလ်ယူကြသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့် မင်္ဂလာအချိန်အခါတွင် နှစ်ဟောင်းနှင့်ကြုံတွေ့ခဲ့ရသော စိတ်ညစ်ညူးမှုများ၊ ဘေးအန္တရာယ်များ၊ အခက်အခဲများသည် နှစ်သစ်သို့ ပါမလာတော့စေရန် ရည်သန်၍ အညစ်အကြေးအားလုံးကို ဆေးကြောသည့်သဘောဖြင့် သင်္ကြန်ချိန်ခါ၌ ရေစင်သွန်းလောင်းကြသည်။ သင်္ကြန်အကြိုနေ့တွင် မင်္ဂလာရေအိုး၌ နံ့သာရည်၊ သပြေခက်၊ အုန်းလက်၊ မြေဇာရွက်၊ သင်္ကြန်ပန်း၊ ဇီးခက်၊ ထီး၊ တံခွန်စသည်တို့ကို ထိုးကာ အိမ်ပေါက်ဝ၌ထားပြီး သီကြားမင်းကို ကြိုရသည်။ သင်္ကြန်ကျချိန်ကို ဘုန်းကြီးကျောင်းမှ တုံးခေါက်၍ အသိပေးသည်။ ထိုအခါ သစ်ပင်တစ်ပင်သို့သွားကာ တာအိုးမှ နံ့သာရေတဝက်ဖြင့် သစ်ပင်ခြေရင်းသို့ လောင်းပေးရသည်။ ဗြဟ္မာခြေထောက်ဆေးသည့်သဘောဖြစ်သည်ဟုဆိုသည်။

ရဝ်ကွက်တွင်းမှ လူငယ်များသည် အပိုင်းအလိုက်ဖွဲ့စည်းထားသော လူငယ်အဖွဲ့အစည်းအလိုက် သက်ဆိုင်ရာနေရာများတွင် မဏ္ဍပ်ဆောက်ခြင်း၊ သင်္ကြန်ရက်အတွင်း ချက်ပြုတ်စားသောက်ရန် ငွေကြေးကြိုတင်ကောက်ခံခြင်း၊ အစီအစဉ်ရေးဆွဲခြင်းတို့ကို သင်္ကြန်မတိုင်မီ တပတ်ခန့်မှစတင်ကာ ကြိုတင်ဆောင်ရွက်ကြသည်။ မွန်စံပြရဝ်ကွက်တွင် လူငယ်အဖွဲ့အစည်း ၂၀ ခန့်ရှိသည်ဖြစ်ရာ မဏ္ဍပ်အနည်းဆုံး အခု (၂၀) ထိုးလျက် တပျော်တပါး ရေကစားကြလေသည်။

သင်္ကြန်ရက်များတွင် ရပ်ကွက်အတွင်း၌ လူငယ်လူရွယ်များက ရပ်မိရပ်ဖ သက်ကြီးရွယ်အိုအဖိုးအဖွားများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ လက်သည်းခြေသည်းများ ညှပ်ပေးခြင်းများ ပြုလုပ်ကာ ကုသိုလ်ယူကြသည်။ လူငယ်များက သင်္ကြန်မဏ္ဍပ်များအတွင်း ရေကစားကြသည်။ ထိုသို့ကစားရာတွင် လူငယ်များသာမက အပျော်အပါး ဝါသနာထုံသော လူရွယ်လူကြီးများ ပါလာရောက်၍ ရေကစားကြသည်။ ပျော်ပါးကြသည်။ ရေကစားကြရင်း တဖက်မှလည်း စုပေါင်းကာ ချက်ပြုတ်စားသောက်ကြသည်။ အချို့မှာ မုန့်လုံးရေပေါ်၊ မုန့်လုပ်ဆောင်း၊ သာကူအစရှိသည့် မုန့်များကို ပြုလုပ်ကာ မဏ္ဍပ်အတွင်း၌ စားသောက်ခြင်း၊ ရပ်ကွက်အတွင်း ဝေငှခြင်းများ ပြုလုပ်ကြသည်။

ရှေးအခါက သင်္ကြန်ရေပက်သည့်အခါ မိဘအုပ်ထိန်းသူများထံ ခွင့်ပြုချက်တောင်းခံပြီးမှသာ လုလင်ပျိုတို့က လုံမပျိုများကို သပြေခက်နှင့် ရေပက်ကြသည်။ အချို့မှာ အမွှေးနံ့သာရေများ ထည့်ကာ ပက်ကြသည်။ မိန်းမပျိုများက ရှက်သဖြင့် ရေပက်ခံမထွက်သည့်အခါတွင် မိဘများက "သင်္ကြန်ရေသည် တစက်ဖြစ်ဖြစ်၊ တပေါက်ဖြစ်ဖြစ် အန္တရာယ်ကင်းတယ်၊ ကျန်းမာတယ်။ သင်္ကြန်ရေကို အပက်ခံကြ" ဟုဆုံးမလေ့ရှိသည်။ မိန်းမပျိုတို့က လုလင်ပျိုများကို ရေပြန်လောင်းလေ့မရှိပဲ သင်္ကြန်ထမင်းနှင့် ဧည့်ခံကျွေးမွေးကြသည်။ ယခုခေတ်တွင်မူ ခွင့်တောင်းပြီးမှ ရေလောင်းသောဓလေ့သည် လုံးဝပျောက်သွားခြင်း မရှိသေးသော်လည်း လိုက်နာကျင့်သုံးသူများ အတော်နည်းပါးသွားပြီဟု ဆိုရပေမည်။ မိန်းကလေးများကလည်း ယောကျ်ားကလေးများကို အပြန်အလှန် ရေလောင်းကာ ရင်းနှီးနှောက်ပြောင် ပျော်ပါးကြသည်။ သို့သော် အမြင်ရိုင်းစေသည့် သရုပ်ပျက်မှုမျိုးကိုကား လုံးဝမတွေ့ရပေ။ မိမိ၏လုပ်ဆောင်ချက်အမှားအယွင်း တစ်စုံတစ်ရာ

နှစ်ဆန်း ၁– ရက် နေ့တွင်မူ အိမ်တိုင်း အိမ်တိုင်း မိမိတို့အိမ်ကိုသန့်ရှင်းရေး လုပ်လေ့ရှိသည်။ အိမ်၊ ခြံများ ကိုသန့်စင်ဆေးကြောကြသည်။ မိမိတို့အိမ်တွင်ကိုးကွယ်သောဘုရားဆင်းတုတော်များကိုရေသပ္ပါယ်ကာအမွှေးနံ့သာများ ပက်ဖျန်းကြသည်။ ဘုရားပန်းလဲကြသည်။ အိမ်တွင်ရှိသော စောင်၊ ခြင်ထောင်၊ အဝတ်အထည်အစရှိသည့် ညစ်ပေနေသောပစ္စည်းများကိုလည်း လျှော်ဖွတ်သန့်စင်ကြသည်။ နှစ်ဟောင်းမှအညစ်အကြေးများကိုနှစ်သစ်သို့အပါမခံလိုသည့်သဘောနှင့် လုပ်ဆောင်ကြခြင်းဖြစ်သည်။ ထို့အပြင်ထိုနှစ်ဆန်း ၁ ရက်နေ့၌ပင် ငါးလွှတ်ပွဲများကိုပြုလုပ်လေ့ရှိသည်။ အခါကြီး၊ ရက်ကြီးအချိန်ခါတွင်သူတစ်ပါး၏အသက်ကိုဘေးမဲ့ပေးသည့်သဘောဖြင့်ကုသိုလ်ယူခြင်းဖြစ်သည်။ ထိုကဲ့သို့ငါးလွှတ်ပွဲအခမ်းအနားကိုမူရပ်ကွက်လုံးကျွတ်စုပေါင်းဆောင်ရွက်လေ့ရှိသည်။ အတီး၊ အမှုတ်၊ အကအခုန်များလည်းထည့်သွင်းကာမြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပကြသည်။ အချို့ဒေသများတွင်ငါးများသာမကကျွဲနွားများကိုဝယ်ယူကာဘေးမဲ့လွှတ်ခြင်းများကိုပြုလုပ်ကြသည်။ ရပ်ရွာထဲမှအသက်အရွယ်ကြီးရင့်အိုမင်းကာစိတ်ဓါတ်ကျဆင်းနေသောအဖိုးအဖွားများကိုလေးစားတန်ဘိုးထားသည့်အနေဖြင့်လည်းကောင်း၊ အသက်အရွယ်အိုမင်းနေသော်လည်းပစ်ပယ်ထားခြင်းမရှိဘဲအရေးတယူနေရာပေးသည့်အနေဖြင့်လည်းကောင်း၊ ဖိုးသက်ရှည်–ဖွားသက်ရှည်တို့အတွက်ငွေကြေးပစ္စည်းတို့ကိုတရွာလုံးကစုပေါင်းလှူဒါန်းကာသက်ကြီးပူဇော်ပွဲကိုလည်းအခမ်းအနားနှင့်ကျင်းပလေ့ရှိသည်။

ထိုကဲ့သို့သောအပြုအမူ၊ လုပ်ဆောင်ချက်အားလုံးကိုသေချာစွာလေ့လာကြည့်ပါကခေတ်အဆက်ဆက်မှစ၍အစဉ်အလာမပျက်ချင်းမလာသောသင်္ကြန်ပွဲတော်၏မြတ်နိုးဘွယ်ဓလေ့ကိုနှစ်သက်ဘွယ်တွေ့ရှိရသည်။ လူကြီးလူငယ်များ၏အပြန်အလှန်ရိုသေလေးစားမှု၊ တန်ဘိုး

ထားမှုများကိုလည်း အထင်အရှား တွေ့မြင်နိုင်သည်။ လူမှုရေး အရ ပျော်ရွှင်ကြသည်နှင့်အညီ ဘာသာရေး ကိုလည်း မပစ်ပယ်ပဲ တက်တက်ကြွကြွ ရပေါင်း ဆောင်ရွက်ရင်း ကုသိုလ်ယူမြဲဖြစ်သည်။

သင်္ကြန်ချိန်ခါ၌ ဒေသမွန်တိုင်းရင်းသားများသည် အခြား ဒေသများ မှ မွန်အပါအဝင်အားလုံး သောတိုင်းရင်းသား များနှင့်လုံး ဝမတူ သောထူးခြား ချက်တစ်ခုမှာ မွန်ရိုး ရာပန်းပြေး ပွဲကိုရပ်ကွက်လုံး ကျွတ် ပျော်ရွှင်စွာကျင်း ပကြခြင်း ပင်ဖြစ်သည်။ ထိုပြိုင် ပွဲများ ကိုကျန်း မာရေး အတွက်း လည်း ကောင်း၊ ပျော်ပွဲရွှင်ပွဲတစ်ခုအနေနှင့်၎င်း အကြောင်း အမျိုးမျိုး ကြောင့်မဆုံတွေ့ဖြစ်ကြသူများ ကိုသင်္ကြန်ရက်အတွင်း ရင်းရင်းနှီးနှီး တွေ့ဆုံရန်လည်း ကောင်းရယ်ရွှင်ကာကျင်း ပပေးခြင်းဖြစ်သည်။ ပြိုင်ပွဲအတွင်းသို့ကလေး ငယ်ကလေး များမှ ထောင်ကျိ သက်ကြီး ရွယ်အိုများ အထိဝင်ရောက်ပါဝင်ဆင်နွှဲကြသည်။ ပြိုင်ပွဲတွင် မပါဝင်နိုင်သူများ ကပြိုင်ပွဲအတွက်လိုအပ် သော ဝေယျာဝစ္စများ ကို ဝိုင်း ဝန်း လုပ်ဆောင်ပေး သည်။ ဤပြိုင်ပွဲများ တွင်ကလေး ငယ်အချင်း ချင်း သီး သန့်ယှဉ်ပြိုင်ခြင်း ၊ လူငယ်အချင်း ချင်း သီး သန့်ယှဉ်ပြိုင်ခြင်း လူကြီး များ အချင်း ချင်း သီး သန့်ယှဉ်ပြိုင်ကစား ကြသကဲ့သို့လူကြီး များ အဖွဲ့နှင့်လူငယ်များ အဖွဲ့ကသန်မာမှုနှင့်မြန်ဆန်မှုတို့ကိုအား ပြိုင် သည့် အနေနှင့်အသင်း လိုက်ယှဉ်ပြိုင်ကစား ခြင်း များ လည်း ရှိလေသည် ။ ပါဝင်မကစား သူများ က မိမိနှစ်သက်သဘောကျသည့်ဘက်မှအပျော်ဆဘောဖြင့် ငွေကြေး နှင့်အလောင်း အစား ပြုခြင်း များ ပြုလုပ်သည် ။ အနိုင်ရပါကထိုငွေဖြင့်အားလုံး တပျော်တပါး ချက်ပြုတ်စား သောက်ကြသည်။ ကစား ပွဲများ ကိုပေ ခြောက်ဆယ်ခန့်ကျယ်ဝန်း သောမွန် စီ ပြဗ-လမ်း ၊ လမ်း မပေါ်တွင်တရွာလုံး ရပေါင်း ကစား ကြခြင်း ဖြစ်သည်။

ဤကဲ့သို့ကျင်းပခြင်းအားဖြင့်တဦးနှင့်တဦး ချစ်ကြည်ရင်းနှီးမှုကိုပိုမိုခိုင်မာလာစေသည်။ စုပေါင်းဆောင်ရွက်မှု၏အကျိုးသက်ရောက်ပုံကိုနားလည်သဘောပေါက်လာစေသည်။ လူကြီးနှင့်လူငယ်များကြား ပိုမိုရင်းနှီးချစ်ကြလာစေသည်။ လူတဦးချင်းရင်းနှီးမှုမှသည်လူအုပ်စုတခုလုံး ၊ လူအုပ်စုတခုလုံးမှသည်တိုင်းရင်းသားတစုလုံး ၊ တိုင်းရင်းသားတစုလုံးမှသည်တိုင်းရင်းသားအားလုံး ထိုမှတဆင့်တမျိုးသားလုံး ။ တနိုင်ငံလုံး၏စည်းလုံးညီညွတ်ရေးကိုတည်ဆောက်သွားနိုင်မည်ဖြစ်သည်။

ကဆုန်လ

ကဆုန်လတွင်ကဆုန်ညောင်ရေသွန်းပွဲတော်ကိုကျင်းပလေ့ရှိကြသည်၊ ယင်းပွဲတော်သည်ဗုဒ္ဓဘာသာဝင်ကျေးမှုအရမြတ်စွာဘုရားဖွင့်တော်မူသည့်ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့တွင်ပွင့်တော်မူရာမဟာဗောဓိညောင်ပင်ကိုရေစင်သွန်းလောင်းသည့်ပွဲတော်ဖြစ်သည်။ ဗောဓိပင်ဆိုသည်မှာဘုရားရှင်တို့သစ္စာလေးပါးမြတ်တရားကိုပိုင်းခြားထင်ထင်သိမြင်တော်မူရာသစ်ပင်ထူးသစ်ပင်မြတ်ဖြစ်သည်။ ထို့ကြောင့် "ဗောဓိ" ဟူသောစကားသည်၊ သိမြင်တော်မူခြင်း ၊ သိမြင်တော်မူရာဟုအဓိပ္ပါယ်ရသည်။ ထိုသို့ဂုဏ်အင်္ဂါကြီးမြတ်သောဗောဓိပင်ကိုပိုမိုအဓိပ္ပါယ်လေးနက်စေရန် "ကြီးမြတ်သော" ဟုအဓိပ္ပါယ်ရသည့် "မဟာ" ဆိုသည့်နာမဝိသေသနပုဒ်ဖြင့်အထူးပြုကာ "မဟာဗောဓိ" ဟုခေါ်ဆိုကြသည်။[၁] ကဆုန်လကိုပုဂံခေတ်ထိုးကျောက်စာတွင် "ကဆုန်" ဟုရေးထိုး၍ထိုလ၏အဓိပ္ပါယ်မှာ "ရေသွန်းလ" ဖြစ်သည်ဟုပညာရှင်ဦးဖိုးလတ်ကဖော်ပြထားသည်။ မွန်တိုင်းရင်းသားများသည်လည်းဗုဒ္ဓဘာသာကိုအထွဋ်အမြတ်ထားသူများဖြစ်သည်နှင့်အညီ "ရေသွန်းလ" ဖြစ်သောကဆုန်လပြည့်နေ့အခါ

---

၁။ ဘီ၊ အေ၊ အေးနိုင်၊ ဦး မြန်မာ့ရိုးရာသီပွဲတော်များ

သမယတွင်ပဲခူးမြို့၏သမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ၌မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်းကြသည်။ ရွာထဲ ၌လုံမပျိုလေးများ ကသပ်ယပ်လှပစွာ ဖီးလိမ်းဝတ်စား၍ ခေါင်း ပေါ်တွင်နံ့သာရေများ၊ ရေများထည့်ထားသော ရေအိုးများကို ကိုယ်စီရွက်ကာ ညနေဘက်တွင် ရွာထဲ၌လူစုပြီး ရွှေမော်ဓောဘုရား ကြီးသို့ဦးတည်ကာ စီတန်းထွက်ခွာကြသည်။ လူငယ်ကာလသားများက လည်း အိုးစည်၊ ဗုံ၊ မောင်းများကို တီးမှုတ်ကာ ခုန်ကာလိုက်ပါလာကြ သည်။ ညောင်ရေသွန်းရခြင်း၏အဓိကရည်ရွယ်ချက်မှာ ဘုရားပွင့် သည့်ဗောဓိညောင်ပင်ကြီး စိမ်းလန်းစိုပြေစေရန်ဖြစ်သည်။ အချို့ ကအိုးသစ်နှင့်ဆွမ်းချက်ပြီး ဗောဓိညောင်ပင်ကိုဆွမ်းတင်ကြသည်၊ လမ်းဆုံလမ်းခွတွင်ဘုန်းကြီးများ ပင့်၍ပရိတ်တရားနာသည့်ဓလေ့ ကိုလည်း အချို့ဒေသများတွင် တွေ့ရသည်။ ညောင်ရေသွန်းပွဲ သွား ရောက်သူများကို ရွာမှ စေတနာရှင်များ ကမုန့်များ ပြုလုပ်ကာ ဒါန ပြုကြသည်။ ဤကဲ့သို့ ညောင်ရေသွန်းပွဲအခန်းအနားကို စိတ်ရောက်ကိုယ် ပါဝင်ရောက်ဆင်နွှဲခြင်းဖြင့်တဦးနှင့်တဦး ချစ်ခင်ရင်းနှီးမှု များ ရလာစေသည်။

## နယုန်လ

မွန်စံပြရွာ၌နယုန်လတွင်ထူးခြားသော ဆောင်ရွက်မှု များ ပြုလေ့မရှိပေ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ ကလယ် မဆင်း မီနယုန်လဆန်း (၃) ရက် (သို့) (၄) ရက်မှ ပြဿဒါး လွတ်သော နေ့ကို ရွေးချယ်ကာ ရွာတော်ရှင်နတ်ကို ကောက်ညှင်း၊ ထန်းလျက်တို့ဖြင့်သွား ရောက်ကန်တော့ကြသည်၊ ရွာတော်ရှင်နတ်တင်ပြီးမှသာလယ်နတ်ကို တင်မြှောက်၍ရသည်ဟုယုံကြည်ခြင်း ကြောင့်လယ်ယာလုပ်ငန်း မစမီလယ်

သမား များ ကစတီသဘောနှင့်လုပ်ဆောင်ကြခြင်း ဖြစ်သည်။

<u>ဝါဆိုလ</u>

ဝါဆိုလပြည့်နေ့ကား " သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ တန်ခိုးပြာဋိဟာ " ဆိုသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်ရှင်ဘုရား သခင်ပဋိသန္ဓေနေတော်မူခြင်း၊ တောတွက်တော်မူခြင်း၊ တရား ဦး ဓမ္မစကြာကို ဟောကြားတော်မူခြင်း၊ ရေအစုံမီး အစုံတန်ခိုး ပြာဋိဟာများကို ပြသတော်မူခြင်း ဟူသော ထူးခြားသည့် ဘာသာရေး မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ထူး နေ့မြတ်ဖြစ်သည်။ ထို့ကြောင့် ဝါဆိုလတွင် မွန်စံပြရွာမှ ဗုဒ္ဓဘာသာဝင်များ က ကောင်းမှု ကုသိုလ်များကို အများဆုံး ပြုလေ့ရှိကြသည်။

ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် (၁) ရက်နေ့၌ မိမိတို့ သီတင်းသုံးနေထိုင်မည့်ကျောင်း တော်တွင် မြတ်စွာဘုရား ရှေ့မှောက်၌ " ဤကျောင်းတိုက်ဝင်း၌ မိုးသုံးလအတွင်း မှီတင်းနေထိုင်ပါမည်"၊ " ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဟု ရွတ်ဆို၍ ဝါကပ်ကြရသည်။ ထို့အတူ မွန်စံပြရွာရှိသံဃာတော်များ သည် ဝါဆိုလပြည့်ကျော် ၁ – ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ – ရက်နေ့ အထိ ဝါတွင်း (၃) လအတွင်း မိမိတို့ဝါဆိုကြသည့်ကျောင်း နယ်နိမိတ်အတွင်းတွင်သာ နေထိုင် လေ့ရှိကြသည်။ အလွန်အရေးကြီးသည့်ကိစ္စမရှိပဲတရက်တပါး သို့ညဉ့်အိပ်ညဉ့်နေသွား လေ့မရှိကြပါ။

ဝါတွင်း (၃) လကိုအခြား ဒေသမှသူများကဲ့သို့ပင် မွန်စံပြရွာမှ မွန်ဗုဒ္ဓဘာသာဝင်တို့ကလည်း အလေး ထား ဂရုပြုကြသည်။ ထို ကာလအတွင်း ဘာသာရေး ဆိုင်ရာလျှော့ရွား မှုများကိုရှောင်လုံး ကျွတ် ပါ

---

၁။ ဘီ – အေ၊ အေး နိုင်၊ ဦး မြန်မာ့ရိုး ရာရာသီပွဲတော်များ စာ ၁၁၂

၂။ ဘီ – အေ၊ အေး နိုင်၊ ဦး မြန်မာ့ရိုး ရာရာသီပွဲတော်များ စာ ၁၄၂

ဝင်ဆောင်ရွက် လေ့ရှိသည်။ ဝါဆိုလ၌ ဝါဆိုသင်္ကန်း ကပ်လှူပွဲများကို ပြုလုပ် လေ့ရှိသည်။ မိသားစုလိုက် သော်လည်းကောင်း၊ ရပ်ကွက်လိုက် သော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း အဆင်သင့်သလို ကပ်လှူကြခြင်း ဖြစ်သည်။

မွန်လူမျိုးတို့သည် ဝါဝင်သည့်အခါတွင် (၁) ကြိမ် ဝါထွက်သည့် အခါတွင်တကြိမ် အမိအဖများကို ကန်တော့ လေ့ရှိကြသည်။ အိမ်ထောင်သည်များ ဖြစ်ပါက နှစ်ဘက်မိဘများကို ကန်တော့ကြသည်။ သားသမီးတို့သည် ရန်တော့ပွဲ (၁) ပွဲပြင်ဆင်ကာ ဝါမဝင်ခင်နှင့် ဝါမထွက်ခင် အဖိတ်နေ့များတွင် မိဘများ အိမ်သို့သွား ရောက်ကန်တော့ကြသည်။ ထိုကန်တော့ပွဲတွင် အုန်းသီး (၁) လုံး၊ ငှက်ပျောနှစ်ဖီး နှင့်ပန်းများ ပါဝင်သည့် ငွေကြေး အခြေအနေကိုလိုက်၍ အခြား ကန်တော့ပစ္စည်းများ လည်း ပါဝင် လေ့ရှိသည်။ အခါကြီး ရက်ကြီး ချိန်ခါတွင်ကြီးမားလှသော မိဘကျေးဇူးတို့ သတိရ အောက်မေ့ကာ ပူဇော်ကန်တော့ သောအပြုအမူပင်ဖြစ်သည်။ ဤအလေ့အထကို နှစ်စဉ်မပျက် ရွာသူရွာသား အားလုံး က အလေးအနက်လိုက်နာကာ တန်ဘိုး ထား ဆောင်ရွက်ကြသည်။

ဤဒေသမှ သူများသည် ဝါတွင်း (၃) လအတွင်း ဥပုသ်နေ့ ညတိုင်း ဆွမ်း ချက်ကာ ဥပုသ်ထွက်မည့် နံနက် စောစောတွင် ဘုန်းကြီးကျောင်းများကို ဥပုသ်ဆွမ်း ပို့သော ဓလေ့ရှိလေသည်။ ထိုဓလေ့ အရ ရွာတွင်း ရှိလူငယ်များ စည်းလုံးစွာ ဆောင်ရွက်ပုံမှာ အတုယူဖွယ် အားကျ ပျော်ရွှင်ဖွယ် ကောင်း လှ ပေသည်။ ဤရွာမှ မွန်အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတိုင်း ဝါတွင်း သီတင်း နေ့တိုင်း လိုလိုပင် ဥပုသ်သီလ ဆောက်တည် လေ့ရှိကြသည်။ အလှူအတန်း ပြုရာတွင်လည်း စေတနာ သဒ္ဓါတရား ထက်သန်လှန်း ကြသည့်အတိုင်း မွန်တို့မှာ အလှူဒါနပြု ခွင့်

ကိုသာထားစရာမှာ ဖွေ နေကြသူများ ဖြစ် လေသည်။ ထိုကဲ့သို့သိတင်း သိ လ သောက်တည်ခြင်း နှင့်အလှူဒါနပြုလိုခြင်း တို့ကိုအ ခြေခံရာ ဥပုသ် ဆွမ်း ချက်သည့်အ လေ့အထ ပေါ် ပေါက်လာရခြင်း ဖြစ်လေသည်။ ဥပုသ်နေ့များ တွင် ကျောင်းသို့သွား ရောက်ဥပုသ်စောင့်ကြသူများ အနက် သက်ကြီး ရွယ်အိုများ ၊ အိုး ဘွား မိဖများ သည်မိမိတို့သီလယူရာဘုန်းကြီး ကျောင်း တွင်ညအိပ် နေခဲ့ကြသည်။ လူငယ်လူရွယ်များ ကမူသီလယူပြီး သည်နှင့် ပြန် လာခဲ့ကြသည်။ ထိုသို့ညအိပ် နေ သောလူကြီး များ နှင့်ကျောင်း ရှိသံဃာ တော်များ နောက်တနေ့နံနက် စော စော ဥပုသ်ထွက်စဉ်စား သုံး ရန်ဥပုသ်ဆွမ်း ကိုလူငယ်အုပ်စုများ ကစု ပေါင်း ချက်ပြုတ် ကာ ပို့ ပေး လေ့ရှိကြသည်။ မှန်စံပြရွာ သာရေး ၊ နာရေး ကိစ္စအဝဝကိုတာဝန် ယူဆောင်ရွက်ရန်စုစည်း ထား သောလူငယ်အဖွဲ့ကဥပုသ်ဆွမ်း ကို ချက် ကာဝါတွင်း (၃)လအတွင်း (၁၃)ပတ်တိတိဆွမ်း ပို့ လေ့ရှိသည်။

ဥပုသ်ဆွမ်း ချက်ပြုတ်ရာတွင်အပိုင်း အလိုက်၊ လမ်း အလိုက်ဖွဲ့ စည်း ထား သောလူငယ်အဖွဲ့တဖွဲ့တွင်လူဦး ရေအနည်း ဆုံး (၂၀) ခန့် ပါဝင်ပြီး အိမ် ထောင် မကျ သေး သည့် ယောကျ်ား လေး နှင့်မိန်း ခ လေး များ ဖြင့်ရ ပေါင်း ဖွဲ့စည်း ထား ခြင်း ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့အတွက်အိမ် တစ်အိမ်ကိုသတ်မှတ်ထား သည်။ ညဘက်တွင်ထိုအိမ်၌အဖွဲ့ဝင်ကာလသား၊ ကာ လသမီး များ စုရုံး ရောက်ရှိကာဆွမ်း ဒါန အတွက်လုပ်အား ပေး ပါ ဝင် လေ့ရှိကြသည်။ အဖွဲ့(၂၀) ခန့်ရှိသည့်အတွက် ရွာတွင်ဥပုသ်နေ့ တိုင်း ဆွမ်း ချက်သည့်အိမ် ၂၀– ခန့်ရှိသည်ဟုဆိုရ ပေမည်။ ထိုအဖွဲ့ လေး များ မှ အဖွဲ့ဝင်တို့သည်မိမိတို့အသင်း တွင်သတ်မှတ်ထား သော ငွေ ကြေး ပမာ ဏ အလိုက်အလှူငွေထည့်ဝင်ရသည့်အပြင် ရွာထဲသို့လည်း (၇) ရက်တခါအလှူ ခံ ထွက်ကြရသည်။ အလှူခံသည့်အခါအဖွဲ့တိုင်း သည်ရွာထဲတွင်သာမက မိမိတို့ခ င် မင်ရင်း နှီး ရာမိတ် ဆွေအ ပေါင်း အသင်း များ ထံတွင်ပါအလှူ ခံ ကြ

သည်။ ရွာရှိအိမ်တိုင်း သည်အပါတ်တိုင်း အဖွဲ့၂၀အတွက်အလှူငွေ ထည့်ရလေသည်။ မည်မျှပင်အလှူခံများ စေကာမူ မိမိတို့ရွာအတွင်း စည်ကားစေရန်နှင့်ဥပုသ်စောင့်သူများ အစစအဆင် ပြေစေရန် ရည်ရွယ်ချက်ဖြင့်မငြီး မငြူဒါန်း လေ့ရှိသည်။ ထည့်ဝင်ရသော ငွေနှင့်အလှူခံ၍ရသော ငွေတို့ကိုရ ပေါင်း ကာထိုငွေထဲမှ ဥပုသ်ဆွမ်း ချက်ကြသည်။ ပိုသော ငွေကိုသီတင်း ကျွတ်လပြည့် ကျော်(၁)ရက် နေ့ပြုလုပ်မည့် ပဒေသာပင်လှည့်လည်ပွဲအတွက်အဖွဲ့ပိုင် ပဒေသာပင်ပြုလုပ်ရန်ပစ္စည်း များ ဝယ်ထား လေ့ရှိသည်။ ထိုသို့အပါတ်စဉ်ပြုလုပ်သွား ခြင်း ဖြင့်မိမိတို့ဆောင်ရွက်ရမည့်ဥပုသ်ဆွမ်း တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်သည့်အပြင် ပဒေသာပင်အတွက်လိုအပ် သောပစ္စည်း များ ကိုလည်း တစစပြည့်စုံစွာ စုဆောင်း ထား နိုင်ပေသည်။ အဖွဲ့(၂၀)ကပဒေသာပင်(၂၀)ကို ပြည့်ပြည့်စုံစုံနှင့်ဖန်တီး နိုင်မည်ဖြစ်သည်။

ဥပုသ်နေ့ညတိုင်း ရွာတွင်း ရှိအိမ်၂၀-ခန့်တွင်လျှပ်စစ်မီး (သို့) အောက်လင်း ဓါတ်မီး များ လင်း ထိန် အောင်ထွန်း ကာ အဖွဲ့ဝင်အား လုံး ဝိုင်း ဝန်း ကူညီရင်း ညအိပ် လေ့ရှိသည်။ မိဘများ ကထိုကဲ့သို့ညအိပ်ညဉ့်နေ ဆောင်ရွက်မှုကိုတစ်စုံတစ်ရာဟန့်တား ခြင်း မရှိဝဲယုံကြည်စိတ်ချစွာခွင့်ပြု လေ့ရှိသည်။ လူငယ်လူရွယ်အချင်း ချင်း လည်း တစ်ဦးနှင့်တစ်ဦးရင်း နှီး ခင်မင်စွာဆက်ဆံခြင်း မှလွဲ၍အီ ဖြွေထိပါး နှောက်ယှက်ခြင်း၊ အများ အမြင်မတင့်တယ် စေမည့်ဆက်ဆံမှုပြု ခြင်း မျိုး ကိုအထူး ရှောင်ရှား လေ့ရှိသည်မှာ လေး စား ဘွယ် ကောင်း လှပေသည်။ အလုပ်အကိုင်ပြီး စီး ချိန်(သို့)အလုပ်အား ပြီး ခေတ္တနား နေချိန်တွင်အိပ်ချင် ပြေစေရန်ဂုံညှင်း ဒိုး တောက်ခြင်း၊ ကြွေပစ်ခြင်း စသောရိုး ရာကစား နည်း များ ကိုကစား လေ့ရှိသည်။ ဤသို့

ရုပေါင်း ဆောင်ရွက်ခြင်း ၊ ရုပေါင်းစားခြင်းများ ကြောင့် တဦးနှင့်တဦး ရင်းနှီးမှုပိုကာ ချစ်ကြည်စည်းလုံးမှုကိုတည်ဆောက်လာနိုင်သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း သူ့ထက်ငါအလှူငွေရှာရေး ၊ ဆွမ်းဖြူ စုံရှာ စီစဉ်နိုင်ရေး ၊ ပဒေသာပင်ပစ္စည်း စုံလင်ပြိုင်ဆိုင်လာစေရေး တို့အတွက်မှန်မြတ်သော စိတ်ဓါတ်ကိုအခြေခံကာပြိုင်ဆိုင်ဆောင်ရွက် လေ့ရှိကြသည်။ ကောင်းသောပြိုင်ဆိုင်မှုဖြစ်သည့်အတွက်တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး မုန်းတီးနာကျည်းခြင်းများလုံးဝမပေါ်ပေါက်ကြပေ။ ရယ်မောပျော်ရွှင်ခြင်းဖြင့်သာရင်းနှီးမှုတိုးလာကြသည်သာဖြစ်သည်။

ဥပုသ်ဆွမ်း ချက်သူများသည် နောက်တနေ့နံနက်စောစောတွင်မိမိတို့အဖွဲ့တာဝန်ယူထားသောကျောင်းသို့အာရုံဆွမ်း အမှီရောက်ကြသည်။ ဆွမ်းပို့သူများသည်ဝတ်ကောင်းစားလှများဝတ်ဆင်ကာ ဖီးလိမ်းပြင်ဆင်၍ ချိုင့်ကြီးချိုင့်ငယ်အသွယ်သွယ်ဖြင့် ပျော်ရွှင်စွာသွားပို့ကြသည်။ သီလဆောက်တည်ပြီး ထွက်ခါစသီလစင်ကြယ်သူများနှင့်သံဃာတော်များကို အောက်ခြေသိမ်းပြင်ဆင်ကျွေးမွေးရသည့်အတွက်အားလုံးသောသူများ၏စိတ်မှာပင်ပန်းသမျှမေ့လျော့ကာပီတိတဝေဝေနှင့်ကြည်နူးရွှင်မြူးနေပေသည်။ သာသနာပြုသူများကိုပါရမီဖြည့်ရင်း သာသနာ့အကျိုးကိုသည်ပိုးရခြင်းဖြစ်သဖြင့်လောကုတ္တရာအကျိုး သာမက လောကီအကျိုးပါခံစားရသောဓလေ့ထုံး ဓလေ့မြတ်တစ်ခုဖြစ်သည့်အတွက်ဆက်လက်ထိန်းသိမ်းသင့်ပေသည်။ ရှေးယခင်ကာလမှစ၍ယခုအထိဆက်လက်တည်တံ့နေသောအကျင့်ကောင်းတရပ်ပင်ဖြစ်သည်။

ဝါခေါင်လ

ဝါခေါင်လတွင်ဤရွာ၌အခြားဒေသတွင်ရှိသောမှန်အမျိုး

သားများနည်းတူ ရွှေအိုးကြီး လှူပွဲကိုပြုလုပ်လေ့ရှိသည်။ ရွှေအိုး ပူဇော်ရန်အတွက် မြေအိုးသစ်တစ်လုံး (သို့) သပိတ်တစ်ခုကိုအသုံးပြုလေ့ရှိသည်။ ထိုအိုးထဲတွင်ဆီပုလင်း၊ သကြား၊ ထန်းလျက်အပါအဝင်အခြား လှူဖွယ်ပစ္စည်းများကိုထည့်ကာ အပေါ်မှာ ပဒေသာပင်တင်လျက်ဘုန်းကြီး-ကျောင်းသို့ပို့ကာ ရေစက်ချပြီး လှူရလေသည်။ ဆွမ်းမျိုး အစုံစုံအလိုက် ဆောင်ရွက်ကြသည်ကများသည်။ ရွှေအိုးပြုလုပ်ခြင်းမှာ ဗုဒ္ဓဘာသာအယူအဆအရ ဒါဒါနမှု စေ့ရခြင်းဖြစ်ပြီး ပဒေသာပင်လှူရခြင်းမှာ ပဒေသာပင် ပေါက်သကဲ့သို့ ပေါများကြွယ်ဝစေရန်ဖြစ်သည်။

<u>တော်သလင်း</u>

တော်သလင်းလပြည့်နေ့တွင် မွန်စံပြရွာသားများသည် အခြားသောအရပ်ဒေသမှ မွန်များနည်းတူ ဆီမီးတစ်ထောင် လှူပွဲကိုကျင်းပလေ့ရှိသည်။ မွန်စံပြရွာ၌ ဘုန်းကြီးကျောင်း ၆ - ကျောင်းတွင် ရွာသားများက လောင်းလှေပုံသဏ္ဍာန်လှေကြီး (၆) ခုကို ကြိုတင်သွားရောက်ပြုလုပ်ထားကြသည်။ အလှူပွဲကျင်းပမည့်နေ့တွင် ထိုလှေများပေါ်၌ ဆီမီးတစ်ထောင်စီပြည့်အောင်ထွန်းထားရသည်။ လှေထဲတွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ မုန့်စသော လှူဖွယ်ဝတ္ထုအစုစုကို ရွာသူရွာသားများက လာရောက်ထည့်လှူကြသည်။ ထိုကဲ့သို့ လှေတွင်ထည့်၍ လှူရခြင်းမှာ သံသရာဝဲဂယက်အတွင်းမှ မဂ္ဂင်ဖေါင် လှေကိုစီးကာ နိဗ္ဗာန်သို့ကူးမည်ဟု ရည်ရွယ်ခြင်းဖြစ်သည်။ အချို့ဒေသများတွင်မူ မွန်အမျိုးသားတို့သည် ထိုလတွင် ပျားရည်ဆွမ်းလောင်းခြင်းနှင့် စတုမဓုဆွမ်းလောင်းခြင်းတို့ပြုလုပ်လေ့ရှိသော်လည်း ထိုသို့လှူဒါန်းခြင်းကို အခြားရွာများ၌မတွေ့ရပေ။ မွန်စံပြရွာတွင်လည်း ထိုဓလေ့မျိုးမတွေ့ရပေ။

**<u>သီတင်းကျွတ်လ</u>**

သီတင်းကျွတ်လ၏အဓိပ္ပါယ်မှာ မွန်ဘာသာအလိုအရ "သီတင်း" ဆိုသည်မှာ ရဟန်းသံဃာတို့နှင့်အခြား မြင့်မြတ်သူတို့အ[illegible]သုံး သည့် " လဲလျောင်း နေသည် " ဟုအဓိပ္ပါယ်ရသော ပုဒ်ဖြစ်လေသည်။ ထို့ကြောင့် သီတင်းကျွတ်ဆိုသည်မှာ ရဟန်းသံဃာတော်များ မိမိတို့ကျောင်းအရာ၏ အတွင်း၌သာသီတင်းသုံး နေထိုင်ခြင်းမှလွတ်မြောက်သောလ ဟု အဓိပ္ပါယ်ရသည်။ [ ညှင် (မွန်) = သတင်း = နေထိုင်ခြင်း + ကျွတ် = လွတ်မြောက်သောလ ][1] သီတင်းကျွတ်လတွင်မြန်မာပြည်အနှံ့အပြား၌ တာဝတိံသာပွဲခေါ် မီးထွန်းပွဲတော်ကိုကျင်းပလေ့ရှိသော်လည်း မွန်စံပြရွာ၌သီတင်းကျွတ်လ တွင်မီးထွန်းပွဲတော်ကိုမပြုလုပ်ကြချေ။ ရွာလုံးကျွတ်ပဒေသာပင်လှည့်လည်ပွဲကိုသာအဓိကထား ကျင်းပလေ့ရှိကြသည်။ လူငယ်အဖွဲ့များသည်ဝါတွင်း ၃-လပတ်လုံး အပါတ်တိုင်း ကောက်ခံရရှိသော ငွေများ မှပဒေသာပင်အတွက်ပစ္စည်းများကိုတစစဝယ်ယူစုဆောင်းထားကြသည်။ ဝါထွက်မည့်ရက်မတိုင်မီပဒေသာပင်များ ပုံစံအမျိုးမျိုး ပြုလုပ်ကာပဒေသာပင်သီးကြသည်။ ထိုပဒေသာပင်များကိုသီတင်းကျွတ်လပြည့်နေ့ညတွင်ဥပုသ်ဆွမ်း ချက်သည့်အိမ်များ ရှေ့တွင်ချကာ ရွာသူရွာသားများ သဒ္ဓါတရားပွားများ စေရန်ပြသထားလေ့ရှိသည်။ ရွာသူရွာသားများကလည်း ပဒေသာပင်ရှိရာ အိမ်များသို့သွားရောက်ကြည့်ရှုကာထပ်မံလှူဒါန်း လေ့ရှိသည်။ လှူဘွယ် ပစ္စည်းများကိုသီတင်းကျွတ်လပြည့်နေ့ညနှင့်လပြည့်ကျော် ၁-ရက်မနက် စောစောအထိထည့်ဝင်လှူဒါန်းနိုင်သည်

သီတင်းကျွတ်လပြည့်ညတွင်ရွာသူရွာသားများသည်ဖိုးလီမ်း ဝတ်စားကာပဒေသာပင်အားလုံး စုံစေ့သည်အထိလိုက်လံကြည့်ရှု ကြ

---

၁။ ဘီ- အေးအေးနိုင်၊ ဦး မြန်မာ့ရိုးရာရာသီပွဲတော်များ စာ ၁၈၇

သည်။ တည်လုံး လူသွား လူလာ မပြတ်ပဲ အလွန်စည်ကားလှပေသည်။ ပဒေသာပင်ရှိရာအိမ်များ တွင်လူငယ်တို့ကအတီး အမှုတ်အကအခုန်များ အကျွေး အမွေး များ ဖြင့်ဧည့်ခံကြသည်။ အချိန်ကာလအကန့်အသတ်နှင့် ညမထွက်ရ အမိန့် ထုတ် ကာအုပ်ချုပ် နေသည့်ကာလမျိုး တွင်ပင်ထိုပွဲ၏အစဉ်အလာမှာပျက်သွား ခဲ့ခြင်း မရှိပေ။ ရပ်ရွာလူကြီး များ နှင့်အုပ်ချုပ်သူအစိုး ရတို့ညှိနှိုင်း ကာထိုနေ့ကိုချွင်း ချက်ဖြင့်ခွင့်ပြုခဲ့ရသည်။ ပဒေသာပင်တခုစီအတွက်ပွဲတစ်ပွဲစီပြင်ထားရသည်။ လပြည့်ကျော် ၁ ရက် နေ့မနက် ၉ နာရီခန့်မှစတင်ကာပဒေသာပင်များ အားလုံး ကိုအစီစဉ်အလိုက် စီတန်း ကာရွာထဲတွင်လမ်း ပေါ်ကစေ့လှည့်လည်ကြသည်။ လှည့်လည်ရာ တွင်အုပ်စုပိုင်ပဒေသာပင်၏နောက်မှသက်ဆိုင်ရာအဖွဲ့ဝင် လူလင်ပျို၊ လုံမပျိုတို့ကစီတန်း လိုက်ပါရသည်။ အဖွဲ့တိုင်း လိုလိုပင်အတီး အမှုတ် အကအခုန်များ နှင့် ပျော်ပျော်ပါး ပါး လှည့်လည်ကြခြင်း ဖြစ်သည်။ ထိုပဒေသာပင်လှည့်လည်သည့်နောက်သို့လူကြီး လူငယ်များ မမရွေး ကလေး ငယ်များ မှအစလိုက်ပါခွင့်ရှိသည်။ ရွာထဲမှလှူဒါန်း လိုသော စေတနာရှင်များ ကမိမိတို့အိမ်ခြံ ရှေ့တွင်ခုံတန်း ရှည်များ ချ၍အိုး ကြီး အိုး ငယ်များ တင်ကာပဒေသာပင်လှည့်လည်လိုက်ပါသူများ အမောပြေ စား သောက် စေရန်မန်ကျည်း ဖျော်ရည် ကျောက်ကျော၊ ရေခဲရေ၊ မုန့်လုပ်ဆောင်၊ ကောက်ညှင်း ပေါင်း၊ ဇီး ယိုအစရှိသော စား သောက်ဖွယ်ရာများ ကို ကျွေး မွေး လှူဒါန်း လေ့ရှိကြသည်။ မွန်လူမျိုး များ သည်အလှူအတန်း ဝါသနာထုံကာသဒ္ဓါတရား ထက်သန်း သူများ ဖြစ်ကြသည့်အတွက်လမ်း တိုင်း လမ်း တိုင်း တွင်အကျွေး အမွေး နှင့်လှူဒါန်း သောအိမ်များ မနည်း လှပေ။ ပဒေသာပင်များ ရပ်တန့်ကာစား သောက်ကခုန်လိုက်၊ ဆက်၍လှည့်လည်လိုက်နှင့်အချိန်အတော်ကြာသည် အထိလှည့်လည်ရသည်။ အသက်အရွယ်အိုမင်း နေပြီဖြစ်သောအဖိုး အဖွား

များ ဝင်ပါဝင်ဆင်နွှဲ လှေငှိကြသည်။ ထိုနေ့မျိုး တွင် "မည်သူမှမ ပါဝင် မပျော်ပါး ဝဲမနေနိုင် " ဟုရွာသားများ ကဂုဏ်ယူစွာ ပြောဆို လှေငှိကြသည်။

မွန်စံပြရွာမှ ရွာသားများ ကိုးကွယ် သောဘုန်းကြီးကျောင်း ၆-ကျောင်း ရှိပါသည်။ ကျောင်းကြီး ၂-ကျောင်း ပါဝင်သည်။ ထို ကျောင်းကြီးများမှာ - သာသနဒီပ မွန်ကျောင်းနှင့် မွန်တော် မွန်ကျောင်း တို့ဖြစ်သည်။ အခြားကျောင်းများမှာ အလယ်မွန်ကျောင်း ဗောဓိညောင်ကျောင်း၊ ဘာသုခ ကျောင်းနှင့် ဇေယျာ အောင်မြေ ကျောင်းများ ဖြစ်ကြသည်။ မွန်ဘုန်းတော်ကြီး အများစု သီတင်းသုံး နေထိုင်ခြင်း ဖြစ်သည်။ ထိုမွန်ကျောင်းများ တွင်သီတင်းသုံး သော မြန်မာဘုန်းတော်ကြီးများ လည်း ရှိသည်။ ရွာသားများ သည် မွန်ဘုန်းကြီး၊ ဗမာဘုန်းကြီး ဟု သောအစွဲမရှိဘဲ ဗုဒ္ဓဘာသာတည်တံ့ ပြန့်ပွားရေး ကိုဆောင်ရွက်နေသော ဘုရားသား တော်များ အဖြစ် သတ်မှတ်ကာ ရိုသေလေးစားစွာ ကိုးကွယ်ဆည်းကပ်ကြသည်။ ထိုကျောင်းကြီး (၆) ကျောင်း အနက် ကျောင်းကြီး ၂-ကျောင်း ကိုပဒေသာပင် (၆) ခုစီ၊ ကျန် ကျောင်းများ ကိုပဒေသာပင် ၂-ခုစီ ခွဲချလှူဒါန်း လှူရှိသည်။ ရွာတွင်း အနှံ့လှည့်လည်ပြသပြီး သည့်အခါသက်ဆိုင် ရာကျောင်း များသို့ပဒေသာပင်များ ကိုအုပ်စုလိုက်ပို့ဆောင်လှူဒါန်း ကြသည်။ လာရောက်လှူဒါန်း သူများ ကို ကျောင်းထိုင်ဆရာတော်ကလက်ဖွဲ့ ကာရေစက်ချပေး သည်။ မွန်လူမျိုး တို့သည်ထိုကဲ့သို့ သောမြတ်နိုး ဘွယ်ရာ ဘာသာရေး အစဉ်အလာကိုမွန်စံပြရွာတည်စမှ စတာယခုအချိန်ထိနှစ် စဉ်မပျက်ကျင်း ပလာခဲ့ခြင်း ဖြစ်သည်။ ထိုအစဉ်အလာ ကောင်း တိမ် ကောမသွား စေရန်တရွာလုံး ကနှစ်စဉ်ဝိုင်း ဝန်း ဆောင် ရွက်

လေ့ရှိပေသည်။

## <u>တန်ဆောင်မုန်းလ</u>

တန်ဆောင်မုန်းလကိုပညာရှင်တို့က "မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၊ ထစ်အုန်းမိုးမဖွဲ့" ဟုဖွဲ့နွဲ့လေ့ရှိကြသည်။ အချို့ကတန်ဆောင်မုန်းလကိုမီးရှူးမီးတိုင်၊ ဆီမီးတို့ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလ(တန်ဆောင် = ဆီမီး + မုန်း = တောက်ပစေသည်ဟူ၍လည်းကောင်း၊ အချို့ကအမိုက်မှောင်ကိုမီးရှူးတန်ဆောင်ဖြင့်ဖျောက်လွှင့်ချေမှုန်းသောလ (တန်ဆောင် = မီးရှူးတန်ဆောင် + မုန်း = ဖျောက်လွှင့်ချေမှုန်းခြင်း) ဟူ၍လည်းကောင်းသတ်မှတ်ကာပြောဆိုကြသည်။[၁] မွန်စံပြကျေးရွာတွင်သီတင်းကျွတ်လတွင်မီးထွန်းလှူမရှိဘဲတန်ဆောင်မုန်းလတွင်သာမီးထွန်းလှူကြသည်။ နေအိမ်မှစ၍မီးဖို၊ လှေကား၊ စပါးကျီနွားခြံ၊ မောင်းဆုံများတွင်ဆီမီးထွန်းညှိခြင်းများကိုအစဉ်တစိုက်ပြုလုပ်လေ့ရှိသည်။ တန်ဆောင်တိုင်မီးထွန်းပွဲကိုတန်ဆောင်မုန်းလဆန်း (၁၄) ရက်အဖိတ်နေ့တွင်ပြုလုပ်လေ့ရှိကြသည်။ ထိုလ၌ငွေကြေးတတ်နိုင်သူများကဘုန်းကြီးကျောင်းများတွင်ကထိန်ခင်းလေ့ရှိကြသည်။

## <u>နတ်တော်လ</u>

နတ်တော်လတွင်မွန်စံပြရွာ၌ "မုန့်ဆန်းပွဲ" ကိုကျင်းပလေ့ရှိသည်။ ထိုလသည်ကောက်သစ်ပေါ်သောအချိန်ကာလဖြစ်သဖြင့်လယ်ယာလုပ်ငန်းလုပ်ကိုင်သည့်အိမ်တိုင်းလိုလိုမုန့်ဆန်းထောင်း

---

၁။ ဘီ-အေ အေးနိုင်၊ ဦး မြန်မာ့ရိုးရာရာသီပွဲတော်များ စာ ၂၁၆၊ စာ ၂၂၀

ကမ်မီတို့မိသားစုများအတွက်သာမကအိမ်နီးနားချင်းများလည်း ဝေငှကာတပျော်တပါးစားသောက်ကြသည်။ တချို့အိမ်(၄) (၅) အိမ်ခန့်စုပေါင်းပြုလုပ်ပြီး ဧည့်သည်များကိုဖိတ်၍ ကျွေးမွေးခြင်း ဝေငှခြင်းများပြုလုပ်လေ့ရှိကြသည်။ ရွာသူရွာသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု ကိုပိုမိုခိုင်မာအောင်အထောက်အကူပြုနိုင်သော နှစ်သက်ဖွယ်ဓလေ့တခုဖြစ်သည်။ နတ်တော်လရာသီတွင်မုန့်ဆန်းပွဲ ကျင်းပသူတိုင်းမုန့်လုပ်ပြီးသည့်အခါမုန့်တို့၏အချုပ်အချာနတ်ဖြစ်သော "မုန့်ကြီးနတ်" ကိုမုန့်ဆန်းစတီမြှောက်လေ့ရှိသည်။ ထိုသို့တင်မြှောက်စဉ်မိမိတို့၏စီးပွားလာဘ်လာဘများကိုတိုးတက်ရေး၊ အနှောင့်အယှက်အန္တရာယ်အပေါင်းမှကင်းဝေးစေရေးအတွက် ဆုတောင်းလေ့ရှိကြပေသည်။

<u>ပြာသိုလ</u>

ပြာသိုလတွင်မွန်စံပြကျေးရွာနှင့်ရွာတော်ရှင်နတ်ပူဇော်ကန်တော့ပွဲကိုကြီးကျယ်ခမ်းနားစွာကျင်းပလေ့ရှိသည်။ ရွာတော်ရှင်ကန်တော့ပွဲကိုနယုန်လဆန်း (၃)ရက်(သို့) (၄)ရက် ပြဿဒါးလွတ်သောနေ့တွင်တစ်ကြိမ်၊ ပြာသိုလဆန်း (၅)ရက် (သို့) (၇) ရက်နေ့တွင် ၂–ကြိမ်၊ တစ်နှစ်(၂)ကြိမ်ပြုလုပ်လေ့ရှိသည်။ သို့သော် နယုန်လတွင်ပူဇော်ခြင်းမှာလယ်သမားများလယ်ထဲမဆင်းခင်လယ်နတ်ကိုမပူဇော်မီစတီသဘောနှင့်မိမိတို့စိတ်ကြိုက်ပြုလုပ်ခြင်းသာဖြစ်သည်။ ပြာသိုလတွင်ကျင်းပသောကန်တော့ပွဲကသာတစ်ရွာလုံးအတိုင်းအတာနှင့်သက်ဆိုင်ပြီး စည်ကားသိုက်မြိုက်စွာပွဲလမ်းနှင့်တကွကျင်းပခြင်းဖြစ်သည်။ ပြာသိုလဆန်း (၈)ရက်နေ့မတိုင်မီရွာတော်ရှင်

ကိုကန်တော့လေ့ရှိသည်။ များသောအားဖြင့်ပြာသိုလဆန်း (၅) ရက် (သို့) (၇) ရက်နေ့တွင်ကျင်းပလေ့ရှိသည်။ နတ်တော်လမှစတင်၍ ရာသီပန်းများဖြစ်သော ဂမုန်းပန်းနှင့် သဇင်ပန်းများ ပွင့်လန်းလေ့ရှိကြသည်။ သို့သော် မွန်အမျိုးသမီးကလေးများသည် ၎င်း ယခင်ကာလများမှစတင်ကာ ရွာတော်ရှင်ကန်တော့မပြီးမချင်း သဇင်ပန်းကိုဆင်မြန်းခွင့်မရကြချေ။ ရွာတော်ရှင်မကန်တော့ပဲသဇင်ပန်းပန်ပါက နတ်ညှိုးတတ်သည့် နတ်မကြိုက်ဟုယူဆလေ့ရှိကြသည့်အတွက် နတ်မကန်တော့ခင် သဇင်ပန်းပန်ခြင်းကိုအထူးရှောင်ကြဉ်ကြသည်။

မွန်စံပြရွာတွင် ရွာတော်ရှင်ကန်တော့ပွဲကျင်းပရာတွင် အမျိုးသမီးကြီး ၁၂- ယောက်ပါဝင်သော နတ်ကတော်အဖွဲ့က နှစ်စဉ်ဦးဆောင်လေ့ရှိသည်။ ထိုနတ်ကတော်အဖွဲ့တွင်ပါဝင်သူအမျိုးသမီးတစ်ဦး သေဆုံးပါကသမီးဖြစ်သူကမိခင်နေရာတွင်ဝင်ရောက်တာဝန်ယူရလေ့ရှိသည်။ ထိုအဖွဲ့သည်ပွဲကျင်းပမည့်ရက်မတိုင်ခင် ရွာထဲရှိအိမ်တိုင်းသို့သွားရောက်ကာ စေတနာသဒ္ဓါတရားရှိသလောက်ထည့်ဝင်ရန်အလှူငွေကောက်ခံလေ့ရှိသည်။ မင်္ဂလာဆောင်ပြီးခါစအိမ်များ အနေနှင့်မူ ငွေ ၁၅- ကျပ်မထည့်မနေရသတ်မှတ်ထားသည်။ အပြင်နတ်ကန်တော့မည့်ရက်တွင်ပန်းအိုးများအားလုံးအတွက် ပန်းလဲရန်တာဝန်ယူပေးရသည်။ မိမိတို့အိမ်ထောင်ရေးခရီးတလျှောက်အခက်အခဲမရှိအဆင်ပြေစေရန်၊ ပန်းလိုလန်းစေရန် ရည်ရွယ်ချက်နှင့်ဖြစ်သည်။ နတ်ကန်တော့ရာတွင်နှင်းဆီပန်း၊ စပယ်ပန်း၊ အောင်သပြေပန်းများနှင့်သဇင်ပန်းများကိုအသုံးများကြသည်။ နတ်ကန်တော့မည့်ရက်တွင်နတ်ကွန်းဦးတိုးရန်ထိုင်း

ကိုကြိုတင်ငှား ရမီး ရသည်။ နတ်ကန်တော့ရာ၌နတ်နန်း ပေါ်တွင် ရုရုပေါင်း ပွဲ(၁၁)ပွဲပြင်ရသည်။ ပွဲများ တွင်ဒူနှီး သီး၊ ငှက်ပျော သီး၊ ကောက်ညှင်း ပေါင်း၊ ထန်း လျက်၊ မီး၊ အမွှေး နံ့သာ၊ ပန်း စသည်တို့စုံလင်စွာထည့်ရသည်။ ထိုပွဲ(၁၁)ပွဲမှာဘိုး တော် အတွက်(၁)ပွဲ၊ စဲခူး မယ်တော်အတွက်(၁)ပွဲ၊ မင်း ကြီး မင်း လေး အတွက်(၂)ပွဲ၊ ပခန်း ကျော်ငှ– ကျော်အတွက်(၄)ပွဲ၊ ရေကန် စောင့်နတ်သမီး၊ မြို့ရိုး စောင့်နတ်သား၊ သစ်ပင်စောင့် နတ် အတွက်(၁)ပွဲစီရုရုပေါင်း (၁၁)ပွဲဖြစ်သည်။ ထိုပွဲများ ကဝ်လှူ ပူဇော်သည့်အခါတွင်ရွာသူရွာသား များ အန္တရာယ်ကင်း စေရန်၊ စီး ပွား ရေး ကောင်း မွန်စေရန်၊ ကျန်း မာ ရေး ကောင်း မွန်စေရန်မစလိုကြောင်း ဆုတောင်း ရသည်။ ရွာတွင်း မှာ ရှိ သောအညစ်အကြေး များ၊ အနှောင့်အယှက်အချက်အဆီး များ ဆေး ကြောသန့်စင် ပေး ပါရန်၊ အမှား အယွင်း ရှိကခွင့်လွှတ်ရန်လည်း တောင်း ပြန်ကြသည်။ ဆိုင်း ဝိုင်း ကိုနတ်ကွန်း ဘေး တွင်ပြင်ဆင်ကာ ဝွဲကျင်း ပမည့်နံနက်ခင်း မှစတင်၍နတ်ပွဲကျင်း ပကြသည်။ နတ်ကတော်အဖွဲ့ကဦး ဆောင်၍အလှည့်ကျပင့်ဖိတ်ကာဖျာက် ချေသကြသည်။ ရွာသူရွာသား များ ကထိုနေ့တွင်နတ်ကွန်း သို့လာရောက်ကာရွာတော် ရှင်ကိုပူဇော်ကန်တော့ရင်း နတ်ပွဲကိုကြည့်ရှုကြသည်။

ရွာထဲ၌ရှိမိန်း မပျိုတစ်ဦး သည်ချစ်သူနှင့်တွေ့ဆုံစဉ် လွန်ကျူးစွာဆက်ဆံမိသဖြင့်ကိုယ်ဝန်ရှိခဲ့ပါကရွာနာသည်။ ရွာတော်ရှင် မကြိုက်သဖြင့်ရွာတွင်အန္တရာယ်ကျရောက်နိုင်သည်ဟုယုံကြည်ယူဆလေ့ရှိကြသဖြင့်ချက်ချင်း တောင်း ပန်ပူဇော်ရသည်။ ရွာသား များ ခရီး သွား ခြင်း ပြုလိုပါကရွာဝင်ရွာထွက်ကိုရွာတော်ရှင်ထံခွင့်တောင်း

ပြီးမှ ဆောင်ရွက် လေ့ရှိသည်။ ရွာထဲတွင် ရှင်ပြုပွဲများ ပြုလုပ်သည့် အခါတွင်လည်း ရှင်လောင်း၊ ဆိုင်းနှင့်မြင်း ကိုနတ်ကွန်းသို့ အပြလာ ရောက်ပြသရသည်။ ထိုဓလေ့ထုံးတမ်းများ သည်တရားဝင်ပြဌာန်း ထားသော ဥပဒေများ မဟုတ်သော်လည်း တရွာလုံးက အစဉ်အဆက် လေးစားလိုက်နာကာ ယုံယုံကြည်ကြည်လက်ခံထားကြခြင်း ဖြစ်သည်။ ရွာတော်ရှင်နတ်ကွန်း သည်မှန်စံပြ (၆) လမ်း တွင်တည် ရှိလေသည်။ ပွဲကျင်း ပရာတွင် ငွေကြေး လုံလောက်မှုမရှိပါက နတ်ကတော် ၁၂-ဦး ကပင်အချိန် ကျထည့်ဝင်ကာလိုအပ်သည့် ငွေကိုဖြည့်ဆည်း ပေးကြသည်။ သို့သော် ငွေကြေး မလုံလောက်သော နှစ်မှာမရှိ သလောက် နည်းပါး လှပေသည်။

<u>တပို့တွဲလ</u>

တပို့တွဲလတွင်မှန်စံပြရွာ၌ " ထမင်းနဲပွဲ " ကျင်းပ လေ့ရှိသည်။ ထိုကဲ့သို့ထမင်းနဲထိုး ရာတွင်လူငယ်များ ကအုပ်စုလိုက် ထိုးလေ့ရှိသလို၊ အချို့ငွေကြေး တတ်နိုင်သူများ ကမိမိတို့တသီးပုဂ္ဂလ လှူဒါန်း တတ်ကြသည်။ မည်ကဲ့သို့ သောပုံစံဖြင့်လှူဒါန်း သည်ဖြစ် စေလှူဒါန်း သည့် အိမ်သို့ဝိုင်း ဝန်း ကူညီမည့်သူများ ကအဆင်သင့်ရောက်ရှိလာ ကြကာ အိုးကြီး အိုး ငယ်ဖြင့်ထမင်း နဲများ ထိုး ကာဘုန်း ကြီး ကျောင်း များ ကိုလည်း လှူ၊ လူများ ကိုလည်း ကျွေး ဖြင့်သိုက်သိုက်ဝန်း ဝန်း ပျော်ပါး လေ့ရှိ သောချစ်ခင်နှစ်သက်ဘွယ်ထုံး တမ်း စဉ်လာတခုပင် ဖြစ်သည်။ ထို့ပြင်တပို့တွဲလပြည့် ကျော် (၁) ရက် နေ့သည်မှန်အမျိုး သား နေ့ ဖြစ် သဖြင့်မှန်စံပြရွာမှအကဝါသနာရှင်များ သည် ရွှေ မော်ဓော်ဘုရား ခြေရင်း ရှိကပွဲသို့သွား ရောက်ကာမိမိတို့၏ မှန်ရိုး ရာအကများ ဖြင့်ကပြ ဖျော် ဖြေ လေ့ရှိသည်။ ရွာသူရွာသား များ ကလည်း ဖီး လိမ်း ဝတ်စား ကာမှန်အမျိုး သား နေ့ပွဲ တော်ကိုပါဝင်ဆင်နွဲ ကြလေသည်။

သို့သော်ယခု ခေတ်နောက်ပိုင်းတွင်မှန်အမျိုးသာနေ့ပွဲတော်ကို အကြောင်းအမျိုးမျိုးကြောင့်နှစ်စဉ်မကျင်းပနိုင်တော့ချေ။

<u>တပေါင်းလ</u>

တပေါင်းလတွင်မူမှန်စံပြဇွာသွန်ထူးခြားသောမျှော်ဝှား ဆောင်ရွက်မှုများပြုလေ့မရှိကြချေ။ မည်သို့ပင်ဖြစ်စေ ၁၂-လ ရာသီပွဲတော်များကိုပါဝင်ဆင်နွှဲကြရင်း မိမိတို့ရိုးရာဓလေ့ထုံးတမ်းများကိုဆက်လက်ထိန်းသိမ်းလိုစိတ်၊ မိမိအမျိုးဘာသာကိုလေးမြတ်ယုံကြည်စိတ်၊ အချင်းချင်းကူညီယိုင်းပင်းစိတ်များပေါ်ပေါက်လာစေသောအကျိုးထူးများကိုရရှိလာစေပေသည်။

## အခန်း ၈ ။

## ကျန်းမာရေး

### (က) တကိုယ်ရည်ကျန်းမာရေး နှင့်မိသားစုကျန်းမာရေး

မွန်စံပြရွာသားများသည်မိမိတို့၏ကျန်းမာရေး အတွက်သန့်ရှင်းသပ်ရပ်စွာနေထိုင်၊ စားသောက် လေ့ရှိကြသည်။ ကိုယ်လက်အင်္ဂါကြံ့ခိုင်သန်စွမ်းစေရန် ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်း၊ ရိုးရာကစားနည်းများကစားခြင်းဖြင့်ကိုယ်လက်လှုပ်ရှား လေ့ရှိကြ၏။ ခြေသည်း၊ လက်သည်းလှီးဖြတ်ခြင်း၊ ရေချိုးခြင်း သွားတိုက်ခြင်းသည့်တကိုယ်ရေသန့်ရှင်းရေးများကိုဂရုပြုလုပ်ဆောင် လေ့ရှိကြသည်။ အဝတ်အစားကိုဖြူစင်သန့်ရှင်းစွာလျှော်ဖွပ်ဝတ်ဆင် လေ့ရှိပြီး ကလေးငယ်များကိုလည်းသန့်ရှင်းစွာသပ်ရပ်စွာပြုစုကျွေး မွေး လေ့ရှိကြသည်။

မွန်စံပြရွာသားများသည်တကိုယ်ရည်ကျန်းမာရေးကို

ဂရုပြုရုံသာမကမိသားစုကျန်းမာရေးကိုလည်း အိမ်သားအားလုံးကဂရုပြုလေ့ရှိကြသည်။ ခြင်များ မပေါက်ပွားရန် ရေအိုးများ ရေမျှားကိုလုံခြုံစွာအုပ်ဆိုင်းထားလေ့ရှိကြသည်။ သောက်ရေ သုံးရေအိုးများကိုလည်း မကြာခဏဆေးကြောသန့်စင် လေ့ရှိကြသည်။ အိမ်တွင်ရုတ်တရက်နာမကျန်းဖြစ်ပါကအသုံးပြုရန်ရိုးရာဆေးမီးတိုများ အဆင်သင့်ထားရှိသည်။ မိမိတို့၏ အိမ်ခြံဝင်းအတွင်း သန့်ရှင်းမှုရှိစေရန်အိမ်သားများ အားလုံးကအလျဉ်းသင့်သလို ဆောင်ရွက်ကြသည်။ အိမ်ခြံအတွင်း ရေမဝင်စေရန်နှင့်ရေစီးရေလာကောင်းစေရန် မြောင်းများကိုဖော်ထားလေ့ရှိသည်။ ရေအိမ်သာများကိုလည်း သန့်ရှင်းစွာထားပြီး ပိုးသတ်ဆေးများကိုလည်း မကြာခဏဖြန်းလေ့ရှိကြသည်။ ကျွဲ၊ နွား၊ မွေးမြူထားသူများကလည်း မိသားစုကျန်းမာရေးအတွက် သာမက မွေးထားသောတိရစ္ဆာန်များ ရောဂါအန္တရာယ်မဖြစ်စေရန်မကြာခဏရှင်းလင်းသန့်စင်လေ့ရှိသည်။

## (ခ) <u>ရပ်ရွာသန့်ရှင်းရေး</u>

မွန်စံပြရွာအတွင်း ရှိလူငယ်အသင်းအဖွဲ့များက ရပ်ရွာသန့်ရှင်းရေးကို အဓိကတာဝန်ယူလေ့ရှိသည်။ ရွာတွင်းရှိရေတွင်းများ၊ ရေကန်များကိုမကြာခဏသယ်ယူသန့်စင်ကြသည်။ ရွာရှိလမ်းများကိုလည်း အပတ်စဉ်စုပေါင်းသန့်ရှင်းကြသည်။ အဖွဲ့အလိုက် စုပေါင်း၍ညီညွတ်စွာလုပ်ဆောင်ကြခြင်းကြောင့်ပင်ပန်းစွာအားထုတ်ရခြင်းမရှိဘဲ ပျော်ရွှင်စွာပြီးဆုံးအောင်မြင်သွားကြသည်။ ဘုန်းကြီးကျောင်းဝင်း၊ ဘုရားဝင်းများကိုလည်း လိုအပ်သလို ကုသိုလ်ယူသန့်ရှင်းပေးလေ့ရှိကြသည်။ ရွာတွင်းရှိမိသားစုများ

အားလုံး ကမိမိတို့၏အသိစိတ်ဓါတ်ဖြင့်ရွာသန့်ရှင်းရေးကို ဝိုင်းဝန်း ဆောင်ရွက်ကြရင်း " မွန်စံပြ " ဟူသောအမည်၏အဓိပ္ပါယ် ကိုပိုမို လေးနက်အောင်ကြိုးပမ်း လေ့ရှိကြသည်။

## (ဂ) <u>ရိုးရာကစားနည်းများ</u>

မွန်တို့၏ရိုးရာကစားနည်း အချို့ကို လေ့လာကြည့်ခြင်းဖြင့် ကလေးငယ်တို့ ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍနှင့် ထိုကစားနည်းများ၏အကျိုးသက်ရောက်မှုရှိပုံကို လေ့လာသုံးသပ်နိုင်ပါသည်။ မွန်စံပြရွာမှ မိဘများသည်မိမိတို့ကလေးများ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်လာစေရန်နှင့်ခန္ဓာကိုယ်ကျန်းမာတောင့်တင်း လာစေရေး အတွက်အဓိကကျသောအရာမှာ " ကစားခြင်း " ဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ဖြစ်သဖြင့်မိမိတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်၊ ရိုးရာဓလေ့ထုံးစံများနှင့်ကိုက်ညီသော ကစားနည်းများနှင့်ကလေးငယ်များကိုငယ်ရွယ်စဉ်ကာလမှ စ၍ လေ့ကျင့်ကစားစေခဲ့သည်။ ထိုသို့ကစားရာတွင် ယောကျာ်းကလေး များသာကစားရသောကစားနည်းများ၊ မိန်းကလေးများ သာသီးသန့်ကစားရသောနည်းများ ၊ ယောကျာ်းလေးနှင့် မိန်းကလေးပူးပေါင်း၍ကစားရသောနည်းများ ဟူ၍အမျိုး မျိုး ရှိလေသည်။

မွန်ရိုးရာကစား ခုန်စားနည်းများတွင်အဓိကအား ဖြင့်လက်ဆွဲ၊ နပမ်း ၊ ဗန်ကိုဗန်ရှည်၊ ဓါးသိုင်း ၊ လှံသိုင်း ကဲ့ သို့ သောကိုယ်ခံပညာတိုးတက်ရေးကိုအထောက်အကူပြုသောကစားနည်း

များ ပါဝင်သည်၊ ထို့အပြင် ဒေသ၌ ဖန်ထုပ်ပစ်ကစားခြင်း၊ ဂုံညင်း ကစားခြင်း၊ အသက် အောင့်နပန်း ပွဲပြုလုပ်ခြင်း၊ ခရေစေ့တွင်း ချကစားခြင်း၊ ကျည်းသား ဂိုက်ကစားခြင်း စသော ရိုးရာကစားနည်း အမြောက်အများလည်း ရှိသည်။ မြန်မာတပြည်လုံး တွင်ရှိသော တိုင်းရင်းသား လူမျိုး များ အားလုံး လက်ခံ ကစားနေသည့် ခြင်းလုံး ခတ်ခြင်း၊ ဘောလုံး ကန်ခြင်း၊ ခွေးရူး လိုက်တမ်း ကစားခြင်း၊ ထုပ်ဆီး တိုးခြင်း၊ လိပ်ဥဖွက်တမ်း ကစားခြင်း စသော ရိုးရာကစားနည်း များ နှင့်လည်း ကစားကြကြောင်း တွေ့ရသည်။

ခြင်း ခတ်ကစားခြင်း၊ ချောတိုင်တက်ခြင်း၊ ဘောလုံး ကန်ခြင်း ကဲ့သို့သော ကစားနည်း များ သည်အဖွဲ့ စည်း လိုက် ကစား ရသော စုပေါင်း ကစားနည်း များ ဖြစ်သည်။ ယောကျာ်းလေး များ သာသီး သန့်ကစား ရသည်။ ထိုကစားနည်း များ တွင် ပါဝင်ကစားခြင်း ဖြင့်သူငယ်ချင်း အပေါင်း အသင်း များ တိုး ပွား ပြီး တဦး နှင့်တဦး ရင်း နှီး ချစ်ခင်လာစေနိုင်သည်။ တဦး နှင့် တဦး အပေး အယူ မှုတ အောင်ဆက်ဆံလာနိုင်ပြီး ညှာတာခြင်း၊ စာနာခြင်း နှင့်ပါး နပ်လိမ္မာခြင်း စွမ်း ရည်များ လည်း ရရှိ လာ သည်။ စည်း ကမ်း လိုက်နာတတ် သောအကျင့်ကောင်း များ ရရှိလာ နိုင်သည်။ မိမိဝါသနာပါရာ စိတ်ဝင်စား ရာကစား နည်း များ တွင်ပါဝင်ကစားခြင်း ဖြင့်ပင်ပန်း ခက်ခဲခြင်း များ ကို ပျော်ရွှင် ပေါ့ပါး စွာဖြတ် ကျော်တတ်လာသည်။

မိန်း ကလေး များ ကမူ ထုပ်ဆီး တိုး တမ်း ကစား ခြင်း၊ ခရေစေ့တွင်း ချကစား ခြင်း များ နှင့်သီး သန့်ကစား နိုင်သည်။

မိန်းခလေးများ၏ ခန္ဓာကိုယ်တည်ဆောက်ပုံနှင့်ယဉ်ကျေးမှု အရ ယောကျ်ားကလေးများ ကစားသည့်ကြမ်းတမ်းသော ကစားနည်းများတွင် ပါဝင်ကစားလေ့ မရှိကြပေ။

ယောကျ်ားလေးနှင့် မိန်းခလေး တွဲဖက်ကစား၍ ရသော ကစားနည်းများလည်း ရှိပါသည်။ ဥပမာပြရသော် - မွန်တို့၏ ဂိုးရာကစားနည်းတစ်မျိုး ဖြစ်သည့်အသက်အောင့်နပန်းပွဲ ကစားခြင်းကို ကလေးငယ်တို့သည်လသာသောညများတွင် ပျော်ရွှင်စွာကစားလေ့ရှိကြသည်။ အဖွဲ့ ( ၂ ) ဖွဲ့ခွဲ၍ကစားရသည်။ အဖွဲ့များ၏အလယ်တွင် စည်းတခုကို ရေးခြစ်လိုက်ရသည်။ ထို့နောက် အရင်ကျသည့်ဘက်မှ စတင်၍အသက်အောင့်ပြီး အသင်းတသင်း၏ နယ်နမိတ် အတွင်းသို့ဝင်၍ မိမိစည်းဘက်သို့ပြန်လာရပါသည်။ အသက်အောင့်ထားမှန်း အခြားအသင်းက လက်ခံသိရှိနိုင်ရန်အတွက် " ဂိ " ဟူသောအသံကို ဒလစပ်ပြုလုပ်ရသည်။ တဘက်လူများကလည်း ဝင်လာသော သူအား အသက်အောင့်၍ မရအောင် ဝင်လာသူ၏အသင်းဘက်သို့ ပြန်မသွားနိုင်အောင်ဆွဲထားပေးရပါသည်။ အသက်အောင့်ရပ်သွားလျှင် " ဂိ " ဟူအသံပြတ်သွားလျှင်ထိုသူသည် အားသို့ထွက်၍ထိုင်နေရသည်။ အကယ်၍အသက်အောင့်ထားသူ၏လက်တဖက်သည် အလယ်စည်းကိုအနည်းငယ် ကျော်နေမိပါက ဖမ်းထားသူများ ကလွှတ်ပေးရလေသည်။ ကျန်တဘက်ကလည်း အလားတူဆန့်ကျင်ဘက်လူများ ဆီသို့ အသက်အောင့်၍ ဝင်ရပြန်သည်။ ဝင်လာသူကိုအလားတူဖမ်းဆီးပေးရသည်။ ဤကစားနည်းသည်သက်ကြီး ၊ သက်လတ်၊ သက်ငယ်အားလုံး အရွယ်စုံရုဝေး ကစားနိုင်သောအကြမ်းကစားနည်းတရပ် ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ဒီထိုး - ဒီတွက်ထိုး ပွဲနှင့်ဆင်တူပေသည်။[1] တဦးနှင့်တဦး ချစ်ကြည်ရင်းနှီးစေသော၊ သည်းခံတတ်သော စိတ်

---

၁။ စံထွန်းအောင် ပြည်ထောင်စုကျေးလက်ပျော်ရွှင်မှုများ
စာ-၁၆၂-၁၆၃

ကိုအလေ့အကျင့်ရစေသော ချစ်စဖွယ်ကောင်းသည့်ကစားနည်း တမျိုးဖြစ်သည်။ ထိုကဲ့သို့အဖွဲ့အစည်း၏ ရင်းနှီး ၊ ခိုင်မြဲမှုကိုအကျိုးပြုသည့် မွန်ရိုးရာကစားနည်းအမြောက်အများရှိပါသည်။

မွန်စံပြရွာတွင်အများဆုံးကစားကြသောကစားနည်း တမျိုးမှာ "ဂုံညွင်း"ကစားနည်းပင်ဖြစ်သည်။ ဤကစားနည်း ၊ ကိုမွန်ဘာသာဖြင့် "ဝိုင်ဓ်ဟ နဂ်" ဟုခေါ်သည်။ မွန်အမျိုးသားလူမျိုးများနှင့်အပျိုများ ယခုတိုင်ကစားနေသောကစားနည်း တရပ်ဖြစ်သည်။ မြန်မာတို့၏ဂုံညင်းဒိုးကစားနည်းနှင့်ဆင်ဆင် တူပေသည်။ ဝါတွင်း ၃-လရှိသည့်အနက်ဥပုသ်နေ့ညများတွင်သာ ကစားကြရလေသည်။ မွန်အပျိုနှင့်လူပျိုများသည်ဥပုသ်နေ့ညများ၌ အလှူအတန်း အတွက်ချက်ပြုတ်ရန်အသင်းလိုက်တာဝန်ကျသောအိမ်တွင် စုရုံးကြသည်။ အပျိုက ၆-ပေရှိသောသစ်သားမြောင်းပေါ်တွင် ဂုံညင်းဒိုးကိုညှပ်တင်၍ထားပေသည်။ လူပျိုကသစ်သားမြောင်း၏ တစ်ဖက်၃-ပေ(သို့)၄-ပေအကွာမှညှပ်တင်ထားသောဒိုးကို ကျွေးအောင်ဂုံညှပ်းဒိုးတစ်လုံးဖြင့်ပစ်ချလေသည်။ အချို့မှာမူ မြေပေါ်တွင်သစ်သားတန်းမပါပဲဒိုးကိုစိုက်၍ ၁၀-ပေ(သို့)မိမိတို့ နှစ်ဦးနှစ်သက်သလိုအကွာအဝေးသတ်မှတ်ကာ အလောင်းအစားပြု၍ကစားပွဲကိုစကြလေသည်။ များသောအားဖြင့်လူပျိုဖြစ်သူသည် အပစ်ဘက်မှနေလေ့ရှိသည်။ အချို့ဒေသများတွင်အမျိုးသမီးလေးများ ကအပစ်ဘက်မှနေသည်လည်းရှိသည်။ ရှုံးသောသူက ဗာတိရကိစ္စများ ဖြစ်သောထင်းခွဲ၊ ရေခပ်စသည့်လုပ်ငန်းများကိုလုပ်ဆောင်ကာ ဂုံးကြေးကိုပေးဆပ်ရလေ့ရှိသည်။[၁] ဤကစားနည်းသည်ကျား မ နှစ်ဦးချင်းကစားနိုင်သောအနုကစားနည်းတရပ်ဖြစ်သည်။ ကစားနေချိန်ဝယ်လူပျိုအပျိုမျက်မကြောက် ပြောဆိုဆက်ဆံနိုင်ခွင့်ရသော

---

၁။ စံထွန်းအောင် ပြည်ထောင်စုကျေးလက်ပျော်ရွှင်မှုများ
စာ၊ ၁၀၁-၁၀၂

ကစားနည်းဖြစ်သည်။ ကာလသားများသည်မိမိကို့ရင်းနှီးလို သူနှင့်ဤကစားနည်းကိုအသုံးပြုကာရင်းနှီးမှုရအောင်ရှာဖွေလေ့ရှိသည်။ ဝါတွင်း (၃)လအတွင်း သာဤကစားနည်းကိုကစားလေ့ရှိပြီး ကျန်သည့်အချိန်များတွင်ကစားလေ့မရှိကြပေ။

ထိုကဲ့သို့ကိုယ်လက်လှုပ်ရှားကစားရသောနည်းများအပြင် ရှေးအခါက "စကားထာဝှက်တမ်းကစားသောနည်း" သည် မွန်ကလေးငယ်များကြားတွင်ရေပန်းစားခဲ့ကြောင်းသိရှိရပါသည်။ စကားထာဝှက်တမ်းကစားခြင်းသည်ကလေးငယ်တို့၏ဉာဏ်ရည်ဉာဏ်သွေးကိုစမ်းသပ်ပေးသောကစားနည်းတစ်မျိုးဖြစ်သည်။ စကားထာဝှက်ခြင်းဖြင့်ကလေးတို့သည်စိတ်ကူးကောင်းကိုရစေသည်။ ဉာဏ်ရွှင်စေသည်။ ဆင်ခြင်နှိုင်းဆတတ်သောအကျင့်ကောင်းကိုရစေသည်။ မွန်စံပြမှ ရှေးမွန်လူမျိုးများဝှက်ကစားခဲ့ကြသောစကားထာများကိုဗဟုသုတအနေဖြင့်ဖော်ပြရသော်- သဘာဝတရားနှင့်သက်ဆိုင်သောစကားထာများတွင်

"နတ်သမီးတံတွေး ပေါက်ကြက်မကောက်နိုင်"ဟုစကားထာဝှက်ပါကအဖြေမှာ "နေမြောက်"ဖြစ်သည်။

"လူမတီး ဝံမြည်" ဟုဝှက်ပါက အဖြေမှာ "မိုးကြိုးပစ်သံ" ဟူ၍ဖြစ်သည်။

"ပန်းတပွင့်နှင့်တကမ္ဘာလုံးလင်း "ဟုဆိုလျှင်မူ "လမင်း" ဟုဖြေရပေမည်။

လူမှုရေးနှင့်ပတ်သက်သောစကားထာများလည်းရှိသည်။ ၎င်းတို့အနက်မွန်ကာလသားလူပျိုကလေးများနှင့်လုံမပျိုတ

လေး များ လူပျိုလှည့်ရင်း ဝှက် ဆော့ရှိ သော စကား ထာ တခုကို ဥပမာ ပြရသော်-

“အိုမောင်ရယ် နားဆင်ပါလော့ နှမ မေး မည်”
တဦး က “ဟူ” ဟုအမည်တတ်၏
တဦး ကသစ်ပင် ပေါ်တွင် နေသည်
တဦး ကချည် နှောင်ရ၏
တဦး ကသစ်ဝါး ခွဲ၏
တဦး ကလက် ပေါ် နား၏
တဦး ကအိမ်တွင် နေသည်။ ဤပုစ္ဆာ ဖြေနိုင်လျှင် ဖျာခင်း၍

နှမနှင့်အတူထိုင်နိုင်ပါသည်ဟုဆိုပါကမြန် ဖြေသူသည်၊

“အို- နှမ နားဆင်ပါလော့၊ နှမပုစ္ဆာ မောင် ဖြေပါမည်၊ “ဟူ”မည်သည်မှာ ယင်၊ သစ်ပင်မှာ ပျား၊ အော် ငြား ဖွက်ထွက် ခေါ် ရေကြက်တည်း၊ ချည်လျှက်ဆွဲဖီး ၊ သစ် ဝါး ခွဲသူ၊ ကျွဲနွား ယူ လော့လက်စွပ် တော့လျှင်လက်တွင်ဝတ်မြဲ

ကြောင်ဘဲအိမ်မှာ၊ ကြွက်ရှာစား ပေ၊ ဖြေပြီး လေပေါ့ ဟု ဖြေဆို လေ့ရှိသည်။ သီး နှံပင်တို့ကိုကြည့်၍ဝှက် သော စကား ထာ များမှာ-

“ခွဲက သွေး ထွက်၊ နမ်း က မွှေး ၊ စား ကချို”ဟု မေးလျှင် အဖြေမှာ “ပိန္နဲသီး” ဖြစ်သည်။
“အဝေး ကကြည့်လျှင် ဆေတီအနီး ရောက် သော်တို့စရာ”ဟု ဝှက်ပါက အဖြေမှာ ဝါး ပိုး မျှစ်ဟု ဖြေရမည်။

မိမိတို့ပတ်ဝန်းကျင်တွင်ရှိ သော တိရစ္ဆာန်များကိုကြည့်၍ဝှက်

သောစကားထာများ မှအချို့ကို ကောက်နုတ်ဖော်ပြရသော် -

"ပွဲထဲဝင်လာ သောငါး - ၊ ဘာငါးလဲ" ဟုဖွက်ပါက ငါးမုံ့ လှေကိုဆိုလိုရင်း ဖြစ်သည်။

"သွားပါများ ပါး စပ်ညောင်း" ဟုဖွက်ပါက အဖြေမှာ ခရု ဖြစ်သည်။

"ခြေလေးချောင်း ရှိသော်လည်း - ခါချဉ်ကောင် နှာမောင်း ရှိသော်လည်း ဆင်မဟုတ် မစင်ကိုတူး သော်လည်း ဝက်မဟုတ်" ဟုစကားထာဖွက်ပါကအဖြေမှာကျွဲချေး ပိုး ဟုဖြေရမည်။

လူတို့၏အစား အသောက်နှင့်ပတ်သက်၍ -

"သွစ်တံခါး ပွင့်ရာ ငွေတံခါး မြင်မည်၊ ငွေတံခါး ပွင့်က ရွှေတတုံး တွေ့မည်" ဟုဆိုပါက "ဝမ်းဘဲဥ" ကိုဆိုခြင်း ဖြစ်သည်။

"အဖွမ်း ထက် သောမင်း သား သည်မီး ပေါ်တွင်ဗျစ်ထိုး၏" ဟု မေး လျှင်မုန့်လေပွေဟု ဖြေရပေမည်။

လူတို့၏အသုံးအဆောင်ပစ္စည်းများ နှင့်ပတ်သက်၍ ဖွက်သော စကားထာများ မှာ -

"ဘြစ်ပြီး ထိုး ၊ ထိုးပြီး ကွဲ" ဟုဆိုပါက "အဝ်" ကိုဆိုလိုခြင်း ဖြစ်သည်။

“အပင်ကဝါး ၊ အကိုင်းကကြီး ၊ အသီးကသံ”ဟုဖတ်လျှင်ငါး
များတံဟုအဖြေပေးနိုင်မှာမှန်ပေမည်။ ထို့အပြင်အခြားသောအ
ရာများကိုကြည့်၍ဖတ်သောမှန်စကားထာပေါင်းများစွာရှိသည် ၊
ယခုခေတ်နောက်ပိုင်းတွင်မူထိုကဲ့သို့စကားထာဖတ်တမ်းကစားခြင်း
စကားထာဖတ်ခြင်းဖြင့်အပျိုလူပျိုတွေ့ဆုံခြင်း ဓလေ့မှာနည်းပါးသွား
ပြီဖြစ်သည်။ မိဘများပြောပြထားသည့်ဗဟုသုတကိုမှတ်ထားသော က
လေးငယ်အချို့ကသာ၎င်းကစားနည်းကိုကစားကြတော့သည်။

ကလေးငယ်များသည်ကိုယ်လက်လှုပ်ရှားကစားခြင်း ၊ စ
ကားထာဖတ်တမ်းကစားခြင်းတို့ကိုကစားကြခြင်းဖြင့်လူ့ဘဝ တ
လျှောက်ကြုံတွေ့ရမည့်အခက်အခဲ၊ တုံ့ပြန်မှု၊ ထွက်ပေါက်ရှာမှု၊ အနိုင်ရ
ရှိမှုနှင့်အရှုံး စသည့်သဘောတရားများကိုနားလည်သဘောပေါက်
လာပေမည်။ ထိုကဲ့သို့ရင်ဆိုင်လာရပါကအဆင်ပြေအောင်ဖြေရှင်းတတ်
သောအတွေ့အကြုံကိုရရှိလာမည်ဖြစ်သည်။ ထို့အပြင်လူအများနှင့် ဆက်ဆံ
ရသည့်အခါလိုက်လျောညီထွေရှိအောင်အပေးအယူမျှတစွာနေထိုင်ဆက်
ဆံတတ်လာသည်။ စုပေါင်းဆောင်ရွက်ခြင်း၏အကျိုးသက်ရောက်မှု
ကိုသဘောပေါက်ကာစည်းလုံးညီညွတ်မှုကိုတန်ဖိုးထားလာနိုင်သည် ။
ထို့ကြောင့်ကစားခြင်းသည်မွန်တိုင်းရင်းသားများအတွက်အရေး
ကြီးသောကဏ္ဍတွင်ပါဝင်နေသည်။

(ဃ) နာမကျန်းဖြစ်ခြင်းနှင့်ကုသနည်းများ

မွန်စံပြရွာသားများတွင်ခေတ်မီကျန်းမာရေးအသိ
ပညာရှိလာပြီဟုဆိုနိုင်သော်လည်း အင်္ဂလိပ်ဆေးဝါးများကိုသုံးစွဲရန် ၊

ဆရာဝန်နှင့်ဆက်ဆံရန်တွန့်နှေး နေတတ်ကြပေသေးသည်။ ရှေးကမွန်အမျိုးသားများ နေထိုင်မကောင်းဖြစ်ပါကတိုင်းရင်းဆေးဆရာ၊ ပယောဂဆရာနှင့်ဘုန်းတော်ကြီးများကိုပင့်ဖိတ်၍ရိုးရာဆေးဝါးများဖြင့်ကုသမှုခံယူလေ့ရှိကြသည်။ တိုင်းရင်းဆေးဆရာများတွင်လည်း တရားဝင်လက်မှတ်ရပြီးသူနှင့်၊ လက်မှတ်မရသေးသော်လည်း ကုသခြင်းကိုအရပ်ကလက်ခံသဖြင့်ကုသနေရသောသူဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ ယခုခေတ်တွင်အင်္ဂလိပ်ဆေး သောက်ကာဆေးရုံဆေးခန်းများသို့ပြသကုသနေသူများ ရှိလာကြပြီဖြစ်ပေသည်။

သို့သော်၎င်းတို့သည်အသားဝါရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါတို့ဖြစ်လာပါကနိုင်ငံခြားဆေးဝါးများကိုအသုံးပြု၍ကုသခြင်းထက်မိမိတို့အစဉ်အဆက်သုံးစွဲခဲ့သောရိုးရာဆေးများနှင့်ကုသခြင်းကပိုမိုထိရောက်မှုရှိသည်ဟုယခုတိုင်ယုံကြည်ကြသည်။ တောတက်၍သစ်ခုတ်၊ ဝါးခုတ်ရသဖြင့်တောထဲမှငှက်ဖျားရောဂါရရှိလာသောဝေဒနာရှင်အများအပြားရှိကြသည်။ ဝေဒနာများကိုကုသရန်မိမိတို့ဒေသနှင့်အနီးတဝိုက်မှရရှိသောသစ်ဥသစ်မြစ်များနှင့်ဆေးဝါးဖော်လေ့ရှိသည်။ ကလေးငယ်မှအစသက်ကြီးရွယ်အိုများအထိရိုးရာဆေးများကိုသာအများဆုံးယုံကြည်မှီဝဲကြသည်။

မိမိတို့ရပ်ကွက်အတွင်း ရောဂါဘယကင်းဝေးစေရန်အတွက် ရေတွင်းရေကန်များကိုသန့်ရှင်းခြင်း၊ အိမ်သာများကိုစနစ်တကျဖြစ်အောင်မွမ်းမံခြင်း၊ ရေစီးရေလာကောင်းကောင်း ရေမြောင်းများဖေါက်လုပ်ခြင်း၊ လယ်ယာသုံးတိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များ၏အညစ်အကြေးများကိုစနစ်တကျစွန့်ပစ်ခြင်းလုပ်ငန်းကိုတစ်ဦးချင်းအနေနှင့်လည်းကောင်း၊ တအိမ်ချင်းအနေနှင့်

လည်း ကောင်း လူအများ စုပေါင်း၍လည်း ကောင်း အခါအားလျော်စွာပြုလုပ် လေ့ရှိကြသည်။

မွန်စံပြရွာမှ ကလေး ငယ်များ ညော်မိပါက ညော်ခံမြစ်ကို သွေး၍ ရှူရသည်။ သောက်လည်း သောက်ရသည်။ ကလေး ကျောပူ ခေါင်း ပူထလျှင် ရှေး ဦး စွာ ကာကွယ် ဆေး အဖြစ်ကွမ်း ရွက်စိမ်းရည် ကွမ်း ရွက်ပြုတ် ရည်ကိုတိုက် လေ့ရှိသည်။ မုန့်ညင်း ၊ မြက်ဥ နှင့်ကွမ်း ရွက် ပြုတ်ကိုလည်း တိုက်ကြသည်။ ဝမ်း နှင့်ပတ်သက်၍ ဖေါက်ပြန်လျှင်လင်း နေမြစ်ကို သွေး ပြီး တိုက် လေ့ရှိသည်။ ကလေး များ သူငယ်နာ ကျောပူခေါင်း ပူဖြစ်လျှင်အုန်း သီး စား စေသည်။ ကလေး တက်လျှင်စပါး ကြီး သည်း ခြေ နှင့်အာ ခေါင်ကိုပွတ် ပေး ရသည်။ ကျောက် ရောဂါကာကွယ်ရန် ဝက်ဝံသည်း ခြေကိုမြိုထား ရသည်။ ကလေး များ ကိုကျား လက်သည်း ဆွဲ ပေး ထား ပါကအန္တရာယ်ကင်း သည်ဟုယူဆကြသည်။ လက်ဖွဲ့၊ ပရိတ်ကြိုး များ ကိုလည်ပင်း တွင်ဆွဲ ပေး လေ့ရှိသည်။ ကလေး ငယ်(၁)လမှ(၁၂)နှစ်သား အထိမကြာခဏ သူငယ်နာဖြစ်တတ်သည်။ ဖြစ်ပါကမကြာခဏ ကုထုံး ကျမ်း နှင့်ဆရာ များ ကကု လေ့ရှိသည်။

သွေး စုနာ(သို့) မွေး ကျွတ်နာစ သောအနာများ ပေါက် လာပါကဇာတိပ္ဖိုလ်သီး အခွံချွတ်ပြီး သား ကို သွေး၍လိမ်း ရသည် ။ လူ ကြီး များ ၏ ပေါင်ရင်း တွင်ဖြစ် သောသက်တံ့၊ ချိုင်း ကြား တွင် ဖြစ် သောကိန္နရာနာတို့အတွက်ဇာတိပ္ဖိုလ်သီး သာမက ရှိန်း ခိုကိုထည့်၍ ဖျော် ခြင်း ၊ ပိတ်ခြင်း ဥများ ကို သွေး၍လိမ်း ပေး ရသည်။ ခေါင်းကိုက် လျှင် ဆေး ရွက်ကိုထုံး သုတ်၊ မီး ကင်၍ ရှူရသည်။ သွား ပိုးရှိလျှင်ကန့်ချုပ် နီဆီကိုသုတ် ပေး ပါကသွား ပိုး သေသည်။ မျက် စေ့နာလျှင် နို့ရည် ခတ်

ပေး ရသည်။ ချောင်း ဆိုး လျှင် ဇာတိပ္ဖိုလ်သီး (သို့) နနွင်း ကို ဆား နှင့် သောက်ရသည်။ ကွမ်း ရွက်မီး ကင်၍ ရင်ကိုအုပ် ပေး ရသည်။

အညှော်မိ၍ ကိုယ်ပူလျှင် ဂုံညင်း ဆံ နှင့်ဆီမင်း မြစ် ကိုသွေး၍တိုက်ရသည်။ အပူရှပ်လျှင် ဥသျှစ်ခွံကို သွေး၍တိုက်ရသည်။ ချေး ရရန် ကွမ်း ရွက်မြုတ် ရေကို သောက်ရသည်။ အပူ နာကိုကွမ်း ရွက်စိမ်း ရေတိုက်ရပြီး အအေး နာကိုကွမ်း ရွက်မြုတ် ရေတိုက်ရသည်။ အပူဖျား ကိုထုံးကြက်တက်ရည်တိုက် ကျွေး ရသည်။ အအေး ဖျား ကိုကြပ်ခိုး ၊ နနွင်း နှင့်ညှစ်ခွံသနပ်ခါး ခေါက်တို့ကို သွေး ပြီး ရော၍သုံး ခွက်တစ်ခွက်တင်ကြိုတိုက် ရသည်။ ငန်း ဖမ်း လျှင်ကွမ်း ရွက် ရေ နှင့်ကြပ်ခိုး ကိုဆား စိမ်း ထည့် ၍ တိုက်ရသည်။

ဗိုက် အောင့်ဗိုက်နာ ပါက ဆား မီး ဖုတ်၍ မြို ရသည်၊ ဝမ်းနာ လျှင်မုတ်ခါး ကိုသံပုရာ ရေ၊ ဆား တို့နှင့် ရော၍တိုက်ရသည်။ အပူ ဝမ်း သွား လျှင်လက်ထုတ် ခေါက်၊ ကြပ်ခိုး တို့ကို ရော၍သုံး ခွက်တစ်ခွက်တင် ကျို သောက်ရသည်။ အအေး ဝမ်း သွား လျှင် ပြုပ် ကောင်း စေ့ကိုဝါး စား ရသည်။

ကိုယ် ဖော ယောင် ရောဂါကို နွား နတ်ချေး ကျင်ငယ် ရေကိုကျိုကာ ဆား စိမ်း ထည့် သောက်ရသည်။ ဆီး ချို ရောဂါအတွက်တညင်း သီးဆား စိမ်အရည်ကို သောက်ကသက်သာသည်၊ သွေး တိုး ရောဂါအတွက်ခရာ ပင် မြစ်ကိုဆန် ဆေး ရေ နှင့် သွေး တိုက်က ရောဂါ ပျောက် နိုင်သည်။ လေ ငန်း ရောဂါဖြစ်ပါက ပေါင်း နွယ်ကို ချက်ပြီး က ပေါင်း ရည်ကြည်ကို သောက် ရသည်။

ထိုနိုက်ရှနာလျှင်ခရမ်းကစေ့သီး ၊ ပိစဝ်ရွက်တို့သား နှင့်ရောကြိတ်ပြီး အနာပေါ်အရည်ညှစ်ချကာပိန်း ရိုင်း အသား ကိုယူ ပြီး ထုံး နှင့်အနာကိုသဝ်ရသည်။ ထိုမိနိုက်မိ၍အတွင်း ကြေကြေသွားခြင်း တိုမဟုရာပိန်း အစေး သုတ် ပေး ခြင်း ဖြင့်ပျောက်ကင်း နိုင်သည်။

ရွှေး ကလယ်ထဲ၌ မိုး ထိလျှင်ဘုန်း တော်ကြီး ကဂါထာမန်း မှုတ်၍ ရုတ် ဆေး ပေါက်သည်၊ ပြီး လျှင်ဆိဝ်ပင်မင်း မြစ်ကို သွေး ၍ ရုတ် နှင့်ထိုး ပါကအဆိဝ်ပြယ်သည်။ ခွေး ကိုက်လျှင်သနိကိုဝါး ၍ပိစဝ်ရွက်များ ကိုသား ရောပြီး ဒဏ်ရာပေါ်တွင်နာနာနှိဝ် ပေး ရသည်။ ခလုတ် တိုက်၍ ပေါက်ပြဲခြင်း ၊ ဖိနဝ် ပေါက်ခြင်း များ ကို ခွေး သေး ပန်းရွက် ကြိတ်ပြီး အုံ ပေး ရသည်။ လယ်လုဝ်စဉ် မြွေ့ကွယ်လျှင်ထုံး ၊ ဆေး ရွက်ကြီး တို့ဖြင့်ရောထား သောဆေး ကိုတုတ်နှင့်သုတ်၍ မြွေ့ကိုခွာချကြသည်။ လယ်လုဝ်နေစဉ်ဖြုတ်မကိုက် စေရန်ကြက်သွန်အနီကို ထောင်း ၍ ရေနံ ဆီ နှင့်ရောပြီး လိမ်း ထား ရသည်။

လယ်ယာလုဝ်ငန်း နှင့်အသက် မွေး ဝမ်း ကြောင်းပြုကြ သူ များ ဖြစ်သည့်အတွက်မိမိတို့အသုံး ပြုသောကျွဲနွား တိရစ္ဆာန်များ အနာ ရောဂါဖြစ်လျှင်လည်း ရိုး ရာနည်း များ နှင့်သာဆေး ဝါး ကုသလေ့ ရှိကြသည်။ အသုံး ပြုသောရိုး ရာဆေး မီး တို့အ ပြောက်အများ ရှိ ပါ သည်။ ကျွဲနွား များ ရောဂါမဖြစ် စေရန်ခ လောက်၌အင်း ချ၍ သော်လည်း ကောင်း ၊ ထန်း လက်၌အင်း ချ၍ သော်လည်း ကောင်းလည်ပင်း တွင်ဆွဲ ပေး ခြင်း ဖြင့်ကာကွယ်ကြသည်၊ ကျွဲနွား များ သန်ဂျီလျှင် ဆေး ရွက်ကြီး တို ၈ နေ့လုံး ရေစိမ်ပြီး ယင်း အရည်တိုသကြား ရည်နှင့်ရော တိုက်ပါက ပျောက်ကင်း သည်။

" နိဒါန်း "

မွန်ဇ်ပြရွာသည် ပဲခူးမြို့နယ်အတွင်း တည်ရှိသဖြင့် လမ်းပန်း ဆက်သွယ်ရေး လွယ်ကူကောင်းမွန်ကာ လူသူအရောက်အပေါက်များသော ဒေသတခုဖြစ်သည်။ ဤဒေသ၏ ပတ်ဝန်းကျင်တွင် ဗမာလူမျိုး အပါအဝင် အခြားလူမျိုးများလည်း ရောနှောနေထိုင်လေ့ရှိကြသည်။ နယ်မြေ တဆက်တစပ်တည်း တည်ရှိနေသဖြင့် ရွာသားများသည် ပတ်ဝန်းကျင်မှ သူများနှင့် ကူးလူးဆက်ဆံမှုများလည်း ရှိခဲ့သည်။ ထိုကဲ့သို့ ကူးလူး ဆက်ဆံကြရာမှ "အတုမြင်၊ အတတ်သင်" ဆိုသည့်စကားအတိုင်း စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့တွင် တစ်ဦး၏အပြုအမူကို တစ်ဦးက အတုယူကာ လိုက်လံဆောင်ရွက်တတ်လာကြသည့်အတွက် ယဉ်ကျေးမှုပျံ့နှံ့ခြင်း၊ ယဉ်ကျေးမှုရောနှောခြင်း ယဉ်ကျေးမှုအသစ်ပေါ်ထွန်းခြင်း၊ ယဉ်ကျေးမှုပြောင်းလဲခြင်းများကို တွေ့ရှိရပေသည်။ သို့သော် မွန်ဇ်ပြရွာသားများသည် မိမိတို့ရိုးရာယဉ်ကျေးမှုကို အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းထားနိုင်အောင် ကြိုးစားလျက်ရှိသည်ကို လေးစားဖွယ် တွေ့မြင်ရပါသည်။

နေထိုင်ရသော ပတ်ဝန်းကျင်အခြေအနေနှင့် ခေတ်အလိုက် တိုးတက်ပြောင်းလဲမှုပေါ် မူတည်၍ အလိုက်လျော်ညီ ထွေဖြစ်အောင် ကျင့်ကြံ ဆောင်ရွက်ရခြင်းများ ရှိသော်လည်း ဤရွာသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ကြိုးစား ထိန်းသိမ်းထားကြောင်း တွေ့ရှိရသည်။ ဥပမာ- ခေတ်ပညာတတ်မြောက်လာပြီး လူမှုဆက်ဆံရေး နယ်ပယ်ကျယ်ဝန်းလာစေရန်နှင့် မိမိတို့အဖွဲ့အစည်း၏ တိုးတက်မှုကို အထောက်အကူပြုနိုင်စေရန် မွန်ကလေးငယ်များ ကိုအစိုးရ စာသင်ကျောင်းများတွင် ပညာသင်ကြားစေသော်လည်း မိမိတို့၏ ရိုးရာ ``မွန်စာပေ'' ကိုလည်း ပစ်ပယ်ရခြင်း မရှိပဲ ရွာထဲရှိ ဘုန်းကြီးကျောင်းများတွင် ကလေးတိုင်း မွန်စာပေကို သင်ကြားရလေသည်။ ``မွန်စာမတတ်သော ကလေး တစ်ဦးမျှ မွန်စံပြရွာတွင် မရှိစေရ'' ဟူသော ရည်မှန်းချက်နှင့် ဦးတိုက်ပါသည့် ရွာသားတို့၏ ရင်ထဲတွင် ကိန်းအောင်းလျက်ရှိသည်။ ထိုကဲ့သို့ မိမိဘာသာ၊ မိမိစာကို မြတ်နိုးတတ်ခြင်းကလည်း မွန်လူမျိုးတို့၏ မျိုးဆက်တိုင်းကို ရှင်သန်အောင် ပံ့ပိုးပေးနေပေသည်။

နေထိုင်ရသော ပတ်ဝန်းကျင်အခြေအနေနှင့် ခေတ်အလိုက် တိုးတက်ပြောင်းလဲမှုပေါ် မူတည်၍ လိုက်လျော်ညီ ထွေဖြစ်အောင် ကျင့်ကြံ ဆောင်ရွက်ရခြင်းများ ရှိသော်လည်း ဤရွာသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ကြိုးစား ထိန်းသိမ်းထားကြောင်း တွေ့ရှိရသည်။ ဥပမာ- ခေတ်ပညာတတ်မြောက်လာပြီး လူမှုဆက်ဆံရေး နယ်ပယ် ကျယ်ဝန်းလာစေရန်နှင့် မိမိတို့အဖွဲ့အစည်း၏ တိုးတက်မှုကို အထောက်အကူ ပြုနိုင်စေရန် မွန်ကလေးငယ်များ ကိုအစိုးရ စာသင်ကျောင်းများတွင် ပညာသင်ကြားစေသော်လည်း မိမိတို့၏ ရိုးရာ ``မွန်စာပေ'' ကိုလည်း ပစ်ပယ်ရခြင်း မရှိပဲ ရွာထဲရှိ ဘုန်းကြီး ကျောင်းများတွင် ကလေးတိုင်း မွန်စာပေကို သင်ကြားရလေသည်။ ``မွန်စာမတတ်သော ကလေ

ဟူ၍ မွန်စံပြရွာတွင် မရှိစေရ ``တူသော ရည်မှန်းချက်နှင့် စိတ်ဓါတ် သည် ရွာသား တို့၏ ရင်ထဲတွင် တိတ်နိုး အောင်း လျက်ရှိသည်။ ထိုကဲ့သို့ ဝိဇ္ဇာဘာသာ ၊ မိမိဒေသကို ပြုတ်နိုး တက်ခြင်း တလည်း မွန်လူမျိုး တို့၏ မျိုး ဆက်ကို ပို၍ ရှင်သန် အောင် ပံ့ပိုး ပေး နေပေသည်။

စီးပွား ရေး အရကြည့်ပါက မွန်စံပြရွာတွင် နေထိုင်သူများ သည် လယ်ယာ စိုက်ပျိုး ခြင်း ၊ လက်မှုလုပ်ငန်း များ လုပ်ကိုင်ခြင်း စ သည့် သဖွယ် အာဇီဝလုပ်ငန်း များ ဖြင့်သာ စီး ပွား ရှာ ဖွေကြသဖြင့် တစ်ဦး နှင့်တစ်ဦး လောဘစိတ်တို့အ ခြေခံ၍ ပြိုင်ဆိုင်ခြင်း ၊ အငြင်း ပွား ခြင်း ၊ ခိုက်ရန် ဒေါသဖြစ်ပွား ခြင်း များ မရှိကြ ချေ။ ရသမျှ ငွေ ကြေး နှင့် အ ဆင် ပြေ အောင်ကြိုး စား နေထိုင်ပြီး ရောင့်ရဲတတ်သည့်စိတ်ထား ရှိ၍ ရွာသူ ရွာသား များ ၏ ဘဝမှာ အေး ချမ်း သာယာပြီး အချင်း ချင်းစည်း လုံး ညီညွတ်မှုကို ပို၍ ရှိနိုင်ပေ လေသည်။

မွန်စံပြရွာ၌ မီး နေအိမ်တွင်ပင် နေသည်အား ရွာတဲ၌ - ``သား သည်အမေ`` များ အား လုံး လာ ရောက်ကူညီကာ မွေး ကင်း စ ကလေး ငယ်အား အလှည့်ကျ နို့တိုက် ပေး သည့် ``နို့သည်`` များ အဖြစ်ကူညီ ဆောင်ရွက်မှုရှိ၊ သည်လည်း အထူး ကောင်း မွန်သာ အတုယူဖွယ် ကောင်း လှ ပေသည်။ ``အ ရေး ကြီး အ သွေး နီး ``ဆိုသကဲ့သို့အ ရေး ပေါ် သည့်အ ချိန် လိုအပ်သည့်အ ချိန်တွင် ပိုင်း ဝန်း ကူညီ ပေး ကြသည့်အတွက် တစ်ဦး နှင့်တစ်ဦး ပိုမိုအား ကိုး ချစ်ခင်လာကြသည်။ ``မသာ တစ် ခေါက် ကျောင်း သာ ခေါက် မသာသယ် ခေါက်၊ မီး နေတစ် ခေါက်`` ဆို သော မွန်ရိုး ရာ စကား ပုံ အရ မိမိတို့၏ မွန် မျိုး ဆက်သစ်က လေး များ အား မည်မျှ မျှော်လင့်တနိုး ထား ကြောင်း ထင်ရှား စေသည်။

မွန်စံပြရွာမှ မွန်လူ မျိုး တို့၏ ``အပျို၊ လူပျိုဘဝ`` တွင်လည်း မိမိ တို့၏ဘဝခရီး ဖော်ကိုရှာ ဖွေရာ၌အခြား သောနည်း လမ်း များ ကိုအသုံး ပြုခြင်း ထက် မိဘတို့အား သွား စဉ်ဆက်တွင်သုံး ခဲ့သော အောက်ပါ ဓလေ့(အခါ)

အိမ်အောက်ကြမ်းကြား မှလှမ်း၍စကား ပြောရသည့်ဓလေ့ကိုယခုတိုင် ဖွဲ့မြဲကျင့်သုံး နေကြသေးပင်ဖြစ်သည်။ ထိုကဲ့သို့ သောဓလေ့တမှန်လုလင်ပျိုလုံမပျို တို့အား လက်မထပ်ခင်မှာ ယှဉ်း ဖိသည့်အပြစ်မျိုး မှကင်း ဝေး စေပြီးမိဘဆွေမျိုး တို့၏ ဂုဏ်သိက္ခာထိခိုက်စေခြင်း ၊ လူမှုရေး စည်း ကမ်း ဖေါက် ဖျက်ခြင်း များ ကိုနည်း ပါး သွား စေသည်။

အခြား ဒေသမှာသူများ မှင်မတွေ့ရ သောလူမှုရေး ဖွဲ့စည်း ပုံမျိုး ကိုလည်း မွန်စံပြရွာတွင် တွေ့ရသည်။ ထိုရွာ၏လူမှုရေး အဖွဲ့အစည်း များ ၏ရည်ရွယ်ချက်နှင့်ဆောင်ရွက်ပုံတို့ကလည်း အခြား သောလူမျိုး များ အတွက်အတုယူဖွယ် ကောင်း လှ ပေသည်။

ဥပမာ – မွန်စံပြရွာတွင်အသုဘတခုဖြစ်ပေါ် ပါကတာဝန်ယူနိုင်ရန်နာရေး အသင်း (၃)သင်း ၊ အရေး ပေါ်အသင်း (၁)သင်း လူငယ် ယောကျာ်း ကြီး များ သာ စုပေါင်း ဖွဲ့စည်း ထား သောအသင်း (၄) သင်း ရှိ၏။ ထိုအသင်း များ ၏ ဆောင်ရွက်ချက် ကြောင့်ရွာသဲ ဦးထွင်စီးပွား ရေး မပြေလည်သည့်အိမ်ထောင်စုပင်ဖြစ်စေ၊ ငွေကြေး မပြည့်စုံသဖြင့် အသုဘမချနိုင်သည့်အဖြစ်မျိုး ၊ စိတ်သောကကြီး တွေ့ရခြင်း မျိုး နည်းပါး လှ ပေသည်။ ထိုအသင်း များ သည် မွန်မြန်သော စိတ်ဓါတ်နှင့်ညီညွတ်မှုကိုအခြေခံ၍ ဖွဲ့စည်း ထား ခြင်း ဖြစ်သည့်အတွက် မွန်စံပြရွာနေသူတို့၏လူမှုရေး ဖွဲ့စည်း မှု၊ တိုး တက်ဖွံ့ဖြိုး ရေး ကိုဆိရေခတ်စွာ ဆောင်ရွက်နိုင်သည်။

မွန်စံပြရွာနေမွန်တို့တွင်လက်ထပ်ပြီး နောက်ဓိနီး ခလေး ၏မိဘများ နှင့်အတူ(၃)နှစ်အနည်း ဆုံး နေထိုင်ကာ ကျွေး မွေး သပ်ရမည် ဟူသော ဓလေ့ကိုလိုက်နာကျင့်သုံး သဲဖြစ်သည်။ သို့ သော်အခြား တိုင်း ရင်း သား များ နှင့်အိမ်ထောင်ပြုသူအချို့လာသဖြင့် ဓလေ့ကို ရှင်း ချက်ဖြင့်ရှင်ပြုလာကြသည်။ သို့ သော်ထိုအဖြစ်မျိုး မှာအလွန်နည်း ပါး လှ ပေသည်။ ဝိ ဇိတို့ ၏ ဓလေ့ကိုစွဲမြဲနိုင်မ ၁ ရွ ၁ လိုက်နာတတ် သော မွန်တို့၏ စိတ်ဓါတ်ကိုထင်ရှားစေ

သည့်အခြား အချက်တစ်ခုမှာ သဂီး အိစ်ဆောင်ကျပြီး ဖြေးများ ရပြီးသည့် အသိ ယောက္ခမနှင့်သမက်စတား လက်ဆုံမပြောဘူး သောသူများ ကို၌ရှ ၁ ဋ္ဌယခုအတ်တိုင်အများ အပြား ဈေးရဆဲဖြစ်သည်။ ၎င်းသို့ဖြစ်ရခြင်း မှာမုန်း ဆီး ရွှေ့မဟုတ်၊ အငြိအသေပေး သည့်သဘောကြောင့်ဖြစ်ပေါ်လာရသော်နေ ထိုင်မှုပုံစံရှိုး သာဖြစ်ပေသည်။

မွန်စံပြရွာသား များ သည်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် အလျောက်ဗိဗိတို့၏ဘာသာရေး နှင့်သက်ဆိုင်သောအခန်း အနား များ၊ ပွဲလမ်း သဘင်များ ကိုအား လုံး စုပေါင်း တာစည်ကား သိုက်မြိုက်စွာ ကူညီ ဆောင်ရွက် လေ့ရှိသည်။ ဥပမာ–သီတင်း ကျွတ်လပြည့်ကျော် ( ၁ ) ရက်နေ့ ထွင်ကျင်း ပသောပဒေသာပင်လှည့်လည်ပွဲ၊ တဆုန် ... ောင် ရေသွန်း ပွဲအစ ရှိ သောဘာသာရေး ဆိုင်ရာပွဲ တော်များ ထွင်ရွာလုံး ကျွတ်ပါဝင်ဆင် နွှဲ လေ့ရှိသည်။ ထိုပွဲများ ထွင်ရွာသား အား လုံး သည်စိတ်ရောကိုယ်ပါ၊ ကူညီ ဆောင်ရွက်ကြရင်း တစ်ဦး နှင့်တစ်ဦး ခင်မင်ရင်း နှီး လာခြင်း ဖြင့် မွန်စံပြရွာ၏လူမှုရေး အဆောက်အအုံတည်တံ့ခိုင်မာရေး ကိုအထောက်အ ကူပြုစေနိုင်သည်။ ဗိဗိတို့တိုး ထွယ်ရာဗုဒ္ဓဘာသာကိုလည်း ပိုမိုစည်ပင်ပုံ ပွား အောင်လုပ်ဆောင်ရာ ရောက် ပေသည်။

သက်ကြီး ရွယ်အိုအဘိုး အဖွား တို့ကိုလည်း ဘဝ၏ နောက်ပိုင်းအ ချိန်များ တွင် အေး ချမ်း စွာတရား ရှာမှီး နိုင်ရန်နှင့်စိတ်ပါတ်ကျသင်း မှုမရှိစေရန်သက်ကြီး ပူဇော်ပွဲများ ပြုလုပ် ပေး ခြင်း ၊ ဝါထွင်း သုံး လ အထွင်း ဥပုသ်ဆွမ်း ပို့ပေး ခြင်း များ ကိုလူငယ်အဖွဲ့က ဆောင်ရွက် ပေး လေ့ရှိသည်။ ၎င်းသို့ပြုလုပ်ခြင်း ကလူကြီး မိဘများ အပေါ် လေး စား တန်ဘိုး ထား အောင် စေရန်မွန်စံပြရွာမှလူငယ်တို့၏ စိတ်ထား ကိုသွန်သင် လေ့ကျင့်– ပေး သကဲ့သို့ရှိ ပေသည်။ ရပ်ရွာ၏တိုး တက်ရာတိုးတက် ကြောင်း များ ကို လူကြီး တို့က အကြံပေး သွန်သင်သကဲ့သို့လူငယ်များ ကလည်း လိုက်နာဆော င်

ရွက်ပေး ကြခြင်း ဖြင့်မွန်စံပြရွာ၏လူမှုရေး ဖွဲ့စည်း ပိုမို ကောင်းလာအောင် သား တို့အား လက်ဆင့်ကမ်း ပေး ရာ ရောက်သည်။

အချစ်အား ဖြင့်ဆိုရသော် မွန်စံပြရွာနေ မွန်အမျိုးသား များ သည်မိမိတို့၏ယဉ် ကျေး မှုဓလေ့ထုံး စံများ ကိုအစဉ်အဆက် လေး စားလိုက်နာ နိုင် အောင်အထူး ကြိုး စား လေ့ရှိကြသည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေး မှုတို့ဖြင့် ခေတ်အဆက်ဆက်ခိုင်ခန့်စွာရပ်တည်လာနိုင် သောမိမိတို့၏အစဉ် အလာကို စောင့်ထိန်း လို သောစိတ်ဓါတ်သည်မွန်အမျိုး သား တိုင်း တွင်ရှိကြသည်။ မိမိတို့ နေထိုင် သောရွာ၏သာရေး နာရေး ဖွံ့ဖြိုး ရေး ကိစ္စများ ကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင် ရေး အတွက်အသက်အရွယ်အပိုင်း အခြား အလိုက်၊ လိင်အလိုက်ဖွဲ့စည်း ထား သောစနစ်ကျသည့်လူမှုရေး ဖွဲ့စည်း ပုံများ ကို ဤရွာတွင် တွေ့ရသည်။ အိမ်ထောင်မကျ သေး သောလူငယ်များ စုပေါင်း ဖွဲ့ စည်း ထား သောလူငယ်အသင်း များ ၊ လူကြီး များ သာဖွဲ့စည်း ထား သော နာရေး အသင်း နှင့်အရေး ပေါ် အသင်း များ နှင့်အမျိုး သမီး ကြီး များ သာသီး သန့်ဖွဲ့စည်း ထား သော နတ်ကတော်အသင်း ကိုလည်း တွေ့ရသည်။ ထို အသင်း များ သည်မိမိတို့သက်ဆိုင်ရာတာဝန်အလိုက်တာဝန်ယူကာအဖွဲ့အစည်း ဖွံ့ ဖြိုး မှုကို ပံ့ပိုး ကူညီလျက်ရှိသည်။ ဤရွာမှသူတို့၏ဓလေ့ထုံး စံများ ၊ တန်ဘိုးထား မှုများ ၊ ဆောင်ဓလေ့နှင့်ရှောင်ဓလေ့များ ကလည်း မွန်စံပြရွာနေမွန် လူမျိုး တို့၏လူမှုရေး ဖွဲ့စည်း ပုံကိုပိုမို ကောင်း မွန် အောင်ထိန်း ချုပ် ပေး နိုင် လေသည်။

ထို့ကြောင့်မွန်စံပြရွာနေမွန်တို့၏အမျိုး ဘာသာသာသနာကို ချစ် ခင်မြတ်နိုး သောစိတ်ဓါတ်၊ မိမိယဉ် ကျေး မှုကို လေး စား စောင့်ထိန်းသော စိတ်ဓါတ်၊ တစ်ဦး နှင့်တစ်ဦး ယိုင်း ပင်း ကူညီ၍ ချစ်ခင်ရင်း နှီး တတ် သော စိတ်ဓါတ်စသည့်ယဉ် ကျေး မှုဓလေ့ထုံး စံ ကောင်း များ ကိုမြန်မာနိုင်ငံတွင်း ရှိအခြား သောတိုင်း ရင်း သား များ ကအတုယူကျင့်သုံး ကာမိမိတို့လူမျိုးယဉ် ကျေး မှုတည်တံ့ခိုင်မြဲ ရေး နှင့်တိုင်း ရင်း သား စည်း လုံး ညီညွတ် ရေး ကို-အထောက်ကူ စေလျက်ပြည် ထောင်စုကြီး အဓွန့်ရှည် ရေး ကိုကိုယ် စွမ်း ဉာဏ် စွမ်း ရှိသမျှ စု ပေါင်း ကြိုး စား သွား သင့်ပေသည်။

## (က) ကျမ်းကိုး စာရင်း

| | |
|---|---|
| ၁။ သန်းထွန်း၊ ဒေါက်တာ၊ | ခေတ်ဟောင်း မြန်မာရာဇဝင် မဟာဒဂုံပုံနှိပ်တိုက်၊ အမှတ်(၇၂) ရေတာရှည်လမ်း တောင်း၊ ရန်ကုန်မြို့၊ ၁၉၆၄-ခုနှစ်။ |
| ၂။ မင်းနိုင်၊ ဦး၊ | တိုင်းရင်းသား စကားပုံ တိုင်းရင်းသား ယဉ်ကျေးမှုစာစဉ် (၉) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ယဉ်ကျေးမှုဝန်ကြီး ဌာနမှထုတ်ဝေသည်။ |
| ၃။ မင်းနိုင်၊ ဦး၊ | တို့တိုင်းရင်း သွား ပြည်ထောင်စု သား ပြည်ထောင်စုမြန်မာနိုင်ငံ ပုံနှိပ်ရေး ကရိယာဌာနတွင်ပုံနှိပ် ၍ယဉ်ကျေးမှုဝန်ကြီး ဌာနမှ ထုတ်ဝေသည်။ |
| ၄။ သိန်းဖေမြင့်၊ ဦး၊ | ထွန်တော်တို့မှန်မြန်မာ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ၁၉၇၅-ခုနှစ်။ |
| ၅။ တိုင်းရင်းသား ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဌာနချုပ်၊ ပုံနှိပ်ရေး နှင့်စာအုပ် ထုတ်ဝေရေး ကော်ပိုရေးရှင်းတွင် ပုံနှိပ်သည်။ (၁၉၇၇-ခု၊ ဧပြီလ) |

| | | |
|---|---|---|
| ၆။ | စံထွန်း၊ အောင် | ပြည်ထောင်စု ကျေးလက်ပျော်ရွှင်မှု များ၊ ရန်ကုန်မြို့၊ ကမ္ဘာအေး စာ တိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံဗုဒ္ဓ သာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၀ ခု |
| ၇။ | ကိန်၊ မောင်၊ ဦး | မွန်သတို့နှစ်ရာသီပွဲသီချင်း (ပထမတွဲ)<br>။ (ဒုတိယတွဲ)<br>ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေး အစိုး ရယဉ် ကျေး မှုဌာန၊ မွန် ရေး ရာအဖွဲ့မှ ပုံနှိပ်ဖြန့်ချိသည်။ ၁၉၆၃-ခုနှစ် |
| ၈။ | ခါတူ၊ မွန် | မွန်ဇာတိဆက်ယဉ် ကျေး မှု ယဉ် ကျေး မှုစာစောင်၊ အတွဲ (၁)၊ အမှတ် (၉) ၁၉၅၆ ခု |
| ၉။ | အေါင်သိန်း၊ ဆင်ဖြူကျွန်း | ကျေး လက်မြန်မာမှုဓလေ့ (ဒုတိယတွဲ) စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၀ ခုနှစ် |
| ၁၀။ | ကျော်ဝင်း၊ မောင် | ဇင်း ကျိုက်မွန်တို့၏လက်ထပ်ထိမ်း မြား ခြင်း ဆိုင်ရာရိုး ရာဓလေ့များ (မဟာဝိဇ္ဇာဘွဲ့) (မနုဿဗေဒအထွက်) ၁၉၇၂ ခုနှစ်တွင်တင်သွင်း သော စာ တမ်း ဖြစ်သည်) |
| ၁၁။ | လှ၊ ဦး၊ လူထု | မွန်ပုံပြင် (ပထမတွဲ)<br>။ (ဒုတိယတွဲ)<br>ကြီး ပွား ရေး ပုံနှိပ်တိုက်၊ မန္တလေးမြို့ ၁၉၆၄-ခုနှစ်၊ ဖေဖော်ဝါရီလ |

၁၂။ မောင်တိုး ၊ နိုင် — မှန်စလေ့နှင့်မှန်မှု
နန္ဒဝတီပုံနှိပ်တိုက်ထွင်ပုံနှိပ်သည်။

၁၃။ မောင်တိုး ၊ မင်း — ``မှန်အမည်နာမဂျာသို့ခေါ်ဆိုကြသည်``
ဗိုလ်တထောင်သတင်း စာ၊ ၉-၂-၆၈
စာမျက်နှာ ၁-၆

၁၄။ မောင်တိုး ၊ မင်း — မှန်လုပ်ရှိသည့်စလေ့မှာအခြေအတင်မေးဖြေ
ချက်ဗိုလ်တထောင်သတင်း စာ၊
၃၀-၁၂-၆၉

၁၅။ — ဟံသာဝတီမောင်ထွန်း ဝင်စာတမ်း များ
လုပ်အား ပုံနှိပ်တိုက်ထွင်ပုံနှိပ်၍ ဦးအောင်
သိန်း ထုတ် ၂၁၆၊ အခန်း (၆) ရန်ကင်း
မှထုတ်ဝေသည်။ ၁၉၇၆-ခုဩဂုတ်လ

၁၆။ နွဲ့နွဲ့၊ ဒေါ်
ကြင်ကြင်၊ ဒေါ်
ခင်ခင်ရီ၊ ဒေါ် — မနုဿဗေဒနိဒါန်း
တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၁၉၇၀ပြည့်
နှစ်၊ မေလ

၁၇။ ခင်ခင်ရီ၊ ဒေါ် — လူမှုရေး ဖွဲ့စည်း ပုံပို့ချချက်များ
(တတိယနှစ်)

၁၈။ အေးနိုင်၊ ဦး
(ဘီ-အေအတိုး ရဝမ္မာ
စရိယနှင့်စေတီယင်္ဂဏ) — မြန်မာ့ရိုး ရာရာသီပွဲတော်များ
ကမ္ဘာအေး သာသနာရေး ဦးစီးဌာန
ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၀-ဇွန်လ။


**************

## (ခ)တွေ့ဆုံ ဖြေကြားသူများ စာရင်း

| စဉ် | အမည် | အလုပ်အကိုင် | အသက် | နေရပ် |
| --- | --- | --- | --- | --- |
| ၁။ | ဦး ဘကျိုင် | လယ်သမား | ၈၆ | မွန်စံပြရွာ |
| ၂။ | ဒေါ်စီ | လယ်သူမ | ၈၅ | ။ |
| ၃။ | နိုင်ရွှေမြည် | လယ်သမား | ၈၄ | ။ |
| ၄။ | ဦး မြိုး | လယ်သမား | ၇၂ | ။ |
| ၅။ | ဦး ချစ်ကျိုင် | လယ်သမား | ၇၀ | ။ |
| ၆။ | ဒေါ်နှင်း ရွှေ | လယ်သူမ | ၇၀ | ။ |
| ၇။ | ဦး အေး ဖေ | ရဝဧ(အထွင်းရေးမှူး) | ၆၇ | ။ |
| ၈။ | ဒေါ်တင်လှ | လယ်သူမ | ၆၅ | ။ |
| ၉။ | ဒေါ်နီ | ဆေးလိပ်သမ | ၆၃ | ။ |
| ၁၀။ | ဒေါ်ငွေမြ | နတ်ကတော် | ၆၄ | ။ |
| ၁၁။ | ဦး ဖိုး ညွန့် | ဆေး ဆရာ | ၆၃ | ။ |
| ၁၂။ | ဒေါ်မြ အေး | ဆေးလိပ်သမ | ၆၃ | ။ |
| ၁၃။ | ဒေါ်လှ ရွှေ | ဆေးလိပ်ကိုယ်စားလှယ် | ၆၁ | ။ |
| ၁၄။ | ဦးဝိဇ္ဇာဘာသ | ဇေယျာအောင်မြေ ကျောင်း | ၅၉ | ။ |
| ၁၅။ | ဦး အောင်ဖေ | စည်ပင်သာယာ | ၅၈ | ။ |
| ၁၆။ | ဦး ချစ်တင် | လယ်သမား | ၅၈ | ။ |
| ၁၇။ | ဦး မောင်လှ | စားသောက်ဆိုင် | ၅၈ | ။ |
| ၁၈။ | ဦး သက်ဝါ | ကျောင်း ဆရာ | ၅၆ | ။ |
| ၁၉။ | ဦး တင်အောင် | လယ်သမား | ၅၄ | ။ |
| ၂၀။ | ဦး ပဏ္ဍိတ | ဗောဓိညောင် ကျောင်း | ၅၄ | ။ |
| ၂၁။ | နိုင်အုန်း မြိုင် | ပန်း ချီဆရာ | ၅၃ | မဟာစေတီ |
| ၂၂။ | ဦး နူး | လက်သမား | ၅၂ | မွန်စံပြရွာ |
| ၂၃။ | ဒေါ်မယ်ချစ် | လယ်သူမ | ၅၂ | ။ |

## တွေ့ဆုံဖြေကြားသူများ စာရင်း

| စဉ် | အမည် | အလုပ်အကိုင် | အသက် | နေရပ် |
|---|---|---|---|---|
| ၂၄။ | ဒေါ်ညွန့်ရင် | ကုန်စုံဆိုင် | ၅၂ | မွန်စံပြရွာ |
| ၂၅။ | ဦး သောင်းမြင့် | ဆံပင်ညှပ်ဆိုင် | ၄၉ | ။ |
| ၂၆။ | ဦး ထွန်း ဝေ | လယ်သမား | ၄၉ | ။ |
| ၂၇။ | ဦး မောင်မြင့် | ရာအိမ်မှူး | ၄၉ | ။ |
| ၂၈။ | ဦး မြစိုး | လက်သမား | ၄၈ | ။ |
| ၂၉။ | ဦး တင်ညှိုင် | ရဝတ (ဥက္ကဋ္ဌ) | ၄၈ | ။ |
| ၃၀။ | ဦး အောင်မြင့် | အလုပ်ကြပ် ရှေး ဟောင်းသုတေ သနဌာန | ၄၅ | ။ |
| ၃၁။ | ဒေါ်စန်းလင်း | ဆေး လိပ်သမ | ၄၃ | ။ |
| ၃၂။ | ဒေါ်တင်ဝင်း | ရှေ့နေ | ၄၂ | ။ |
| ၃၃။ | ဦး ဆသိန်း | စာရေး ၊ ဆည်မြောင်းဌာန | ၄၁ | ။ |
| ၃၄။ | ဦး မြဝင်း | စက်မှုလယ်ယာ | ၃၈ | ။ |
| ၃၅။ | ဒေါ်ကြင်ငွေ | နတ်ကတော် | ၃၄ | ။ |
| ၃၆။ | မထားအိ | ကျောင်းသူ | ၂၀ | ။ |
| ၃၇။ | မောင်မြတ်ထွန်း | ကျောင်းသား | ၁၉ | ။ |
| ၃၈။ | မညွန့်သန်း | ကျောင်းသူ | ၁၇ | ။ |
| ၃၉။ | မောင်စိန်လင်း | ကျောင်းသား | ၁၆ | ။ |